ကျွန်ုပ်ဂုဏ်အာဘိဝပ္ပ

တင်တင်ဝေအား

ပိဋ္ဌကစာပေ ဖြန့်ချိရေးနှင့် ဆင်ခြယ်ကိုယ်စားလှယ်

၁၄၊ ရွှေတိုက်တောင်မုခ်၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

၁၇၈၄၅

ပဏ္ဍိုး

သာသနမဏ္ဍိုင်ပါဠိတက္ကသိုလ်

သာသနဓဇ ဓမ္မာစရိယ အဂ်ိတ္ထရနိကာယ ပါဠိပါရဂူ

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

ဗျာဒိတသဒ္ဒ ဝိသိဋ္ဌဓမ္မာစရိယ

ပဌမကျော်

အဿင်ဓမ္မသာမိဘိဝံသ

၏

ကူညီရေးအဘိဓမ္မာ

စာမေးပွဲများအတွက် အထူးစီစဉ်သည်

[စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း]

(မူပိုင်)

မောင်သောင်းစိန်

စန်းမြရောင်ခြည်စာပေတိုက်

ဖုန်းမြို့

သာသနာ့ဘုရားဦးစီးဌာန

စာကြည့်တိုက်

ကန္တာအေးရန်ကုန်

ကူညီရေးအဘိဓမ္မာ

ဘာသာရေးနှင့်ပြုချက်အမှတ် (၃၃၉၉)

- **စီစဉ်သူ** — အသျှင်ဓမ္မသာမိဘိဝံသ
- **ပြင်ဆင်သူ** — ဦးလှစိုး(သင့်ဘဝ စာတည်းမှူး) ပဌမကျော်၊ပါဠိဝါရဂူ၊ဓမ္မာစရိယ
- **အကြိမ်** — စတုတ္ထအကြိမ်
- **အုပ်ရေ** — ၂၀၀၀
- **အဖိုး** — ၃-ကျပ် ၅၀-ပြား
- **နေ့စွဲ** — (၂၅-၈-၆၉)
- **ပြန့်ကျဲသူ** — တင်တင်အေး၊ ဝိဋ္ဌက စာပေ နှင့် ဆဋ္ဌမ ကိုယ်စားလှယ်၊ ၁၄- ရွှေတိုဂုံ တောင်မုခ်၊ ရန်ကုန်မြို့
- **ချုပ်လုပ်သူ** — ကိုတင်အေး (ဘိုင်းနင်း) ၂၂၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့
- **ထုတ်ဝေသူ** — ဦးတင်မောင်(၀၀၈၂)သင့်ဘဝစာအုပ်တိုက် ၁၇-မလ္လကုန်းလမ်း၊ရန်ကုန်
- **ပုံနှိပ်သူ** — ဒေါ်ခင်မြင့် (၀၁၁၁) သင့်ဘဝ ပုံနှိပ်တိုက်၊ ၁၇-မလ္လကုန်းလမ်း၊ ရန်ကုန်

ကျမ်းဦးပလွင်

ဗုဒ္ဓံ သဗ္ဗညုတညာဏံ၊
ဓမ္မံ သမ္မုဒ္ဓ ပူဇိတံ။
သံဃံ နိရဂ်ဏာဝစေရုံ၊
နမာမိ သိရသာမဟံ။

သဗ္ဗညုတညာဏံ=ကြွင်းမဲ့ဉာဏ်, အလုံးစုံကို, အကုန်အစင်, သိမြင်ပေတတ်, သဗ္ဗညုတဉာန်တော်မြတ် ရှိတော်မူသော၊ ဗုဒ္ဓံ=သစ္စာလေးတန်, တရားမှန်ကို,ဖောက်ပြန်မရှိ, အမှန်သိသည့်, မုနိထွတ်ထား, မြတ်ဘုရားကိုရင်း၊ သမ္မုဒ္ဓပူဇိတံ=ဗုဒ္ဓမြတ်စွာ, စိန္ဒေယျာတို့, ခါခါထပ်ထပ်, ပူဇော်အပ်သော၊ ဓမ္မံ=မဂ်လေးတန်ဖိုလ်လေးတန်,နိဗ္ဗာန်ပရိယတ်,ဆယ်ပါးသောတရားတော်မြတ်ကိုရင်း၊ နိရဂ်ဏံ=ကိလေသာရန်, ပယ်ခွာလျှန်၍, ဖြောင့်မှန်ကျင့်အပ်, အကျင့်မြတ်ကြောင့်, ကင်းလတ်ညစ်ကြေး, မရှိဝေးသော၊ သံဃံ=ပုထုဇဉာ,အရိယာဟု,နှစ်ဖြာပေါင်းစပ်,သံဃာတော်မြတ်ကိုရင်း၊ အာစေရုံ=လောကီလောကုတ်, မယုတ်မှန်စွာ,တတ်ပညာကို,သင်ကာပြသ,ဆိုဆုံးမ၍,မျှားလှုံ့ဖုံ့,ကျေးဇူးဂုဏ်နှင့်, ပြည့်စုံပေလတ်, ဆရာမြတ်ကိုရင်း၊ အဟံ=အပုပ်ကောင်ရှ,အရိုးစုကို,ငါဟုသမုတ်, ဓမ္မဿာမိဘိဝံသ ခေါ်တဲ့ အကျွန်ုပ်သည်၊ သိရသာ=လောကစကား, ပြောရိုးအားဖြင့်, အမျှားကပင်, မြတ်သည် ထင်ရှ, ဦးခေါင်းရတနာဖြင့်၊ နမာမိ=မာန်မာနကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းကြည်သာ, ရှိခိုးပါ၏။

ယခုခေတ်။ ။ယခုခေတ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုးရမှ ကြီးမှူးကျင်းပသော ငယ်, လတ်, ကြီး, စာချ တန်း စာမေးပွဲများနှင့် သက္ကသီဟ, စေတီယင်္ဂဏစသောထင်ရှား ကျော်ကြားသော စာမေးပွဲများကို အောင်မြင်မှုသာ စာတတ် သည်ဟု ယူဆကြသည်၊ ဒါမျှမက သွားလေရာရာမှာ စာမေးပွဲ အောင်မှု အထက်တန်းကျ၍ မျက်နှာပန်း လှုရတော့သည်၊ စာ မေးပွဲမအောင်လျှင် ပရိသတ်အလယ်မှာမျက်နှာငယ်၍ မဖွယ်မရာ ဂုဏ်ဝါမရှိ ပျင်းရိရိနှင့် ဒုမ္မဂုသာဖြစ်ရလျက် အဖက်ဖက်က အောက်တန်းကျရတော့သည်၊ ထိုကဲ့သို့ စာမေးပွဲ အောင်ခြင်း၏ အကျိုးနှင့် မအောင်ခြင်း၏အပြစ်ကို စံနစ်တကျ သိရှိကြသော စာသင်သားတို့တွင် ရာခိုင်နှုန်း ၉၀ ကျော်မျှသော စာသင် သားတို့သည် ပဌမပြန်နယ်အတွင်းသို့ ခြေစုံပစ်ကာ ဝင်ရောက် လာကြလေတော့သည်။

သင်္ဂြိဟ်။ ။ယခု အစိုးရ ငယ်,လတ်,ကြီးနှင့် အခြား ငယ်, လတ်,ကြီး, ကျော်တန်းများ အဘိဓမ္မာစာမေးပွဲများမှာ ပြဋ္ဌာန်း ထားသော သင်္ဂြိဟ်ကျမ်းကလေးကို သာသနာသက္ကရာဇ် ၉၀၀ ခန့်က နမ္ပ(သီဟိုဠ်မှ နမ္ပ) အမည်ရှိသော ဥပါသကာ တောင်း ပန်၍ အိန္ဒိယနိုင်ငံတောင်ပိုင်း ကဉ္စိပုရ (ယခု "ကွန်ဂျီဗာရမ်= **Conjeeveran**") ခေါ် စောဠတိုင်း ကာဝေရီ(=**Kaveri**) မြို့၌ ဖွားမြင်တော်မူသော **အရှင်အနုရုဒ္ဓ**ါ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း ဟလာဝတဒီစတြိတ် အနုရာဓမြို့ **မူလသောမ** ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူစဉ် စီရင်ခဲ့ပေ သည်။

ဌီကာကျော်။ ။သင်ဂြိုဟ်ကျမ်းမှာ ဌီကာ, ယောဇနာ, ဂဏ္ဍာ, နိဿယစသော အခြံအရံ အဖွင့်ကျမ်းပေါင်း ၂၀၀-ကျော်မျှရှိပေသည်၊ ထိုအဖွင့်ကျမ်းပေါင်းများစွာတို့တွင် ဌီကာကျော်တကျမ်းတည်းကိုသာ စာမေးပွဲများစွာက အသုံးချပြဋ္ဌာန်းကြပေသည်၊ ထို့ကြောင့် ဌီကာကျော်နှင့် ကင်းကွာ၍ စာမေးပွဲကို မအောင်မြင်နိုင်ရကား ဌီကာကျော်ကျမ်းကို အစွမ်းကုန်အားထုတ်လျက် လေ့လာသင်ကြားကြရတော့သည်၊သို့ရာတွင် **ဌီကာကျော်**ကျမ်းကား **သီဟိုဠ်ကျွန်း** မှာ ပါဠိဘာသာ လွန်စွာထွန်းကား နေခိုက် ပါဠိအရေးအသား အလှအပ(=ကဗျာဆန်သောပါဠိရေးနည်း) ကို လွန်စွာနှစ်သက်တော်မူသော **အရှင်သုမင်္ဂလသာမီ** မထေရ် မြတ်သည် ပါဠိဘာသာဖြင့် ခန့်ခန့်ညားညား ရေးသားထားခဲ့သောကြောင့် လေ့လာသင်ကြားဖို့ရာ မလွယ်ကူလှပေ၊ စာမေးပွဲဝင် အသျှင်များလည်း အတန်းတိုင်းမှာပင် ဖြေဆိုရမည့် ဘာသာရပ်များက များနေသဖြင့် ဌီကာကျော် တကျမ်းတည်းကို အချိန်များများယူ၍ ဖိဖိစီးစီး လေ့လာကြဖို့လည်း မဖြစ်နိုင်တော့။

ကူညီရေးအဘိဓမ္မာ။ ။ဒါမျှမက စာမေးပွဲ မေးခွန်းကခက်, လေ့ကျက်ရတဲ့ဘာသာကများ, အချိန်အားလပ်မှုကများ စွာမရှိ, ဖြေဆိုသည့်အခါမှာလဲ မထိမိပဲ အတီဒုက္ခရောက်နေကြတဲ့ သောတုဇန စာသင်လှတို့ ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြပြီး သုခချမ်းသာ လွယ်ကူစွာဖြင့် သေချာကျန ဖြေဆိုနိုင်ကြစေရန် ရည်သန်မြော်မှန်းလျက် ဤ **"ကူညီရေအဘိဓမ္မာ"** ကျမ်းကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ထုတ်နုတ်ကာ ရေးသားလိုက်ရပါသည်။

ကျမ်းဦးပလွင်

နာနာ နယေဟိ သံကိဏ္ဏံ၊
သောတာရာနံ ဟိတံ ဝဟံ။
ကရိဿာမိ အဟံ ဂန္ဓံ၊
သုဠုကဏ္ဌေဟိ သောဘနံ။

နာနာနယေဟိ=ဆရာ့ဆရာ, မြောက်မြားစ္ဓာမှ, ကောင်းစ္ဓာရပြီး, အမျိုးမျိုးသော နည်းတို့နှင့်၊ သံကိဏ္ဏံ=အခန်းတိုင်းပင်, လွန်စုံလင်ဖို့, ဆင်ပြင်မှုတွေ, ပေါင်းစု၍နေသော၊ သောတာရာနံ ဟိတံ-ပဌမပြန်, အောင်ဖို့ရန်ကို, စိတ်သန်ရှိရိုး, စာသင်သားတို့၏အကျိုးကို၊ ဝဟံ=ပုစ္ဆာနက်နဲ, ခက်အခဲကို, ဖျက်ခဲ့ဖို့ရာ, ရှက်ဆောင်မှာ အမှန်ပင်ဖြစ်သော၊ သုဠုကဏ္ဌေဟိ=တခန်းစီ တခန်းစီ, စီရရီနှင့်, ထိုဏ္ဍ ပြေနည်း, အစုံပြီးသဖြင့်, ကောင်းလည်းကောင်းသော အခန်းကဏ္ဍတို့ဖြင့်၊ သောဘနံ=စံနစ်တကျ, စီစဉ်ပြု၍, ဂန္ဓပြည့်ဝယ်, လွန်တင့်တယ်သော၊ ဂန္ဓံ=ပဌမပြန်ပဲ့ဝင်, သောတုဇဉ်တို့, ကြည်လင်ရှင်ပြ, အောင်မြင်ကြဖို့, စိတ်ကမြော်မှန်း "ကူညီရေး အဘိဓမ္မာ" ကျမ်းကို၊ အဟံ=ခန္ဓာငါးခု, ပေါင်းကာစုသဖြင့်, ငါဟုသမုတ် "**အသျှင်ဓမ္မဿာမိဘိဓံသ**" ခေါ်တဲ့ အကျွန်ုပ်သည်၊ ကရိဿာမိ=ကောင်းစ္ဓာ ကျစ်လစ်, နည်းအသစ်ဖြင့်, စံနစ်ကျစ္ဓာ, ရေးသားပါအံ့သတည်း။

တောင်တချက်။ ။သုံးလောက ထုတ်ထား သဗ္ဗညုသျှင်တော်မြတ်ဘုရားမှတပါး တကယ့်ပညာရှိ ပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူကြသော အသျှင်သာရိပုတြာ, အသျှင်မောဂ္ဂလ္လာန် အစရှိသော ခီဏာသဝအဝင် ရဟန္တာအသျှင်မြတ်ကြီးများသော်မှ အမှားအယွင်းမှလွတ်ကင်းတော် မမူကြသေးကြောင်း ထုံးဟောင်းသာဓကရှိရကား ဤကျမ်းစာရှင်ကဲ့သို့ ဉာန်ပညာနုံနှေး ပုထုဇဉ်

ကျမ်းဦးပလွင်

အလေးစားမျိုး အတွက်မှာ အမှားအယွင်းမှ မလွတ်ကင်းနိုင်ကြောင်းကို ရေးပြနေစရာပင် မလိုတော့ပါ။

သို့ဖြစ်၍ ဤကျမ်းစာ၌ သတိမေ့လျော့မှု မသိနားမလည်မှု အစရှိသော အကြောင်းတခုခု ချွတ်ယွင်းမှုကြောင့်အမှားအယွင်းများကို ရေးသားမိခဲ့ပါလျှင် ထိုအမှားများကို ဤကျမ်းစာကို လေ့လာသင်ကြားကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် မိမိရေးသား ကျမ်းအလားသို့ စိတ်ထားသမှုပြစ်မရှုပဲ နယုပဒေသ မှန်ကန်ရအောင် စစရာရာ သုတ်သင်ကာဖြင့် သေချာစေ့ဌ ဉာန်စက္ခုဖြင့် ကြည့်ရှုနိုင်ကြပါစေ။

အယုတ္တာ စေတ္ထ မေ ဝုတ္တာ၊
ပမာဒေန ဘမေန ဝါ။
သံသောဓေတ္ဌာဝ တံ ဝါစံ၊
သမ္မာပေက္ခန္တု သာဓဝေါ။

ဇေတ္ထ=ပဌမပြန်နှင့်စပ်, ပုစ္ဆာရပ်ကို, ခဲကပ်မရှိ, အလွယ်သိဖို့, နှိုင်းညှိကြိုးပမ်း, ဤကူညီရေးအဘိဓမ္မာကျမ်း၌၊ မေ(=မယာ)=သူများအကျိုး, ရည်မြှော်ကိုး၍, စိတ်ရိုးဖြူစင်, **အသျှင်ဓမ္မသာမိ**ဘိဝံသခေါ်တဲ့ အကျွန်ုပ်ကျမ်းစာရှင်သည်၊ ပမာဒေနဝါ=သတိလွတ်ကင်း, မေ့လျော့ခြင်းကြောင့်သော်လည်းကောင်း၊ ဘမေနဝါ=စိတ်စက် ချွတ်ယွင်း, လွင့်ပါးခြင်းကြောင့် သော်လည်းကောင်း၊ အယုတ္တာ=ယုတ္တိယုတ္တာ, ကင်းလွတ်ကွာ၍, နည်းနာမစပ်, မသင့်မြတ်သော၊ ယာဝ ါစာ=အမှားအစစ်, ကေန်ဖြစ်၍, ပစ်ဖို့သင့်ငြား, အကြင်စကားကို၊ စေဝုတ္တာ=အကယ်၍မျှား, ရေးကာသား၍, ဆိုမှားအပ်မိအုံ့၊ တံဝ ါစံ=ယုတ္တိကင်းလတ်, မသင့်မြတ်၍, ပစ်အပ်အမှား, ထိုစကားကို၊ သာဓေဝ ါ=ကရုဏာ

ထား, မေတ္တာပွားရ, စိတ်ထားဖြူစင်, ကြည့်-ရှု-သင်သည့်, လူသျှင်အပေါင်း, သူတော်ကောင်းတို့သည်၊ သံသောဓေတ္တာဝ (=သံသောဓေတ္တာ+ဝ)=နည်းမှန် အစစ်, ကေန်ဖြစ်ဖို့, စံနစ်ကျစွာ, စေတနာဖြင့်,သေချာကျန,သုတ်သင်ကြကုန်၍သာလျှင်၊ သမ္မာပေကၠခ္ခန္ဓာ=အပြစ်မရှု, စိတ်မခုပဲ, ခွင့်ပြုဖို့ရာ, ကရုဏာဖြင့်, ကောင်းစွာမသွေ, ကြည့်ရှုနိုင်ကြပါစေသတည်း။

စာဖြေရာ၌ သတိပြုဖွယ်

၁။ ပုစ္ဆာမျှားကို သေသေချာချာဖတ်ပါ။
၂။ ဖတ်ပြီးနောက် အလွယ်ဆုံးပုစ္ဆာကစ၍ ဖြေပါ။
၃။ လက်ရေးကို ပီပီသသ ရှင်းရှင်းလင်းလင်းရေးပါ။
၄။ ဖြေပြီးနောက် သုံးခေါက်ထက်မနည်း ပြန်စစ်ဆေးပါ။

အထူး။ ။စာဖြေရာ၌ ခုံနံပါတ်, အတန်း, ဘာသာ, ပုစ္ဆာနံပါတ် မျှားကို မလွဲမမှား မပိုမလို ရေးအောင် အထူး ဂရုစိုက်ပါ။ တခုခု ချို့ယွင်းနေက စာပြေလျက်နှင့် မအောင်ပဲ နေတတ်သည်။

ဆောင်။ ။အတန်း ဘာသာ, ပုစ္ဆာနံပါတ်, ခုံနံပါတ်, ကြပ်ကြပ်ဂရုစိုက်။

အသျှင်ဓမ္မသာမိဘိဝံသ

ကူညီရေးအာဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂန္ဓာရုဏ်

● ကျမ်းအစဉ် ရတနတ္တယ ပဏာမကို ပြုရခြင်းသည် ဘာအကျိုးရှိပါသနည်း။

အဖြေ။ ။အန္တရာယ် ကင်းရှင်းစွာနှင့် ကျမ်းပြီးစီးခြင်း, နောက်နောင် စာသင်သားတို့ သင်အံလေ့ကျက် ဆောင်ရွက်ရခြင်း အကျိုးရှိပါသည်။

ဆောင်။ ။အန္တရာယ်ကင်း, ကျမ်းပြီးခြင်းနှင့်, တခင်းသင်အံ, လေ့ကျက်ရန်, အမှန်ရှိခိုးကျိုး။

● "သမ္မာသမ္ဗုဒ္ဓံ" ဆိုလျှင် ပြီးကောင်းလျက် အဘယ်ကြောင့် **အတုလံ** ကို ဆိုရပါသနည်း။

အဖြေ။ ။သမ္မာသမ္ဗုဒ္ဓ သဒ္ဒါသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ၄ဟော၊ အမည်ဟောသာ ဖြစ်သောကြောင့် **အတုလံ** ကို ဆိုရပါသည်။

(၂) ကူညီရေးအဘိဓမ္မာ

သမ္မာသမ္မုဒ္ဓသဒ္ဓါ ဘဂဝတိ သမညာဝေန ပဝတ္တတ္တာ အတုလန္တိ ဣမိနာ ဝိသေသေတိ....ဠီ။

သမ္မာသမ္မုဒ္ဓသဒ္ဓါ=သမ္မာသမ္မုဒ္ဓသဒ္ဓါ၏၊ ဝါ-သဒ္ဓါသည်၊ ဘဂဝတိ=မြတ်စွာဘုရားခ၊ သမညာဝေန=အမည်၏ အစွမ်းအားဖြင့်၊ ပဝတ္တတ္တာ=ဖြစ်သည်၏အဖြစ်ကြောင့်၊ အတုလန္တိဣမိနာ=အတုလံဟူသော ဤပုဒ်ဖြင့်၊ ဝိသေသေတိ=အထူးပြု၏။

ဆောင်။ ။သမ္မာသမ္မုဒ္ဓသဒ္ဓါ, မြတ်ဗုဒ္ဓါခ, ဂုဏ်ပါမဟော အမည်ဟောသာ, ဖြစ်သည့်တာကြောင့်, မှတ်ပါ အတုလံ, ပုဒ်ပဒံဖြင့်, အထူးဆင့်, ကျူးရင့် မိန့် တော်မူ။

"သမ္မာသမ္မုဒ္ဓမတုလံ"ဆိုက ပြီးကောင်းလျက် အဘယ် အကျိုးငှာ သသဒ္ဓမ္မ ဂဏ္ဌတ္တမံ ကို ထပ်ဆိုရပါသနည်း။

အဖြေ။ ဓမ္မပဏာမ, သံဃပဏာမကို ပြုခြင်းငှာ ထပ်ဆိုရပါသည်။

သေသရတနာနမ္မိ ပဏာမ မာရဘန္တော အာဟ သသဒ္ဓမ္မ ဂဏ္ဌတ္တမန္တိ....ဠီ။

သေသ ရတနာနမ္မိ=ကြင်းကျန်သော ရတနာတို့အားလည်း၊ ပဏာမံ=ရှိခိုးခြင်းကို၊ အာရဘန္တော=အားထုတ်လိုသည်ဖြစ်၍၊ သသဒ္ဓမ္မဂဏ္ဌတ္တမန္တိ=သသဒ္ဓမ္မဂဏ္ဌတ္တမံ ဟူ၍၊ အာဟ=ဆိုပြီ။

ဆောင်။ ။ဓမ္မသံဃ, ပဏာမကို, အားထုတ်လို, မိန့်ဆို သသဒ္ဓမ်။

သသဒ္ဓမ္မဂဏ္ဌတ္တမံတွင် ဓမ္မအရ မုချအားဖြင့် ဓမ္မ မည်သော တရားတို့နှင့် ကာရဏူပစာ ဖလူပစာအားဖြင့်သာ ဓမ္မမည်သောတရားတို့ကို ထုတ်ပြပြီးလျှင် ဓမ္မ မည်သော တရားအားလုံးကိုလည်း ဖြေဆိုခဲ့ပါ။

အဖြေ။ ။အရိယာမဂ် ၄-ပါး, နိဗ္ဗာန်သည် မုချအားဖြင့် ဓမ္မမည်၏။

အရဟတ္တဖိုလ်, ပရိယတ်သည် ကာရဏူပစာ ဖလူပစာအားဖြင့် ဓမ္မမည်၏။

မဂ်၄-ပါး, ဖိုလ်၄-ပါး, နိဗ္ဗာန်ပေါင်း၉-ပါးသည်(တနည်း) ပရိယတ်ပါဝ၀-ပါးသည် သာမညအားဖြင့် ဓမ္မမည်၏။

● အဘိဓမ္မတ္ထသင်္ဂဟံ၌ အဘိဓမ္မအရ, အဘိမမ္မတ္ထအရ, အဘိဓမ္မတ္ထသင်္ဂဟအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ။အဘိဓမ္မအရ ဓမ္မသင်္ဂဏီစသော အဘိဓမ္မာ ၇-ကျမ်းရ၏၊ အဘိဓမ္မတ္ထအရ စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်, ပညတ်ရ၏၊ အဘိဓမ္မတ္ထ သင်္ဂဟအရ သင်္ဂြိုဟ်ကျမ်းရ၏။

● အ ဘယ် ့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း ခေါ် ပါသနည်း။

အဖြေ။ ။အဘိဓမ္မာ ၇-ကျမ်းလာ ကျယ်ဝန်းလှစ္စာဇသော အနက်တို့ကို အကျဉ်းချုံးကာ ပေါင်းယူရာ ဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းခေါ်ပါသည်....ဠီ။

ဆောင်။ ။အဘိဓမ္မာ, ခုနစ်ဖြာ၀ယ်, ကျယ်စွာ အနက်, ချုံးယူချက်ကြောင့်, ပေါ်ထွက်ရသည်, ကျမ်းအမည်, ဂုဏ်ရည်သင်္ဂဟ။

ဂန္ဓာရမ္ဘ ပြီး၏။

ကူညီရေးအဘိဓမ္မာ

တတိယဝဂ္ဂ ဂါထာ

(၁) အဘယ်ကြောင့် ပရမတ္ထ ခေါ်ပါသနည်း။

အဖြေ။ ။မဖောက်မပြန် မှန်ကန်တည်မြဲတတ် မြတ်သော သဘောဖြစ်သောကြောင့် (တနည်း) မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ္ထ ခေါ်ပါသည်....ဦး။

ဆောင်။ ။မဖောက်မပြန်, မှန်ကန်တည်မြဲတတ်, သ ဘော မြတ်, ပရမတ္ထခေါ်၊
(တနည်း) သဗ္ဗညုတာ, ဉာဏ်မြတ်စွာ၏, အာရုံ ဖြစ်လတ်,သဘောဝတ်,ပရမတ္ထခေါ်။

---

(၂) ပရမတ္ထ (=မဖောက်ပြန်သော တရား)တို့တွင် လောဘ မဖောက်ပြန်ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘသည် လိုချင်ခြင်းသဘောရှိ၏၊ ထိုလောဘသည် လူ ခွေး မြင်း ဆင်မှစ၍ မည်သူ့သန္တာန်မှာပဲ ဖြစ်ဖြစ် လိုချင်ခြင်းသဘောမှ မဖောက်ပြန်တတ်ချေ၊ ထိုသို့ မဖောက်ပြန်တတ်သောကြောင့် ပရမတ္ထ(=ပရမတ်)ဟူသော အမည်ကို ရလေသည်။

အမှာ။ ။အခြား ပရမတ္ထ တရားတို့ သည်လည်း မိမိဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ကြပေ။ ထို့ကြောင့် ပရမတ္ထအမည်ရကြပေသည်။

---

(၃) ပညတ်၏ ဖောက်ပြန်ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပိတ်ကို ဖြူနေခိုက် ပိတ်ဖြူ ခေါ်၍ အနီ-အညို-အဝါ-အနက်-အစိမ်းဆိုးလိုက်က ပိတ်ဖြူဟူသောပညတ်မှ ပိတ်နီ, ပိတ်ညို,ပိတ်ဝါ,ပိတ်နက်,ပိတ်စိမ်း ဟူသော ပညတ်သို့ ဖောက်ပြန်ပြောင်းလဲသွားပေသည်။

● အဘယ့်ကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် မည်ပါသနည်း။

အဖြေ။ ။အာရုံကို သိတတ်သောကြောင့် စိတ်၊
စိတ်၌ ဖြစ်သောကြောင့် စေတသိက်၊
ဖောက်ပြန်တတ် (ဖောက်ပြန်စေအပ်) သောကြောင့် ရုပ်၊
တဏှာမှုထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်....ဦး။

● မဖောက်ပြန်သောကြောင့် ပရမတ်ဟု ဆိုရာ ရုပ်သည် ဖောက်ပြန်တတ်သောကြောင့် ပရမတ်ခေါ်ဆိုထိုက်ပါမည်လောရှင်းပြခဲ့ပါ။

အဖြေ။ ။မဖောက်ပြန်သောကြောင့် ပရမတ် ခေါ်ရာ၌ မိမိဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ခြင်းတည်း၊ ဖောက်ပြန်တတ်သောကြောင့် ရုပ်ခေါ်ရာ၌ ရှေးရှေးရုပ်နှင့် နောက်နောက်ရုပ်မတူ ထူးခြားကဲပြားခြင်းတည်း၊ ရုပ်ဖောက်ပြန်ရာ၌ ရှေးရုပ်နှင့် နောက်ရုပ်မတူရုံသာ ဖောက်ပြန်သည်၊ မိမိဆိုင်ရာ လက္ခဏာမှ ဖောက်ပြန်ရိုးမရှိပေ၊ ထို့ကြောင့် ပရမတ် ခေါ်ထိုက်သည်သာ။

● နာမ်တရားများလည်း ရှေးရှေးနာမ်နှင့် နောက်နောက်နာမ်တို့ မကူထူးခြား ကဲပြားသောကြောင့် ရုပ် ခေါ်ထိုက်ပါသလော။

အဖြေ။ ။ထင်ထင်ရှားရှား ဖောက်ပြန်မှုကိုသာ ရုပ္ပနအရ အလိုရှိအပ်သောကြောင့် နာမ်ဘရားတို့၏ မထင်မရှား ဖောက်ပြန်မှုကို ရုပ္ပနအရ မယူထိုက်ရကား ရုပ်မခေါ်ထိုက်ပါ....ဦး။

ဆောင်။ ။တင်ထင်ရှားရှား, ဖောက်ပြန်ပြားက, ရုပ်နှစ်တည်း၊ နာမတရား, အစားစားတို့, ထင်ရှားမဟုတ်, ဖောက်ပြန်လှုပ်လည်း, ရပ်ဟုခေါ်ရန်, မသင့်တန်သည့်, မိန့်ဟန်ဋီကာ့စကားတည်း။

(ရ) သီတ အစရှိသော တရားတို့ကြောင့် ဖောက်ပြန်တတ်သောတရားကို ရုပ်ဟုဆိုရာ ရူပဘုံ၌ သီတ စသော တရားများ မရှိသောကြောင့် ခေါ်နိုင်ပါမည်လော။

အဖြေ။ ။ရူပဘုံ၌ရှိသော ရုပ်များလည်း ဖောက်ပြန်တတ်သော သဘောကို မလွန်ဆန်နိုင်သောကြောင့် ရုပ်ဟု ခေါ်နိုင်သည်သာ။

တံသဘာဝါနာတိဝတ္တနတော....ဋီ။

တံသဘာဝါနာတိ ဝတ္တနတော=ထိုဖောက်ပြန်ခြင်း သဘောကို မလွန်ဆန်နိုင်ခြင်းကြောင့်တည်း။

ဆောင်။ ။ရူပဘုံသံ, ရုပ် တန် တန်လည်း, ဖောက် ပြန် သဘော, မလွန်သောကြောင့်, ခေါ်လော ရုပ်သာ, မှတ်သားရာသည့်, ဋီကာ မိန့်ချက် စကားတည်း။

ဘဏ္ဍဝုတ္တာဂ၀ါဆာ ပြီး၏။

ဝိုင်ဝိုင်း

ဘုံစိတ်အပြား ၄-ပါး

(*) လောကုတ္တရံ အရူပါဝစရံ ရူပါဝစရံ ကာမာဝစရံဟု မဆိုပဲ အဘယ်ကြောင့် ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရံဟု ဆိုရပါသနည်း။

အဖြေ။ ။ဘုံလေးပါးခွဲ ဖြစ်သော စိတ်တို့သည် အစဉ်အတိုင်း မြတ်ကြသောကြောင့် အယုတ်, အမြတ်, အထူးမြတ်, အမြတ်ဆုံးဟူသော အစဉ်ဖြင့် ညွှန်ပြလို၍ ဆိုပါသည်။

ယသ္မာ ပနေတေ စတုဘူမကာ ဓမ္မာ အနုပုဗ္ဗပဏီတာ၊ တသ္မာ ဟီနုက္ကဋ္ဌုက္ကဋ္ဌတရတမာနုက္ကမေန တေသံ နိဒ္ဒေသော ကတော-ဌ။

ယသ္မာ=အကြင့်ကြောင့်၊ စတုဘူမကာ=ဘုံလေးပါးခွဲ ဖြစ်ကုန်သော၊ ဧတေဓမ္မာ=ဤတရားတို့သည်၊ အနုပုဗ္ဗပဏီတာ=အစဉ်အတိုင်းမြတ်ကုန်၏၊ တသ္မာ=ထို့ကြောင့်၊ ဟီနုက္ကဋ္ဌုက္ကဋ္ဌတရတမာနုက္ကမေန=အယုတ်, အမြတ်, အထူးမြတ်, အမြတ်ဆုံးဟူသောအစဉ်ဖြင့်၊ တေသံ=ထိုတရားတို့ကို၊ နိဒ္ဒေသော=ညွှန်ပြခြင်းကို၊ ကတော=ပြုအပ်ပြီ။

ဆောင်။ ။ဘုံ လေးပါး မှာ, ဖြစ် ကြ ပါ သည့်, လေးဖြာ ပညာ, အ စဉ် အား ဖြင့်, မြတ် ငြား အဟုတ်, အကြောင်းထုတ်၍, အယုတ်အမြတ်, အထူးမြတ် နှင့်, အမြတ်ဆုံးပင်, ထိုအစဉ်ဖြင့်, ပြချင်လိုဘိ, ဆိုရ၏, ကျမ်းရှိအစဉ်ကို။

(*) အဘယ်ကြောင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်ခေါ်ပါသနည်း။

အဖြေ။ ။ကာမဘုံ၌ မျှားသောအားဖြင့် ဖြစ်တတ်သော ကြောင့် ကာမာဝစရစိတ်။

ရူပဘုံ၌ မျှားသောအားဖြင့် ဖြစ်တတ်သော ကြောင့် ရူပါဝစရစိတ်။

အရူပဘုံ၌ မျှားသောအားဖြင့် ဖြစ်တတ်သောကြောင့် အရူပါဝစရစိတ်။

ဥပါဒါနက္ခန္ဓာ ဟု ဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက်ဆဲ ထွက်မြောက်ပြီး ဖြစ်သောကြောင့် လောကုတ္တရာစိတ်။

အမှာ။ ။ထွက်မြောက်ဆဲ=မဂ်စိတ်၊ ထွက်မြောက်ပြီး=ဖိုလ်စိတ်....ဒ့ဲ။

ရူပဘုံ အရူပဘုံ၌ ဖြစ်သော ကာမစိတ်မျှားကို ရူပစိတ် အရူပစိတ် ခေါ်နိုင်ပါမည်လော။

အဖြေ။ ။ရူပဘုံ အရူပဘုံ၌ မျှားသောအားဖြင့် ဖြစ်မှသာ ရူပစိတ် အရူပစိတ် ခေါ်နိုင်ပါသည်။ ကာမစိတ်ကား ထိုဘုံတို့၌ အနည်းငယ်သာဖြစ်သောကြောင့် မခေါ်နိုင်ပါ...ဦ့ဲ။

ကာမဘုံ၌ဖြစ်သော ရူပစိတ် အရူပစိတ်မျှားကို ကာမစိတ်ဟု ခေါ်နိုင်ပါသလော၊ ရှင်းပြခဲ့ပါ။

အဖြေ။ ။မခေါ်နိုင်ပါ၊ ရူပစိတ် အရူပစိတ် မျှားကား အမျှားအားဖြင့် ရူပဘုံ အရူပဘုံတို့၌သာဖြစ်ပါသည်၊ ကာမဘုံ၌ အနည်းငယ်အားဖြင့်သာ ဖြစ်ပါသည်၊ ကာမဘုံ၌ အမျှားအားဖြင့် ဖြစ်မှသာ ကာမစိတ်ဟု ခေါ်နိုင်ပါသည်။

ဘုံဖိတ်အပြား ၄-ပါး ပြီး၏။

အကုသိုလ်စိတ်

● ကုသိုလ်စိတ်ကို ရှေ့မထား ပဲ အ ဘယ့်ကြောင့် အကုသိုလ်စိတ်ကို ရှေ့ထားဆိုရပါသနည်း။

အဖြေ။ ။အကုသိုလ်စိတ် အဟိတ်စိတ် တို့မှ ကြင်းသော စိတ်များကို သောဘန အမည်ဖြင့် ခေါ်ဝေါ်မှုကို ပြုလိုသော ကြောင့် "ပါပါဟေတုက မုတ္တာနိ" အစရှိသော ဂါထာနှင့် လျော်စွာ အကုသိုလ်စိတ်ကို ရှေ့ထားပြီး ဆိုပါသည်။

ပါပါဟေတုကဝဇ္ဇာနံ ကျေနသဋ္ဌိယာ ဧကနဝုတိယာ ဝါ စိတ္တာနံ သောဘနနာမေန ဝေါဟာရကရဏတ္ထံ ပါပါဟေတုက မုတ္တာနိ။ပ။ ဝုစ္စရေတိ ဧဝံ ဝက္ခမာနနယဿ အနုရူပတော ပါပါ ဟေတုကေယေဝ ပဌမံ ဒဿေတိ....ဌိ။

ပါပါဟေတုကဝဇ္ဇာနံ=အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ တ ပါးကုန်သော၊ ကျေနသဋ္ဌိယာ=တခုယုတ် ၆၀-သော၊ ဝါ= တနည်းကား၊ ဧကနဝုတိယာ=၉၁-ပါးသော၊ စိတ္တာနံ=စိတ် တို့၏၊ သောဘနနာမေန=သောဘနအမည်ဖြင့်၊ ဝေါဟာရက ရဏတ္ထံ=ခေါ်ဝေါ်ခြင်းကို ပြုခြင်းငှာ၊ ပါပါဟေတုက မုတ္တာ နိ။ပ။ ဝုစ္စရေတိ=ဝုစ္စရေဟူ၍၊ ဧဝံ=ဤသို့၊ ဝက္ခမာန နယဿ= ဆိုလတ္တံ့သောနည်းအား၊ အနုရူပတော=လျော်သောအားဖြင့်၊ ပါပါဟေတုကေယေဝ=အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို သာ လျှင်၊ ပဌမံ=ရှေးဦးစွာ၊ ဒဿေတိ=ပြ၏။

ဆောင်။ ။အကုအဟိတ်, ၃၀-စိတ်မှ, ကြင်းသမျှကို, သော ဘနမည်, ပြုလိုသည်ကြောင့်, နှစ်လိအကု, အ ဟိတ်စုကို, ရှေ့ထားဆိုသည်, မှတ်လိုသူတို့ မှတ် ဖွယ်ဘည်း။

(ခ) အကုသိုလ်စိတ်တွင် လောဘမူစိတ်ကို အဘယ့်ကြောင့် ရှေ့ထားဆိုပါသနည်း။

အဖြေ။ ။ထိုထိုဘဝ၌ ပဋိသန္ဓေနေသော သတ္တဝါတို့၏ သန္တာန်၌ လောဘမူစိတ်သာ ရှေးဦးစွာဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေ့ထားဆိုပါသည်။

တေသု စ ဘဝေသု ဂဟိတပဋိသန္ဓိကဿ သတ္တဿ အာဒိတော ဝီထိစိတ္တဝသေန လောဘ သဟဂတ စိတ္တုပ္ပါဒါနိ မေဝ သမ္ဘဝတော....ဠီ။

တေသုဘဝေသု=ထိုထိုဘဝတို့၌၊ ဂဟိတ ပဋိသန္ဓိကဿ=ပဋိသန္ဓေနေသော၊ သတ္တဿ=သတ္တဝါ၏(သန္တာန်၌)၊ အာဒိတော=အစ၌၊ ဝီထိစိတ္တဝသေန=ဝီထိစိတ်၏အစွမ်းအားဖြင့်၊ လောဘသဟဂတစိတ္တုပ္ပါဒါနိမေဝ=လောဘသဟဂုတ် စိတ္တုပ္ပါဒ် တို့၏သာလျှင်၊ သမ္ဘဝတော=ဖြစ်ခြင်းကြောင့်တည်း။

ဆောင်။ ။ဘဝအလိလိ, သန္ဓေတည်သည့်, ထိုဤများစွာ, သတ္တဝါ၌, ဦးစွာ်အစ, စိတ်လောဘသာ, ဖြစ်သည့်တာကြောင့်, ရှေ့မှာအစ, ထား၍ပြသည်, မှတ်ကြစေဖို့ ကျတည်း။

(ဂ) အဘယ့်ကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်ကို ဆိုရပါသနည်း။

အဖြေ။ ။လောဘမူစိတ်နှင့် ဒိဋ္ဌိတ် စိတ်ချင်း တူသောကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်ကို ဆိုပါသည်။

ဒိဋ္ဌိဟေတုက ဘာဝသာမညေန....ဠီ။

ဒိဋ္ဌိဟေတုက ဘာဝသာမညေန=ဒိဋ္ဌိတ်စိတ်၏ အဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့်တည်း။

ဆောင်။　။ဒ္ဒိဟိတ်စိတ်ချင်း, တူသည့်ခင်းကြောင့်, ယင်း၏ နောက်မှာ,ဒေါသသာ, ထားကာပြုရသည်။

◉ အဘယ့်ကြောင့် မောဟမူစိတ်ကို နောက်ဆုံး ထားရပါသနည်း။

အဖြေ။　။ကေဟိတ်စိတ် ဖြစ်သော ကြောင့် မောဟမူ စိတ်ကို နောက်ဆုံးထားပါသည်။

ကေဟေတုကေစ ဒသေတုံ....ဠီ။

ကေဟေတုကေစ=ကေဟိတ်စိတ် တို့ ကို လည်း၊　ဒသေတုံ= ပြခြင်းငှာ။

ဆောင်။　။ကေဟိတ်သာ, ဖြစ်သည့်တာကြောင့်, နောက် မှာအဆုံး,မောဟသုံးသည်, မှတ်ထုံး ဠီကာ့အလို တည်း။

◉ ဒိဋ္ဌိဂတသမ္ပယုတ္တံ၌ အဘယ့်ကြောင့် အဘယ် ဒိဋ္ဌိကို ယူရမည်နည်း။

အဖြေ။　။အကုသိုလ်အရာ ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို သာ ယူရပါသည်၊ သမ္မာဒိဋ္ဌိကို မယူရပါ....ဠီ။

ဆောင်။　။အကုအရာ, ဖြစ်သည့်တာကြောင့်, မိစ္ဆာဒိဋ္ဌိ, ယူရန်သိ,သတိရှိဖို့ရာ။

◉ သင်္ခါရ၏ အဓိပ္ပာယ်ကို ရေး၍ တရားကိုယ် ကောက်ပြပါ။

အဖြေ။　။ပုဗ္ဗပယောဂကြောင့် ဖြစ်သော စိတ်၏ ထက်မြက်ခြင်းဟူသော အထူးသည် သင်္ခါရမည်၊ တရားကိုယ်မှာ စေတနာနှင့် ဝီရိယတည်း။

ပုဗ္ဗပ္ပယောဂသမ္ဘူတော၊ ဝိသေသော စိတ္တသမ္ဘဝီ။
သခ်ါရော တံဝ၀ေသနေတ္ထ၊ ဟောတျသခ်ါရိကာဒိတာ....ဠီ။

ပုဗ္ဗပ္ပယောဂသမ္ဘူတော= ပုဗ္ဗပယောဂကြောင့် ဖြစ်သော၊ စိတ္တသမ္ဘဝီ=စိတ်၌ဖြစ်သော၊ ဝိသေသော=အထူးသည်၊ သခ်ါရော=သခ်ါရမည်၏၊ တံဝ၀ေသန=ထိုသခ်ါရ၏ အစွမ်းအားဖြင့်၊ တ္ထေ=ဤနေရာ၌၊ အသခ်ါရိကာဒိတာ=အသခ်ါရိက အစရှိသော အဖြစ်သည်၊ ဟောတိ=ဖြစ်၏။

● လောဘမူစိတ်မှာ စေကသိက် ၂၂-ပါး ယှဉ် ပါ၀ါ လျက် အဘယ်ကြောင့် ဝေဒနာဖြင့်အထူးပြု၍ သောမနဿသဟဂတံ, ဥပေက္ခာသဟဂတံဟုဆိုရပါသနည်း။

အဖြေ။ ။သောမနဿဝေဒနာ စသည်တို့သာလျှင် လောဘမူစိတ် အားလုံးနှင့် မဆက်ဆံသောကြောင့် ဆိုပါသည်။

သောမနဿာဒီနမေ၀ အသာဓာရဏဘာ၀တော....ဠီ။

သောမနဿာဒီနမေ၀=သောမနဿ စသည်တို့၏ သာလျှင်၊ အသာဓာရဏ ဘာ၀တော=လောဘမူစိတ်အားလုံးနှင့်မဆက်ဆံခြင်းကြောင့်တည်း။

ဆောင်။ ။သောမနဿ, စသည်မျှကား, လောဘမူကျုံ:, စိတ်အားလုံးနှင့်,မယှဉ်သင့်၍, ထိုဖြင့်ဤမှာ, ထူးပြုပါသည်, ဠီကာမိန့်ချက် စကားတည်း။

● သောမနဿ,ဥပေက္ခာ, ဒိဋ္ဌိ,အသခ်ါရိက, သသခ်ါရိက ဖြစ်ကြောင်းတို့ကို အသီးသီးရေးခဲ့ပါ။

အဖြေ။ ।သောမနဿ ဖြစ်ကြောင်းကား ၁-သဘာ၀ဂုဏ်ရှိ၍ ပရိကပ္ပိတဂုဏ်ရှိ, ၂-သောမနဿဖြင့် ပဋိသန္ဓေနေခြင်း, ၃-မနက်နဲ့သောသဘောရှိခြင်း ၃-ပါးတည်း။

ဥပေက္ခာ ဖြစ်ကြောင်းကား ၁-ဣဋ္ဌမဇ္ဈတ္တာရုံ၊ ၂-ဥပေက္ခာ ဖြင့်ပဋိသန္ဓေနေခြင်း, ၃-နက်နဲသောသဘောရှိခြင်း ၃-ပါးတည်း။

ဒိဋ္ဌိဖြစ်ကြောင်းကား ၁-အယူပျက်စီးသူကို မှီဝဲခြင်း, ၂-သဿတအယူ ဥစ္ဆေဒအယူရှိခြင်း ၂-ပါးတည်း။

အသင်္ခါရိက ဖြစ်ကြောင်းကား လျှောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာနေရာ, အဆွေခင်ပွန်း စသည်တည်း။

သသင်္ခါရိက ဖြစ်ကြောင်းကား မသင့်လျှောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာနေရာ, အဆွေခင်ပွန်း စသည်တည်း။

သဘာဝတော ပရိကပ္ပတောဝါဟိ ဣဋ္ဌာရမ္မဏံ, သောမနဿ ပဋိသန္ဓိကတာ, အဂမ္ဘီရ သဘာဝတာစ ဣဓ သောမနဿဿ ကာရဏံ၊ ဣဋ္ဌမဇ္ဈတ္တာရမ္မဏံ, ဥပေက္ခာ ပဋိသန္ဓိကတာ, ဂမ္ဘီရ သဘာဝတာစဥပေက္ခာ:ယ၊ ဒိဋ္ဌိဝိပန္နပုဂ္ဂလသေဝနာ, သဿတုစ္ဆေဒါသယတာစ ဒိဋ္ဌိယာ၊ဗလဝဥတုဘောဇနာဒယော ပန ပစ္စယာ အသင်္ခါရိကဘာဝဿ....ဒ္မိ။

ဟိ=ခဲ့၍ ဆိုဦးအုံ့၊ သဘာဝတော= သဘောအားဖြင့်ရင်း၊ ပရိကပ္ပတောဝါ=ကြံဆသောအားဖြင့်ရင်း၊ဣဋ္ဌာရမ္မဏံ=ဣဋ္ဌာရုံသည်ရင်း၊သောမနဿ ပဋိသန္ဓိကတာ=သောမနဿဖြင့် ပဋိသန္ဓေနေသည်၏ အဖြစ်သည်ရင်း၊ အဂမ္ဘီရ သဘာဝတာစ=မနက်နဲသော သဘောရှိသည်၏ အဖြစ်သည်ရင်း၊ ဣဓ= ဤနေရာ၌၊ သောမနဿဿ= သောမနဿ၏၊ ကာရဏံ= အကြောင်းတည်း၊ ဣဋ္ဌမဇ္ဈတ္တာရမ္မဏံ=ဣဋ္ဌမဇ္ဈတ္တာရုံသည်ရင်း၊ ဥပေက္ခာ ပဋိသန္ဓိကတာ=ဥပေက္ခာဖြင့် ပဋိသန္ဓေနေသည်၏ အဖြစ်သည်ရင်း၊ ဂမ္ဘီရ သဘာဝတာစ=နက်နဲသော သဘောရှိသည်၏ အဖြစ်သည်ရင်း၊ ဥပေက္ခာယ=ဥပေက္ခာ:၏၊ ကာရဏံ=အကြောင်းတည်း၊ ဒိဋ္ဌိဝိပန္န

ပုဂ္ဂလသေဝနာ=အယူဖောက်ပြန်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်းသည်ရင်း၊ သဿတုစ္ဆေဒါသယတာစ= သဿတအယူ ဥစ္ဆေဒအယူရှိသည်၏အဖြစ်သည်ရင်း၊ ဒိဋ္ဌိယာ=ဒိဋ္ဌိ၏၊ ကာရဏံ=အကြောင်းတည်း၊ ပန=အဖို့တပါးကား၊ ဗလဝဥတုဘောဇနာဒယော= လျှောက်ပတ်သော ဥတုဘောဇဉ် အစရှိကုန်သော၊ ပစ္စယာ= အကြောင်းတို့သည်၊ အသင်္ခါရိကဘာဝဿ=အသင်္ခါရိက အဖြစ်၏၊ ကာရဏာ=အကြောင်းတို့တည်း။

ဆောင်။　။'သဘာဝပရိကပ်, နှစ်ဇုဋ္ဌပ်နှင့်,' သောမနသ်မည်, သန္ဓေတည်လျက်,' မလေးနက်ငြား, သဘောထားဟု, သုံးပါးသောမန, ဖြစ်ကြောင်းပြု၏၊ 'ဇုဋ္ဌမဏ္ဍာ,' ဥပေက္ခာဖြင့်, ကောင်းစွာသန္ဓေ, စွဲကပ်ပေ၍, ' စိတ်နေလေးနက်, ဤသုံးချက်မှာ, ဥပေက္ခာပေါင်း, ဖြစ်တတ်ကြောင်းတည်း၊ တကြောင်း' သဿတ, ဥစ္ဆေဒဟု, နှစ်ဝဒိဋ္ဌိ, အာသယရှိလျက်, ' တိတ္ထိများဟူ, ယူမှားသူကို, ကြည်ဖြူဆည်းကပ်, ဤနှစ်ရပ်ကြောင့်,ဖြစ်တတ်လေလျှင်, ဒိဋ္ဌိပင်တည်း၊ အသင်္ခါရံ, ဖြစ်ကြောင်းမှန်ကား, လျော်ကန်ဥတု, ဘောဇဉ်စုနှင့်, နေမှုကျောင်းရာ, ခင်ပွန်းပါဟု, စသည်ရှာလော့၊ တခုကြွင်းမှာ, ပြောင်းပြန်ကာဖြင့်, မှတ်ယူသင့်သည်, ထောက်ချင့်ဋီကာ့အလိုကည်း။

(*) လောဘမူစိတ်မှာ မောဟလည်း ယှဉ်ပါ၊ လျက်အဘယ့်ကြောင့်"လောဘသဟဂတစိတ္တာနိနာမ"ဟုသာဆိုရပါသနည်း။

အဖြေ။　။မောဟကား အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်၍

လောဘကား လောဘမူစိတ်မှာသာ ယှဉ်သောကြောင့် ဆိုရပါသည်။

ဝေဠုကတ္တာ နေသံ သတိပိ မောဟဟေတုက ဘာဝေ လောဘသဟဂတဘာဝေါ၀ နိဂမနေ ဝုတ္တောဒ္ဓီ။

ဝေဠုကတ္တာ=ဤသို့ မောဟက အကုသိုလ် စိတ်အားလုံးမှာ ယှဉ်ခြင်း လောဘက လောဘမူစိတ်မှာသာ ယှဉ်ခြင်း ဟူသော အကြောင်းကြောင့်၊ နေသံ=ထိုလောဘမူ စိတ်တို့အား၊ မောဟဟေတုက ဘာဝေ=မောဟဟိတ် ယှဉ်သည်၏ အဖြစ်သည်၊ သတိပိ=ရှိပါသော်လည်း၊ လောဘသဟဂတဘာဝေါ၀=လောဘ သဟဂုတ်၏ အဖြစ်ကိုသာလျှင်၊ နိဂမနေ=နိဂုံး၌၊ ဝုတ္တောဒ္ဓီ=ဆိုအပ်ပြီ။

ဆောင်။　　။အကုသလာ, လုံးစုံမှာ, မှတ်ပါ မောဟ ယှဉ်၊
　　လောဘ မှာ ကား, စိတ်ရှစ်ပါး, ယှဉ်ပြား
　　ထို့ကြောင့်ပင်၊
　　လောဘသဟ, ဂတံစ, မိန္ဒဟဆထ၏ အသျှင်။

---

(၈) အဌပိ၌ ပိ သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ရေးခဲ့ပါ။

အဖြေ။　　။ကမ္မပထ အပြား, ကာလ-ဒေသ-သန္တာန-အာရမ္မဏ စသော အပြားဖြင့် ရေတွက်လျှင် လောဘမူစိတ်မှာ မရေတွက်နိုင်အောင် များလှ၏ဟု ပြပါသည်....ဒ္ဓီ။

အမှာ။　　။ဒေါသမူစိတ်, မောဟမူစိတ်တို့၌ပါသော ဝိသဒ္ဒါ ကိုလည်း နည်းတူ သိပါလေ။

---

(၉) ဒေါသမူ စိတ်တို့ ၌ ဝေဒနာ အပြား မရှိပဲ လျက် အာဘယ်ကြောင့် "ဒေါမနဿသဟဂတံ"ဟု အထူးပြု၍ ဆိုရပါသနည်း။

အဖြေ။ ။အခြားစိတ်တို့နှင့် မယှဉ်သော ဒေါမနဿ ဝေဒနာဖြင့် စိတ်ကို မှတ်သားလိုသောကြောင့် ဆိုရပါသည်။

အသာဝေရဏ ဓမ္မဝေသန စိတ္တဿ ဥပလက္ခဏတ္ထं ဒေါမနဿဂ္ဂဟာဏံ....ဠီ။

အသာဝေရဏ ဓမ္မဝေသန=မဆက်ဆံသော တရား၏အစွမ်းဖြင့်၊ စိတ္တဿ=စိတ်ကို၊ ဥပလက္ခဏတ္ထံ=မှတ်သားရခြင်းအကျိုးငှာ၊ ဒေါမနဿဂ္ဂဟာဏံ=ဒေါမနဿကို ယူခြင်းသည်၊ ဟောတိ=ဖြစ်၏။

ဆောင်။ ။အခြားစိတ်မှာ, မယှဉ်ပါသည့်, ဝေဒနာရပ်, ဒေါမနသ်ဖြင့်, စိတ်ဓာတ်ကိုသာ, မှတ်လိုပါ၍, ဤမှာ ဒေါမနသ်, အထူးတပ်သည်, မိန့်အပ်ဋီကာ့အလိုတည်း။

● "ဒေါမနဿသဟဂတ"ဆိုက ပြီးကောင်းလျက် ဘယ်အကျိုးငှာ "ပဋ္ဌိယသမ္မယုတ္တံ"ဟု ထပ်ဆိုရပါသနည်း။

အဖြေ။ ။ဒေါမနဿနှင့် ပဋ္ဌိယတို့သည် အမြဲတမ်း အတူတကွ ဖြစ်ကြ၏ဟု ပြရခြင်းအကျိုးငှာ ထပ်ဆိုရပါသည်။

ဥဘိန္နံ ကေန္ဒ္ဒသဟစာရိတာဒဿနတ္ထं ဝုတ္တောဟု....ဠီ။

ဥဘိန္နံ=ဒေါမနဿ,ပဋ္ဌိယ ၂-ပါးတို့၏၊ ကေန္ဒ္ဒသဟစာရိတာဒဿနတ္ထံ= စင်စစ် .အတူတကွ, ဖြစ်ပုံကို ပြရခြင်း အကျိုးငှာ၊ ဝုတ္တောဟု=ဆိုအပ်ပြီ။

ဆောင်။ ။ဒေါမနဿ, ပဋ္ဌိယတို့, နိစ္စအမြဲ, ဘယ်မကွဲပဲ, ယှဉ်တွဲဖြစ်ပုံ, ပြပုံကြောင့်, မိန့်တုံပဋ္ဌိယ။

● ဒေါမနဿ, ပဋ္ဌိယတို့၏ ဖြစ်ကြောင်းတို့ကို ရေးသားဖော်ပြခဲ့ပါ။

အဖြေ။　။အနိဋ္ဌာရုံအားလုံး, အာဃာတ ဝတ္ထု ၉ ပါးတို့ ဖြစ်ပါသည်။

ယံကိဉ္စိ အနိဋ္ဌာရမ္မဏံ နဝဝိဓအာဃာတဝတ္ထုနှိ စ ဒေါမနဿသ္မာ ကာရဏာ, ပဋိဃသ္မာ ကာရဏာဒေ....ဒ္ဓီ။

ယံကိဉ္စိ=အလုံးစုံသော၊ အနိဋ္ဌာရမ္မဏံ=အနိဋ္ဌာရုံသည်ရင်း၊ နဝဝိဓအာဃာတဝတ္ထုနှိစ= ၉-ပါးအပြားရှိသော အာဃာတဝတ္ထုတို့သည်ရင်း၊ ဒေါမနဿသ္မာ=ဒေါမနဿ၏၊ ကာရဏာ= အကြောင်းဟုသည်း၊ ပဋိဃသ္မာစ=ပဋိဃ၏လည်း၊ ကာရဏာ= အကြောင်းတည်း။

ဆောင်။　။အနိဋ္ဌာရုံ, အလုံးစုံနှင့်, ကိုးပုံအာဃာတ, ဝတ္ထု မျှ, ဒေါမနပဋိဃ ဖြစ်ကြောင်းတည်း။

❀ အကုသိုလ်စိတ် အားလုံးမှာ ဥဒ္ဓစ္စ ယှဉ်ပါလျက် အဘယ့်ကြောင့် နောက်ဆုံးစိတ်ကျမှ "ဥဒ္ဓစ္စသမ္မယုတ္တံ" ဟု ဆိုရပါသနည်း။

အဖြေ။　။ဥဒ္ဓစ္စသည် နောက်ဆုံး အကုသိုလ်စိတ်မှာသာ အားကြီးသောကြောင့် ဆိုပါသည်။

သဗ္ဗာကုသလယုတ္တမ္ပိ၊ ဥဒ္ဓစ္စံ အန္တိမာနသေ။
ဗလဝံ ဣတိ တံယေဝ၊ ဝုတ္တ မုဒ္ဓစ္စယောဂဇေတာ....ဒ္ဓီ။

ဥဒ္ဓစ္စံ=ဥဒ္ဓစ္စသည်၊ သဗ္ဗာကုသလယုတ္တမ္ပိ=အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်ပါသော်လည်း၊ အန္တိမာနသေ=နောက်ဆုံးစိတ်၌၊ ဗလဝံ=အားကြီး၏၊ ဣတိ=ဤကြောင့်၊ တံယေဝ= ထိုနောက်ဆုံးစိတ်ကိုသာလျှင်၊ ဥဒ္ဓစ္စယောဂဇေတာ=ဥဒ္ဓစ္စနှင့် ယှဉ်သောအားဖြင့်၊ ဝုတ္တံ=ဆိုအပ်ပြီ။

● အဘယ့်ကြောင့် မောဟမူစိတ်မှာ ဥပေက္ခာသာ ဖြစ်ရပါသနည်း၊ အဘယ့်ကြောင့် သင်္ခါရအပြား မရှိရပါသနည်း။

အဖြေ။ ။အလွန် တွေ့ဝေသောကြောင့်ရင်း, အလွန်ပျံ့လွင့်သောကြောင့်ရင်း ဥပေက္ခာသာ ဖြစ်ရပါသည်၊ သဘောအားဖြင့် ထက်မြက်သည်၏အဖြစ်, အားထုတ်စေအပ်သည်၏ အဖြစ် မရှိသောကြောင့် သင်္ခါရအပြား မရှိခြင်း ဖြစ်ပါသည်။

မုဋ္ဌတ္တာစေဝ သံသပ္ပ၊ဝိက္ခေပါ စေကဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နောစေ၊ဘိန္နံ သင်္ခါရဘေဒတော။
နဟိ တဿ သဘာဝေန၊ တိက္ခတုဿာဟနိယတာ။
အတ္ထိ သံသပ္ပမာနဿ၊ဝိက္ခိပန္တဿ သဗ္ဗဒါ....ဠီ။

မုဋ္ဌတ္တာစေဝ=အလွန် တွေ့ဝေ သောကြောင့်ရင်း။ သံသပ္ပ ဝိက္ခေပါစ=အလွန်ပျံ့လွင့်သောကြောင့်ရင်း၊ ဧကဟေတုကံ= မောဟမူစိတ်သည်၊ သောပေက္ခံ=ဥပေက္ခာနှင့်တကွဖြစ်၏၊ ဟိ= ယသ္မာ=အကြင်ကြောင့်၊ သံသပ္ပမာနဿ=ရွှေ့ရှားသော၊ ဝိက္ခိ ပန္တဿ=ပျံ့လွင့်သော၊ တဿ=ထိုမောဟမူစိတ်အား၊ သဘာ ဝေန=သဘောအားဖြင့်၊ တိက္ခဘာ=ထက်သည်၏ အဖြစ်သည် ရင်း၊ ဥဿာဟနိယတာ=အားထုတ်စေအပ်သည်၏ အဖြစ်သည် ရင်း၊ သဗ္ဗဒါ=အခါခပ်သိမ်း၊ နတ္ထိ=မရှိ၊ တဿ=ထို့ကြောင့်၊ သင်္ခါရဘေဒတော=သင်္ခါရဘေဒအားဖြင့်၊ သဗ္ဗဒါ=အခါခပ် သိမ်း၊ နောစဘိန္နံ=ပြားလည်းမပြား။

အမှာ။ ။တဖျို့က "အာရုံအားလုံးတို့၌ တပ်ခြင်း, ပြစ်မှားခြင်း မရှိသောကြောင့် မောဟမူ စိတ်မှာ ဥပေက္ခာသာ ဖြစ်ရပါသည်" ဟု ဖြေကြ၏၊ သ

ဘောက္ခရင် အောက်ပါ ဆောင်ပုဒ်ကို ကျက်ထားပါ။

ဆောင်၊ ။အာရုံမျှားလတ်, အရပ်ရပ်၌, တပ်နှစ်သက်ခြင်း, ပြစ်မှားခြင်းမှ, လွတ်ကင်းချိသာ, မောဟမှာ, ဥပေက္ခာသာဖြစ်။

(၈) သောမနဿ, ဒေါမနဿဟူသော အမည်ဘိုသည်စိတ်၏ အမည်လော, စေတသိက်၏ အမည်လော။

အဖြေ။ ။စေတသိက်၏အမည်သာဖြစ်ပါသည်။

မာနသိကသုခဝေဒနာယေတံ အဓိ၀စနံ၊ မာနသိကဒုက္ခ ဝေဒနာယေတံ အဓိ၀စနံ....ဒီ။

ဧတံ=ဤသောမနဿဟူသော အမည်သည်၊ မာနသိက သုခ ဒေနာယ=စိတ်၌ယှဉ်သော သုခဝေဒနာ၏၊ အဓိ၀စနံ=အမည်တည်း၊ ဧတံ=ဤဒေါမနဿ ဟူသော အမည်သည်၊ မာနသိက ဒုက္ခဝေဒနာယ=စိတ်၌ယှဉ်သော ဒုက္ခဝေဒနာ၏၊ အဓိ၀စနံ=အမည်တည်း။

(၉) အကုသိုလ်ဟူသော အမည်သည် စိတ်၏ အမည်ရင်းလော, စေတသိက်၏ အမည်ရင်းလော။

အဖြေ။ ။စေတသိက်၏ အမည်ရင်းဖြစ်ပါသည်...ဒီ။

(၁၀) အဘယ်ကြောင့် လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး ပြားရပါသနည်း။

အဖြေ။ ။ဝေဒနာ, သမ္ပယောဂ, သင်္ခါရ ပြားသောကြောင့် လောဘမူစိတ် ၈-ပါး၊ သင်္ခါရ ပြားသောကြောင့် ဒေါသမူစိတ်

၂-ပါး၊ သမ္မယောဂ ပြားသောကြောင့် မောဟမူစိတ် ၂-ပါး ပြားရုပါသည်။

လောဘမူလာနိစိတ္တာနိ ဝေဒနာဒိဘေဒတော အဌာဝသိယုံ၊ တထာ ဒေါသမူလာနိ သခ်ါရဘေဒတော ဒ္ဝိဝါ၊ မောဟမူလသခ်ါတာနိ သမ္မယောဂဘေဒ့တော ဒ္ဒေ စ...ဒ္ဓီ။

လောဘမူလာနိ=လောဘမူဖြစ်ကုန်သော၊ စိတ္တာနိ=စိတ်တို့သည်၊ ဝေဒနာဒိဘေဒတော=ဝေဒနာစသည် ပြားသောကြောင့်၊ အဌဝ=၈-ပါးပြားကုန်သည်၊ သိယုံ=ဖြစ်ကုန်၏၊ တထာ=ပါး၊ ဒေါသမူလာနိ=စိတ်တို့သည်၊ သခ်ါရဘေဒတော=သခ်ါရပြားခြင်းကြောင့်၊ ဒ္ဝိဝါ=ကုန်၏၊ မောဟမူလ သခ်ါတာနိ=မောဟမူဟု ခေါ်ဆိုအပ်သော စိတ်တို့သည်၊ သမ္မယောဂဘေဒတော=ကြောင့်၊ ဒ္ဒေစ=၂-ပါးတို့သာတည်း။

(ခ) လောဘမူစိတ် ၈-ပါး၏ ဖြစ်စဉ်ကို ရေးခဲ့ပါ။

အဖြေ။ ။"ကာမတို့၌ အမြစ်မရှိ" အစရှိသော နည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ မတိုက်တွန်းပဲ ထက်မြက်သောစိတ်ဖြင့် နှစ်သက်ရှင်လန်းစွာ ကာမဂုဏ်ခံစားရာအခါ, ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရရှိ၏ဟု ယုံကြည်ရာအခါတို့၌ **လောဘမူပဌမစိတ်** ဖြစ်၏၊ ကာမတို့၌ (ပ) တိုက်တွန်းအပ်သော မထက်မြက်သော စိတ်ဖြင့် (ပ) အခါတို့၌ ဒုတိယစိတ် ဖြစ်၏။

မိစ္ဆာဒိဋ္ဌိကိုရှေ့သွားမပြုပဲ မတိုက်တွန်းအပ်သော ထက်မြက်သောစိတ်ဖြင့် နှစ်သက်ရှင်လန်းစွာ မေထုန်မှီဝဲရာအခါ, သူတပါးစည်းစိမ်ကိုမတရားကြံစည်ရာအခါ, သူတပါးဥစ္စာကိုခိုးရာအခါတို့၌တတိယစိတ်ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုပဲ တိုက်တွန်းအပ်သောမထက်မြက်သောစိတ်ဖြင့် (ပ)အခါတို့၌ **စတုတ္ထစိတ်**ဖြစ်၏။

အထက်ပါတို့ကို မရှင်လန်း မနှစ်သက်ပဲ ပြုလုပ်ရာ အခါ၌ **ကျန် စိတ် ၄-ပါး** ဖြစ်၏။

ယဒါဟိ နတ္ထိ ကာမေသု အာဒီနဝေါ ကျောဒီနာ နယေန မိစ္ဆာ ဒိဋ္ဌိ ပုရေက္ခိတ္တာ ကာမေဝါ ပရိဘုဥ္ဇတိ, ဒိဋ္ဌမင်္ဂလာဒီနိ ဝါ သာ ရတော ပစ္စေတိ သဘာဝတိက္ခေနေဝ အနုဿာဟိတေန စိတ္တေန၊ တဒါ ပဌမံ အကုသလစိတ္တ မုပ္ပဇ္ဇတိ၊ ယဒါပန မန္ဒေန သမုဿာ ဟိတေန စိတ္တေန၊ တဒါ ဒုတိယံ၊ ယဒါ ပန မိစ္ဆာဒိဋ္ဌိ အပုရေက္ခိတ္တာ ကေဝလံ ဟဒ္ဒတုဋ္ဌော မေထုနံဝါ သေဝတိ, ပရသမ္ပတ္တိံ ဝါ အဘိဗျာယတိ, ပရဘဏ္ဍံ ဝါ ဟရတိ သဘာဝ တိက္ခေ နေဝ အနုဿာဟိတေန စိတ္တေန၊ တဒါ စတုတ္ထံ၊ ယဒါ ပန ကာမာနံ ဝါ အသမ္ပတ္တိံ အာဂမ္မ အညေသံ ဝါ သောမနဿ ဟေတုနံ အဘာဝေန စတုသုပိ ဝိကပ္ပေသု သောမနဿရဟိတာ ဟောန္တိ၊ တဒါ သေသာနိ စတ္တာရိ ဉပေက္ခာသဟဂတာနိ ဉပ္ပဇ္ဇန္တိ....ဒ္ဓီ။

ယဒါ=အကြင်အခါ၌၊ ကာ၎ေသု=ကာမတို့၌၊ အာဒီနဝေါ= အပြစ်သည်၊ နတ္ထိ=မရှိ၊ ဣတိ အာဒီနာ= ဤသို့ အစရှိသော၊ နယေန=နည်းဖြင့်၊ မိစ္ဆာဒိဋ္ဌိံ=မိစ္ဆာဒိဋ္ဌိကို၊ ပုရေက္ခိတ္တာ=ရှေ့ သွားပြု၍၊ ဟဒ္ဒတုဋ္ဌော=ရှင်လန်းနှစ်သက်သည်ဖြစ်၍၊ သဘာဝ တိက္ခေနေဝ=သဘောအားဖြင့် ထက်သည် သာလျှင် ဖြစ်သော၊ အနုဿာဟိတေန= မတိုက်တွန်း အပ်သော၊ စိတ္တေန= စိတ်ဖြင့်၊ ကာမေဝါ=ကာမဂုဏ်တို့ကိုမူလည်း၊ ပရိဘုဥ္ဇတိ=ခံစား၏၊ ဒိဋ္ဌ မင်္ဂလာဒီနိ ဝါ=ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း၊ သာရတော= အနှစ်သာရအားဖြင့်၊ ပစ္စေတိ=ယုံကြည်၏၊ တဒါ=ထိုအခါ၌၊ ပဌမံ=ရှေးဦးစွာသော၊ အကုသလစိတ္တံ= အကုသိုလ် စိတ်သည်၊ ဉပ္ပဇ္ဇတိ=ဖြစ်၏၊ ပန=အဘို့တပါးကား၊ ယဒါ၌၊ မန္ဒေန=

သာသနာ့ရေးဦးစီးဌာန
ဂ ရ ၈ ၅ ၅

နှုံ့သော၊ သမုဿာဟိတေန=တိုက်တွန်းအပ်သော၊စိတ္တေန=ဖြင့်၊ တဒါ=၌၊ ဒုတိယံ=ဒုတိယစိတ်သည်၊ ဥပ္ပဇ္ဇတိ=၏။ ပန=ကား၊ ယဒါ=၌၊ မိစ္ဆာဒိဋ္ဌိ=ကို၊ အပုရေကွဲတွာ=ရှေ့သွားမပြုမူ၍၊ ကေဝလံ=သက်သက်၊ ဟဒ္ဒတုဒ္ဒေါ=၍၊ သဘာဝတိက္ခေနေဝ=သော၊ အနုဿာဟိတေန=သော၊ စိတ္တေန=ဖြင့်၊ မေထုနံဝါ=မေထုန်ကိုမူလည်း၊ သေဝတိ=မှီဝဲ၏၊ ပရသမ္ပတ္တိံ ဝါ=သူတပါးစည်းစိမ်ကိုမူလည်း၊ အဘိဇ္ဈာယတိ=ရှေးရှုကြံ၏၊ ပရဘဏ္ဍံ ဝါ=သူတပါးဥစ္စာကိုမူလည်း၊ ဟရတိ=ခိုး၏၊ တဒါ=၌၊ တတိယံ=တတိယစိတ်သည်၊ ဥပ္ပဇ္ဇတိ=၏၊ ပန=ကား၊ ယဒါ=၌၊ မန္ဒေန=သော၊ သမုဿာဟိတေန=သော၊ စိတ္တေန=ဖြင့်၊ တဒါ=၌၊ စတုတ္ထံ=စတုတ္ထစိတ်သည်၊ ဥပ္ပဇ္ဇတိ=၏၊ ပန=ကား၊ ယဒါ=၌၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အသမ္ပတ္တိံ=မပြည့်စုံခြင်းကို၊ အာဂမ္ဘ ဝါ=စဲ့ ၍ ရင်း၊ အညေသံ=တပါးကုန်သော၊ သောမနဿဟေတုနံ=သော မနဿ ဖြစ် ကြောင်း တို့ ၏၊ အဘာဝေန ဝါ= မရှိခြင်းကြောင့်ရင်း၊ စတူသုပိ=၄-ပါးလည်းဖြစ်ကုန်သော၊ ဝိကပ္ပေသု=ဝိကပ်တို့၌၊ သောမနဿရဟိတာ=သောမနဿမှ ကင်းကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏၊ တဒါ=ထိုအခါ၌၊ သေသာနိ=ကြွင်းကုန်သော၊ စတ္တာရိ= ၄-ပါး ကုန်သော၊ ဥပေက္ခာသဟဂတာနိ=ဥပေက္ခာသဟဂုတ်စိတ်တို့သည်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ကုန်၏။ (ပါဠိရှည်လွန်း၍အနက်ပေးချုံးထားသည်၊အဖြေနှင့်ကိုက်ပြီးကြည့်ရှုပါ)။

အကုသိုလ်စိတ်ပြီး၏။

အဟိတ်စိတ်

❁ အဘယ်ကြောင့် အကုသိုလ်စိတ်၏အခြားမဲ့၌ အဟိတ်စိတ်ကို ဆိုရပါသနည်း။

အဖြေ။　။အသောဘန စိတ်ချင်း တူသောကြောင့် ဆိုပါသည်....ဦး။

ဧဆောင်။　။အသောဘနချင်း, တူသည့်ခင်းကြောင့်, မယွင်းအကု, နောက်ခ္ခ်ရ, ထားမှုအဟိတ်ကို။

ⓐ အ ဘယ် ့ ကြောင့် အကုသလ ဝိ ပါက်ကို ရှေးဦး, ထိုနောင် ကုသလဝိပါက်ကို, ထိုနောင် အဟိတ်ကြိယာကို ဆိုရပါသနည်း။

အဖြေ။　။အကုသိုလ်၏ အခြားမဲ့ခ္ခ် အကုသိုလ်၏ အကျိုးကို ဝေဖန်လိုသောကြောင့်အကုသလဝိပါက်ကိုရှေးဦးဆိုပါသည်၊ ဝိပါက်စိတ်ချင်း တူသောကြောင့် ထိုနောင် ကုသလဝိပါက်ကို ဆိုပါသည်၊ အဟိတ်စိတ်ချင်း တူသောကြောင့် ထိုနောင်အဟိတ်ကြိယာကို ဆိုပါသည်....ဦး။

ⓑ အဘယ် ့ ကြောင့် အကုသလဝိပါက် ၇-ပါး ပြားရပါသနည်း။

အဖြေ။　။စက္ခု စသော မှီရာ, သမ္ပဋိစ္ဆိန်းစသော ကိစ္စတို့၏ ကဲ့ပြားခြင်းကြောင့် ၇-ပါးပြားရပါသည်။

စက္ခာဒိနိဿယသမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန သတ္တဓာ....ဦး။

စက္ခာဒိနိဿယသမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန=စက္ခုစသောမှီရာ, သမ္ပဋိစ္ဆိန်း စသော ကိစ္စတို့၏ ပြားခြင်းကြောင့်၊ သတ္တဓာ=၇-ပါးပြား၏။

ဧဆောင်။　။စက္ခုစသား, မှီရာများနှင့်, တမြားသမ္ပဋိ, အစရှိသည့်,ပြားဘိကိစ္စ, အဝဝကြောင့်, အကုသလ, ဝိပါက, ပြားရခုနစ်ဖြာ။

(၈) အကုသလဝိပါက်မှာ သန္ဓိရဏ ၁-ပါးသာ ဆိုထား ပါလျက် အဘယ်ကြောင့် ကုသလဝိပါက်ကျမှ ၂-ပါး ဆိုရ ပါသနည်း။

အဖြေ။ ။ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ တို့၏ အစွမ်းအားဖြင့် ဝေဒနာ ၂-ပါးကွဲပြားသောကြောင့် ၂-ပါးဆိုရပါသည်။

ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေနဝေဒနာဘေဒသမ္ဘဝတော....ဌီ။

ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေန= ဣဋ္ဌာရုံ ဣဋ္ဌ မဇ္ဈတ္တာရုံတို့၏ အစွမ်းအားဖြင့်! ဝေဒနာဘေဒ သမ္ဘဝတော= ဝေဒနာ ၂-ပါး ကွဲပြားခြင်းကြောင့်တည်း။

---

(၈) ကုသလဝိပါက်မှာ သန္ဓိရဏ ၂-ပါး ဆိုထား ပါလျက် အဘယ်ကြောင့် အကုသလ ဝိပါက်မှာ ၁-ပါးသာ ဆိုရ ပါသနည်း။

အဖြေ။ ။အကုသလ ဝိပါက်စိတ် တို့သည် အလွန် အား နည်းသောကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿ မဖြစ်ရကား ၁-ပါးသာ ဆိုရပါသည်။

အကုသလဝိပါကာနံ ပရိဒုဗ္ဗလဘာဝတော အနိဋ္ဌာရမ္မဏေပိ ဒေါပနဿုပ္ပါဒေါ နတ္ထိတိ သန္ဓိရဏံဥပေက္ခာသဟဂတမေဝ....ဌီ။

အကုသလဝိပါကာနံ=အကုသလ ဝိပါက်စိတ်တို့၏၊ ပရိဒုဗ္ဗ လဘာဝတော=အလွန်အားနည်းသည်၏အဖြစ်ကြောင့်၊အနိဋ္ဌာ ရမ္မဏေပိ=အနိဋ္ဌာရုံ၌လည်း၊ ဒေါမနဿုပ္ပါဒေါ=ဒေါမနဿဖြစ် ခြင်းသည်၊ နတ္ထိ=မရှိ၊ ဣတိ=ထို့ကြောင့်၊ သန္ဓိရဏံ=သန္ဓိရဏ သည်၊ ဥပေက္ခာသဟဂတမေဝ=ဥပေက္ခာသဟဂုတ် ၁-ခုတည်း သာတည်း။

❁ အဘယ့်ကြောင့် စက္ခုဝိညာဉ် စသော စိတ် ၄-ပါး သည် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ ။ဝတ္ထုအာရုံသဘောရှိသော ဥပါဒါရူပ်တို့၏ ထိခိုက်မှု အားနည်းသောကြောင့် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသည်။

ဝတ္ထာလမ္မသဘာဝါနံ၊ ဘူတိကာနဉ္စိ ဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ၊ စတုစိတ္တာ မုပေက္ခကံ....ဠီ။

ဝတ္ထာလမ္မသဘာဝါနံ=ဝတ္ထုအာရုံ သဘောရှိကုန်သော၊ ဘူတိကာနံ=ဘူတရူပ်ကို မှီ၍ဖြစ်သော ဥပါဒါရူပ်တို့၏၊ ဃဋ္ဋနံ=ထိခိုက်ခြင်းသည်၊ ဒုဗ္ဗလံ=အားနည်း၏၊ ဣတိ=ထို့ကြောင့်၊ စက္ခာဒိစတုစိတ္တာ=စက္ခုဝိညာဉ်စသော စိတ် ၄-ပါးသည်၊ ဥပေက္ခကံ=ဥပေက္ခာသဟဂုတ် ဖြစ်၏။

- -

❁ အဘယ့်ကြောင့် ကာယဝိညာဉ် ဒွေသည် ဒုက္ခသဟဂုတ် သုခသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ ။ကာယပသာဒ၏ မှီရာဖြစ်သော မဟာဘူတ်, ဖောဋ္ဌဗ္ဗာရုံဖြစ်သော မဟာဘူတ်တို့၏ ထိခိုက်မှု အားကောင်းသောကြောင့် ဒုက္ခသဟဂုတ် သုခသဟဂုတ် ဖြစ်ပါသည်။

ကာယနိဿယဖောဋ္ဌဗ္ဗ၊ ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ နု ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ....ဠီ။

ကာယနိဿယဖောဋ္ဌဗ္ဗဘူတာနံ= ကာယပသာဒ၏ မှီရာဖြစ်သော မဟာဘူတ်, ဖောဋ္ဌဗ္ဗာရုံဖြစ်သောမဟာဘူတ်တို့၏၊ ဃဋ္ဋနာယ=ထိခိုက်ခြင်းသည်၊ ဗလဝတ္တာ=အားကြီးသည်၏ အဖြစ်

ကြောင့်၊ ကာယိကံဝိညာဏံ=ကာယဝိညာဉ်ဒွေသည်၊ နမဇ္ဈဝေ ဒနံ=ဥပေက္ခာသဟဂုတ်မဖြစ် (ဒုက္ခသဟဂုတ်, သုခသဟဂုတ်သာ ဖြစ်သည်-ဟူလို)။

---

(၃) အဘယ်ကြောင့် သမ္ပဋိစ္ဆိန်းဒွေသည် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ ။မှိုရာတူသောစိတ်မှ အနန္တရ ပစ္စည်းကိုမရ၍အား နည်းသောကြောင့် ဥပေက္ခာသဟဂုတ်ဖြစ်ရပါသည်။

သမာနနိဿယာ ယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္မေ၊ သောပေက္ခံ သမ္ပဋိစ္ဆနံ....ဌီ။

သမာနနိဿယာ=တူသော မှိုရာရှိသော စိတ်မှ၊ အနန္တရပစ္စ ယော=အနန္တရပစ္စည်းသည်၊ ယသ္မာ=အကျင့်ကြောင့်၊ နတ္ထိ၊မရှိ၊ တသ္မာ=ထို့ကြောင့်၊ အာလမ္မေ=အာရုံတိုင်း၌၊ ဒုဗ္ဗလံ=အား နည်းသော၊ သမ္ပဋိစ္ဆနံ=သမ္ပဋိစ္ဆိန်းဒွေသည်၊သောပေက္ခံ(=သ+ ဥပေက္ခံ)=ဥပေက္ခာသဟဂုတ်ဖြစ်၏။

---

(၄) အဘယ်ကြောင့် ကုသလဝိပါက်သန္တီရဏသည် သော မနဿ, ဥပေက္ခာဖြစ်ရပါသနည်း။

အဖြေ။ ။မှိုရာတူသော သမ္ပဋိစ္ဆိန်းစိတ်မှ အနန္တရပစ္စည်း ကိုရ၍ အားကောင်းသောကြောင့် သောမနဿ, ဥပေက္ခာ ဖြစ်ရ ပါသည်။

သမာနနိဿယာ ယသ္မာ၊ အတ္ထာနန္တရပစ္စယော။
တသ္မာ ဗလဝ မာလမ္မေ၊ သန္တီရဏံ ဒ္ဋ္ဌဝေဒနံ....ဌီ။

သမာနနိဿယာ=စိတ်မှ၊ အနန္တရပစ္စယော=သည်၊ ယသ္မာ=ကြောင့်၊ အတ္ထိ=ရှိ၏၊ တသ္မာ=ကြောင့်၊ အလမ္မေ=အာရုံတိုင်းဌ၊ ဗလံ = အားကြီး၏၊ (ဗလဝတ္တာ=အားကြီးသည်၏ အဖြစ်ကြောင့်၊)သန္ဓိရဏံ=သန္ဓိရဏဒ္ဒေသည်၊ဒိဝေဒနံ=ဝေဒနာ ၂-ပါး ရှိ၏၊(“ဥတ္တဝိပရိယာယတော”ဟုသာ ဦးကာဌ်ပါ၏၊ထို့ကြောင့် ဂါထာပြန်၍စီလိုက်သည်။)

အမှာ။ ။အချို့က “အာသေဝန ပစ္စည်းကိုရ၍”ဟု ဖြေကြ၏၊ ထိုဆရာတို့အလို အောက်ပါဆောင်ပုဒ်ကို ကျက်ထားပါ။

ဆောင်။ ။မှီရာတူပေ, စိတ်ထွေထွေမှ, အာသေဝန, ပစ္စည်းရ၍, ဗလဝမည်, အားရှိသည်မို့, သန္ဓိရဏ, သောဥ-ဒ,ဖြစ်ကြရလေသည်။

(၈) အဘယ်ကြောင့် အာဝဇ္ဇန်းဒ္ဒေသည် ဥပေက္ခာဖြစ်ရပါသနည်း။

အဖြေ။ ။ခပ်သိမ်းသောအပြားအားဖြင့်အာရုံ၏အရသာကို မခံစားနိုင်သောကြောင့် ဥပေက္ခာဖြစ်ပါသည်။

နှ သဗ္ဗထာပိ ဝိသယရသ မနုဘဝိတုံ သက္ကောတိ၊ တသ္မာ မဇ္ဈတ္တဝေဒနာသမ္မယုတ္တမေဝ....ဦး။

သဗ္ဗထာပိ=ခပ်သိမ်းသောအပြားအားဖြင့်လည်း၊ဝိသယရသံ = အာရုံ၏ အရသာကို၊ အနုဘဝိတုံ = ခံစားခြင်းငှာ၊ နသက္ကောတိ=မစွမ်းနိုင်၊ တသ္မာ=ထို့ကြောင့်၊ မဇ္ဈတ္တဝေဒနာသမ္မယုတ္တမေဝ=ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်သာတည်း။

ဆောင်။ ။အာရုံထွေပြား, ရသာများကို, စံစားခြင်းငှာ, မစွမ်းပါ၍, အာဝဇ္ဇန်းဌေး, ယှဉ်ရန်တွေး, ဖြစ်ရေးဥပေက္ခာ။

● ကုသလဝိပါက်စိတ်၏ အဆုံးမှာ အဟေတုက သဒ္ဒါဆိုပါလျက် အဘယ်ကြောင့် အကုသလဝိပါက်စိတ်၏အဆုံးမှာ အဟေတုကသဒ္ဒါ မဆိုရပါသနည်း။

အဖြေ။ ။အကုသလဝိပါက်စိတ်မှာ အဟိတ် တမျိုးသာ ရှိ၍ အဟိတ်လေလော, သဟိတ်လေလောဟု ယုံမှားဘွယ် မရှိသောကြောင့် အဟေတုကသဒ္ဒါကိုမဆိုပါ။

ဗျဘိစာရာဘာဝတော....ဠီ။

ဗျဘိစာရ ဘာဝတော=ယုံမှားဘွယ် မရှိခြင်းကြောင့်။

● ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်ဟုဆိုရာ ကမ္မဇရူပ်မျှားလည်း ကုသိုလ်အကုသိုလ်တို့ကြောင့်ဖြစ်ရကား ဝိပါက်ခေါ်နိုင်ပါမည်လော။

အဖြေ။ ။ဝိပါက်ဟူသောအမည်သည် ရင့်ကျက်ပြီးသော နာမ်တရားတို့၏ အမည်သာ ဖြစ်သောကြောင့် ဝိပါက်မခေါ်နိုင်ပါ။

ဝိပက္ကဘာဝ မာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ၊ ဧဝဉ္စ ကတ္ဝာ ကုသလာကုသလကမ္မသမုဋ္ဌာနာနမ္ပိ ကဋ္ဌတ္တာရူပါနံ နတ္ထိ ဝိပါကဝေါဟာရော....ဠီ။

ဧတံ=ဤဝိပါက်ဟူသောအမည်သည်၊ဝိပက္ကဘာဝံ=ရင့်ကျက်ခြင်းသို့၊ အာပန္နာနံ=ရောက်ကုန်သော၊အရူပဓမ္မာနံ=နာမ်တရားတို့၏၊ အဓိဝစနံ=အမည်တည်း၊ ဧဝဉ္စကတ္ဝာ=ဤအကြောင်းကြောင့်၊ ကုသလာ ကုသလကမ္မ သမုဋ္ဌာနာနမ္ပိ=ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့်ဖြစ်ကုန်သော်လည်း၊ကဋ္ဌတ္တာရူပါနံ=ကမ္မဇရူပ်တို့၏၊ဝိပါက ဝေါဟာရော=ဝိပါက်ဟူသောခေါ်ဝေါ်ခြင်းသည်၊နတ္ထိ=မရှိ။

● အဘယ့်ကြောင့် အဟိတ်စိတ် ၁၈-ပါး ပြားရပါသနည်း။

အဖြေ။ ။စက္ခု စသောမှီရာ, သမ္ဘူဋ္ဌိန်း စသော ကိစ္စ, အာဝဇ္ဇန်းစသော ကိစ္စတို့၏ ကဲ့ပြားမှုကြောင့် ၁၈-ပါး ပြားရပါသည်....ဦး။

ဆောင်။ ။မှီရာကိစ္စ, ကဲ့ပြားကြ၍, အဟေတုက, ဆယ့်ရှစ်မျှ, ပြားရသည်ဟုမှတ်။

● အဟိတ်စိတ် ၁၈-ပါးသည် အသင်္ခါရိကလော, သသင်္ခါရိကလော အကိုးသာဓကပါဠိထုတ်၍ ဖြေခဲ့ပါ။

အဖြေ။ ။"အသင်္ခါရံ သသင်္ခါရ- ဝိပါကာနိ နု ပစ္စတိ၊ သသင်္ခါရ မသင်္ခါရ- ဝိပါကာနိတိ ကေစနု"ဌ် အသင်္ခါရိက သသင်္ခါရိကခွဲရာတွင် အဟိတ်စိတ် ၁၈-ပါးမှာ ဘယ်ဖက်မှ မပါသောကြောင့် အသင်္ခါရိကလည်း မဟုတ်ပါ၊ သသင်္ခါရိကလည်း မဟုတ်ပါ၊ သင်္ခါရဝိမုတ်သာ ဖြစ်ပါသည်။

● ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့သန္တာန်မှာသာ ဖြစ်ပါလျက် အဘယ့်ကြောင့် အသောဘနစိတ်မှာပါနေရပါသနည်း။

အဖြေ။ ။အလောဘစသော သောဘနဟိတ် ၃-ပါးနှင့် မယှဉ်သောကြောင့် အသောဘနစိတ်မှာပါနေရပါသည်။

အဟိတ်စိတ်ပြီး၏။

ကာမသောဘနစိတ်

❀ သောဘနစိတ်တို့တွင် ကာမာဝစရ သောဘနစိတ်ကို အဘယ်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

အဖြေ။ ။ကာမာဝစရံ ရူပါဝစရံစသည်ဖြင့် ကာမစိတ်ကို ရှေးဦးစွာပြခဲ့ပြီးဖြစ်သောကြောင့် ရှေးဦးစွာဆိုပါသည်။

သောဘနေသု ကာမာဝစရာနမေဝ ပဌမံ ဥဒ္ဒိဋ္ဌတ္တာ....ဌီ။

သောဘနေသု=သောဘနစိတ်တို့တွင်၊ကာမာဝစရာနမေဝ= ကာမာဝစရ စိတ်တို့ကိုသာလျှင်၊ ပဌမံ=ရှေးဦးစွာ၊ ဥဒ္ဒိဋ္ဌတ္တာ= အကျဉ်းပြအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း။

❀ ကာမသောဘနစိတ်တွင် အဘယ်ကြောင့် ကုသိုလ်ကို ရှေးဦး, ထိုနောင်ဝိပါက်, ထိုနောင်ကြိယာကို ဆိုရပါသနည်း။

အဖြေ။ ။အဗျာကတတို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်ကိုရှေးဦး၊ ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် ထိုနောင်ဝိပါက်ကို၊ ထိုဝိပါက်စိတ်နှင့် ဖြစ်ရာဘုံတူသောကြောင့် ထိုနောင်ကြိယာကို ဆိုရပါသည်။

တေသုပိ အဗျာကတာနံ ကုသလပုဗ္ဗကတ္တာ ပဌမံ ကာမာဝစရကုသလံ၊ တတော တတ္ထိပါကံ၊ တဒနန္တရံ တဒေကဘူမိ ပရိယာပန္နံ ကြိယစိတ္တဥ္စ....ဌီ။

တေသုပိ=ထိုကာမသောဘနစိတ်တို့တွင်လည်း၊အဗျာကတာနံ=အဗျာကတတို့၏၊ ကုသလပုဗ္ဗကတ္တာ=ကုသိုလ်လျှင် ရှေ့သွားရှိသည်၏အဖြစ်ကြောင့်၊ ပဌမံ=စွာ၊ ကာမာဝစရကုသလံ=ကို၊

ဝုတ္တံ=ပြီ၊ တတော=ထိုမှနောက်၌၊ တဗ္ဗိပါကံ=ထိုကုသိုလ်၏ အကျိုးဝိပါက်ကို၊ ဝုတ္တံ=ပြီ၊ တဒနန္တရံ=ထိုဝိပါက်၏ အခြားမဲ့၌၊ တဒေကဘူမိပရိယာပန္နံ= ထိုဝိပါက်နှင့်တူသောဘုံ၌ အကျုံးဝင်သော၊ ကြိယစိတ္တဥ္စ=ကိုလည်း၊ ဝုတ္တံ=ပြီ။

---

(၈) မဟာကုသိုလ်ဘောမနဿဖြစ်ကြောင်း, ဥပေက္ခာ ဖြစ်ကြောင်းတို့ကို ရေးခဲ့ပါ။

အဖြေ။ ။၁-အားကြီးသော သဒ္ဓါတရားရှိခြင်း, ၂-ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း, ၃-ပစ္စည်းအလှူခံစသည်တို့၏ပြည့်စုံခြင်း ဤသုံးပါးသည် သောမနဿဖြစ်ကြောင်းတည်း၊ (ပြောင်းပြန်အားဖြင့် ဥပေက္ခာဖြစ်ကြောင်းကိုသိပါ။)

ဗလဝသဒ္ဓါယ ဒဿနသမ္ပတ္တိယာ ပစ္စယပဋိဂ္ဂါဟကာဒိသမ္ပတ္တိယာတိ ဧဝမာဒီဟိ ကာရဏေဟိ သောမနဿသဟဂတတာ....ဠီ။

ဗလဝသဒ္ဓါယ=အားကြီးသော သဒ္ဓါတရား ရှိခြင်းကြောင့်ရင်း၊ ဒဿနသမ္ပတ္တိယာ=ပညာ အမြော်အမြင်နှင့် ပြည့်စုံခြင်းကြောင့်ရင်း၊ ပစ္စယပဋိဂ္ဂါဟကာဒိသမ္ပတ္တိယာ=ပစ္စည်း အလှူခံစသည်တို့၏ ပြည့်စုံခြင်းကြောင့်ရင်း၊ ဣတိဧဝမာဒီဟိ=ဤသို့အစရှိကုန်သော၊ ကာရဏေဟိ=အကြောင်းတို့ကြောင့်၊ သောမနဿသဟဂတတာ = သောမနဿ သဟဂုတ်၏ အဖြစ်ကို၊ ဧဝဒိတဗ္ဗာ=၏။

---

(၉) မဟာကုသိုလ် ဉာဏသမ္ပယုတ် ဖြစ်ကြောင်း, ဉာဏ ဝိပ္ပယုတ်ဖြစ်ကြောင်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-ပညာကို ဖြစ်စေတတ်သောကံကို ဆည်းပူးခဲ့ခြင်း, ၂-ပြဟ္မာ့ဘုံ၌ဖြစ်ခြင်း, ၃-ဣန္ဒြေရင့်ကျက်ခြင်း, ၄-ကိလေ

သာတို့မှဝေးခြင်း ဤ ၄-ပါးသည် ဉာဏသမ္မယုတ် ဖြစ်ကြောင်းတည်း၊ (ဝိပ္ပယုတ် ဖြစ်ကြောင်းကို ပြောင်းပြန်အားဖြင့် ရေးပါ)။

ပညာသံဝတ္တနိကကမ္မတော၊ အဗျာပဇ္ဇလောကူပပတ္တိတော၊ ဣန္ဒြိယပရိပါကတော၊ ကိလေသဒူရီဘာဝတောစ ဉာဏသမ္မယုတ္တတာ... ဌ။

ပညာသံဝတ္တနိကကမ္မတော=ပညာကို ဖြစ်စေတတ်သောကံကြောင့်ရင်း၊ အဗျာပဇ္ဇလောကူပပတ္တိတော=ဗြဟ္မာ့ဘုံ၌ဖြစ်ခြင်းကြောင့်ရင်း၊ကိလေသဒူရီဘာဝတောစ=ကိလေသာတို့မှဝေးခြင်းကြောင့်ရင်း၊ ဉာဏသမ္မယုတ္တတာ=ဉာဏသမ္မယုတ်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ=၏။

(ခ) မဟာကုသိုလ်အသင်္ခါရိကဖြစ်ကြောင်း, သသင်္ခါရိကဖြစ်ကြောင်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း, ရှေးရှေးအခါက ဒါနစသည်တို့ကို ပြုလုပ်ခဲ့ခြင်းစသည်သည် အသင်္ခါရိက ဖြစ်ကြောင်းတည်း၊(သသင်္ခါရိက ဖြစ်ကြောင်းကို ပြောင်းပြန်အားဖြင့်သိပါ)။

ကာယစိတ္တာနံ ကလ္လဘာဝတော, ပုဗ္ဗေ ဒါနာဒီသု ကာဘပရိစယတာဒီဟိစ အသင်္ခါရိကတာ....ဌ။

ကာယစိတ္တာနံ=ကိုယ်စိတ်တို့၏၊ ကလ္လဘာဝတော=ကျန်းမာချမ်းသာခြင်းကြောင့်ရင်း၊ပုဗ္ဗေ=ရှေးဦး၊ ဒါနာဒီသု=ဒါနစသည်တို့၌၊ ကတာပရိစယတာဒီဟိစ=ပြုအပ်ပြီးသော အလေ့အကျက်ရှိခြင်းစသည် တို့ကြောင့်ရင်း၊ အသင်္ခါရိကတာ=အသင်္ခါရိက၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ=၏။

● အဘယ့်ကြောင့် မဟာကုသိုလ်စိတ်မှာ သဟေတုက သဒ္ဒါ မထည့်ပါသနည်း။

အဖြေ။ ။မဟာကုသိုလ်စိတ်မှာ သဟိတ်ကေန် ဖြစ်သော ကြောင့် သဟေတုကသဒ္ဒါ မထည့်ခြင်းဖြစ်ပါသည်။

ကုသလဿ ကေန္ဓသဟေတုကတ္တာ....ဌီ။

ကုသလဿ=ကုသိုလ်၏၊ ကေန္ဓသဟေတုကတ္တာ = သဟိတ်ကေန်၏ အဖြစ်ကြောင့်တည်း။

● "ဝေဒနာဉာဏသခ်ၢရ၊ ဘေဒေန"၌ ဝေဒနာမှာ သုခ ဝေဒနာ ဒုက္ခဝေဒနာ စသည်ဖြင့် ပြားသောကြောင့် ဝေဒနာ အပြား သင့်တန်စေ, ဉာဏ်သခ်ၢရတို့မှာ အပြား မရှိပါပဲ လျက် အဘယ့်ကြောင့် ဉာဏသခ်ၢရဘေဒေနဟု ဆိုရပါ သနည်း။

အဖြေ။ ။မိုးတခုတည်းက အစာပေါ၍ ဝပြောခြင်း, အစာရှားမှ ခေါင်းပါးခြင်းကို ပြုနိုင်သကဲ့သို့ ဉာဏ်သခ်ၢရတို့၏ ရှိခြင်း မရှိခြင်းသည် ပြုအပ်သောအပြားကိုလည်း ဉာဏ်သခ်ၢရ တို့ကပင် ပြုသောကြောင့် ဆိုပါသည်။

ဉာဏသခ်ၢရာနံ ဘာဝါဘာဝကတောပိ ဘေဒေါ ဉာဏ သခ်ၢရကတောဝ....ဌီ။

ဉာဏသခ်ၢရာနံ=ဉာဏ်သခ်ၢရတို့၏၊ ဘာဝါဘာဝကဲတော= ရှိမရှိသည်ပြုအပ်သော၊ ဘေဒေါပိ=အပြားကိုလည်း၊ ဉာဏသခ်ၢရ ကတောဝ=ဉာဏ်သခ်ၢရတို့က ပြုအပ်သည်သာတည်း။

ကာမသောဘနစိတ်ပြီး၏။

ရူပါဝစရစိတ်

ဝိတက်မယှဉ်သော စိတ်များမှာ အဘယ်၏ အစွမ်းဖြင့် အာရုံသို့ တက်ရောက်ကြပါသနည်း။

အဖြေ။ ။ဝိတက်၏အစွမ်းဖြင့်ပင်တက်ရောက်ကြပါသည်။

တမ္မိ ဝိတက္ကဗလေနေ အဘိနိရောဟတိ....ဒီ။

တမ္မိ = ထိုအဝိတက္က စိတ်သည်လည်း၊ ဝိတက္ကဗလေနေ = ဝိတက်၏ အစွမ်းဖြင့်သာလျှင်၊ အဘိနိရောဟတိ=အာရုံသို့တက်ရောက်ရ၏။

အခြားသော စေတသိက်များလည်း ရှိပါလျက် အဘယ်ကြောင့် ဝိတက်စသော ၅-ပါးကိုသာ စျာန်ဟုဆိုရပါသနည်း။

အဖြေ။ ။အာရုံကိုကပ်၍ ရှုခြင်းကိစ္စ ရှိသောကြောင့်ရင်း, ကာမစ္ဆန္ဒနိဝရဏစသည်တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့်ရင်း စျာန်ဟုဆိုရပါသည်။

ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတောဝ။
သန္တေသုပိ စ အညေသု၊ ပဌေဝ စျာနသညိတာ....ဒီ။

ဥပနိဇ္ဈာနကိစ္စတ္တာ = အာရုံကိုကပ်၍ ရှုခြင်းကိစ္စ ရှိသောကြောင့်ရင်း၊ ကာမာဒိပဋိပက္ခတောဝ=ကာမစ္ဆန္ဒနိဝရဏစသည်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက် ဖြစ်သောကြောင့်ရင်း၊ အညေသု = တပါးသော စေတသိက်တို့သည်၊ သန္တေသုပိစ = ရှိကုန်သော်လည်း၊ ပဌေဝ=ဝိတက်စသော ၅-ပါးတို့ကိုသာလျှင်၊ စျာနသညိတာ=စျာန်ဟုသိအပ်ပြီ။

● စျာန်အင်္ဂါ ၅-ပါးကို ဆန့်ကျင်ဖက် နီဝရဏတရားများနှင့် အသီးသီးတွဲစပ်ပြခဲ့ပါ။

အဖြေ။ ။ငိတက်နှင့် ထိနမိဒ္ဓ၊ ဝိစာရနှင့် ဝိစိကိစ္ဆာ၊ပီတိနှင့် ဗျာပါဒ၊ သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဧကဂ္ဂတာနှင့် ကာမစ္ဆန္ဒ။

ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိ ဝုစ္စတေ....ဌီ။

အမှာ။ ။ဥပေက္ခာမှာ သုခ၌ အကျုံးဝင်သောကြောင့် စျာန်အင်္ဂါ တခုအနေနှင့် မရေတွက်ရ၊ ထို့ကြောင့် ဋီ-၌ "ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခ မိစ္ဆေဝ ဘာသိတာ"ဟုဆို၏။ဥပေက္ခာ=ဥပေက္ခာကို၊ သန္တဝုတ္တိတ္တာ= ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့်၊ သုခမိစ္ဆေဝ= သုခဟူ၍သာ၊ ဘာသိတာ=ဆိုအပ်ပြီ။

● အဘယ့်ကြောင့် ရူပဝိပါက်ကို ကုသိုလ်နှင့်အတူ ၅-ပါး ဆိုရပါသနည်း။

အဖြေ။ ။စျာန် အထူးကြောင့် ဖြစ်သော ဝိပါက်သည် ကေန်အားဖြင့် ထိုထိုစျာန်နှင့် တူသောကြောင့် ၅-ပါး ဆိုပါသည်။

စျာနဝိသေသေန နိဗ္ဗတ္တိတဝိပါကော ကေန္ဓတော တံတံစျာနသဒိသောဝါတိ ဝိပါကံ စျာနသဒိသမေဝ ဝိဘတ္တံ....ဌီ။

စျာနဝိသေသေန = စျာန်အထူးသည်၊ နိဗ္ဗတ္တိတဝိပါကော= ဖြစ်စေအပ်သော ဝိပါက်သည်၊ ကေန္ဓတော = ကေန်အားဖြင့်၊

တံတံစျာနသဒိသောဝ=ထိုထိုစျာန်နှင့် တူသည်သာ၊ ဣတိ=ထို့ကြောင့်၊ ဝိပါကံ=ဝိပါက်ကို၊ စျာနသဒိသမေဝ=စျာန်နှင့်တူစွာသာလျှင်၊ ဝိဘတ္တံ=ဝေဖန်အပ်ပြီ။

ရူပါဝစရစိတ်ပြီး၏။

အရူပါဝစရစိတ်

❀ အရူပစိတ်သည် ရူပစိတ်ကဲ့သို့ အဘယ်ကြောင့် စျာန်အားဖြင့် မပြားရပါသနည်း။

အဖြေ။ ။ဥပေက္ခာကေဝ္ဌတာအားဖြင့် စျာန်အင်္ဂါ၂-ပါးစီတူသောကြောင့် စျာန်အားဖြင့် မပြားပါ။

ဆောင်း ။ကေဝ္ဌတာ, ဥပေက္ခာဟု, အင်္ဂါနှစ်ဝ, တူညီကြ၍, စျာနအပြား, မရပြား, မှတ်သားအရူပ။

❀ အရူပစိတ်တို့ကို အတိက္ကမိတဗ္ဗအာရုံ, အာလမ္ပိ တဗ္ဗအာရုံတို့နှင့် တွဲစပ်ဖော်ပြခဲ့ပါ။

အဖြေ။

စိတ်	အတိက္ကမိတဗ္ဗာရုံ	အာလမ္ပိတဗ္ဗာရုံ
ပ	....ကသိုဏ်းနိမိတ်	....ကသိဏာကာသ
ဒု	....ကသိဏာကာသ	....ပဌမာရုပ္ပဝိညာဉ်
တ	....ပဌမာရုပ္ပဝိညာဉ်	....နတ္ထိဘောပညတ်
စ	....နတ္ထိဘောပညတ်	....တတိယာရုပ္ပဝိညာဉ်။

အရူပါဝစရစိတ်ပြီး၏။

လောကုတ္တရာစိတ်

● သကဒါဂါမ် အပြားကိုခရေး၍ ဤ၌အလိုရှိအပ်သော သကဒါဂါမ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-ဣခ ပတ္ထာ ဣခ ပရိနိဗ္ဗာယီ
၂-တတ္ထ ပတ္ထာ တတ္ထ ပရိနိဗ္ဗာယီ
၃-ဣခ ပတ္ထာ တတ္ထ ပရိနိဗ္ဗာယီ
၄-တတ္ထ ပတ္ထာ ဣခ ပရိနိဗ္ဗာယီ
၅-ဣခ ပတ္ထာ တတ္ထ နိဗ္ဗတ္တိဘ္ဗာ ဣခ ပရိနိဗ္ဗာယီ
၅-နံပါတ်ပုဂ္ဂိုလ်ကို ဤ၌ အလိုရှိအပ်ပါသည်....ဦး။

● အဘယ်ကြောင့် မဂ်စိတ် ၄-ခု,ဖိုလ်စိတ် ၄-ခုပြားရပါသနည်း။

အဖြေ။ ။မဂ် ၄-မျိုး ပြားသောကြောင့် မဂ်စိတ်လေးမျိုး ပြားပါသည်၊ မဂ်စိတ်၏ အကျိုးဖြစ်သောကြောင့် ဖိုလ်စိတ် ၄-မျိုး ပြားရပါသည်။

စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာနုတ္တရံ မတံ။

● အဘယ်ကြောင့် မဂ် ၄-မျိုးပြားရပါသနည်း။

အဖြေ။ ။သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ၄-မျိုး ပြားသောကြောင့် မဂ် ၄-မျိုးပြားရပါသည်....ဦး။

● အဘယ်ကြောင့် ဒလောကုတ္တရာစိတ်မှာ ကြိယာစိတ် မရှိပါသနည်း။

အဖြေ။ ။မဂ်စိတ်တကြိမ်သာ ဖြစ်သောကြောင့်မရှိပါ။

မဂ္ဂဿ ကေစိတ္တကၠဏိကတ္တာ....ဌီ။

မဂ္ဂဿ=မဂ်စိတ်၏၊ ကေစိတ္တကၠဏိကတ္တာ=စိတ္တကၠဏ တချက်သာရှိခြင်းကြောင့်တည်း။

အမှာ။ ။မဂ်စိတ် အကြိမ်များစွာ ဖြစ်လျှင်ကား လောကုတ္တရာ ကြိယာစိတ် ကျိန်းသေရှိ၏၊ နောက်ထပ်ပြုဖွယ်ကိစ္စ မရှိသောကြောင့် မဂ်စိတ်တကြိမ်သာ ဖြစ်သည်။

---

(၉) အဘယ်၏အစွမ်းဖြင့် လောကုတ္တရာစိတ် အကျဉ်း ၈-ပါး, အကျယ် ၄၀-ဖြစ်ရပါသနည်း။

အဖြေ။ ။ဝိပဿနာ နိယာမ ပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျဉ်း ၁-ပါး, စျာနနိယာမပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျယ် ၄၀-ဖြစ်ပါသည်။

ဆောင်။ ။ဝိပဿနာ, အကျဉ်းသာ, စျာန်မှာအကျယ်မှတ်။

---

(၁) အဘယ်ကြောင့် လောကုတ္တရာအကျယ် ၄၀-ဖြစ်ရပါသနည်း။

အဖြေ။ ။ပါဒကစျာန် သမ္မသိတစျာန် ပုဂ္ဂလဗျာသယတို့တွင် တခုခု၏အစွမ်းအားဖြင့် ထိုထိုစျာန်နှင့်တူသောကြောင့် မဂ်စိတ်ဖိုလ်စိတ် တခုတခုမှာ ၈ါးပါးစီပြားလာရကားအကျယ် ၄၀-ဖြစ်ရပါသည်။

ပါဒကစျာနသမ္မသိတစျာနပုဂ္ဂလဗျာသယေသု ဟိ အညတရ ဝေသေန ,တံတံစျာနသဒိသတ္တာ....ဌီ။

ပါဒကစျာန သမ္မသိတစျာန ပုဂ္ဂလဗျာသယေသု=ပါဒကစျာန် သမ္မသိတစျာန် ပုဂ္ဂလဗျာသယတို့တွင်၊ အညတရ ဝေသေန=

တခုခု၏ အစွမ်းအားဖြင့်၊ တံတံစျာနသဒိသတ္တာ=ထိုထိုစျာန်နှင့် တူသည်၏အဖြစ်ကြောင့်တည်း။

❂ အာရုပ္ပဠာပိ ပဠမေ-ဌ် အဘယ်ကြောင့် အရူပစိတ်ကို ပဠမစျာန်မှာ သွင်းရပါသနည်း။

အဖြေ။ ။အရူပစိတ်မှာ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးယှဉ်၍ ပဠမစျာန်နှင့် စျာန်အင်္ဂါချင်း တူသောကြောင့် ပဠမစျာန်မှာ သွင်းယူရပါသည်။

ဥပေက္ခေကဂ္ဂတာယောဂေန အင်္ဂသမတာယ....ဠီ။

ဥပေက္ခေကဂ္ဂတာယောဂေန=ဥပေက္ခာဧကဂ္ဂတာနှင့် ယှဉ်သ ဖြင့်၊ အင်္ဂသမတာယ=အင်္ဂါချင်းတူသည်၏အဖြစ်ကြောင့်တည်း။

❂ "သတ္တတ္တိံ သဝိဓံ ပုညံ" စသော ဂါထာ၌ အကုသိုလ်စိတ်, ကြိယာစိတ်တို့ကို အဘယ်ကြောင့် မပြုပါသနည်း။

အဖြေ။ ။အရေအတွက် မတိုးသောကြောင့် မပြုပါ။

❂ ၁-ကိစ္စဘေဒစိတ်, ၂-ဒ္ဒါရဘေဒစိတ်, ၃-ဝတ္ထုဘေဒ စိတ်, ၄-ကိစ္စဒ္ဒါရဘေဒစိတ်များကို ဖော်ပြပါ။

အဖြေ။ ။၁-သမ္ပဋိစ္ဆိန်းဒွေး, သန္တီရဏ ၃,ဟသိတုပ္ပါဒ်၊ ၂-၃-ဒွေးပဠဝိညာဉ် ၁၀၊ ၄-အာဝဇ္ဇန်းဒွေး။

❂ ၁-အကြောင်း ဖြစ်သောစိတ်, ၂-အကျိုးဖြစ်သော စိတ်, ၃-အကြောင်းအကျိုး မဟုတ်သောစိတ်များကို ဖော်ပြ ခဲ့ပါ။

အဖြေ။ ။၁-ကုသိုလ်စိတ်, အကုသိုလ်စိတ်၊ ၂-ဝိပါက်စိတ်၊ ၃-ကြိယာစိတ်တို့ ဖြစ်ပါသည်။

(*) ထည့်လျှင်လည်း စိတ်အရေအတွက် မတိုး,နုတ်လျှင်လည်း မလျော့သောစိတ်ကိုဖော်ပြပါ။

အဖြေ။ ။အဘိညာဉ်ဒွေးဖြစ်ပါသည်။

(*) ၁၀ါတမမြတ်စွာဘုရား၏ ပဋ္ဌိသန္ဓေစိတ်ကို သေချာတိကျစွာ ဖော်ပြခဲ့ပါ။

အဖြေ။ ။မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်ပါသည်။

အမှာ။ ။ခပ်သိမ်းသော ဘုရားရှင်တို့သည် ဤစိတ်ဖြင့်သာ ပဋ္ဌိသန္ဓေနေတော်မူကြသည်။

စိတ်ဝိုင်းပြီး၏။

ဧစတသိက်ပုံး

စေတသိက် လက္ခဏာ ၄-ပါး

(၁) ကေုပ္ပါဒသာဆိုက ပြီးပါလျက် အဘယ့်ကြောင့် ကေနိရောဓသဒ္ဒါကို ဆိုရပါသနည်း။

အဖြေ။ ။စိတ်နှင့်အတူတကွဖြစ်သော စတုဇရုပ်တို့ကို နှစ်စေလိုသောကြောင့်ဆိုပါသည်။

စိတ္တေန သဟ ဥပ္ပဇ္ဇမာနာနံ ရူပဓမ္မာနမ္ပိ စေတော ယုတ္တတာ အာပဇ္ဇေယ္မာတိ ကေနိရောဓဂ္ဂဟဏံ....ဠီ။

စိတ္တေန=စိတ်နှင့်၊သဟ=တကွ၊ဥပ္ပဇ္ဇမာနာနံ=ဖြစ်ကုန်သော၊ ရူပဓမ္မာနမ္ပိ=ရုပ်တရားတို့၏လည်း၊ ဝါ=သည်လည်း၊ စေတော ယုတ္တတာ=စိတ်နှင့် ယှဉ်ကုန်သည်၏ အဖြစ်သို့၊ အာပဇ္ဇေယ္မ= ရောက်ရာ၏၊ ဣတိ=ထို့ကြောင့်၊ကေနိရောဓဂ္ဂဟဏံ=ကေနိရောဓ သဒ္ဒါကိုယူခြင်းသည်၊ ဟောတိ=ဖြစ်၏။

မှတ်ချက်။ ။တချို့က စိတ္တဇရုပ်, တချို့က စိတ္တဇရုပ်နှင့် ကမ္မရုပ်ဟု ဖြေကြ၏၊ ဟုတ်မဟုတ်ကို စိစစ်ကြည့်ပါလေ။

---

(၂) ကေုပ္ပါဒ, ကေနိရောဓ ၂-ခုသာဆိုက ပြီးကောင်းလျက် အဘယ့်ကြောင့် ကောလမ္မန, ကေဝတ္ထုက တို့ကို ဆိုရပါသနည်း။

အဖြေ။ ။ဝိညတ်ဒွေး, အဝိနိဗ္ဘောဂရုပ် ၈-ခု, စိတ်၏ ဘင်ခဏနှင့် ပြိုင်တူချုပ်သော စတုဇရုပ် တို့ကို နှစ်စေလိုသော

ကြောင့် ကောလမ္မနကို ဆိုပါသည်၊ ရှေ့လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တို့သည် အမြဲတန်း မှီရာဝတ္ထု တူကြသည် သာဟု ပြလိုသောကြောင့် ကေဝတ္ထုကသဒ္ဒါကို ဆိုပါသည်။

စိတ္တာနုပရိဝတ္တိနော ဝိညတ္တိဒ္ဒယသ္သ ပသင်္ဂါ နသက္ကာ နိဝါရေတုံ၊ တထာ "ကေတော ဥပ္ပါဒေါ ဝါ နိရောဓော ဝါ ဧတေသန္တိ ကေ၊ ပ္ပါဒနိရောဓာ" တိ ပရိကပ္ပေန္တသ္သ ပုရေတရ မုပ္ပဇ္ဇိတ္ဝာ စိတ္တသ္သ ဘင်္ဂက္ခဏေ နိရုဇ္ဈမာနာနံ ရူပဓမ္မာနန္တိ ကောလမ္မနဂ္ဂဟာဏံ၊ ယေ ဧဝံ တိဝိဓလက္ခဏာ၊ တေ နိယမတော ကေဝတ္ထုကာယေဝါတိ ဒဿနတ္ထံ ကေဝတ္ထုကဂ္ဂဟာဏံ....ဠီ။

စိတ္တာနုပရိဝတ္တိနော=စိတ်သို့အစဉ်လိုက်၍ ဖြစ်သော၊ ဝိညတ္တိ ဒ္ဒယသ=ဝိညတ်ဒွေး၏၊ ပသင်္ဂါ=ယုံမှားဖွယ်ကို၊ နိဝါရေတုံ= တားမြစ်ခြင်းငှာ၊ နသက္ကာ=မတတ်ကောင်း၊ တထာ=ထိုမှတပါး၊ ကေတောဥပ္ပါဒေါ ဝါ နိရောဓော ဝါ ဧတေသန္တိ ကေ၊ ပ္ပါဒနိရောဓာ တိ=ကေတော (ပ) နိရောဓာဟူ၍၊ ပရိကပ္ပေန္တသ=ကြံသော သူ၏၊ ပုရေတရံ=ရှေးဦးစွာ၊ ဥပ္ပဇ္ဇိတ္ဝာ=ဖြစ်ကုန်၍၊ စိတ္တသ= စိတ်၏၊ ဘင်္ဂက္ခဏေ=ဘင်ခဏ၌၊ နိရုဇ္ဈမာနာနံ=ချုပ်ကုန်သော၊ ရူပဓမ္မာနံ=ရုပ်တရားတို့၏၊(ပသင်္ဂါနိဝါရေတုံနသက္ကာ၊)ဣတိ= ထို့ကြောင့်၊ ကောလမ္မနဂ္ဂဟာဏံ=ကောလမ္မနသဒ္ဒါကို ယူခြင်း သည်၊ ဟောတိ=၏၊ ယေ=အကြင်စေတသိက်တို့သည်၊ ဧဝံ= ဤသို့၊တိဝိဓလက္ခဏာ=သုံးပါးအပြားရှိသောလက္ခဏာရှိကြကုန် ၏၊ တေ=တို့သည်၊ နိယမတော=အမြဲအားဖြင့်၊ ကေဝတ္ထုကာ ယေဝ=တူသော မှီရာဝတ္ထုရှိကုန်သည်သာ၊ ဣတိ=ဤသို့၊ ဒဿ နတ္ထံ=ပြရခြင်းငှာ၊ကေဝတ္ထုကဂ္ဂဟာဏံ=သည်၊ ဟောတိ=ဖြစ်၏။

မှတ်ချက်။　　။စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက် သော စိတ်နှင့်အတူ ဥပါဒ်၍ စုတိစိတ်နှင့် ပြိုင်

တူ ချုပ် သော် ကမ္မဇရုပ် ဟုလည်း ဖြေကြ၏၊ ဟုတ်မဟုတ် စိစစ်ကြည့်ပါ။

စေတသိက်လက္ခဏာ ၄–ပါး ပြီး၏။

အညသမာန်းစေတသိက်

● အခြား တရားများလည်း အာရုံ၏ အရသာကို ခံစားကြပါလျက် အဘယ်ကြောင့် ဝေဒနာကိုသာ အာရုံ၏အရသာကို ခံစားတတ်သည်ဟု ဆိုရပါသနည်း။

အဖြေ။　။အခြားတရားများမှာ အာရုံ၏အရသာကိုတချို့ တဝက်သာခံစားကြ၍ ဝေဒနာကား အစုံးတရခံစားတတ်သောကြောင့် ဆိုပါသည်။

သေသသမ္ပယုတ္တဓမ္မာ ကေဒေသမတ္တေနေ ဝ ရသံ အနုဘဝန္တိ၊ ကေဝလံ ပန ဣဿရဝန္တတာယ ဝေဒနာ ဝ အနုဘဝတိ....ဒ္ဓီ။

သေသသမ္ပယုတ္တဓမ္မာ= ကြင်းကျန်သော သမ္ပယုတ်တရားတို့သည်၊ ကေဒေသမတ္တေနေ=တစိတ်တဒေသမျှဖြင့် သာလျှင်၊ ရသံ=အရသာကို၊ အနုဘဝန္တိ=ခံစားကုန်၏၊ ကေဝလံ ပန=စင်စစ်အားဖြင့်ကား၊ ဣဿရဝန္တတာယ=အစုံးရခြင်းရှိသည်၏ အဖြစ်ဖြင့်၊ ဝေဒနာ ဝ=ဝေဒနာသည်သာလျှင်၊ အနုဘဝတိ= ခံစား၏။

● သဟဇာတ် တရားတို့ကို စောင့်ရှောက် တတ် သောကြောင့် ဇီဝိတိန္ဒြေဟုဆိုရာ ထိုဇီဝိတိန္ဒြေကိုကား ဘယ်တရားက စောင့်ရှောက်ပါသနည်း။

အဖြေ။　။ဇီဝိတိန္ဒြေကို ဇီဝိတိန္ဒြေကပဲ စောင့်ပါသည်။

ဆောင်။　။မိမိသူတပါး,နှစ်ဦးသား,စောင့်ငြားဇီဝိတ။

● လ္ဟဒါန်းလို၍ ပစ္စည်းဥစ္စာကို ရှာဖွေ စုဆောင်းရာ၌ လောဘဖြစ်မည်လော, ဆန္ဒဖြစ်မည်လော။

အဖြေ။ ။ဆန္ဒဖြစ်ပါသည်....ဦး။

● အညသမာန-၌ အည၏ အပါဒါန်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သောဘနစိတ်နှင့်ယှဉ်ခိုက်အသောဘနစိတ်သည် အညအပါဒါန်, အသောဘနစိတ်နှင့်ယှဉ်ခိုက် သောဘနစိတ်သည် အည၏အပါဒါန်ဖြစ်ပါသည်။

သောဘနာပေက္ခာယ ဣတရေ, ဣတရာပေက္ခာယ သောဘနာစ အညေနာမ....ဦး။

သောဘနာပေက္ခာယ=သောဘနစိတ်ကိုငဲ့ရာ၌၊ ဣတရေ=အခြားသော အသောဘနစိတ်တို့သည်ရင်း၊ ဣတရာပေက္ခာယ=အခြားသော အသောဘနစိတ်ကိုငဲ့ရာ၌၊ သောဘနာစ=သောဘနစိတ်ကိုသည်ရင်း၊ အညေနာမ=အည တို့မည်ကုန်၏။

အညသမာန်းပြီး၏။

အကုသိုလ် စေတသိက်

● အဘယ့်ကြောင့် အဟိတ်စေတသိက်ကို မဆိုရပါသနည်း။

အဖြေ။ ။အဟိတ်စိတ်မှာသာ သီးခြားယှဉ်သော စေတသိက်မျိုးမရှိသောကြောင့် အဟိတ်စေတသိက်ကိုမဆိုပါ။

အဟေတုကာ ပန အာဝေဏိကမမ္မာ နတ္ထိတိ နယ ဝေ ဝိသုံ ဝုတ္တာ....ဦး။

အဟေတုကာ=အဟိတ်ဖြစ်ကုန်သော၊ အာဝေဏိကမ္မာ=သီးခြား စေတသိက်တို့သည်၊ နတ္ထိ=မရှိကုန်၊ ဣတိ=ထို့ကြောင့်၊ တေ=ထိုအဟိတ်စေတသိက်တို့ကို၊ ဝိသုံ=သီခြား၊ နဝုတ္တာ=မဆိုအပ်ကုန်။

● အချို့ဆရာများက မိဒ္ဓကို ရူပ်ဟုဆိုကြရာ သင့်မသင့် ထောက်ချင့်နှိုင်းဆ အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ။ကာမစ္ဆန္ဒနီဝရဏ် စသည်တို့ကဲ့သို့ မိဒ္ဓကို ပဟာတဗ္ဗ တရားတို့၌ ဟောထားသောကြောင့် မသင့်ပါ။(ရူပ်ကားအပ္ပဟာ တဗ္ဗတည်း)။

ကေစိ မိဒ္ဓမ္မိ ရူပန္တိ၊ ဝဒန္တေတံ နယုဇ္ဇတိ။
ပဟာတဗ္ဗသုဝုတ္တတ္တာ၊ ကာမစ္ဆန္ဒာဒယော ဝိယ....ဠီ။

ကေစိ=အချို့ ဆရာတို့သည်၊ မိဒ္ဓမ္မိ=မိဒ္ဓကိုလည်း၊ ရူပန္တိ=ရူပ်ဟူ၍၊ ဝဒန္တိ=ဆိုကြကုန်၏၊ တေံ=ဤစကားသည်၊ နယုဇ္ဇတိ=မသင့်၊ (ကသ္မာ=အဘယ်ကြောင့်နည်းဟူမူကား၊) ကာမစ္ဆန္ဒာဒယောဝိယ=ကာမစ္ဆန္ဒစသည်တို့ကဲ့သို့၊ ပဟာတဗ္ဗသု=ပဟာတဗ္ဗတရားတို့၌၊ ဝုတ္တတ္တာ=ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း။

အကုသိုလ်စေတသိက်ပြီး၏။

သောဘနစေတသိက်

● ကာယပ္ပဿဒ္ဓိစသည်တို့၌ ကာယအရကို ဦးကာကျော်လာဘိုင်း ကောက်ပြခဲ့ပါ။

အဖြေ။ ။ကာယအရ ဝေဒနာစသော ခန္ဓာ ၃-ပါး ဖြစ်ပါသည်။

ကာယောတိ စေတ္ထ ဝေဒနာဒိက္ခန္ဓတ္တယဿ ဂဟဏံ....ဌီ။

စ=ဆက်ဦးအုံ့၊ စေတ္ထ=ဤနေရာ၌၊ ကာယောတိပဒေန=ကာယဟူသောပုဒ်ဖြင့်၊ ဝေဒနာဒိက္ခန္ဓတ္တယဿ=ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်းကို၊ ဂဟဏံ=ယူခြင်းသည်၊ ဟောတိ=ဖြစ်၏။

● အခြားစေတသိက်များကို ၂-ပါးစီမဆိုပဲ အဘယ်ကြောင့် ကာယပွဿဒ္ဓိစသည်တို့ကိုသာ ၂-ပါးစီ ဆိုရပါသနည်း။

အဖြေ။ ။ကာယပွဿဒ္ဓိ စသော ၂-ပါး ၂-ပါးသော တရားတို့သည်သာလျှင် တပေါင်းတည်းဖြစ်၍ မိမိဆိုင်ရာ ဆန့်ကျင်ဖက် ကိလေသာတို့ကို သတ်တတ်သောကြောင့် ၂-ပါးစီ ဆိုပါသည်။

ယသ္မာ စေတေ ဒ္ဒေ့ဒ္ဒေ့ဓမ္မာဝ ဧကတော ဟုတ္ဘာ ယထာသကံ ပဋိပက္ခဓမ္မေ ဟနန္တိ၊ တသ္မာ ဣဓေဝ ဒုဝိဓတာ ဝုတ္တာ....ဌီ။

စ=ဆက်ဦးအုံ့၊ယသ္မာ=ကြောင့်၊ ဒ္ဒေ့ဒ္ဒေ့= ၂-ပါး ၂-ပါးကုန်သော၊ ဧတေဓမ္မာဝ=ဤတရားတို့သည်သာလျှင်၊ ဧကတော=တပေါင်းတည်း၊ ဟုတ္ဘာ=ဖြစ်ကုန်၍၊ ယထာသကံ=မိမိဥစ္စာအားလျော်စွာ၊ ပဋိပက္ခဓမ္မေ=ဆန့်ကျင်ဖက်တရားတို့ကို၊ ဟနန္တိ=သတ်တတ်ကုန်၏၊ တသ္မာ=ထို့ကြောင့်၊ ဣဓေဝ=ဤနေရာ၌သာလျှင်၊ ဒုဝိဓတာ= ၂-ပါး အပြားရှိကုန်သည်၏ အဖြစ်ကို၊ ဝုတ္တာ=ဆိုအပ်ပြီ။

● ဝိရတိအပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သမ္မာဘာဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ အားဖြင့် ၃-ပါးအပြားရှိပါသည်....ဦး။

● သမ္မာဝါစာအပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မုသာဝါဒါဝေရမဏီ, ပိသုဏာဝါစာ ဝေရမဏီ, ဖရုသဝါစာဝေရမဏီ, သမ္ဖပ္ပလာပါဝေရမဏီ, ပေါင်း ၄-ပါး။

သာ စတုဗိဓာ မုသာဝါဒါဝေရမဏီ, ပိသုဏာဝါစာ ဝေရမဏီ, ဖရုသဝါစာဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီတိ....ဦး။

● သမ္မာကမ္မန္တအပြားကိုရေးခဲ့ပါ။

အဖြေ။ ။ပါဏာတိပါတာဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသုမိစ္ဆာစာရာဝေရမဏီ, ပေါင်း ၃-ပါး။

သာ တိဝိဓာ ပါဏာတိပါတာဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏ, ကာမေသုမစ္ဆာစာရာဝေရမဏတာ....ဦး။

● သမ္မာအာဇီဝအပြားကို သင်္ချာမျှရေးခဲ့ပါ။

အဖြေ။ ။၇-ပါး ရှိပါသည်၊ (တနည်း) မရေတွက်နိုင်အောင်များပါသည်....ဦး။

● ကမ္မဋ္ဌာန်းပိုင်းမှာ အပ္ပမညာ ၄-ပါး ဆိုထားပါလျက် အဘယ်ကြောင့် စေတသိက်ပိုင်းမှာ ၂-ပါးသာ ဆိုရပါသနည်း။

အဖြေ။ ။အဒေါသ စေတသိက်ဖြင့် မေတ္တာကိုယူ၍ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် ၂-ပါးသာ ဆိုပါသည်။

အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။

ဥပေက္ခာဂဟိတာ ယသ္မာ၊ တသ္မာ နု ဂဟိတာ ဥဘော....ဦး။

ဟိ=မှန်၏၊ ယသ္မာ=ကြောင့်၊ အဗျာပါဒေန = အဒေါသ စေတသိက်ဖြင့်၊ မေတ္တာ=မေတ္တာကို၊ ဂဟိတာစ=ယူအပ်ပြီးသည်လည်း၊ ဟောတိ=ဖြစ်၏၊ တတြမဇ္ဈတ္တတာယ=တတြမဇ္ဈတ္တတာ စေတသိက်ဖြင့်၊ ဥပေက္ခာ=ဥပေက္ခာကို၊ ဂဟိတာစ=ယူအပ်ပြီးသည်လည်း၊ ဟောတိ=ဖြစ်၏၊ တသ္မာ=ကြောင့်၊ ဥဘော=ကျန်၂-ပါးတို့ကို၊ နဂဟိတာ=မယူအပ်ကုန်။

သောဘနစေတသိက်ပြီး၏။

အညသမာန်း သမ္ပယောဂနည်း

❁ ဒွေပဋ္ဌဝိညာဉ် ၁၀, ဒုတိယစျာန် ၁၁-စသည်တို့၌ အဘယ်ကြောင့် ဝိတက်မယှဉ်ပါသနည်း။

အဖြေ။ ။ဒွေပဋ္ဌဝိညာဉ်၁၀-သည် သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်၎င်း, ဒုတိယစျာန်စသည်တို့သည် ဘာဝနာ၏အစွမ်းအားဖြင့် ဝိတက်ကင်းသောကြောင့်၎င်း မယှဉ်ပါ။

သဘာဝေန အဝိတက္ကတ္တာ ।ဒ္ဒိပဋ္ဌဝိညာဏာနိ ဝဇ္ဇိတာနိ။
သေသာနံ ဘာဝနာဗလေန အဝိတက္ကတ္တာ....ဠီ။

သဘာဝေန=သဘောအားဖြင့်၊ အဝိတက္ကတ္တာ=ဝိတက်မရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဒ္ဒိပဋ္ဌဝိညာဏာနိ=ဒွေပဋ္ဌဝိညာဉ် ၁၀-တို့ကို၊ ဝဇ္ဇိတာနိ=ကြဉ်အပ်ကုန်၏၊ သေသာနံ=ကြွင်းသောစိတ်တို့၏၊ ဘာဝနာဗလေန=ဘာဝနာ၏ အစွမ်းဖြင့်၊ အဝိတက္ကတ္တာ=ဝိတက်မရှိကုန်သည်၏အဖြစ်ကြောင့်၊ဝဇ္ဇိတာနိ=ကြဉ်အပ်ကုန်၏၊ (ဝိစာရကို မေးကလည်း ဤအတိုင်းဖြေပါ။)

❁ အဘယ်ကြောင့် ဝိတက် ဝိစာရ ပီတိတို့ကို စိတ်အကျယ်

မှာ ဆိုရ၏ အဓိမောက္ခ ဝိရိယ ဆန္ဒတို့ကို စိတ်အကျဉ်းမှာ ဆိုရပါသနည်း။

အဖြေ။ ။ဝိတက် ဝိစာရ ဝိတိတို့ကား စျာနင်ဖြစ်သောကြောင့် စိတ်အကျယ်မှာ ဆိုပါသည်၊ အဓိမောက္ခ ဝိရိယ ဆန္ဒတို့မှာ စျာနင်မဟုတ်သောကြောင့် စိတ်အကျဉ်းမှာဆိုပါသည်။

အညသမာန်း သဗ္ဗယောဂနည်း ပြီး၏။

အကုသိုလ် သမ္မယောဂနည်း

● မောစတုက် ၄-ပါးသည် အဘယ့်ကြောင့် အကုသိုလ်စိတ် အားလုံးမှာ ယှဉ်ရပါသနည်း။

အဖြေ။ ။သူတပါးအသက်ကို သတ်ခြင်းစသော အမှုကို ပြုလုပ်သောသူသည် မောဟဖြင့် အပြစ်မမြင်သောကြောင့်၎င်း, အဟိရိကဖြင့် မစက် ဆုပ် သော ကြောင့်၎င်း, အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်၎င်း, ဥဒ္ဓစ္စဖြင့် ပျံ့လွင့်ခြင်းကြောင့်၎င်း အကုသိုလ်စိတ်အားလုံးမှာ ယှဉ်ရပါသည်။

ယော ဟိ ကောစိ ပါဏာတိပါတာဒီသု ပဋ္ဌိပဇ္ဇတိ၊ သော သဗ္ဗောပိ မောဟေန တတ္ထ အနာဒီနဝဒဿာဝီ, အဟိရိကေန တတော အဇိဂုစ္ဆန္တော, အနောတ္တပ္ပေန အနောတ္တပ္ပန္တော,ဥဒ္ဓစ္စေန အဝူပသန္တောစ ဟောတိ၊ တသ္မာ တေ သဗ္ဗာကုသလေသု ဥပ လဗ္ဘန္တိ....ဠီ။

ဟိ-ယသ္မာ=အကြင့်ကြောင့်၊ ယောကောစိ=အမှတ်မထား တ ပါးပါး သော သူ သည်၊ ပါဏာတိပါတာဒီသု=သူ တ ပါး အ သက်ကို သတ် ခြင်း စ သည် တို့ ၌၊ ပဋ္ဌိပဇ္ဇတိ=ပြုကျင့်၏၊ သောသဗ္ဗောပိ=ထိုအလုံးစုံသောသူသည်လည်း၊တတ္ထ=ထိုပါဏာတိပါတစသည်တို့၌၊မောဟေန=ဖြင့်၊အနာဒီနဝဒဿာဝီ=အပြစ်

မြင်လေ့မရှိသည်ရင်း၊ အဟိရိကေန=ဖြင့်၊ တတော=ထိုပါဏာ တိပါတ စသည်တို့မှ၊ အဇိဂုစ္ဆန္တော= မ စက် ဆုပ် သည် ရင်း၊ အနောတ္တပ္ပေန=ဖြင့်၊ အနောတ္တပ္ပန္တော=မထိတ်လန့်သည်ရင်း၊ ဥဒ္ဓစ္စေန=ဖြင့်၊ အဝူပသန္တော=မငြိမ်သက်သည်ရင်း၊ ဟောတိ=၏။ တသ္မာ=ကြောင့်၊ တေ=ထိုမောဟစသောစေတသိက်တို့ကို၊ သဗ္ဗာကုသလေသု=တို့၌၊ ဥပလဗ္ဘန္တိ=ရအပ်ကုန်၏။

❀ အဘယ့်ကြောင့် ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္မယုတ် ၄-ခုမှာ သာ ယှဉ်ရပါသနည်း။

အဖြေ။ ။"သက္ကာယ"စသည်တို့၌ မှားမှားယွင်းယွင်းနှလုံးသွင်းသောသူအား ထိုသက္ကာယတရားတို့၌ မြတ်နိုးခြင်း ဖြစ်တတ်သောကြောင့် ယှဉ်ရပါသည်။

သက္ကာယာဒီသု ဟိ အဘိနိဝိသန္တသ္မိ တတ္ထ မမာယနသမ္ဘဝတော ဒိဋ္ဌိ လောဘသဟဂတစိတ္တေသ္ဝေ လဗ္ဘတိ....ဋီ။

ဟိ=မှန်၏၊ သက္ကာယာဒီသု="သက္ကာယ"စသည်တို့၌၊ အဘိနိဝိသန္တသ္မိ=မှားမှား ယွင်းယွင်း နှလုံး သွင်း သော သူ အား၊ တတ္ထ=ထိုသက္ကာယတရားတို့၌၊ မမာယနသမ္ဘဝတော=မြတ်နိုးခြင်း ဖြစ်တတ်သောကြောင့်၊ ဒိဋ္ဌိ==ဒိဋ္ဌိကို၊ လောဘသဟဂတစိတ္တေသ္ဝေ=တို့၌သာလျှင်၊ လဗ္ဘတိ=ရအပ်၏။

❀ အဘယ့်ကြောင့် မာနနှင့် ဒိဋ္ဌိတို့ စိတ်တခုတည်းမှာ အတူမဖြစ်ကြပါသနည်း၊ ဥပမာသွင်းရှု ရှင်းလင်းခဲ့ပါ။

အဖြေ။ ။မာနကား ငါ-ငါဟူသော မာန်မာန၏ အစွမ်းဖြင့် ဖြစ်ရကား ဒိဋ္ဌိနှင့် တူသောကြောင့် စိတ်တခုတည်းမှာ အတူမဖြစ်ကြပါ။

ဥပမာ— ကေသရရာဇာခြင်္သေ့မင်း ၂-ကောင်ဟာ လိုဏ်ဂူတခုတည်းမှာ အတူမနေနိုင်သကဲ့သို့တည်း။

မာနောပိ အဟံမာနဝေသေန ပဝတ္တနဘော ဒိဋ္ဌိသဒိသောဝ ပဝတ္တတိတိ ဒိဋ္ဌိယာ သဟ ဧကစိတ္တုပ္ပါဒေ နပဝတ္တတိ၊ ကေသရသိဟော ဝိယ အပရေန တထာဝဝေန ဧကဂုဟာယ....ဒ္ဓ။

မာနောပိ=မာနသည်လည်း၊ အဟံမာနဝေသေန=ငါ-ငါဟူသော မာန်မာန၏အစွမ်းဖြင့်၊ ပဝတ္တနတော=ဖြစ်ခြင်းကြောင့်၊ ဒိဋ္ဌိသဒိသောဝ= ဒိဋ္ဌိနှင့် တူသည် သာလျှင်၊ ပဝတ္တတိ= ဖြစ်၏။ ဣတိ=ထို့ကြောင့်၊ဒိဋ္ဌိယာ=နှင့်၊ သဟ=တကွ၊ဧကစိတ္တုပ္ပါဒေ= တခုတည်းသောစိတ္တုပ္ပါဒ်၌၊ နပဝတ္တတိ=မဖြစ်၊ ကိမိဝ=အဘယ်ကဲ့သို့နည်းဟူမူကား၊ကေသရသိဟော=ခြင်္သေ့မင်းသည်၊အပရေန=တပါးသော၊ တထာဝိဝေန= ထိုသို့ သဘောရှိသော ခြင်္သေ့မင်းနှင့်၊ သဟ=ကွ၊ ဧကဂုဟာယံ= တခုတည်းသော လိုဏ်ဂူ၌၊ နပဝတ္တတိ ဝိယ=မဖြစ်သကဲ့သို့တည်း။

---

(၈) အဘယ်ကြောင့် မာနသည် ဒိဋ္ဌိဂတဝိပွယုတ်မှာသာ ယှဉ်ရပါသနည်း။

အဖြေ။ ။မိမိကိုယ်ကို ချစ်ခင်မှု၌ မှီရကား စင်စစ် လောဘလျှင် နီးသောအကြောင်းရှိသောကြောင့် ယှဉ်ရပါသည်။

အတ္တသိနေဟ သန္ဓိဿယ ဘာဝေန
ဧကန္တ လောဘပဒဋ္ဌာနတ္တာ....ဒ္ဓီ။

အတ္တသိနေဟ သန္ဓိဿယ ဘာဝေန=မိမိကိုယ်ကိုချစ်ခင်မှု၌ ကောင်းစွာမှီသည်၏အဖြစ်ဖြင့်၊ ဧကန္တလောဘ ပဒဋ္ဌာနတ္တာ=

စင်စစ် လောဘလျှင် နီးသော အကြောင်း ရှိသည်၏ အဖြစ်ကြောင့်တည်း။

အမှာ။　။"အဘယ်ကြောင့် မာနသည် ဒေါသမူစိတ်မှာ မယှဉ်ပါသနည်း" စသည်ဖြင့် လှည့်မေးကလည်း အထက်ပါအတိုင်းဖြေပါ။

● အဘယ်ကြောင့် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့သည် ဒေါသမူစိတ်မှာ ယှဉ်ရပါသနည်း။

အဖြေ။　။သူတပါး စည်းစိမ်ကို ငြူစူသူ, မိမိစည်းစိမ်ကို လျှို့ဝှက်သူ, ပြုပြီးဒုစရိုက် မပြုရသေးသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်သူတို့အား ထိုထိုအာရုံတို့၌ ထိပါးခြင်း၏ အစွမ်းဖြင့်သာ ဖြစ်သောကြောင့် ဒေါသမူစိတ်မှာသာ ယှဉ်ပါသည်။

ပရသမ္ပတ္တိ ဉသူယန္တသ, အတ္တသမ္ပတ္တိယာစ ပရေဟိ သာဓာရဏာဘာဝံ အနိစ္ဆန္တသ, ကတာကတ ဒုစ္စရိတသုစရိတေ အနုသောစန္တသ တတ္ထ တတ္ထ ပဋိဟနနဝသေနေ ပဝတ္တနတော ဣဿာ မစ္ဆရိယ ကုက္ကုစ္စာနိ ပဋိဃသမ္ပယုတ္တစိတ္တေသ္ဝေ....ဋီ။

ပရသမ္ပတ္တိ=သူတပါးစည်းစိမ်ကို၊ ဉသူယန္တသ=ငြူစူသော သူ အား ၎င်း၊ အတ္တသမ္ပတ္တိယာ= မိမိစည်းစိမ်၏၊ ပရေဟိ= သူတပါးတို့နှင့်၊ သာဓာရဏာဘာဝံ=ဆက်ဆံသည်၏ အဖြစ်ကို၊ အနိစ္ဆန္တသ=အလိုမရှိသော သူအားဌင်း၊ ကတာကတ ဒုစ္စရိတ သုစရိတေ= ပြုအပ်ပြီးသော ဒုစရိုက် မပြုအပ်သေးသော သုစရိုက်၌၊ အနုသောစန္တသ=အဖန်တလဲလဲ စိုးရိမ်သော သူအား ၎င်း၊ တတ္ထတတ္ထ=ထိုထိုအာရုံတို့၌၊ ပဋိဟနနဝသေနေ=ထိပါးခြင်း၏ အစွမ်းဖြင့်သာလျှင်၊ ပဝတ္တနတော=ဖြစ်ခြင်းကြောင့်၊

ဣဿာမစ္ဆရိယကုက္ကုစ္စာနိ=တို့ကို၊ ပဋ္ဌိဃသမ္မယုတ္တစိတ္တော=ဒေါသမူစိတ်တို့ဌာသာလျှင်၊ လဗ္ဘန္တိ=ရအပ်ကုန်၏။

● ထိန မိဒ္ဓတို့သည် သသင်္ခါရိကမှ သာ ယှဉ်၍ အဘယ့်ကြောင့် အသင်္ခါရိကမှာ မယှဉ်ရပါသနည်း။

အဖြေ။ ။အမှဉ်မခံ့သော ထိန မိဒ္ဓတို့သည် သဘောအားဖြင့် ထက်မြက်သော အသင်္ခါရိကစိတ်မှာ မယှဉ်နိုင်သောကြောင့် သသင်္ခါရိကမှာသာယှဉ်၍ အသင်္ခါရိကမှာ မယှဉ်နိုင်ပါ။

အကမ္မညတာ ပကတိကဿ တထာ သဘာဝ တိက္ခေသု အသင်္ခါရိကေသု ပဝတ္တနာယောဂတော ထိနမိဒ္ဓံ သသင်္ခါရိကေ သ္ဌေ လဗ္ဘတိ....ဒ္မီ။

အကမ္မညတာ ပကတိကဿ=အမှဉ် မခံ့သော သဘောရှိသော ထိနမိဒ္ဓ၏၊ တထာ=ထိုအခြင်းအရာ အားဖြင့်၊ သဘာဝ တိက္ခေသု=သဘောအားဖြင့် ထက်မြက်ကုန်သော၊ အသင်္ခါရိကေသု=တို့ဌာ၊ပဝတ္တာနာ ယောဂတော=ဖြစ်ခြင်းနှင့် မယှဉ်ခြင်းကြောင့်၊ ထိနမိဒ္ဓံ=ကို၊ သသင်္ခါရိကေ သ္ဌေ=တို့ဌာသာလျှင်၊ လဗ္ဘတိ=ရအပ်၏။

အကုသိလ် သမ္မယောဂနည်းပြီး၏။

သောဘန သမ္မယောဂနည်း

● အဘယ့်ကြောင့် ဝိရတီတို့သည် လောကုတ္တရာစိတ်မှာ အမြဲတမ်းတည်ပြိုင်နက်ယှဉ်ကြပါသနည်း။

အဖြေ။ ။မဂ်သည် ကာယဒုစရိုက်စသည်တို့ကို အကြွင်းမဲ့ဖြတ်သည်၏ အစွမ်းဖြင့်ဖြစ်သောကြောင့်ရင်း, ဖိုလ်သည်လည်း မဂ်အားလျော်စွာ ဖြစ်သောကြောင့်ရင်း အမြဲတမ်းတည်ပြိုင်နက် ယှဉ်ကြပါသည်။

မဂ္ဂဿ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန, ဖလဿ စ တဒနုကူလဝသေန ပဝတ္တနတော....ဠီ။

မဂ္ဂဿ=မဂ်၏၊ ကာယဒုစ္စရိတာ ဒီနံ=တို့ကို၊ သမုစ္ဆေဒ ဝသေန=အကြွင်းမဲ့ဖြတ်သည်၏အစွမ်းဖြင့်၊ပဝတ္တနတောစ=ဖြစ်ခြင်းကြောင့်ရင်း၊ ဖလဿ=ဖိုလ်၏၊ တဒနုကူလဝသေန=ထိုမဂ်အားလျော်သည်၏အစွမ်းဖြင့်၊ ပဝတ္တနတောစ=ဖြစ်ခြင်းကြောင့်ရင်း၊ (နိယတာ ကေတော ဖြစ်ပုံမေးကလည်း ဤအဖြေပင်)။

အဘယ်ကြောင့် ဝိရတိတို့သည် မဟာကုသိုလ်စိတ်မှာ ကဒါစိ, ဝိသုံဝိသုံဖြစ်ရပါသနည်း။

အဖြေ။ ။မုသာဝါဒ အစရှိသော ဒုစရိုက်တခုခုကို ရှောင်ကြဉ်ရာ အခါမှာသာ ဝိရတိမျှားယှဉ်နိုင်၍ မရှောင်ကြဉ်ရာ အခါမှာ မယှဉ်သောကြောင့် ကဒါစိဖြစ်ရပါသည်။ဝိတိက္ကမိတဗ္ဗဝတ္ထု ဟု ဆိုအပ်သော မိမိဆိုင်ရာ အာရုံ၏ ဖြစ်ခြင်းကို ငဲ့သောကြောင့် ဝိသုံဝိသုံဖြစ်ရပါသည်။

ကဒါစိတိ မုသာဝါဒါဒိဧကေကဒုစ္စရိတေဟိ ပဋ္ဌိဝိရမဏကာလေ၊ ဝိတိက္ကမိတဗ္ဗဝတ္ထုသင်္ခါတာနံ အတ္တနော အာရမ္မဏာနံသမ္ဘဝါပေက္ခတ္တာတိ ဝုတ္တံ ဝိသုံဝိသုန္တိ....ဠီ။

ကဒါစိတိ=ကဒါစိဟူသည်ကား၊ မုသာဝါဒါဒိဧကေကဒုစ္စရိတေဟိ=မုသာဝါဒ အစရှိသော တခုတခုသော ဒုစရိုက်တို့မှ၊ ပဋ္ဌိဝိရမဏကာလေ=ရှောင်ကြဉ်ရာအခါ၌၊ ဝိတိက္ကမိတဗ္ဗ ဝတ္ထုသင်္ခါတာနံ=ဝိတိက္ကမိတဗ္ဗဝတ္ထုဟုဆိုအပ်ကုန်သော၊အတ္တနော=မိမိ၏၊ အာရမ္မဏာနံ=အာရုံတို့၏၊သမ္ဘဝါပေက္ခတ္တာ=ဖြစ်ခြင်းကိုငဲ့ကုန်သည်၏အဖြစ်ကြောင့်၊ ဝိသုံဝိသုန္တိ = ဝိသုံဝိသုံဟူ၍၊ ဝုတ္တံ = ဆိုအပ်ပြီ။

● အဘယ့်ကြောင့် အပ္ပမညာတို့သည် ပဋ္ဌမစျာန်မှာ မယှဉ်ကြပါသနည်း။

အဖြေ။ ။အပ္ပနာသို့ ရောက်ပြီးသော အပ္ပမညာတို့သည် မည်သည့်အခါမျှ သောမနဿနှင့်ကင်းရှိ မဖြစ်သောကြောင့် ပဋ္ဌမစျာန်မှာ မယှဉ်ပါ၊ (ပဋ္ဌမစျာန်ကား ဥပေက္ခာတည်း။)

အပ္ပနာပ္ပတ္တာနံ အပ္ပမညာနံ နကဒါစိ သောမနဿရဟိတာ ပဝတ္တိ အတ္ထိတိ....ဠီ။

အပ္ပနာပ္ပတ္တာနံ=အပ္ပနာသို့ ရောက်ကုန်သော၊ အပ္ပမညာနံ= အပ္ပမညာတို့၏၊ ကဒါစိ = တခါတရံ၌၊ သောမနဿရဟိတာ ပဝတ္တိ=သောမနဿနှင့်ကင်းရှိ ဖြစ်ခြင်းသည်၊နတ္ထိ=မရှိ၊ ဣတိ= ထို့ကြောင့်တည်း။

● အဘယ့်ကြောင့် အပ္ပမညာတို့သည် နာနာဖြစ်ရပါသနည်း။

အဖြေ။ ။ကရုဏာကား ဒုက္ခိတသတ္တဝါကို အာရုံပြု၍ မုဒိတာကား သုခိတသတ္တဝါကို အာရုံပြုရကား အာရုံကွဲပြားသောကြောင့် နာနာ(=အသီးသီး)ဖြစ်ရပါသည်။

နာနာဟုတ္ဌာတိ ဘိန္နာရမ္မဏတ္တာ အတ္တနော အာရမ္မဏဘူတာနံ ဒုက္ခိတသုခိတသတ္တာနံ အာပါထဂမနာပေက္ခတာယ ဝိသုံဝိသုံ ဟုတ္ဌာ....ဠီ။

နာနာဟုတ္ဌာတိ = နာနာဟုတ္ဌာ ဟူသည်ကား၊ ဘိန္နာရမ္မဏတ္တာ=ပြားသော အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်၊ အတ္တနော=မိမိ၏၊ အာရမ္မဏဘူတာနံ=အာရုံဖြစ်၍ ဖြစ်ကုန်သော၊ ဒုက္ခိတ သုခိတသတ္တာနံ=ဒုက္ခိတသတ္တဝါ သုခိတသတ္တဝါတို့၏၊

အာပါထဂမနာပေက္ခတာယ = ရှေးရှုကျရောက်ခြင်းကို ငဲ့ကွန်သည်၏ အဖြစ်ကြောင့်၊ ဝိသုံဝိသုံ=အသီးသီး၊ ဟုတ္တာ=ဖြစ်ကုန်၍။

"ဥပေက္ခာသဟဂုတ်မှာ ကရုဏာ မုဒိတာများ မယှဉ်ကြ"ဟု ဆိုသောဝါဒကို အဘယ်ကြောင့် ကေစိဝါဒဆိုပါသနည်း။

အဖြေ။ ။ကရုဏာမုဒိတာတို့ကို ပွားများရာအခါ၌အပွနာဝိထိမှ ရှေ့၌အလေ့အကျက်အားဖြင့် ဥပေက္ခာသဟဂုတ်စိတ်များ ဖြင့်လည်း ပရိကံပြုနိုင်သောကြောင့် ကေစိဝါဒဆိုပါသည်။

ကရုဏာ မုဒိတာ ဘာဝနာကာလေ အပွနာဝိထိတော ပုဗ္ဗေ ပရိစယဝသေန ဥပေက္ခာသဟဂတစိတ္တောဟိပိ ပရိကမ္မံဟောတိ တိ....ကေစိဝါဒေါ ကတော....ဠီ။

ကရုဏာ မုဒိတာ ဘာဝနာကာလေ=ကရုဏာ မုဒိတာ ကမ္မဋ္ဌာန်းတို့ကို ပွားများသောအခါ၌၊ အပွနာဝိထိတော=မှ၊ ပုဗ္ဗေ=ရှေ့၌၊ ပရိစယဝသေန= အလေ့အကျက်၏ အစွမ်းအားဖြင့်၊ ဥပေက္ခာသဟဂတစိတ္တောဟိပိ = ဥပေက္ခာသဟဂုတ် စိတ်တို့ဖြင့်လည်း၊(ပိ ဖြင့် သောမနဿသဟဂုတ်ကို ပေါင်းသည်)၊ပရိကမ္မံ= ပရိကံသည်၊ဟောတိ=ဖြစ်၏၊ဣတိ=ထို့ကြောင့်၊ကေစိဝါဒေါ= ကေစိဝါဒကို၊ ကတော=ပြုအပ်ပြီ၊ (ဥပမာဝါကျများကို ချန်ထားခဲ့သည်)။

အပွမညာနှင့်ယှဉ်သော စိတ်များကို ၁-သမာနဝါဒ, ၂-ကေစိဝါဒအရ အသီးသီးကောက်ပြခဲ့ပါ။

အဖြေ။ ။၁-ရူပသောမနဿာ ၂,မဟာကု-ကြိုဝဖ,ပေါင်း

၂၀၊ ၂-ရူပသောမနဿ ၁ ၂, မဟာကု-ကြီ သောမနဿ ၈-ပေါင်း ၂၀၊ (သတိပြုပါ)။

---

❸ နာနာကဒါစိ စေတသိက်, ကဒါစိစေတသိက်, သဟကဒါစ် စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃, ကရုဏာ, မုဒိတာ ပေါင်း ၈-ပါးသည် နာနာကဒါစိ၊ မာနသည် ကဒါစိ' ထိန မိဒ္ဓသည် သဟ ကဒါစိ။

ဣဿာ မစ္ဆရ ကုက္ကုစ္စ၊ ဝိရတီ ကရုဏာဒယော။
နာနာ ကဒါစိ မာနောစ၊ ထိန မိဒ္ဓံ တထာ သဟ။

---

❹ အနိယတယောဂိ, နိယတယောဂိ စေတသိက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အနိယတယောဂိစေတသိက်ကား ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃-ခု, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ ပေါင်း ၁၁-ပါးတည်း၊ နိယတယောဂိစေတသိက်ကား ကျန်စေတသိက် ၎၁-ပါးတည်း။

---

❺ အနိယတယောဂိ စေတသိက်များသည် အဘယ်စိတ်၌ နာနာကဒါစိ,ကဒါစိ,သဟကဒါစိ ယှဉ်ကြပါသနည်း။

အဖြေ။ ။ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသမူဒ္ဓေးမှာ နာနာကဒါစိ ယှဉ်ကြပါသည်၊ ဝိရတီ ၃-ပါးသည် မဟာကုသိုလ်စိတ်မှာ နာနာကဒါစိ ယှဉ်ပါသည်၊ ကရုဏာ မုဒိတာတို့သည် ရူပသောမနဿ ၁ ၂, မဟာကုသိုလ် ၈, မဟာကြိယာ ၈-ခုတို့၌ နာနာကဒါစိယှဉ်ကြပါသည်၊ မာနသည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်

စိတ်မှာ ကဒါစိယှဉ်ပါသည်၊ ထိန်မိဒ္ဓသည် သသင်္ခါရိကစိတ်၅-ခု မှာ သဟကဒါစိ ယှဉ်ပါသည်။

● ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့၏ နာနာယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ ။သူတပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာသာ ယှဉ်၍ မစ္ဆရိယ,ကုက္ကုစ္စတို့မယှဉ်၊ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယသာယှဉ်၍ ဣဿာ, ကုက္ကုစ္စတို့မယှဉ်၊ ပြုပြီးသောဒုစရိုက်မပြုရသေးသောသုစရိုက်တို့ကိုအာရုံပြု၍နှလုံးမသာယာသောအခါ ကုက္ကုစ္စသာ ယှဉ်၍ ဣဿာ, မစ္ဆရိယတို့ မယှဉ်၊ ဤသို့ နာနာ(=အသီးအသီး)ယှဉ်ကြပါသည်။

● ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ကဒါစိ ယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ ။သူတပါး စည်းစိမ်ကို ငြူစူလျှင် ဣဿာယှဉ်၍ မငြူစူလျှင် မယှဉ်၊ မိမိစည်းစိမ်ကို လျှို့ဝှက်လျှင် မစ္ဆရိယယှဉ်၍ မလျှို့ဝှက်လျှင်မယှဉ်၊ပြုပြီးသောဒုစရိုက်မပြုရသေးသောသုစရိုက်တို့ကိုအာရုံပြု၍နှလုံးမသာယာလျှင် ကုက္ကုစ္စယှဉ်၍ နှလုံးသာယာလျှင် မယှဉ်၊ ဤသို့ ကဒါစိ(=ရံဖန်ရံခါသာ)ယှဉ်ကြပါသည်။

● ဝိရတီ ၃-ပါး၏ နာနာယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ ။အသက်မွေးဝမ်းကျောင်းကိုမငဲ့ပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာသာ ယှဉ်၍ သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့မယှဉ်၊အသက်မွေးဝမ်းကျောင်းကိုမငဲ့ပဲ ကာယဒုစရိုက်မှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တသာယှဉ်၍ သမ္မာဝါစာ, သမ္မာအာဇီဝတို့မယှဉ်၊ အသက်မွေးဝမ်းကျောင်းငဲ့၍

ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သော အခါ သမ္မာအာဇီဝသာယှဉ်၍ သမ္မာဝါစာ, သမ္မာကမ္မန္တတို့မယှဉ်၊ ဤသို့နှာနှာ (=အသီးအသီး)ယှဉ်ကြပါသည်။

ဝိရတိ ၃-ပါး၏ ကဒါစိယှဉ်ပုံကို ဖော်ပြပါ။

အဖြေ။ ။အသက်မွေးဝမ်းကျောင်းကို မပဋ္ဌာပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်၊ အသက်မွေးဝမ်းကျောင်းကို မပဋ္ဌာပဲ ကာယဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်၊ အသက်မွေးဝမ်းကျောင်းကို ပဋ္ဌာ၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်၊ ဤသို့ ကဒါစိ(=ရံဖန်ရံခါသာ) ယှဉ်ကြပါသည်။

အပ္ပမညာ ၂-ပါး၏ နှာနှာယှဉ်ပုံကို ဖော်ပြပါ။

အဖြေ။ ။ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားကြင်နာလျှင် ကရုဏာသာယှဉ်၍ မုဒိတာမယှဉ်၊ သုခိတသတ္တဝါကိုအာရုံပြု၍ ဝမ်းမြောက်လျှင် မုဒိတာသာယှဉ်၍ ကရုဏာမယှဉ်၊ ဤသို့ နှာနှာ(=အသီးအသီး)ယှဉ်ကြပါသည်။

အပ္ပမညာဒွေး၏ ကဒါစိ ယှဉ်ပုံကို ဖော်ပြပါ။

အဖြေ။ ။ဒုက္ခိတသတ္တဝါကို အာရုံပြု၍ သနားကြင်နာလျှင် ကရုဏာယှဉ်၍ မသနားမကြင်နာကမယှဉ်၊ သုခိတ သတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်လျှင် မုဒိတာယှဉ်၍ ဝမ်းမမြောက်ကမယှဉ်၊ ဤသို့ ကဒါစိ(=ရံဖန်ရံခါသာ)ယှဉ်ကြပါသည်။

● မာန၏ ကဒါစိယှဉ်ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မိမိကိုယ်ကို အထင်ကြီးပြီး ငါသိ ငါတတ် ငါသာမြတ်ဟု မာန်မာနထောင်လွှားလျှင်မာနယှဉ်၍ မာန်မာန မထားက မယှဉ်၊ ဤသို့ကဒါစိယှဉ်ပါသည်။

အမှာ။ ။မာနစေတသိက် တခုတည်းဖြစ်၍ နာနာ(=အသီးအသီး=တခုစီတခုစီ) မယှဉ်နိုင်တော့ပြီ။

● ထိန မိဒ္ဓ ၂-ပါး၏ သဟကဒါစိဖြစ်ပုံကို ရေးခဲ့ပါ။

အဖြေ။ ။နာမကွန္ဓာ ၄-ပါးတို့ အမှီခံမခံ့လျှင် ထိနမိဒ္ဓ ၂-ခုလုံးယှဉ်၍ ခံ့လျှင် ၂-ခုလုံးမယှဉ်ပါ၊ ဤသို့ သဟ(=အတူတကွ), ကဒါစိ(=ရံဖန်ရံခါ)ယှဉ်ပါသည်။

သမ္ပယောဂနည်းပြီး၏။

သင်္ဂဟနည်း

● အဘယ်ကြောင့် လောကုတ္တရာစိတ်မှာ အပ္ပမညာ မယှဉ်ရပါသနည်း။

အဖြေ။ ။အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြု၍ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြုရကား အာရုံကွဲသောကြောင့် မယှဉ်ပါ။

အပ္ပမညာနှင့် သတ္တာရမ္မဏတ္တာ, လောကုတ္တရာနှင့် နိဗ္ဗာနာရမ္မဏတ္တာ ဝုတ္တံ "အပ္ပမညာဝဇ္ဇိတာ"တိ....ဌီ။

အပ္ပမညာနံ=တို့၏၊ သတ္တာရမ္မဏတ္တာ=သတ္တဝါပညတ်လျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း၊ လောကုတ္တရာနံ=လောကုတ္တရာစိတ်တို့၏၊ နိဗ္ဗာနာရမ္မဏတ္တာစ=နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်၏အဖြစ်ကြောင့်ရင်း၊အပ္ပမညာဝဇ္ဇိတာတိ=ဟူ၍၊ဝုတ္တံ=ပြီ။

● အဘယ့်ကြောင့် မဟာဂျုတ်စိတ်မှာ ဝိရတိများ မယှဉ်ကြပါသနည်း။

အဖြေ။ ။သီလစင်ကြယ်သည်၏ အစွမ်းဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ, ဝစီပယောဂ ရှိသော သူအား သက်သက် စိတ်ကိုကောင်းစွာထားရုံမျှဖြင့် မဟာဂျုတ်စျာန်များဖြစ်ပေါ်လာနိုင်သောကြောင့် မယှဉ်ပါ။

သီလဝိသုဒ္ဓိဝသေန သုဝိသောဓိတ ကာယဝစီ ပယောဂဿ ကေလဝံ စိတ္တသမာဓာနမတ္တေန မဟဂ္ဂတဇ္ဈာနာနိ ပဝတ္တန္တိတိ ဝုတ္တံ "ဝိရတိတ္တယဝဇ္ဇိတာ"တိ....ဌီ။

သီလဝိသုဒ္ဓိဝသေန = သီလစင်ကြယ်ခြင်း၏ အစွမ်းဖြင့်၊ သဝိသောဓိတကာယဝစီပယောဂဿ= ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ ဝစီပယောဂရှိသူအား၊ ကေဝလံ= သက်သက်၊ စိတ္တသမာဓာနမတ္တေန=စိတ်ကို ကောင်းစွာထားရုံမျှဖြင့်၊ မဟဂ္ဂတဇ္ဈာနာနိ=မဟဂ္ဂုတ်စျာန်တို့သည်၊ ပဝတ္တန္တိ=ဖြစ်နိုင်ကုန်၏၊ ဣတိ=ထို့ကြောင့်၊ ဝိရတိတ္တယဝဇ္ဇိတာတိ = ဟူ၍၊ ဝုတ္တံ=ပြီ။

● "ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ"ဌီ အဘယ့်ကြောင့် ကရုဏာနှင့် မုဒိတာတို့ အသီးသီးယှဉ်ရပါသနည်း။

အဖြေ။ ။ကရုဏာသည် ဒုက္ခိတသတ္တဝါကို အာရုံပြု၍ မုဒိတာသည် သုခိတသတ္တဝါကိုအာရုံပြုရကား အာရုံချင်းကွဲပြားသောကြောင့် ဖြစ်ပါသည်....ဌီ။

"အပ္ပမညာယော နလဗ္ဘန္တိ"ဟု အဘယ့်ကြောင့် ပဋ္ဌမ စျာန်မှာ အပ္ပမညာ မယှဉ်ရပါသနည်း။

အဖြေ။ ။အာရုံကဲ့ပြားသောကြောင့် ဖြစ်ပါသည်....ဦး။

"အပ္ပမညာ ဝိရတိယော ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ"ဟု အဘယ့်ကြောင့် အပ္ပမညာ ဝိရတိတို့ အသီးသီး တခြားစီ ယှဉ်ရပါသနည်း။

အဖြေ။ ။အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၍ ဝိရတိသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုရကား အာရုံချင်း ကဲ့ပြားသောကြောင့် ဖြစ်ပါသည်။

အပ္ပမညာနံ သတ္တာရမ္မဏတ္တာ ဝိရတိနဉ္စ ဝိတိက္ကမိတဗ္ဗ ဝတ္ထု ဝိသယတ္တာ....ဦး။

အပ္ပမညာနံ=တို့၏၊ သတ္တာရမ္မဏတ္တာ=သတ္တဝါပညတ်လျှင် အာရုံရှိကုန်သည်၏အဖြစ်ကြောင့်ရင်း၊ ဝိရတိနံ=တို့၏၊ ဝိတိက္ကမိတဗ္ဗဝတ္ထုဝိသယတ္တာ=ဝိတိက္ကမိတဗ္ဗာတ္ထုလျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ရင်းတည်း။

"ကြိယစိတ္တေသုပိ ဝိရတိဝဇ္ဇိတာ"ဟု အဘယ့်ကြောင့် မဟာကြိယာစိတ်မှာ ဝိရတိမယှဉ်ရပါသနည်း။

အဖြေ။ ။လောကိဝိရတိတို့သည် စင်စစ် ကုသိုလ်သဘောရှိသောကြောင့် မယှဉ်ပါ။

လောကိယဝိရတိနံ ကေန္ဓကုသလသဘာဝတ္တာ....ဦး။

လောကိယဝိရတိနံ=လောကိဝိရတိတို့၏၊ ကေန္ဓကုသလ သဘာဝတ္တာ=စစ်စစ် ကုသိုလ်သဘောရှိကုန်သည်၏ အဖြစ်ကြောင့်တည်း။

● "တထာဝိပါကေသုစ　အပ္ပမညာဝိရတိဝဋ္ဋတာ" ဥ္ဒ
အာဘယ့်ကြောင့် မဟာဝိပါက်မှာ အပ္ပမညာ ဝိရတိ ကြဉ်ရပါ
သနည်း။

အဖြေ။　။မဟာဝိပါက်သည် ပရိတ္တတရားကို အာရုံပြု၏၊
အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၏၊ ဝိရတိသည်စင်စစ်
ကုသိုလ်သဘောရှိ၏၊ ထို့ကြောင့် ကြဉ်ရပါသည်။

ကာမာဝစရဝိပါကာနဉ္စ ကေန္ဒပရိတ္တာရမ္မဏတ္တာ,အပ္ပမညာ
နဉ္စ သတ္တာရမ္မဏတ္တာ, ဝိရတိနဉ္စ ကေန္ဒကုသလတ္တာ ဝုတ္တံ "အပ္ပ
မညာဝိရတိဝဋ္ဋတာ"တိ....ဌီ။

ကာမာဝစရဝိပါကာနံ= ကာမာဝစရဝိပါက်တို့၏၊ ကေန္ဒ
ပရိတ္တာရမ္မဏတ္တာစ=စင်စစ်ပရိတ္တတရားလျှင် အာရုံရှိကုန်သည်၏
အဖြစ်ကြောင့်ရင်း၊ အပ္ပမညာနံ=အပ္ပမညာတို့၏၊ သတ္တာရမ္မ
ဏတ္တာစ=သတ္တာဝါ ပညတ်လျှင် အာရုံရှိကုန်သည်၏ အဖြစ်
ကြောင့်ရင်း၊ ဝိရတိနံ=ဝိရတိတို့၏၊ ကေန္ဒ ကုသလတ္တာစ=စင်
စစ် ကုသိုလ်သဘောရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း၊ အပ္ပမညာ
ဝိရတိဝဋ္ဋတာတိ=ဟူ၍၊ ဝုတ္တံ=ဆိုအပ်ပြီ။

● ဝိသေသက စေတသိက်များကို ဖော်ပြ၍ ဝိသေသက
(=အထူးပြု)ဟူသော စကား၏ အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ။

အဖြေ။　။ဝိတက်, ဝိစာရ, ပီတိ,သုခဟူသော စျာန်တရား
၄-ခု, အပ္ပမညာ ၂-ခု, ဝိရတိ ၃ ခု, ပညိန္ဒြေ ၁၊ ပေါင်း ၁၀-
ပါးတည်း၊ အချို့စိတ်မှာယှဉ်၍ အချို့စိတ်မှာ မယှဉ်ခြင်းကို
ဝိသေသက(=အထူးပြုသည်)ဟု ဆိုပါသည်။

● အဘယ်စိတ်မှာ　အ ဘယ် တ ရား များ　အ ထူး ပြု ပါ
သနည်း။

အဖြေ။ ။လောကုတ္တရာစိတ်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ ဟူသော စျာန်တရားများက အထူးပြုပါသည်၊ မဟဂ္ဂုတ်စိတ်မှာ ၎င်းစျာန်တရား ၄-ပါးနှင့် အပွမညာဒေါ်ကား အထူးပြုပါသည်၊ ကာမသောဘာနစိတ်မှာ ဝိရတိ, ဉာဏ်, ပီတိ, အပွမညာတို့က အထူးပြုပါသည်။

အနုတ္တရေ စျာနမမ္မာ၊ အပွမညာစ မဇ္ဈိမေ။
ဝိရတိ ဉာဏပီတိ စ၊ ပရိတ္တေသု ဝိသေသကာ။

အမှာ။ ။ဝိတက်သည် ပဌမစျာန်မှာ ယှဉ်၍ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန်တို့၌ မယှဉ်ရကား ပဌမစျာန်နှင့် ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမစျာန်တို့ကို ကွဲပြားအောင် ပြုလေသည်၊ ၎င်းနည်းအတူ အခြားဝိသေသက စေတသိက်များကိုလည်း စိတ်ယှဉ်ကို ကြည့်၍ နားလည်ပါစေ။

"ဣဿာ မစ္ဆရိယကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ"၌ အဘယ်ကြောင့် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ပဌမအသံခါရိကစိတ်မှာ အသီးသီးယှဉ်ကြပါသနည်း။

အဖြေ။ ။အာရုံပြားသောကြောင့် ဖြစ်ပါသည်။

ဘိန္နာရမ္မဏတ္တာယေဝ=အာရုံပြားသည်၏အဖြစ်ကြောင့်သာ လျှင်....ဦး၊ (အာရုံပြားပုံကို ရေးခဲ့ပြီ။)

အဘယ်ကြောင့် ဝိစိကိစ္ဆာစိတ်မှာ အဓိမောက္ခမယှဉ်ရပါသနည်း။

အဖြေ။ ။အဓိမောက္ခသည် အာရုံကိုဆုံးဖြတ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် အာရုံကို မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာစိတ်မှာ မယှဉ်ပါ။

အဓိမောက္ခသ နိစ္ဆယာကာရပ္ပဝတ္ထိတော ဒ္ဒုကသဘာဝေ ဝိစိကိစ္ဆာစိတ္တေ သမ္ဘဝေါ နတ္ထိ....ဒ္ဒီ။

အဓိမောက္ခသ=အဓိမောက္ခ၏၊ နိစ္ဆယာကာရပ္ပဝတ္ထိတော= ဆုံးဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်၊ ဒ္ဒုကသဘာဝေ= နှလုံး နှစ်ခု ဖြစ်ခြင်း သဘောရှိသော၊ ဝိစိ ကိစ္ဆာ စိတ္တေ=၌၊ သမ္ဘဝေါ=ဖြစ်ခြင်းသည်၊ နတ္ထိ=မရှိ။

● မဟာဂျုတ် ပဌမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ စျာန် စိတ်တို့၌ အမျှားဆုံး,တပြိုင်နက်,အမြဲတမ်းယှဉ်သော စေတသိက် မျှားကို သရုံ့ပြမှု ဖော်ပြခဲ့ပါ။

အဖြေ။	ပ	ဒု	တ	စ	ပ၌
မျှား	၃၅	၃၄	၃၃	၃၂	၃၀
ပြိုင်	၃၄	၃၃	၃၂	၃၁	၃၀
မြဲ	၃၃	၃၂	၃၁	၃၀	၃၀

● မဟာကုသိုလ် ပ-ဒု-တ၊ စတုတ္ထဒွေး တို့၌ အမျှားဆုံး, တပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်မျှားကို သရုံ့ပြမှု ဖော်ပြခဲ့ပါ။

အဖြေ။	ပ	ဒု	တ	စ
မျှား	၃၈	၃၇	၃၇	၃၆
ပြိုင်	၃၄	၃၃	၃၃	၃၂
မြဲ	၃၃	၃၂	၃၂	၃၁

● ဟောကြီယာ ပ-ဒု-တ-စတုတ္ထဒွေး တို့၌ အ မျှားဆုံး, တပြိုင်နက်, အမြဲတမ်း ယှဉ်သော စေတသိက်မျှားကို သရုံ့ပြမှု ဖော်ပြခဲ့ပါ။

အဖြေ။		ပ	ဒု	တ	စ
	မျှား	၃၅	၃၄	၃၄	၃၃
	ပြိုင်	၃၄	၃၃	၃၃	၃၂
	မြဲ	၃၃	၃၂	၃၂	၃၁

● မဟာဝိပါက် ပ-ဒု-တ-စတုတ္ထဒွေး တို့၌ အမျှားဆုံး, တပြိုင်နက်, အမြဲတမ်း ယှဉ်သော စေတသိက်မျှားကို သင်္ချာမျှ ဖော်ပြခဲ့ပါ။

အဖြေ။		ပ	ဒု	တ	စ
	မျှား	၃၃	၃၂	၃၂	၃၁
	ပြိုင်	၃၃	၃၂	၃၂	၃၁
	မြဲ	၃၃	၃၂	၃၂	၃၁

● ဒေါသမူ အသင်္ခါရိက, သသင်္ခါရိက စိတ်တို့၌ အမျှားဆုံး, တပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်မျှားကို ဖော်ပြခဲ့ပါ။

အဖြေ။		အ	သ
	မျှား	၂၀	၂၂
	ပြိုင်	၁၈	၂၀
	မြဲ	၁၇	၁၉

စေတသိက်ဝိုင်းပြီး၏။

ပကိဏ်းပုံး

ဝေဒနာ သင်္ဂဟ

● "တေပညာသ သဘာဝတော"၌ တေပညာသ အရကို ကောက်ပြခဲ့ပါ။

အဖြေ။ ။စိတ် ၁, စေတသိက် ၅၂, ပေါင်း ၅၃-ပါး ဖြစ်ပါသည်။

အမှာ။ ။စိတ်တခု ယုတ် ၉၀ ရှိသော်လည်း သဘာဝတော ဟု ဆိုသောကြောင့် စိတ်မှာ အာရမ္မဏ ဝိဇာနန လက္ခဏာ တပါးသာ ရှိ၍ တပါးသာ ယူရသည်၊ မေးလျှင် ဖြေတတ်ပါစေ။

● "ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ"ဟု ဟောတော်မူပါလျက် အဘယ်ကြောင့် အသျှင် အနုရုဒ္ဓါ ဆရာက ဝေဒနာသုံးပါးဆိုထားရပါသနည်း။

အဖြေ။ ။ဝေဒနာ ၂ပါးဟောထားရာမှာ အပြစ်မရှိသော ဥပေက္ခာဝေဒနာကို သုခဝေဒနာ၌ သွင်း၍ အပြစ် ရှိသော ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌ သွင်းထား သောကြောင့် ဝေဒနာ ၃-ပါးဆိုပါသည်။

တံပန အနဝဇ္ဇပက္ခိကံ အဒုက္ခမသုခံ သုခဝေဒနာယံ, သာဝဇ္ဇပက္ခိကဉ္စ ဒုက္ခဝေဒနာယံ သင်္ဂဟေတွာ ဝုတ္တံ....ဌီ။

တံပန=ထိုစကားကိုကား၊ အနဝဇ္ဇပက္ခိကံ=အပြစ်မရှိသော အဖို့ရှိသော၊အဒုက္ခမသုခံ=ဥပေက္ခာဝေဒနာကို၊သုခဝေဒနာယံ=

သုခဝေဒနာ၌၊ သာဝဇ္ဇပက္ခိကံ= အပြစ်ရှိသော အဖိုရှိသော ဥပေက္ခာဝေဒနာကို၊ ဒုက္ခဝေဒနာယံ=ဒုက္ခဝေဒနာ၌၊ သင်္ဂဟေ တ္ဌာ=ပေါင်းယူ၍၊ ဝုတ္တံ=ဟောတော်မူအပ်ပြီ။

● အချို့သုတ္တန်မှာ ဒုက္ခဝေဒနာ တပါးသာ ဟောထား ပါလျက် အဘယ်ကြောင့် ဝေဒနာ ၃-ပါး ဆိုထား ရပါ သနည်း။

အဖြေ။ ။အလုံးစုံသော ဝေဒနာတို့သည် ဒုက္ခသဘော ရှိသောကြောင့် ဒုက္ခဝေဒနာတမျိုးသာ ဟောထားခြင်း ဖြစ်ပါ သည်၊ ထို့ကြောင့် ဝေဒနာ ၃-ပါးဆိုထားပါသည်။

တံ သခ်ါရ ဒုက္ခတာယ သဗ္ဗဝေဒနာနံ ဒုက္ခသဘာဝတ္တာ ဝုတ္တ....ဋ္ဌ။

တံ=ထိုစကားကို၊ သခ်ါရဒုက္ခတာယ=သခ်ါရဒုက္ခ၏ အဖြစ် ကြောင့်၊သဗ္ဗဝေဒနာနံ=ခပ်သိမ်းသောဝေဒနာတို့၏၊ဒုက္ခသဘာ ဝတ္တာ=ဒုက္ခသဘောရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝုတ္တံ=ပြီ။

● အဘယ်ကြောင့် ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာ၅-ပါး ဆိုထားရပါသနည်း။

အဖြေ။ ။သုခဝေဒနာသည် ကာယိကသာတ, မာနသိ ကသာတ အားဖြင့် ၂-ပါးပြားသောကြောင့်၎င်း၊ ဒုက္ခဝေဒနာ သည် ကာယိကအသာတ, မာနသိကအသာတအားဖြင့် ၂-ပါး ပြားသောကြောင့်၎င်း၊ ဥပေက္ခာဝေဒနာသည် အပြားမရှိသော ကြောင့်၎င်း ၅-ပါးဆိုပါသည်။

ကာယိကမာနသိက သာတာသာတဘေဒတော သုခံ ဒုက္ခဉ္စ

ပစ္စေကံဒ္ဓိခ၁.... ဥပေက္ခာ ပန ဘေဒါဘာဝတော ဥပေက္ခိန္ဒြိယန္တိ ဧကခ၁ဝ....ဌိ။

ကာယိကမာနသိကသာတာသာတ ဘေဒတော=ကာယိကသာတ မာနသိကသာတ ကာယိကအသာတ မာနသိကအသာတ အားဖြင့် ကဲ့ပြားခြင်းကြောင့်၊ သုခံ=သုခဝေဒနာသည်ရင်း၊ ဒုက္ခဉ္စ=သည်ရင်း၊ ပစ္စေကံ=အသီးသီး၊ ဒ္ဒိခ၁= ၂-ပါးစီပြား၏။ ဥပေက္ခာပန=သည်ကား၊ ဘေဒါဘာဝတော=အပြားမရှိခြင်းကြောင့်၊ဥပေက္ခိန္ဒြိယန္တိ=ဟူ၍၊ ဧကခ၁ဝ=တပါးသာ အဖို့ရှိ၏။

ဝေဒနာသင်္ဂဟပြီး၏။

ကိစ္စသင်္ဂဟ

● သန္တိရဏချင်း တူပါလျက် အဘယ်ကြောင့် သုခသန္တိမှာ ပဋိသန္ဓေကိစ္စမတပ်ရပါသနည်း။

အဖြေ။ ။သုခသန္တိရဏသည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် ပဋိသန္ဓေကိစ္စမတပ်ပါ။

သုခသန္တိရဏသပဋိသန္ဓိဝသပ္ပဝတ္တိဘာဝါဘာဝတော....ဌိ။

သုခ သန္တိရဏသ= ၏၊ ပဋိသန္ဓိဝသပ္ပဝတ္တိဘာဝါဘာဝတော=ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းမရှိသောကြောင့် တည်း။

အမှာ။ ။ဥပေက္ခာ သန္တိရဏကို ပဝတ္တိ ပဋိသန္ဓေအားဖြင့် ဟောရ၍ သုခသန္တိရဏကို ပဝတ္တိ အားဖြင့်သာ ပဌာန်း ပါဠိတော်မှာ ဟောထားသောကြောင့် ဟု(ဠ)ဌ်အကျယ်လာ၏။

● အဘယ်ကြောင့် အာဝဇ္ဇန်းဒွေးသည် ဇောကိစ္စမတပ်ပါသနည်း။

အဖြေ။ ။အာရုံ၏ အရသာကိုခံစားခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

တဿ အာရမ္မဏရသာ နုဘဝနာဘာဝတော ဝုတ္တံ“အာဝဇ္ဇန ဒ္ဒယဝဇ္ဇိတာနိ”တိ....ဌီ။

တဿ=ထိုမနောဒ္ဓါရုဝဇ္ဇန်း၏၊ အာရမ္မဏရသာနု ဘဝနာ ဘာဝတော=အာရုံ၏အရသာကို ခံစားခြင်း၏ မရှိခြင်းကြောင့်၊ အာဝဇ္ဇနဒ္ဒယဝဇ္ဇိတာနိတိ=ဟူ၍၊ ဝုတ္တံ=ဆိုအပ်ပြီ။

● မဂ်စိတ်သည် တကြိမ်သာဖြစ်လျက် အဘယ်ကြောင့် ဇောကိစ္စတပ်ပါသနည်း။

အဖြေ။ ။မဂ်စိတ်သည် ဇောသဘော ရှိသောကြောင့်ဖြစ်ပါသည်။

တံသဘာဝဝန္ဓတာယ ဇဝနကိစ္စံ နာမ....။

တံသဘာဝ ဝန္ဓတာယ=ထိုဇောသဘောရှိသည်၏ အဖြစ်ကြောင့်၊ ဇဝနကိစ္စံနာမ=ဇောကိစ္စတပ်သည်မည်၏။

ကိစ္စသင်္ဂဟပြီး၏။

ဒ္ဓါရသင်္ဂဟ

● “မနောဒ္ဓါရံ ပန ဘဝင်္ဂန္တိပဝုစ္စတိ”ဌ် မနောဒ္ဓါရအရ, ဘဝင်အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ။မနောဒ္ဓါရအရကား မနောဒ္ဓါရုဝဇ္ဇန်းစိတ်၏ အခြားမဲ့ဌ်ဖြစ်သော ဘဝင်ုပစ္ဆေဒ ၁၉-ခုဖြစ်ပါသည်၊ဘဝင်အရလည်း ၎င်း ၁၉-ခုပင်တည်း။

ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်ံ....ဌီ။

ဘဝင်္ဂန္တိ= ဟူသည်ကား၊ အာဝဇ္ဇနာနန္တရံ= မနောဒ္ဒါရာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော၊ ဘဝင်ံ=ဘဝင်တည်း။

● "စက္ခုဒ္ဒါရေ ယထာရဟံ"၌ ယထာရဟံ၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

အဖြေ။ ။ယောနိသော မနသိ ကာရ, အယောနိသော မနသိကာရ, နိရာနုသယသန္တာန် စသည်တို့အားလျော်စွာ ဖြစ်ခြင်းကို ယထာရဟံဆိုပါသည်။

ယထာရဟန္တိ ဣဋ္ဌာဒိအာရမ္မဏေ ယောနိယော အယောနိသော မနသိကာရ နိရာနုသယသန္တာနာဒီနံ အနုရူပတော....ဠီ။

ယထာရဟန္တိ= ဟူသည်ကား၊ ဣဋ္ဌာဒိအာရမ္မဏေ= ဣဋ္ဌအစရှိသော အာရုံ၌၊ ယောနိယော အယောနိသော မနသိကာရ နိရာနုသယ သန္တာနာ ဒီနံ=စသည်တို့အား၊ အနုရူပတော= လျော်သောအားဖြင့်။

● အဘယ်ကြောင့် တခုယုတ် ၂၀-သော စိတ်တို့သည် ဒ္ဒါရဝိမုတ်ဖြစ်ရပါသနည်း။

အဖြေ။ ။စက္ခုစသော ဒ္ဒါရတို့၌ မဖြစ်သောကြောင့်ရင်း, မိမိတို့ ကိုယ်တိုင်က မနောဒ္ဒါရဟုဆိုအပ်သော ဘဝင်စိတ်များ ဖြစ်နေသောကြောင့်ရင်း, ကမ္မနိမိတ် အာရုံစသည်မှုတပါးသော အာရုံကို အာရုံမပြုသောကြောင့်ရင်း ဒ္ဒါရမုတ်ဖြစ်ပါသည်။

စက္ခာဒိဒ္ဒါရေသု အပ္ပဝတ္တနတော, မနောဒ္ဒါရ သင်္ခါတ ဘဝင်္ဂတော, အာရမ္မဏန္တရဂ္ဂဟဏဝသေနအပ္ပဝတ္တိတော စ....ဠီ။

စက္ခာဒိဒ္ဓါရေသု=စက္ခု အစရှိသော ဒ္ဓါရတို့၌၎ အပ္ပဝတ္တနေ=မဖြစ်ခြင်းကြောင့်၎င်း၊ မနောဒ္ဓါရသခ်ါတဘဝင်္ဂေ=မနောဒ္ဓါရဟု ဆိုအပ်သော ဘဝင်စိတ်၏ အဖြစ်ကြောင့်၎င်း၊ အာရမ္မဏန္တရဂုဟာဏဝသေန=တပါးသော အာရုံကို ယူခြင်း၏ အစွမ်းအားဖြင့်၊ အပဝတ္တိတောစ=မဖြစ်ခြင်းကြောင့်၎င်း။

ဉပေက္ခာသန္တီရဏနှင့် မဟာဝိပါက် စိတ်တို့သည် အဘယ်အခါမှာ ဆဒ္ဓါရိုကဖြစ်၍, အဘယ်အခါမှာ ဒ္ဓါရဝိမုတ်ဖြစ်ကြပါသနည်း။

အဖြေ။ ။သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ဆဒ္ဓါရိုကဖြစ်၍ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက် ဒ္ဓါရဝိမုတ်ဖြစ်ပါသည်။

ပဋ္ဌဒ္ဓါရေသု သန္တီရဏ တဒါရမ္မဏဝသေန, မနောဒ္ဓါရေစ တဒါရမ္မဏဝသေန ပဝတ္တနတော ဆဒ္ဓါရိုကာနိစေဝ၊ ပဋိသန္ဓာဒိဝသပ္ပဝတ္တိယာ ဒ္ဓါရဝိမုတ္တာနိစ....ဋီ။

ပဋ္ဌဒ္ဓါရေသု=ငါးဒ္ဓါရတို့၌၎ သန္တီရဏ တဒါရမ္မဏဝသေန=သန္တီရဏကိစ္စတဒါရုံကိစ္စတို့၏ အစွမ်းအားဖြင့်၊ ပဝတ္တနတောစ=ဖြစ်ခြင်းကြောင့်၎င်း၊မနောဒ္ဓါရေ=၌၎ တဒါရမ္မဏဝသေန=ဖြင့်၊ ပဝတ္တနတောစ=၎င်း၊ ဆဒ္ဓါရိုကာနိစေဝ=ခြောက်ဒ္ဓါရ၌လည်းဖြစ်ကုန်၏၊ပဋိသန္ဓာဒိဝသပ္ပဝတ္တိယာ=ပဋိသန္ဓေအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်၊ဒ္ဓါရဝိမုတ္တာနိစ၊ ဒ္ဓါရမှလည်းလွတ်ကုန်၏။

ဒ္ဓါရသင်္ဂဟပြီး၏။

အာရမ္မဏသင်္ဂဟ

● "ကာလဝိမုတ္တဥ္စ" ၌ အဘယ်ကြောင့် အဘယ်ကို ကာလဝိမုတ်ခေါ်ပါသနည်း။

အဖြေ။ ။မပျက်စီးနိုင်ရကား အတိတ်ကာလ စသည်ဖြင့် မခေါ်ထိုက်သောကြောင့် နိဗ္ဗာန်နှင့်ပညတ်ကို ကဲကာလဝိမုတ်ခေါ်ပါသည်။

ဝိနာသာဘာဝတော အတီတာဒိကာလဝသေန နဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိစ ကာလဝိမုတ္တာနာမ....ဠီ။

ဝိနာသာ ဘာဝတော=ပျက်စီးခြင်း၏မရှိခြင်းကြောင့်၊အတီတာဒိကာလဝသေန=အတိတ်အစရှိသော ကာလ၏ အစွမ်းအားဖြင့်၊ နဝတ္တဗ္ဗတ္တာ=မဆိုအပ်သည်၏အဖြစ်ကြောင့်၊ နိဗ္ဗာနံ=သည်ရင်း၊ ပညတ္တိစ=သည်ရင်း၊ ကာလဝိမုတ္တာနာမ=မည်၏။

● "မနောဒ္ဓါရိကစိတ္တာနံ။ ပ။ ယထာရဟမာရမ္မဏံ"၌ ယထာရဟံ၏ အဓိပ္ပာယ်ကိုဖော်ပြခဲ့ပါ။

အဖြေ။ ။မနောဒ္ဓါရိကစိတ်တို့၏ ကာမဇော, အဘိညာဉ်ဇော, ကြင်းသော မဟဂ္ဂုတ်ဇော စသည်တို့အား လျော်စွာဖြစ်ခြင်းကို ယထာရဟံဆိုပါသည်။

ယထာရဟန္တိ ကာမာဝစရဇဝန အဘိညာ သေသမဟဂ္ဂတာဒိဇဝနာနံ အနုရူပတော....ဠီ။

ယထာရဟန္တိ=ဟူသည်ကား၊ကာမာဝစရဇဝန အဘိညာသေသမဟဂ္ဂတာဒိဇဝနာနံ= ကာမာဝစရဇော, အဘိညာဉ်ဇော, ကြင်းသောမဟဂ္ဂုတ်အစရှိသော ဇောတို့အား၊ အနုရူပတော= လျော်သောအားဖြင့်။

● "ယေဘုယျေန ဘဝန္တရေ"၌ အဘယ့်ကြောင့် ယေဘုယျေနသဒ္ဒါကို ဆိုရပါသနည်း။

အဖြေ။ ။အသည်သတ်ကို စင်စစ်လိုသောကြောင့် ဆိုပါသည်။

အသညီဘဝတော စုတာနဉ္စ ပဋိသန္ဓိဝိသယသ အနန္တရုတိ တဘဝေ နကေနစိ ဒ္ဒါရေန ဂဟဏံ အတ္ထိတိ တဒေဝတ္ထ ယေဘုယျဂ္ဂဟဏေန ဗျဘိစာရိတံ....ဌီ။

ဟိ·ယသ္မာ= အကြင့်ကြောင့်၊ အသညီဘဝတော= အသည်သတ်ဘုံမှ၊ စုတာနံ=စုတေသောသူတို့၏၊ ပဋိသန္ဓိဝိသယသ= ပဋိသန္ဓေစိတ်၏ အာရုံကို၊ အနန္တရုတိတဘဝေ=အခြားမဲ့ အတိတ်ဖြစ်သောအသည်သတ်ဘုံ၌၊ ကေနစိဒ္ဒါရေန=တစုံတခုသော ဒ္ဒါရဖြင့်၊ ဂဟဏံ=ယူခြင်းသည်၊ နအတ္ထိ=မရှိ၊ ဣတိ=ထို့ကြောင့်၊ တဒေဝ=ထိုအနက်ကိုသာလျှင်၊ ဧတ္ထ=ဤနေရာ၌၊ ယေဘုယျဂ္ဂဟဏေန=သဒ္ဒါဖြင့်၊ ဗျဘိစာရိတံ=အားထုတ်ပြုအပ်ပြီ။

● အ ဘယ့်ကြောင့် ဒ္ဒါရဝိမုတ်စိတ်တို့သည် အနာဂတ်အာရုံကို အာရုံမပြုကြပါသနည်း။

အဖြေ။ ။အနာဂတ်အာရုံသည် ခံစားအပ်ဘူးသည်လည်းမဟုတ်, ထင်နေဆဲလည်းမဟုတ်သောကြောင့်ဖြစ်ပါသည်။

နဟိ တံ အတီတကမ္မကမ္မနိမိတ္တာနိ ဝိယ အနုဘူတံ၊ နာပိ ပစ္စုပ္ပန္နကမ္မနိမိတ္တ ဂတိနိမိတ္တာနိဝိယ အာပါထာဂတဥ္စ ဟောတိ။

ဟိ=မှန်၏၊ တံ=ထိုအနာဂတ်အာရုံသည်၊ အတီတကမ္မကမ္မနိမိတ္တာနိဝိယ= အတိတ်ကံ ကမ္မနိမိတ်တို့ကဲ့သို့၊ အနုဘူတံ= ခံစားအပ်ဘူးသည်၊ နဟောတိ=မဖြစ်၊ ပစ္စုပ္ပန္နကမ္မနိမိတ္တ ဂတိနိမိတ္တာ

နိဝိယ=ပစ္စုပ္ပန်ကမ္မနိမိတ် ဂတိနိမိတ်တို့ကဲ့သို့၊အာပါထာဂတဥ=ထင်ခြင်းသို့ရောက်ဆဲသည်လည်း၊နာပိဟောတိ=ဖြစ်လည်းမဖြစ်။

● "ဟသနစိတ္တဥ္စေတိ သဗ္ဗထာပိ ကာမာဝစရာ ရမ္မဏာ နေ၀"ဌ် ဟသိတုပ္ပါဒ်စိတ်၏ ကာမဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်ရန် သင့်လျော်သော ဌာနကိုတွေ့၍ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ရူပါရုံကို, ပစ္စည်းဘဏ္ဍာတို့ကိုဝေဖန်ရာ၌ ကျယ်လောင်သော အသံကိုကြားရ၍ ဤကဲ့သို့သော လောလုပ္ပတဏှာကို ငါပယ်အပ်ပြီဟု ဝမ်းမြောက်သောသူ၏ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကို, နံ့သာစသည်တို့ဖြင့် စေတီတော်ကိုပူဇော်ရာအခါ၌ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ဂန္ဓာရုံကို, အရသာရှိသော ဆွမ်းကို သီတင်းသုံးဖော်မျှားနှင့် ခဲ့ဝေစားသောက်ရာ၌ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ဖောဋ္ဌဗ္ဗာရုံကို, ပုဗ္ဗေနိ၀ါသဉာဏ်စသည်တို့ဖြင့် ယူအပ်သော ကာမာ၀စရတရားကို အာရုံပြု၍ ဝမ်းမြောက်သော သူ၏ ဟသိတုပ္ပါဒ် စိတ်သည် ဓမ္မာရုံကို အာရုံပြုပါသည်။

အမှာ။ ။(သတိပြုပါ၊ ဤမေးခွန်း အစိုးရက မေးဟူးပြီ။)

ဟသနစိတ္တမ္မိ ပဓာနသာရုပ္ပဌာနံ ဒိသ္မာ တုဿန္တိဿ ရူပါရမ္မဏေ, ဘဏ္ဍဘာဇနဌာနေ မဟာသဒ္ဒံ သုတ္ဝာ ဝေရူပါ လောလုပ္ပတဏှာ မေ ပဟီနာတိ တုဿန္တိဿ သဒ္ဒါရမ္မဏေ, ဂန္ဓာဒီဟိ ခေတိယ ပူဇနကာလေ တုဿန္တိဿ ဂန္ဓာရမ္မဏေ, ရသသမ္ပန္နံ ပိဏ္ဍပါတံ သဗြဟ္မစာရီဟိ ဘာဇေတ္ဝာ ပရိဘုဥ္ဇနကာလေ တုဿန္တိဿ

ရသာ ရမ္မဏေ, အာဘိသမာ စာရိကဝတ္တ ပရိပူရဏ ကာလေ တုသိတ္တသ ဖောဋ္ဌဗ္ဗာရမ္မဏေ, ပုဗ္ဗေနိဝါသညာဏာဒီဟိ ဂတိတ ကာမာဝစရဓမ္မံ အာရဗ္ဘ တုသိတ္တသ ဓမ္မာရမ္မဏေ....ဠီ။

ဟသနစိတ္တမ္ပိ= ဟသိတုပ္ပါဒ်စိတ် သည်လည်း၊ ပဓာန သာရပ္ပဋ္ဌာနံ= ကမ္မဋ္ဌာန်း အားထုတ်ရန် သင့်လျော်သော ဌာနကို၊ ဒိသ္မာ= မြင်ရ၍၊ တုသိတ္တသ= ဝမ်းမြောက်သော သူ၏၊ ရူပါ ရမ္မဏေ= ၌၊ ဘဏ္ဍာဘာဇနဋ္ဌာနေ= ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာ ဌာန၌၊ မဟာသဒ္ဒံ=ကျယ်သောအသံကို၊ သုတ္မာ=ကြားရသည် ရှိသော်၊ ဇဝရူပါ=ဤသို့သဘောရှိသော၊ လောလုပ္ပတဏှာ=ကို၊ မေ=ငါသည်၊ပဟီနာ=ပယ်အပ်ပြီ၊ဣတိ=ဤသို့၊တုသိတ္တသ=၏၊ သဒ္ဒါရမ္မဏေ=၌၊ ဂန္ဓာဒီဟိ=နံ့သာစသည်တို့ဖြင့်၊ စေတိယပူဇနကာလေ=စေတီတော်ကိုပူဇော်ရာအခါ၌၊ တုသိတ္တသ=၏၊ ဂန္ဓာရမ္မဏေ=၌၊ ရသသမ္ပန္နံ=အရသာနှင့်ပြည့်စုံသော၊ ပိဏ္ဍပါတံ= ဆွမ်းကို၊ သဗ္ဗဟာ့စာရီဟိ=သီတင်းသုံးဖော်တို့ဖြင့်၊ ဘာဇေတ္မာ= ဝေဖန်၍၊ပရိဘုဥ္ဇနကာလေ=သုံးဆောင်ရာအခါ၌၊ တုသိတ္တသ= ၏၊ရသာရမ္မဏေ=၌၊အာဘိသမာစာရိကဝတ္တပရိပူရဏကာလေ= အာဘိသမာစာရိကဝတ်ကိုဖြည့်ကျင့်ရာအခါ၌၊ တုသိတ္တသ=၏၊ ဖောဋ္ဌဗ္ဗာရမ္မဏေ=၌၊ ပုဗ္ဗေနိဝါသညာဏာဒီဟိ=ပုဗ္ဗေနိဝါသညာဏ် စသည်တို့ဖြင့်၊ ဂဟိတ ကာမာဝစရဓမ္မံ= ယူအပ်သော ကာမာ ဝစရတရားကို၊ အာရဗ္ဘ=အာရုံပြု၍၊ တုသိတ္တသ=၏၊ ဓမ္မာ ရမ္မဏေ=၌၊ ပဝတ္တတိ=ဖြစ်၏။

● အကုသိုလ်စိတ် ၁၂, ဉာဏဝိပ္ပယုတ်ဇော ဂ-ခု တို့ သည် အဘယ်ကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်ပါ သနည်း။

အဖြေ။　။ရင်းစိတ်တို့သည် မိုက်မဲကြသောကြောင့် လောကုဗ္ဗာရှု တရားကို အာရုံမပြုနိုင်ကြပါ။

အတ္တနော ဇဋ္ဌဘာဝတော....ဌီ။

အတ္တနော=မိမိ၏၊ ဇဋ္ဌဘာဝတော=မိုက်မဲသည်၏ အဖြစ်ကြောင့်တည်း။

● မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုနှင့် ကုသိုလ် အဘိညာဉ်တို့သည် အဘယ့်ကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ကြပါသနည်း။

အဖြေ။　။ သေက္ခ ပုထုဇဉ်တို့၏ သန္တာန်မှာသာဖြစ်သောကြောင့် အာရုံမပြုနိုင်ကြပါ။

သေက္ခပုထုဇ္ဇနသန္တာနေသ္ဌိတ ပဝတ္တနတော....ဌီ။

သေက္ခ ပုထုဇ္ဇန သန္တာနေသ္ဌိတ = သေက္ခ ပုထုဇဉ် တို့၏ သန္တာန်၌သာလျှင်၊ ပဝတ္တနတော=ဖြစ်ခြင်းကြောင့်တည်း။

● မဟာကြိယာဉာဏသမ္ပယုတ် ၄,ကြိယာ အဘိညာဉ်နှင့် ဝုဋ္ဌေတို့သည် မည်သည့်အခါ၌ အာရုံအားလုံးကို အာရုံပြုပါသနည်း။

အဖြေ။　။ကြိယာစိတ်မျှားသည် သမ္ဘည္ဘုတဉာဏ် စသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ, ဝုဋ္ဌေသည် ထိုထိုဇောတို့၏ ရှေ့သွားခေါင်းဆောင်၏ အစွမ်းဖြင့် ဖြစ်ရာအခါ တို့၌သာ အလုံးစုံကို အာရုံပြုပါသည်၊ (အခါခပ်သိမ်း အလုံးစုံကို အာရုံမပြုနိုင်)။

ကြိယဇဝနာနံ ဟိ သဗ္ဗညုတညာဏာဒိ ဝသပ္ပဝတ္တိယံ, ဝေါဌဗ္ဗနသဏ စ တံတံ ပုရေစာရိကဝသပ္ပဝတ္တိယံ....ဠီ။

ဟိ= မှန်၏၊ ကြိယဇဝနာနံ= တို့၏၊ သဗ္ဗညုတညာဏာဒိ ဝသပဝတ္တိယံ=သဗ္ဗညုတဉာဏ် အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်ရာအခါ၌၊ ဝေါဌဗ္ဗနသဏစ=ဝုံဌော၏လည်း၊ တံတံပုရေစာရိကဝသပ္ပဝတ္တိယံ=ထိုထိုဇောတို့၏ ရှေ့သွားခေါင်းဆောင်၏ အဖြစ်ဖြင့် ဖြစ်ရာအခါ၌။

အာရမ္မဏသင်္ဂဟပြီး၏။

ဝတ္ထုသင်္ဂဟ

● အဘယ်ကြောင့် ကာမဘုံမှာ ဝတ္ထုရုပ် ၆-ပါးလုံးရပါသနည်း။

အဖြေ။ ။ပြည့်စုံသော ဣန္ဒြေရှိသောသူကို ကာမဘုံမှာသာ ရအပ်သောကြောင့် ၆-ပါးလုံးရပါသည်။

ပရိပုဏ္ဏိန္ဒြိယဿ တတ္ထေဝ ဥပလဗ္ဘနတော....ဠီ။

ပရိပုဏ္ဏိန္ဒြိယဿ=ပြည့်စုံသော ဣန္ဒြေရှိမ်သောသူ၏၊ တတ္ထေဝ= ထိုကာမဘုံ၌သာလျှင်၊ ဥပလဗ္ဘနတော=ရအပ်သည်၏ အဖြစ်ကြောင့်တည်း။

မှတ်ချက်။ ။သဗ္ဗာနိ၀ိဒ္ဓ "၀"သဒ္ဒါဖြင့် ကန်းသောသူမှာ စက္ခု၀တ္ထုမရ စသည်ကိုပြသည်။

● အဘယ်ကြောင့် ရူပဘုံမှာ ဃာနာဒိတ္တယ မရပါသနည်း။

အဖြေ။ ။ကာမဝိရာဂဘာဝနာ၏အစွမ်းဖြင့်ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းရကား ဃာနာဒိတ္တယမှာလည်း တပ်ခြင်း ကင်းသောကြောင့်မရပါ။

ကာမဝိရာဂ ဘာဝနာဝသေန ဂန္ဓရသဖောဋ္ဌဗ္ဗေသု ဝိရတ္တာ တာယ တဗ္ဗသယပ္ပသာဒေသုပိ ဝိရာဂသဗ္ဘာဝတော....ဌ။

ကာမဝိရာဂ ဘာဝနာဝသေန=ကာမဝိရာဂ ဘာဝနာ၏အစွမ်းဖြင့်၊ ဂန္ဓရသဖောဋ္ဌဗ္ဗေသု=ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌၊ ဝိရတ္တာတာယ=တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့်၊ တဗ္ဗိသယပ္ပသာဒေသုပိ=ထိုအာရုံ ၃-ပါးလျှင် အာရုံရှိသော ပသာဒတို့၌လည်း၊ ဝိရာဂသဗ္ဘာဝတော = တပ်ခြင်း ကင်းသောကြောင့်တည်း။

● အဘယ်ကြောင့် ရူပဘုံမှာ စက္ခုသောတ ၂-ပါးကို ရပါသနည်း။

အဖြေ။ ။ဘုရားဖူးခြင်း, တရားနာခြင်းစသော အကျိုးငှာ စက္ခုသောတတို့၌ တပ်ခြင်းမကင်းသောကြောင့် ရပါသည်။

ဗုဒ္ဓဒဿန ဓမ္မသဝနာဒိအတ္ထံ ပန စက္ခုသောကေသု အဝိရတ္တ ဘာဝတော စက္ခာဒိဒ္ဒယံ တတ္ထ ဥပလဗ္ဘတိ....ဌ။

ဗုဒ္ဓဒဿန ဓမ္မသဝနာဒိ အတ္ထံ=ဘုရားဖူးခြင်း တရားနာခြင်းစသည် အကျိုးငှာ၊ စက္ခုသောတေသု=တို့၌၊ အဝိရတ္တဘာဝတော=တပ်ခြင်း မကင်းခြင်းကြောင့်၊ စက္ခာဒိဒ္ဒယံ=ကို၊ တတ္ထ=ထိုရူပဘုံ၌၊ ဥပလဗ္ဘတိ=ရအပ်၏။

● အဘယ်ကြောင့် အရူပဘုံမှာ ဝတ္ထုရုပ် မရပါ သနည်း။

အဖြေ။ ။ရူပဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့် အရူပဘုံမှာ အခါခပ်သိမ်း ရုပ်မဖြစ်သောကြောင့် ဝတ္ထုရုပ်မရပါ။

ရူပဝိရာဂဘာဝနာဝသေန တတ္ထ သဗ္ဗေနသဗ္ဗံ ရူပပ္ပဝတ္တိယာ အဘာဝတော....ဒ္ဓီ။

ရူပဝိရာဂဘာဝနာဝသေန=အစွမ်းဖြင့်၊တတ္ထ=ထိုအရူပဘုံ၌၊ သဗ္ဗေနသဗ္ဗံ=အခါခပ်သိမ်း၊ ရူပပ္ပဝတ္တိယာ=ရုပ်ဖြစ်ခြင်း၏၊ အဘာဝတော=မရှိခြင်းကြောင့်တည်း။

● အဘယ်ကြောင့် သန္ဓိရဏ ၃-ခုနှင့် မဟာဝိပါက် ၈-ခု တို့သည် အရူပဘုံမှာ မဖြစ်ကြပါသနည်း။

အဖြေ။ ။အရူပဘုံ၌ ဒ္ဒါရမရှိခြင်း, ကိစ္စမရှိခြင်းတို့ကြောင့် မဖြစ်ပါ။

ဒ္ဒါရာဘာဝတော ကိစ္စာဘာဝတော စ....ဒ္ဓီ။

ဒ္ဒါရာ ဘာဝတော=ဒ္ဒါရမရှိခြင်းကြောင့်ရင်း၊ ကိစ္စာဘာဝတောစ=ကိစ္စမရှိခြင်းကြောင့်ရင်းတည်း။

● အောက်ပါဂါထာ၏ အဓိပ္ပာယ်ကိုရှင်းပြခဲ့ပါ။

ဆ ဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓေ၊
တိဝတ္ထုံနိဿိတာရူပေ, ဓာတ္ဝကာ နိဿိတာ မတာ။

အဖြေ။ ။"ဆ ဝတ္ထုံနိဿိတာ ကာမေ သတ္တ"ဖြင့် ကာမဘုံမှာ သတ္တဝိညာဏဓာတ် ၇-ပါးသည် ဆဝတ္ထုကို မှီ၍ဟူပြပါသည်၊ "ရူပေစတုဗ္ဗိဓာ တိဝတ္ထုံ"ဖြင့် ရူပဘုံမှာ စက္ခု, သောတ,

မနော, မနောဝိညာဏခေါတ် ၄-ပါးသည် စက္ခု,သောတ,ဃာနယ ဝတ္ထု ၃-ပါးကိုမှီ၍ဟုပြုပါသည်၊ "အရူပေ ဓာတ္တေကာ နိသိတာ"ဖြင့် အရူပဘုံမှာ ပနောဝိညာဏဓာတ်တပါးသည် ဝတ္ထုရုပ်ကိုမှီဟု ပြုပါသည်၊ (ရူပဘုံဆိုသော်လည်း အသညသတ်ကြီး ရူပ ၁၅-ဘုံသာယူ)။

(ခ) "ဒ္ဒေစတ္တာလီသ ဇာယရေ၊ နိုဿာယစ အနိုဿာယ"ဟု ရင်းခြင်း ၄၂-ပါးသည် အဘယ်ဘုံမှာ မှီ၍ အဘယ်ဘုံမှာ မမှီသနည်း။

အဖြေ။ ။ပဉ္စဝေါကာရ (=ကာမ, ရူပ) ဘုံ၌ မှီ၍ စတုဝေါကာရ(=အရူပ)ဘုံမှာ မမှီပါ....ဟု။

(ဂ) "မိကျောင်းမှာလျှာမရှိ"ဟု ပြောဆိုကြသောစကားကို သင့်မသင့်အကြောင်းပြု၍ ဖြေခဲ့ပါ။

အဖြေ။ ။မသင့်ပါ၊ အဲ့ကြောင်းကား ကာမဘုံမှာ ဇီဝဌာယတန ချို့ကောင်းသော ပုဂ္ဂိုလ် မရှိသောကြောင့် ဖြစ်ပါသည်။

အမှာ။ ။ဤအဖြေကား အများဖြေရှိးပြေစဉ်ဖြစ်၏၊ သို့ရာတွင် Burmese Folk-tales (=မြန်မာ လူမျိုး၏ ရှေးစကားပုံဝတ္ထုများ)ခေါ် အင်္ဂလိပ်စာ အုပ်ထဲမှာ မိကျောင်းမှာ လျှာမရှိကြောင်း ရေးထားတာကို တွေ့ရဘူး၏၊ ဤစာရေးသူကိုယ်တိုင် ရန်ကုန်မြို့ တိရစ္ဆာန်ဂိုဏ်း သွားရောက် ကြည့်ရှုရာ မိကျောင်းမှာ လျှာမရှိ ကြောင်းကို သေသေချာချာ တွေ့မြင်ခဲ့ရသည်၊ (မိကျောင်း များမှာ မကြာခဏ ပါးစပ်ကို ဟပြီး နေ တတ် သ ဖြင့် မိကျောင်းမှာ လျှာရှိ မရှိကို မည်သူမဆို သွား

ရောက် ကြည့်ရှုနိုင်ပေသည်၊) ထို့ကြောင့် ဤအ
ချက်ကို ပညာရှိများ စိစစ်သင့်၏။

ဌာန ၂၅-ပါးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋိသန္ဓေ၁,ဘဝင်၆,အာဝဇ္ဇန်း၂,ပဉ္စဝိညာဉ်၁, သမ္ပဋိစ္ဆိန်း ၁, သန္တီရဏ ၁, ဝုဋ္ဌော ၂, ဇော ၆, တဒါရုံ ၂, စုတိ၁, ပေါင်း ဌာန ၂၅-ပါး။

ဆောင်။ ။ကော်ပဋိသန်, ဘဝင်ဌာန်ဆ, ဝိညာဏ်သန္တီ, တစ်ဌာန်စိတည့်, နှစ်လိုဝုဋ္ဌော, ဇော ခြောက်ဌာန်ဖြစ်, နှစ်တဒါရုံ, သုံးစုကြီ, ပေါင်းတုံ နှစ်ဆယ့်ငါး။

ပလိုလ်းဝိုင်း ပြီး၏။

ဒီထိုင်း

ဆ ဆ၏

● ဝတ္ထု ဒုါရ အာရမ္မဏတို့ကို ပကိဏ်းပိုင်းမှာ ပြပြီးပါ လျက် အဘယ်.ကြောင့် ထပ်ဆိုရပါသနည်း။

အဖြေ။ ။ဆ၏ ၆-ခုကို ပြည့်စုံစွာပြု၍ ပဝတ္တိသင်္ဂဟကို ပြဆိုလိုသောကြောင့် ထပ်ဆိုရပါသည်။

ဟေဌာ ကထိတာပိ ပရိပုဏ္ဏံ ကတ္ဝာ ပဝတ္တိသင်္ဂဟံ ဒဿေတုံ ပုန နိက္ခိတ္တာ....ဠီ။

ဟေဌာ=အောက်၌၊ ကထိတာပိ= ဆိုအပ်ပြီးပါ၊ ကုန်သော်လည်း၊ ပရိပုဏ္ဏံ=ပြည့်စုံသည်ကို၊ ကတ္ဝာ=ပြု၍၊ ပဝတ္တိသင်္ဂဟံ=ကို၊ ဒဿေတုံ= ပြခြင်းငှာ၊ ပုန=တဖန်၊ နိက္ခိတ္တာ=ထားအပ်ကုန်ပြီ။

● ဝိသယပဝတ္တိအပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ,ဝိဘူတ, အဝိဘူတ, ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ပေါင်း၉-ပါး။

● စိတ္တယမိုက်မှာ ဌီခဏကို မဟောပါပဲလျက် အဘယ်.ကြောင့် ဌီခဏကို ဆိုထားရပါသနည်း။

အဖြေ။ ။ဌီခဏကိုလည်း အလိုရှိအပ်သောကြောင့် ဆိုပါသည်။

မှတ်ချက်။ ။ဝေနေယျတို့၏ အလိုဆဏ္ဌာသယနှင့် လျော်စေလို သော ကြောင့် ရင်း, နယဒဿန အားဖြင့်

ရင်း စိတ္တယမိုက်မှာ ဌီခဏကို မဟောခြင်း ဖြစ်၏....။

❀ အဘယ်ကြောင့် စိတ်မှာ အသက်တို၏ ရုပ်မှာအသက် ရှည်ပါသနည်း။

အဖြေ။ ။အာရုံကိုယူတတ်သောနာမ်, အာရုံ၏အဖြစ်ဖြင့် ယူအပ်သော ရုပ်တို့သည် ထိုထိုခဏ၏ အစွမ်းအားဖြင့် ပြီးသော ကြောင့် စိတ်မှာအသက်တို၏ ရုပ်မှာအသက်ရှည်ရပါသည်။

အရူပံ လဟုပရိမာဏံ၊ ရူပံ ဂရုပရိမာဏံ၊ ဂါဟကဂါဟေ တဗ္ဗဘာဝဿ တံတံခဏဝသေန နိပ္ဓဇနတော....ဌီ။

အရူပံ=နာမ်သည်၊ လဟုပရိမာဏံ=လျင်သောအတိုင်းအရှည် ရှိ၏၊ ရူပံ=ရုပ်သည်၊ ဂရုပရိမာဏံ=လေးသောအတိုင်း အရှည် ရှိ၏၊ ကသ္မာ=အဘယ်ကြောင့်နည်း ဟူမူကား၊ ဂါဟကဂါ ဟေတဗ္ဗဘာဝဿ=အာရုံကိုယူတတ်သောနာမ်, အာရုံအဖြစ် ယူ အပ်သော ရုပ်အဖြစ်၏၊ တံတံခဏဝသေန=ထိုထိုခဏ၏ အစွမ်း အားဖြင့်၊ နိပ္ဓဇနတော=ပြီးခြင်းကြောင့်တည်း။

❀ "ရူပဓမ္မာနံ မာယူ" ဆို ရူပဓမ္မအရ ဘယ်ရုပ်ကို ယူရ မည်နည်း။

အဖြေ။ ။ဝိညတ်ဒွေး, လက္ခဏရုပ် ၄, ပေါင်း ခြောက်ခု ကြာ ကြွင်းရုပ် ၂၂-ပါးကိုသာ ယူရပါသည်....ဌီ။

မှတ်ချက်။ ။ဝိညတ်ဒွေးသည် စိတ္တလက္ခဏ ၁-ချက်မျှ, လက္ခ ဏရုပ် ၄-ခုတွင် ဥပစယနှင့် သန္တတိသည် စိတ် ၏ ဥပါဒ်ခဏမျှ, ဇရတာသည် ခဏယ် ၄၉-

ချက်မျှ, အနိစ္စတာသည် စိတ်၏ဘင်ခဏမျှသာ အသက်ရှည်၏။ ထို့ကြောင့် ၎င်းတို့ကို ကြည့်ရသည်–၄။

ဆောင်။ ။ဝိညတ်လက္ခဏာ, ဒေ-ခုမျှ, ကြည့်ရ ရပ်သက်မှာ။ ဆ ဆက္ကပြီး၏။

ပဋ္ဌာန်ရဒီထီ

(၈) ဘဝင်တကြိမ်သာ မလှုပ်ပဲ အဘယ့်ကြောင့် ၂-ကြိမ် လှုပ်ရပါသနည်း။

အဖြေ။ ။ပဋ္ဌာရုံနှင့် ပဋ္ဌပသာဒတို့ ထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ၂-ကြိမ်လှုပ်ရပါသည်၊ (အဟုန်ဖြင့် ပြေးနေသော သူသည် ရပ်လိုသည့်နေရာမျိုးမှာ ချက်ခြင်းမရပ်နိုင်ပဲ ခြေ ၁-လှမ်း ၂-လှမ်းလွန်သွားသကဲ့သို့မှတ်)....ဠီ။

ဆောင်။ ။အာရုံ၀ါး၀, ပသာဒမှာ, ထိခိုက်လာသည့်, စွမ်းသတ္တိကြောင့်, မှတ်သိနှစ်ခါ, ဘဝင်မှာ,လှုပ်လာ ရလေသည်။

---

(၉) ပဋ္ဌာရုံက ပဋ္ဌပသာဒကို ထိခိုက်ရာ၌ ပဋ္ဌပသာဒကိုမှီသော ပဋ္ဌဝိညာဉ်ကသာ လှုပ်သင့်ပါလျက် ဟဒကဝတ္ထုကိုမှီသော ဘဝင်က အဘယ့်ကြောင့် လှုပ်ရပါသနည်း။

အဖြေ။ ။ပဋ္ဌပသာဒနှင့် ဟဒယဝတ္ထုတို့သည် သန္ဓတိ၏ အစွမ်းဖြင့် တစပ်တည်းစပ်နေသောကြောင့် ဖြစ်ပါသည်။

သန္ဓတိ၀သေန ကောပဒ္ဓတ္တာ....ဠီ။

သန္ဓတိ၀သေန = သန္ဓတိ၏အစွမ်းကားဖြင့်၊ ကောပဒ္ဓတ္တာ = တစပ်တည်းစပ်နေသည်၏ အဖြစ်ကြောင့်တည်း။

ဃဋ္ဋိတေ အည ဝတ္ထုမ္ပိ၊ အညနိဿိတ ကမ္မနံ။
ဧကာဗဒ္ဓေန ဟောတိတိ၊ သက္ခရောပမာယ ဝေဒေ....ဋ္ဌိ။

အညဝတ္ထုမ္ပိ=ဟဒယဝတ္ထုမ္မ တပါး ပဉ္စဝတ္ထုကို၊ ဃဋ္ဋိတေ= ထိခိုက်အပ်သည်ရှိသော်၊ အညနိဿိတကမ္မနံ=ပဉ္စဝတ္ထုမ္မ တပါး ဟဒယဝတ္ထုကိုမှီသောဘဝင်၏ လှုပ်ခြင်းသည်၊ ဧကာဗဒ္ဓေန=တစပ်တည်းစပ်နေခြင်းကြောင့်၊ဟောတိ=ဖြစ်ရ၏၊ဣတိ=ဤဘဝင် လှုပ်ခြင်းကို၊ သက္ခရောပမာယ=သကာခဲ ဥပမာဖြင့်၊ ဝေဒေ= ပြောပြရာ၏။

● "စက္ခုနာ ရူပံ ပဿတိ" (=စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၏) ဟူသောစကားနှင့် "ရူပံ ပဿန္တံ စက္ခုဝိညာဏံ" (=ရူပါရုံကိုမြင်တတ်သော စက္ခုဝိညာဉ်စိတ်) ဟူသောစကားတို့ ဆန့်ကျင်မနေပါသလော။

အဖြေ။ ။"စက္ခုနာ ရူပံ ပဿတိ" ဟူသောစကားသည် ဌာနူပစာကာရဏူပစာစကားတည်း၊"ရူပံ ပဿန္တံ စက္ခုဝိညာဏံ" ကား မုချစကားတည်း၊ ထို့ကြောင့် မဆန့်ကျင်ပါ....ဋ္ဌိ။

● လဒ္ဓပ္ပစ္စယံဌ ပစ္စယအရကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ယောနိသော မနသိကာရ စသည်တည်း....ဋ္ဌိ။

အမှာ။ ။ယောနိသော မနသိကာရဖြစ်လျှင် မဟာကုသိုလ်ဇော ၈-ခု၊ အယောနိသော မနသိကာရဖြစ်လျှင် အကုသိုလ်ဇော ၁၂-ခု၊ ရဟန္တာ သန္တာန် ဖြစ်လျှင် မဟာကြိယာဇော ၈, ဟသိတုပ္ပါဒ် ၁, ပေါင်း ၉-ခုဖြစ်၏။

● "ယေဘုယျေန သတ္တက္ခတ္တုံ၊ ဇဝတိ"၌ အဘယ့်ကြောင့် ယေဘုယျေနကို ဆိုရပါသနည်း။

အဖြေ။ ။မုဆွာကာလ, မရဏာသန္နကာလတို့၌ ၆-ကြိမ်, ၅-ကြိမ်လည်း စောသေးသောကြောင့် ဆိုရပါသည်။

မုဆွာမရဏာသန္နကာလေသု စ ဆပ္ပဥ္စပိဇဝနာနိ ပဝတ္တန္တိတိ အာဟ ယေဘုယျေနာတိ....ဌီ။

မုဆွာမရဏာသန္နကာလေသု=မိန်းမောတွေ့ဝေရာအခါ, သေခါနီးအခါတို့၌၊ ဆပ္ပဥ္စပိဇဝနာနိ=ခြောက်ကြိမ် ငါးကြိမ်သော ဇောတို့သည်လည်း၊ ပဝတ္တန္တိ=ဖြစ်ကုန်၏။ ဣတိ=ထို့ကြောင့်၊ ယေဘုယျေနာတိ=ဟူ၍၊ အာဟ=ဆို၏။

● အဘယ့်ကြောင့် မဟန္တာရုံဝိထိမှာ တဒါရုံ မကျပါသနည်း။

အဖြေ။ ။ဒုတိယ မဟန္တာရုံဝိထိမှာ အာရုံချုပ်သွားသောကြောင့် တဒါရုံမကျပါ၊ ပဌမ မဟန္တာရုံဝိထိမှာ တဒါရုံ ၂-ကြိမ် မကျလောက်သောကြောင့် မကျပါ။

အာရမ္မဏဿ နိရုဒ္ဓတ္တာဝ တဒါရမ္မဏံ နုပ္ပဇ္ဇတိ၊ ဒ္ဝိက္ခတ္တုံ တဒါရမ္မဏုပ္ပတ္တိယာ အပ္ပဟောနကဘာဝတော....ဌီ။

အာရမ္မဏဿ=၏၊ နိရုဒ္ဓတ္တတာ= ချုပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်၊ တဒါရမ္မဏံ=သည်၊ နုပ္ပဇ္ဇတိ=မဖြစ် (ဒု-ဝိထိအတွက်)။ ဒ္ဝိက္ခတ္တုံ=နှစ်ကြိမ်၊ တဒါရမ္မဏုပ္ပတ္တိယာ=တဒါရုံဖြစ်ခြင်းငှာ၊ အပ္ပဟောနကဘာဝတော=မလောက်သည်၏ အဖြစ်ကြောင့်၊ နုပ္ပဇ္ဇတိ=မဖြစ်(ပ-ဝိထိအတွက်)။

အမှာ။ ။ဝိထိစိတ်များမှာ မည်သူကမှ ဖန်ဆင်း၍ ဖြစ်ပေါ်လာရသည်မဟုတ်၊ စိတ္တနိယာမ အားဖြင့် ဖြစ်ပေါ် လာရသည်၊ မေးလျှင် ဖြေတတ်ပါ၏....ဦး။

(ခ) အဘယ့်ကြောင့် ပရိတ္တာရုံဝိထိမှာ ဇောမစောပါသနည်း။

အဖြေ။ ။အာရုံအားနည်းသည့်အတွက် ဇော ၇-ကြိမ် မစောနိုလာက်သောကြောင့် မစောပါ....ဦး။

ဆောင်း။ ။ပရိတ္တမှာ, အားနည်းပါး၍, ခုနစ်ဖြာဇော, မလောက်သော ကြောင့်, ဇောစော ခွင့်မှာ, မရပါ, မိန့်မှာ ဦးဘာမြတ်။

(ဂ) အဘယ့်ကြောင့် အဘိပရိတ္တာရုံဝိထိမှာ ဝိထိစိတ်များ မဖြစ်ပါသနည်း။

အဖြေ။ ။ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ် မဖြစ်လောက်သော ကြောင့် ဝိထိစိတ်များမဖြစ်ပါ။

ဒုတ္တိကၠတ္တုံ ဝေါဋ္ဌဗ္ဗနုပ္ပတ္တိယာ အပ္ပဟောနကဘာဝတော ဝိထိစိတ္တာနံ ဥပ္ပါဒေါ နတ္ထိ....ဦး။

ဒုတ္တိကၠတ္တုံ=နှစ်ကြိမ် သုံးကြိမ်၊ ဝေါဋ္ဌဗ္ဗနုပ္ပတ္တိယာ=ဝုဋ္ဌော ဖြစ်ခြင်းငှာ၊အပ္ပဟောနကဘာဝတော=မလောက်သည်၏အဖြစ်ကြောင့်၊ဝိထိစိတ္တာနံ=တို့၏၊ဥပ္ပါဒေါ=ဖြစ်ခြင်းသည်၊နတ္ထိ=မရှိ။

"ဝိထိစိတ္တာနိသတ္တဝေ" စသောဂါထာ၌ သတ္တ, စတုဒ္ဒသ, စတုပ္ပညာသအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။သတ္တ အရ = ပဋ္ဌာန်ရာဝင်္ဂန်း, ပဋ္ဌာဝိညာဉ်, သမ္ပဋိစ္ဆိန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံတို့တည်း၊ စတုဒ္ဒသ အရ=ပဋ္ဌာန်ရာဝင်္ဂန်း ၁, ပဋ္ဌာဝိညာဉ် ၁, သမ္ပဋိစ္ဆိန်း ၁. သန္တီရဏ ၁, ဝုဋ္ဌော ၁, ဇော ၇, တဒါရုံ ၂, ပေါင်း ၁၄၊ စတုပညာသ အရ=ကာမစတ ၅-ပ်ံ ၅-တည်း။

ပဋ္ဌာန်ရဝိထိ၏ပေါင်း မည်မျှရှိပါသနည်း။

အဖြေ။　။စက္ခုဒ္ဒါရဒ္ဒ အတိမဟန္တာရုံ ၁, မဟန္တာရုံ ၂, ပရိတ္တာရုံ၄, အတိပရိတ္တာရုံ၄, ပေါင်း ၁၅-ဝိထိ၊ ကျန်၄-ဒ္ဒါရဒ္ဒ လည်း ၁၅-ဝိထိစီဖြစ်၍ ၁၅×၅=၇၅-ဝိထိရှိပါသည်။

ဆောင်း။　။ပဋ္ဌာန်ရ, ဝိထိကျ, ပဋ္ဌသတ္တတိ။

အမှာ။　။"ဝိထိစိတ္တာနိသတ္တော" စသော ဂါထာကား အတိမဟန္တာရုံ အတွက်တည်း၊ မဟန္တာရုံ စသည် ဖြစ်က အောက်ပါအတိုင်း ဂါထာကို ပြင်ပါ။

မဟန္တာရုံ

ဝိထိစိတ္တာနိ ဆဠေဝ, စိတ္တုပ္ပါဒါတု ဒ္ဒါဒသ။
ဆစတ္တာလီသ ဝိတ္ထာရာ, ပဋ္ဌာန်ရေ ယတာရဟံ။

ပရိတ္တာရုံ

ဝိထိစိတ္တာနိ ပဏ္ဍေဝ, စိတ္တုပ္ပါဒါ ဘဝန္တိဆ။
သောဠသမေဝ ဝိတ္ထာရာ, ပဋ္ဌာန်ရေ ယသာရဟံ။
ဝိထိစိတ္တာနိ ပဏ္ဍေဝ, စိတ္တုပ္ပါ'ဒါတု သတ္တဝေ။
သောဠသမေဝ ဝိတ္ထာရာ, ပဋ္ဌာန်ရေ ယသာရဟံ။

အတိပရိတ္တာရုံ

ဝိထိစိတ္တာနိ နဝေဝ, စိတ္တုပ္ပါဒါ တသာ မတာ။
ဝိတ္ထာရာ ဝိစ နဝေဝ, ပဋ္ဌာန်ရေ ယတာရဟံ။

ပဋ္ဌာန်ရဝိထိ ပြီး၏။

မနောဒ္ဓါရ ကာမဇောဝါရ

● မနောဒ္ဓါရ၌ အတိမဟန္တာရုံစသည်ဖြင့်မဆိုပဲ အဘယ်ကြောင့် ဝိဘူတာရုံ,အဝိဘူတာရုံဟုဆိုရပါသနည်း။

အဖြေ။ ။မနောဒ္ဓါရိကစိတ်တို့၏ အာရုံမှာ ပစ္စုပ္ပန်အာရုံသာမဟုတ် အတိတ်, အနာဂတ် အာရုံများလည်း ဖြစ်သောကြောင့် ဆိုပါသည်။

မနောဒ္ဓါရိကစိတ္တာနံ အတီတာနာဂတမ္ပိ အာရမ္မဏံ ဟောတိတိ တေသံ အတိမဟန္တာဒိဝသေန ဝိသယဝဝတ္ထာနံ ကာတုံ နသက္ကာ....ဒ္ဓိ။

မနောဒ္ဓါရိကစိတ္တာနံ=တို့၏၊ အတီတာနာဂတမ္ပိ=အတိတ်, အနာဂတ်လည်းဖြစ်သော၊ အာရမ္မဏံ=သည်၊ ဟောတိ=ဖြစ်၏၊ ဣတိ=ထို့ကြောင့်၊ တေသံ=ထိုမနောဒ္ဓါရိက စိတ်တို့၏၊ အတိမဟန္တာဒိဝသေန= အတိမဟန္တာရုံ စသည် တို့ ၏ အ စွမ်း ဖြင့်၊ ဝိသယဝဝတ္ထာနံ=အာရုံကိုမှတ်သားခြင်းကို၊ကာတုံ=ပြုခြင်းငှာ၊ နသက္ကာ=မတတ်ကောင်း။

● "ဝိထိစိတ္တာနိ တိဏေဝ"စသော ဂါထာ၌ တိဏိ, ဒသ, ဧကစတ္တာလီသအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ။တိဏိအရကား မနောဒ္ဓါရာဝဇ္ဇန်း,ဇော, တဒါရုံတို့တည်း၊ ဒသအရကား မနောဒ္ဓါရာဝဇ္ဇန်း ၁, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်တို့တည်း၊ ဧကစတ္တာလီသအရကား မနောဒ္ဓါရာဝဇ္ဇန်း ၁, ဇော ၂၉, တဒါရုံ ၁၁-တို့တည်း။

အမှာ။ ။"ဝိထိစိတ္တာနိတိဏေဝ"စသောဂါထာကား ဝိဘူတာရုံ ဝိထိအတွက်တည်း၊ အဝိဘူတာရုံ ဖြစ် က ဂါထာကို အောက်ပါအတိုင်း ပြင်ပါလေ။

ဝိထိစိတ္တာနိ ဒ္ဝေယေဝ, စိတ္တုပ္ပါဒါ အဒ္ဓေရိတာ၊
ဝိတ္ထာရေန ပန ဏ္ဍေ, ကေတ္တိ ဝိဘာဝယေ။

မနောဒ္ဓါရ ကာမဇောဝါရ ပြီး၏။

မနောဒ္ဓါရ အပ္ပနာဇောဝါရ

● အဘယ်ကြောင့် အပ္ပနာဇောဝါရမှာ ဝိဘူတအဝိဘူတ အပြားမရှိပါသနည်း။

အဖြေ။ ။အာရုံထင်ရှားရာ အခါ၌သာ အပ္ပနာဇောမျှား ကျသောကြောင့် အပြားမရှိပါ။

အာရမ္မဏသ ဝိဘူတကာလေ ယေဝ အပ္ပနာသမ္ဘဝတော....ဌီ။

အာရမ္မဏသ=အာရုံ၏၊ ဝိဘူတကာလေ ယေဝ=ထင်ရှားရာ အခါ၌သာလျှင်၊ အပ္ပနာသမ္ဘဝတော= အပ္ပနာဇော ဖြစ်သော ကြောင့်တည်း။

● "တိက္ခတ္တုံ စတုက္ခတ္တုံ မေဝ ဝါ" ဟုဆိုသင့်လျက် အဘယ်ကြောင့် "စတုက္ခတ္တုံ တိက္ခတ္တုံ မေ ဝ ဝါ" ဟုဆိုရပါသနည်း။

အဖြေ။ ။ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု ၄-မျိုးလုံး ရသော ဝါရကို ပြလိုသောကြောင့် ဆိုပါသည်။

ပရိကမ္မာဒိနာမာနံ အနဝသေသတော လဗ္ဘမာနဝါရ ဒဿနတ္ထံ စတုက္ခတ္တုန္တိ အာဒိတော ဝုတ္တံ....ဌီ။

ပရိကမ္မာဒိနာမာနံ=ပရိကံအစရှိသော အမည်တို့ကို၊ အနဝသေသတော= အကြွင်းမရှိသောအားဖြင့်၊ လဗ္ဘမာနဝါရဒဿနတ္ထံ=ရအပ်သောဝါရကိုပြရခြင်းအကျိုးငှာ၊ စတုက္ခတ္တုန္တိ=ဟူ၍၊ အာဒိတော=အစ၌၊ ဝုတ္တံ=ဆိုအပ်ပြီ။

အမှာ။ ။ "စတုတ္ထံ ပဋ္ဌမံ ဝါ" ကား ဂဏန်းစဉ် အတိုင်း ဆိုသည်။

(ခ) ယထာဘိနိဟာရ၏အဓိပ္ပာယ်ကို ဖော်ပြပါ။

အဖြေ။ ။ရူပ, အရူပ, လောကုတ္တရာ မဂ်ဖိုလ်အားလျော်စွာ သမထဘာဝနာစိတ်, ဝိပဿနာဘာဝနာစိတ်ကို ရှေးရှု ဆောင်ခြင်းတည်း။

ယထာဘိနိဟာရဝဿနာတိ ရူပါရူပလောကုတ္တရ မဂ္ဂဖလာနုရူပ သမထဝိပဿနာဘာဝနာစိတ္တာဘိနိဟရဏာနုရူပတော--ဒဋ္ဌိ။

ယထာဘိနိဟာရဝဿနာတိ=ဟုသည်ကား၊ ရူပါရူပ လောကုတ္တရမဂ္ဂဖလာ နုရူပသမထ ဝိပဿနာဘာဝနာ စိတ္တာဘိနိဟရဏာ နုရူပတော=ရူပ, အရူပ, လောကုတ္တရာ မဂ်ဖိုလ်အားလျော်သော သမထဘာဝနာစိတ်, ဝိပဿနာဘာဝနာစိတ်ကို ရှေးရှု ဆောင်ခြင်းအားလျော်သောအားဖြင့်။

(ဂ) "တတော ပရံ ဘဝဂ်ပါတော"ဟုသာမဆိုပဲ အဘယ်ကြောင့် အပ္ပနာဝဿာနေကို ထပ်ဆိုရပါသနည်း။

အဖြေ။ ။"တတော ပရံ ဘဝဂ်ပါတော" ဟုသာ ဆိုက အပ္ပနာဇောနောင် ဘဝင်သာ ကျဇတော့၏၊ မဂ္ဂဝီထိ၌ မဂ်ဇော နောင် ဖိုလ်ဇောမျှား မကျ, စျာနသမာပတ္တိဝီထိ၌ စျာန်ဇော အကြိမ်ပေါင်းမျှားစွာ မကျ, ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောမျှား အကြိမ်မျှားစွာ မကျတော့ဟု ယူဆဖွယ်ရှိသောကြောင့် အပ္ပနာဝဿာနေကို ထပ်ဆိုပါသည်။

သြတိဏ္ဏအပ္ပနာတော ဘဝဂ်ပါတောဝ ဟောတိ၊ နမဂ္ဂါနန္တရံ ဖလစိတ္တံ၊ သမာပတ္တိဝီထိယဉ္စ စျာန ဖလစိတ္တာနိ ပုနပ္ပုနန္တိ ဂဏ္ဍေယျုန္တိ ပုန အပ္ပနာဝဿာနေတိ ဝုတ္တံ....ဒဋ္ဌိ။

သြတိဏ္ဏအပ္ပနာတောဝ= ကျသော အပ္ပနာဇောမှ၊ ပရိုံ==နောက်၌၊ ဘဝဂ်ပါတောဝ=ဘ ဝင် ကျ ခြင်း သည် သာလျှင်၊ ဟောတိ=၏၊ မဂ္ဂါနန္တရံ=မဂ်စိတ်၏အခြားမဲ့၌၊ဖလစိတ္တံ=သည်၊ နဟောတိ=မဖြစ်၊ စ=သည်သာမကသေး၊ သမာပတ္တိဝိထိယံ=၌၊ စျာနဖလစိတ္တာနိ=တို့သည်၊ ပုနပ္ပုနံ=ထပ်၊ နဟောန္တိ၊ ကုန်၊ ဣတိ=ဤသို့၊ ဂဏ္ဍေယျုံ=ယူကုန်ရာ၏၊ဣတိ=ထို့ကြောင့်၊ပုန=ဖန်၊ အပ္ပနာဝသာနေတိ=ဟူ၍၊ ဝုတ္တံ=ပြီ။

---

❸ အဘယ်ကြောင့် သောမနဿဇောနောင် ဥပေက္ခာ အပ္ပနာဇောမျှား မကျရပါသနည်း။

အဖြေ။ ။သောမနဿဇောနှင့်ဥပေက္ခာဇောတို့အချင်းချင်း အာသေဝနပစ္စည်း မတပ်သောကြောင့် မကျပါ။

ဘိန္နဝေဒနာနံ အညမညံ အာသေဝနပစ္စယဘာဝဿ အာနုဒ္ဓဋ္ဌတ္တာ....ဠီ။

ဘိန္နဝေဒနာနံ=ပြားသော ဝေဒနာရှိသော ဇောတို့၏၊ အညမညံ=ချင်း၊ အာသေဝန ပစ္စယ ဘာဝဿ=အာသေဝနပစ္စည်းအဖြစ်ကို၊ အနုဒ္ဓဋ္ဌတ္တာ=မထုတ်ဆောင်အပ်သည်၏ အဖြစ်ကြောင့်တည်း။

အနုဒ္ဓာ။ ။အဘယ်ကြောင့် ဥပေက္ခာ ဇောနောင် သောမနဿအပ္ပနာဇောမျှား မကျပါသနည်းဟု မေးကလည်း ဤအဖြေပင်။

---

❹ အဘယ်ကြောင့် ကုသိုလ်ဇောနောင် ကြိယာ အပ္ပနာဇောမျှား မစောပါသနည်း။

အဖြေ။ ။ပြားသောသန္တာန်၌ ဖြစ်သောကြောင့် မစောပါ။

ဘိန္နသန္ဓာနေ နိဗ္ဗတ္တနတော....ဌီ။

ဘိန္နသန္ဓာနေ=ပြားသော သန္ဓာန်၌၊နိဗ္ဗတ္တနတော=ဖြစ်ခြင်းကြောင့်တည်း။

မှတ်ချက်။ ။ကြိယာအပွနာ ဇောကား ရဟန္တာ မှာသာ ဖြစ်သည်ကို သတိပြုမိပါစေ၊ အဘယ်ကြောင့် ကြိယာဇောနောင် ကုသိုလ် အပွနာဇောများ မကျပါသနည်း မေးကလည်း ဤအဖြေပင်။

● "ဒွတ္တိံသ သုခပုညမှာ" စသော ဂါထာ၌ ဒွတ္တိံသ, ဒွါဒသ, အဋ္ဌ, ဆအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ။ဒွတ္တိံသ အရကား ရူပကုသိုလ်သောမနဿ ၄, မဂ်သောမနဿ ၁၆, အောက်ဖိုလ် ၃-ခု သောမနဿ ၁၂, ပေါင်း ၃၂-ပါးတည်း၊ ဒွါဒသအရကား မဟာဂျုလ် ကုသိုလ် ဥပေက္ခာ ၅,မဂ်ဥပေက္ခာ ၄, အောက်ဖိုလ် ၃-ခု ဥပေက္ခာ ၃, ပေါင်း ၁၂-ပါးတည်း၊ အဋ္ဌအရကား မဟာဂျုတ်ကြိယာ သောမနဿ ၄, အရဟတ္တဖိုလ်သောမနဿ ၄, ပေါင်း ၈-ပါးတည်း၊ ဆအရကား မဟာဂျုတ်ကြိယာ ဥပေက္ခာ ၅, အရဟတ္တဖိုလ် ဥပေက္ခာ ၁, ပေါင်း ၆-ပါးတည်း။

အမှာ။ ▪ဒွတ္တိံသအရကို ကောက်ပြပါ စသည်ဖြင့်မမေးပဲ မဟာကုသိုလ်သောမနဿ ဉာဏသမ္ပယုတ် ၂-ခုနောင် စောနိုင်သော အပွနာဇောများကို ဖော်ပြပါဆိုက ဒွတ္တိံသအရပင်တည်း၊ ထို့အတူ မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ် ၂-ခုနောင် ဒွါဒသ၊ မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ် ၂-ခုနောင်အဋ္ဌ၊ မဟာကြိယာ

ဥပေက္ခာ ဥာဏသမ္ပယုတ် ၂-ခုနောင်ဆတည်း၊ မေးလျှင်ဖြေတတ်ပါစေ။

● တိဟိတ် ပုထုဇဉ်နှင့် အောက်ဖလဌာန် ၃-ယောက် သန္တာန်မှာ ရနိုင်သော အပ္ပနာဇောမျှားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အထက်အဖြေ၌ ဒုတ္တိ သအရနှင့် ဒုဒါဒသအရကို ပေါင်း၍ ၄၄-ပါး ရနိုင်ပါသည်။

● ရဟန္တာသန္တာန်မှာ ရနိုင်သော အပ္ပနာဇောမျှားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အဌအရနှင့် ဆအရကိုပေါင်း၍ ၁၄-ပါးရနိုင်ပါသည်။

အမှာ။ ။ဤမေးခွန်း ၂-ခုကား "ပုထုဇနာနသေက္ခာနံ" စသော ဂါထာ အတွက်တည်း၊ တိဟိတ် ပုထုဇဉ်နှင့် အောက်ဖလဌာန် ၃-ယောက်မှာ ကုသိုလ်သာဖြစ်၍ ရဟန္တာမှာ ကြိယာသာ ဖြစ်ကြောင်းကိုလည်း အထူးသတိပြုပါလေ။

တဒါရုမ္မဏ နိယမ

● "ဣဋ္ဌေ ကုသလဝိပါကာနိ"၌ အဘယ်ကြောင့် အဘယ် ဣဋ္ဌာရုံကို ယူရမည်နည်း။

အဖြေ။ ။"အတိက္ကဌေပန" စသည်ဖြင့် ဆိုလတ္တံ့ ဖြစ်သော ကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံကိုသာ ယူရပါသည်....ဦး။

❓ အဘယ့်ကြောင့် အတိက္ကဌာရုံမှာ သောမနဿတဒါရုံ, ဣဋ္ဌမဇ္ဈတ္တာရုံမှာ ဥပေက္ခာတဒါရုံ ကျရပါသနည်း။

အဖြေ။ ။ကံ၏ အာနုဘော်ကြောင့်ဖြစ်သော ဝိပါက်စိတ်သည် မှန်လဲမှာ မျက်နှာရိပ်ထင်သကဲ့သို့ အဝှေးကြုံခြင်းမရှိ အားထုတ်၍ အာရုံကိုယူခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ဝိပါကဿ ဟိ ကမ္မာနုဘာဝတော ပဝတ္တမာနဿ အာဒါသေ မုခနိမိတ္တံဝိယ နိဗ္ဗိကပ္ပတာယ ပကပ္ပေတ္တာ ဂဟဏာဘာဝတော...ဦး။

ဟိ=မှန်၏၊ ကမ္မာနုဘာဝတော=ကံ၏ အာနုဘော်ကြောင့်၊ ပဝတ္တမာနဿ=ဖြစ်သော၊ ဝိပါကဿ=၏၊ အာဒါသေ=မှန်ထဲ၌၊ မုခနိမိတ္တံဝိယ=မျက်နှာရိပ်ကဲ့သို့၊ နိဗ္ဗိကပ္ပတာယ=အထူးကြုံခြင်းမရှိသည်၏ အဖြစ်ကြောင့်၊ ပကပ္ပေတ္တာ=အားထုတ်၍၊ ဂဟဏာဘာဝတော=ယူခြင်း၏ မရှိခြင်းကြောင့်တည်း။

❓ အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ်ဇောများသည် အာရုံအားလျှော်စွာ မစောကြပါသနည်း။

အဖြေ။ ။ဝိပလ္လာသတရားကို မပယ်ရသေးသော ပုထုဇဉ်သေက္ခတို့၏ သန္တာန်မှာသာ ဖြစ်သောကြောင့် မစောပါ။

ကုသလာကုသလာနံ ပန အပ္ပဟီနဝိပလ္လာသေသု သန္တာနေသု ပဝတ္တိယာ....ဦး။

ကုသလာကုသလာနံ= ဇောတို့၏၊ အပ္ပဟီနဝိပလ္လာသေသု= မပယ်အပ်သော ဝိပလ္လာသတရားရှိကုန်သော၊ သန္တာနေသု=ပုထုဇဉ်,သေက္ခသန္တာန်တို့၌၊ ပဝတ္တိယာ=ဖြစ်ခြင်းကြောင့်တည်း။

အမှာ။ ။မေးလိုရင်းမှာ အတိဇ္ဇာရုံမှာ သောမနဿ တ ဒါရုံ ကျသကဲ့သို့ အတိဇ္ဇာရုံမှာ သောမနဿ ဇောသာ စောသင့်သည် မဟုတ်လော စသည် တည်း၊ ကုသိုလ် အကုသိုလ် ဇောများကား ပုထုဇဉ်သေက္ခတို့၏ သန္တာန်မှာသာဖြစ်၏၊ ပုထုဇဉ် သေက္ခတို့ကား ဇုဒ္ဓာရုံကိုလည်း အနိဋ္ဌာရုံ ထင်ချင် ထင်တတ်၏၊ အနိဋ္ဌာရုံကိုလည်း ဇုဒ္ဓာရုံထင်ချင်ထင်နေတတ်၏။ ထို့ကြောင့် ဇောများလည်း ဇုဒ္ဓာရုံမှာ သောမနဿဇောဟု တထစ်ချမစော တတ်တော့၊ မှန်၏–တိဋ္ဌိများသည် ဘုရားတည်း ဟူသော အတိဇ္ဇာရုံကို တွေ့ရာမှာ သောမနဿ ဇောမစောပဲ ဒေါသဇောစောရ၏။

● "ဝိပါက်အမှန်, ဇောအပြန်" ဟူသော ရှေးဆရာမြတ်တို့၏ စကားကို ပုံစံသွင်းရှု ရှင်းပြခဲ့ပါ။

အဖြေ။ ။ခွေးသည် အနိဋ္ဌာရုံဖြစ်သော မစင်ကို တွေ့မြင်ရာ၌ ဇုဒ္ဓာရုံဟု မှတ်ထင်မှုကြောင့် အနိဋ္ဌာရုံမှာ ဒေါသဇော မစောပဲ သောမနဿဇောစော၏၊ ဤကဲ့သို့ အနိဋ္ဌာရုံမှာဒေါသ ဇော စောသင့်လျက် သောမနဿဇော စောသောကြောင့် "ဇောအပြန်"ဟုခေါ်၏၊ ခွေးဟာ မစင်ကို ဇုဒ္ဓာရုံလို့ ဘယ်လောက်ပဲ ထင်နေနေ ရှေးအကုသိုလ်ကံကြောင့် တွေ့မြင်ရသော အနိဋ္ဌာရုံ စစ်စစ်ဖြစ်သော အကျိုးဝိပါက်သာတည်း၊ ဤကဲ့သို့ ဝိပါက်မှာ တကယ်မှန်ကန်သောကြောင့် "ဝိပါက်အမှန်" ဟု ပြောစမှတ်ပြုကြ၏။

အမှာ။ ။ဝိပါက် အမှန်ဟူသော စကားသည် တထစ်ချ မှန်၏၊ ဇောအပြန် ဟူသောစကားကား ပ:ထစ်

ချမမှန်ပေ၊ ရဟန္တာ သန္တာန်မှာဖြစ်သော ကြိယာ ဇောများကား အပြုန်မဟုတ် ဇောအမှန်ပင်၊ တ ချို့. ပုထုဇဉ်သေက္ခတို့ သန္တာန်မှာ ဖြစ်သော ဇော များလည်း ဇောအမှန်ရှိသည်။ တင်ရှားစေအုံ-သဒ္ဓါ တရား ကောင်း သော ဒကာ တ ယောက် ဘုရားဖူးရာမှာ ဘုရား တည်း ဟူ သော အ တိ ဋ္ဌာရုံ၌ သောမနဿဇော စောသည်သာ၊ ထို သော မနဿ ဇော ကား အပြုန် မ ဟုတ် အ မှန် တည်း။

● အဘယ်ကြောင့် ဒေါသမူဇောနှောင် သောမနဿ တဒါရုံ မကျပါသနည်း။

အဖြေ။ ။အချင်းချင်း ဆန့်ကျင်သော ·သဘောရှိသော ကြောင့်ဖြစ်ပါသည်။

အညမညဝိရုဒ္ဓသဘာဝတ္တာ....ဠီ။

အညမည ဝိရုဒ္ဓသဘာဝတ္တာ=အချင်းချင်း ဆန့်ကျင်သော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

● အဘယ် အင်္ဂါနှင့် ပြည့်စုံ ညီညွတ်မှ တဒါရုံ ကျပါ သနည်း။

အဖြေ။ ။ကာမဇော, ကာမသတ္တဝါ,ကာမအာရုံ သုံးပါး စုံမှ တဒါရုံကျပါသည်။

ကာမေ ဝဇနသတ္တာလ,မ္ဘကာနံ နိယမေ သတိ။
ဝိဘူတေ တိမဟာန္တေ စ၊ တဒါရမ္မဏ မိရိတံ။

● အဘယ်ကြောင့် ကာမဇောနှောင်သာ တဒါရုံကျရ ဂါသနည်း။

အဖြေ။ ။ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သောကြောင့် ကျရပါသည်။

ကာမတဏှာ နိဒါန ကမ္မနိဗ္ဗတ္တာ....ဌီ။

ကာမတဏှာ နိဒါန ကမ္မနိဗ္ဗတ္တတ္တာ= ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သောကြောင့်တည်း။

● အဘယ့်ကြောင့် မဟာဂုတ်, လောကုတ္တရာဇောမျှားနောင် တဒါရုံမကျပါသနည်း။

အဖြေ။ ။မဟာဂုတ်,လောကုတ္တရာဇောမျှားသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်ရင်း, တဒ္ဒါရုံကိုဖြစ်စေတတ်သော ကာမာဝစရကံနှင့် မတူသောကြောင့်ရင်း မကျပါ။

အဇနကတ္တာ ဇနကသမာနတ္တာဘာဝတောစ....ဌီ။

အဇနကတ္တာ=တဒါရုံကိုမဖြစ်စေဘတ်သည်၏အဖြစ်ကြောင့်ရင်း၊ ဇနကသမာနတ္တာဘာဝ့တောစ= တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရ ကံနှင့် မတူသည်၏ အဖြစ်ကြောင့်ရင်းတည်း။

● အဘယ့်ကြောင့် ရူပသတ္တာ၊, အရူပ သတ္တဝါတို့မှာ တဒါရုံမကျပါသနည်း။

အဖြေ။ ။တဒါရုံ၏ အားကြီးသော အကြောင်း ဖြစ်သော ကာမဝစရ ပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် မကျပါ။

တဒါရမ္မဏူပနိဿယဿ ကာမာဝစရ ပဋိသန္ဓိ ဗီဇဿာ ဘာဝတောဝ....ဌီ။

တဒါရမ္မဏူပနိဿယဿ=တဒါရုံ၏ အားကြီးသော မှီရာဖြစ်သော၊ ကာမာဝစရပဋိသန္ဓိဗီဇဿ=ကာမာဝစရ ပဋိသန္ဓေမျိုးစေ့၏၊ အဘာဝတော=မရှိခြင်းကြောင့်တည်း။

● မဟာဂျုတ်, လောကုတ္တရာ စသော အာရုံတို့၌ အဘယ်ကြောင့် တဒါရုံမကျပါသနည်း။

အဖြေ။ ။လေ့ကျက်အပ်သောအာရုံမဟုတ်သောကြောင့် မကျပါ။

အပရိစိတတ္တာ....ဌီ။(အနက်ကွယ်ပြီ)။

● အာဝဇ္ဇန်းနှင့်ကင်းၗ ဖြစ်နိုင်သော စိတ်များကို ဖော်ပြပါ။

အဖြေ။ ။အာဂန္တုကဘဝင် သန္ဓိရဏ ၂-ခု, မဂ္ဂဝီထိ၌ ဂေါတြဘုဝေါဒါန်, ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော, နိရောဓသမာပတ်မှ ထသောအခါ စောသော အနာဂါမိ ဖိုလ်ဇော, အရဟတ္တ ဖိုလ်ဇောတို့ဖြစ်ပါသည်....ဌီ။

ဆောင်။ ။အာဂန္တုက, ဘဝင်ဒွန္ဒနှင့်, မဂ္ဂဝီထိ,ဂေါ-ဝေါသိလော, ဝိထိဖလတ်, သမာပတ်၌, သိမ္ဘတ်ဖိုလ်ဇော, နိရောမှ ၁, အရဟတ္တအနာ, ဇောနှစ်ပြုတို့, အာဝဇ္ဇန်းမှ ကင်းလွတ် ကြသည်, နှုတ်ရ ဆောင်ဖို့ ကျေတည်း။

● အဘယ်ဇောနောင် အဘယ်တဒါရုံ ကျကြောင်းကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ ။မဟာကြိုယာ ဥပေက္ခာဇော ၄-ခု, ဒေါသဇော ၂-ခု ဤဇော ၆-ပါးနောင် မဟာဝိပါက် ဥပေက္ခာ ၄-ခု ဥက္ခာသန္ဓိရဏ ၂, ပေါင်း တဒါရုံ ၆-ပါးကျပါသည်၊ မဟာကြိုယာ သောမနဿဇော ၄, ဟသိတုပ္ပါဒ်ဇော ၁, ပေါင်း ၅-ပါးနောင် မဟာဝိပါက် သောမနဿ ၄, သောမနဿ သန္ဓိရဏ ၁, ပေါင်း တဒါရုံ ၅-ပါးကျပါသည်၊ လောဘမူဇော ၈, မောဟမူဇော ၂, မဟာကုသိုလ်ဇော ၈, ပေါင်း ၁၈-ပါးနောင် တဒါရုံ ၁၁-ခုလုံး ကျပါသည်။

ဆောင်။ ။ဤဝယ်သနစ်, အရင်းစစ်က, ဥပေက်ကြိုယာ, ဒေါသာ ခြောက်နှာက်, တဒါ ခြောက်တည်း၊ ကြိုသောနှာက်ငါး, ကြင်းငြားဆယ်ရှစ်, ဇော နောင်ဖြစ်သည့်, ဆယ့်တစ် တဒါရုံ ပေါင်း တည်း။

ဇဝနနိယမ

(၈) အဘယ်ကြောင့် သေခါနီးအခါမှာ ဇော ၅-ကြိမ်သာ စောပါသနည်း။

အဖြေ။ ။မိုရဟဒယဝတ္ထုအားနည်းရ မိုဘက်သော ဇော မျှားလည်း နုံ့နှေးသောအဟုန်ရှိသောကြောင့် ဖြစ်ပါသည်။

မရဏာသန္နကာလေ ဝတ္ထုဒုဗ္ဗလတာယ မန္ဒီဘူတဝေဂတ္တာ ....ဠီ။

မရဏာသန္နကာလေ=သေခါနီးအခါ၌၊ ဝတ္ထုဒုဗ္ဗလတာယ= ဟဒယ ဝတ္ထု အားနည်းသည်၏ အဖြစ်ကြောင့်၊ မန္ဒီဘူတဝေ ဂတ္တာ=နုံ့နှေးသောအဟုန်ရှိသည်၏အဖြစ်ကြောင့်တည်း။

အမှာ။ ။မရဏ ကာလာဒီသုဒ္ဓ အာဒိဖြင့် မုန္ဆာကာယ (=တွေ့ဝေမိန်းမောရာအခါ)ကိုယူ....ဦး။

"ဘဂဝတော ပန ။ပ။ စတ္တာရိ ပဋ္ဌာနာနိ"ဟု အဘယ် ပုဂ္ဂိုလ်အား ၄-ကြိမ်, အဘယ် ပုဂ္ဂိုလ်အား ၅-ကြိမ် ကျပါသနည်း။

အဖြေ။ ။မြတ်စွာဘုရားအား၄-ကြိမ်, အဂ္ဂသာဝကမဟာသာဝကတို့အား ၅-ကြိမ်၊ သို့မဟုတ် တိကို့ဒ္ဒေယအား ၄-ကြိမ်, မုဒိန္ဒြိယအား ၅-ကြိမ်ကျပါသည်....ဦး။

အမှာ။ ။ဘဂဝတော ဟူသော စကားသည် နိဒဿနမျှသာတည်း၊ ထိုကြောင့် အဂ္ဂသာဝကမဟာသာဝကတို့ကိုပါယူ....ဦး။

"သဗ္ဗတ္ထာပိ သမာပတ္တိဝိထိယံ"ဟု ယူရမည့် သမာပတ္တိဝိထိများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စျာနသမာပတ္တိ, ဖလသမာပတ္တိ ဝိထိများဖြစ်ပါသည်၊ (နိရောဓသမာပတ္တိ ဝိထိကို မယူရပါ....ဦး။)

သမာပတ္တိ ဝိထိဟု အဘယ်ကြောင့် ဇောများ အကြိမ်များစွာ စောရပါသနည်း။

အဖြေ။ ။သမာပတ္တိဝိထိဟု နှုန်ဉ်ပတ်လုံး ဇောများ ဖြစ်နေကြသောကြောင့် စောရပါသည်။

သမာပတ္တိဝိထိယံ အဟောရတ္တမိ ပဝတ္တနတော....ဦး။

သမာပတ္တိဝိထိယံ=ဟု၊ အဟောရတ္တမိ=နှုန်ဉ်ပတ်လုံးလည်း၊ ပဝတ္တနတော=ဖြစ်ခြင်းကြောင့်တည်း။

● နိရောဓသမာပတ္တိ ဝိထိ၌ သောတာပတ္တိ ဖိုလ် ဇော သကဒါဂါမိ ဖိုလ်ဇော မျှား မစောပဲ အ ဘယ် ကြောင့် အနာဂါမိ ဖိုလ်ဇော အရဟတ္တဖိုလ်ဇော မျှားသာ စောရပါသနည်း။

အဖြေ။ ။နိရောဓသမာပတ်ကို အနာဂါမ်, ရဟန္တာမျှားသာ ဝင်စား၍ သောတာပန်, သကဒါဂါမ်မျှား မဝင်စားနိုင်သောကြောင့် ဖြစ်ပါသည်....ဦး။

● ၁-ကြိမ်, ၂-ကြိမ်, ၃ ကြိမ်, ၄-ကြိမ်, ၅-ကြိမ် ၆-ကြိမ်, ၇-ကြိမ်, အကြိမ်မျှားစွာ စောသော ဇောမျှားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အာဒိကမ္မိကပုဂ္ဂိုလ်၏မဟာဂုတ်ဇော, အဘိညာဉ်ဇော, မဂ်ဇော, နိရောဓသမာပတ်မှ ထရာအခါ အနာဂါမိဖိုလ်ဇောနှင့် အရဟတ္တ ဖိုလ်ဇောမျှားသည် တကြိမ်၊

မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝိထိ၌ ဖိုလ်ဇော, နိရောဓသမာပတ်၏ ရှေ့အဖို၌ စတုတ္ထဈာန်ရူပဇော တို့သည် ၂-ကြိမ်၊

တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝိထိ၌ ဖိုလ်ဇော, တိက္ခပုဂ္ဂိုလ်၏စျာနဝိထိ, မဂ္ဂဝိထိတို့၌ ကာမဇော တို့သည် ၃-ကြိမ်၊

မြတ်စွာဘုရားယမိုက်ပြာဦးဟာကို ပြရာအခါ၌ ပစ္စဝေက္ခဏာဇော, မန္ဒပုဂ္ဂိုလ်၏ စျာနဝိထိ မဂ္ဂဝိထိတို့၌ ကာမဇော တို့သည် ၄-ကြိမ်၊

မရဏာသန္နကာလမှစ္ဆာကာလတို့၌ ကာမဇော, အဂ္ဂသာဝကမဟာသာဝကတို့ တန်ခိုးပြရာအခါ၌ ပစ္စဝေက္ခဏာဇော တို့သည် ၅-ကြိမ်၊

ပကတိအခါ ကာမဇောတို့သည် ၆-ကြိမ်၊ ၇-ကြိမ်၊ သမာပတ္တိဝီထိ၌ စောသော ဇောတို့သည် အကြိမ်များစွာ စောကြပါသည်။

ပုဂ္ဂလဘေဒ

ဒ္ဒိဟိတ်, အဟိတ်ပုဂ္ဂိုလ် တို့အား အဘယ့်ကြောင့် ကြိယာဇော, အပ္ပနာဇောများ မရပါသနည်း။

အဖြေ။ ။ဝိပါကန္တရာယ် တားမြစ်သောကြောင့် အပ္ပနာဇောမရပါ။ အရဟတ္တဖိုလ်စိတ် မရှိသောကြောင့် ကြိယာဇော မရပါ။

အရဟတ္တံ နတ္ထိတိ ကြိယဇဝနာနိ နလဘန္တိ၊ ဝိပါကာ ဝရဏာ သဗ္ဗာဝဝတော....ဌီ။

အရဟတ္တံ=စိတ်သည်၊ နတ္ထိ=မရှိ၊ ဣတိ=ထို့ကြောင့်၊ ကြိယဇဝနာနိ=တို့ကို၊ နလဘန္တိ=ကုန်၊ ဝိပါကာဝရဏာသဗ္ဗာဝဝတော= ဝိပါကန္တရာယ် တားမြစ်သောကြောင့် (အပ္ပနာဇောမရဟူလို)။

အဘယ့်ကြောင့် လောကုတ္တရာဇောများ အရိယာတို့ သန္တာန်မှာသာ ယထာရဟ ဖြစ်ရပါသနည်း။

အဖြေ။ ။မဂ်စိတ် ၄-ခုသည် တကြိမ်သာဖြစ်၍ မဂ်ပုဂ္ဂိုလ်မှတပါး အခြားပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့်ရင်း, အောက်အောက် ဖလဌာန်ပုဂ္ဂိုလ်သည် အထက် အထက် ဖလသမာပတ်ကို မရသောကြောင့်ရင်း, အထက် အထက် ဖလဌာန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အောက်အောက်ဖိုလ်စိတ်များ ပြန်မဖြစ်တော့ပဲ ငြိမ်းအေးသွားသောကြောင့်ရင်း ယထာရဟဖြစ်ရပါသည်....ဌီ။

အမှာ။ ။ယထာရဟဖြစ်ပုံကို ရေးပါဆိုက သောတာပတ္တိ မဂ္ဗဒ္ဓာန်သည် လောကုတ္တရာစိတ် ၈-ခုထဲက သောတာပတ္တိ မဂ်စိတ် တခုသာရ၏။ (၀) ရဟန္တာ ပုဂ္ဂိုလ်သည် လောကုတ္တရာစိတ် ၈-ခုထဲက အရဟတ္တဖိုလ်စိတ် တခုသာရ၏ဟုဖြေလေ၊ (အခြား စိတ်များကား မေးဖွယ် မကောင်း၍ မရေးတော့ဖြို)။

● ပုဂ္ဂိုလ် ၁၂-မျိုးကို ထုတ်ပြခဲ့ပါ။

အဘဖြေ။ ။ဒုဂ္ဂတိ အဟိတ် ၁, သုဂတိ အဟိတ် ၁, ဒ္ဝိဟိတ် ၁, တိဟိတ် ၁, အရိယာ ၈, ပေါင်း ၁၂။

ဆောင်။ ။ဒု-သု-ဒ္ဝိ-တိ, ရှစ်အရိ, ပေါင်းဘိဒ္ဓါဒသ။

● ပုဂ္ဂိုလ် ၁၂-ယောက်၏ စိတ်ရကို အသီးသီး ဖော်ပြခဲ့ပါ။

အဝဖြေ။ ।ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာ ဟသိတုပ္ပါဒ်ကြဉ် အသောဘနစိတ် ၂၉, မဟာကုသိုလ် ၈, ပေါင်း ၃၇-ပါးရ၏။

သုဂတိအဟိတ် နှင့် ဒ္ဝိဟိတ် ပုဂ္ဂိုလ်တို့မှာ ၎င်း ၃၇-တွင် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုထည့် ၄၁-ပါးစီရ၏။

တိဟိတ် ပုဂ္ဂိုလ်မှာ ၎င်း ၄၁-တွင် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄, မဟဂ္ဂုတ်ကုသိုလ် ၉-ခု ထပ်ထည့် ၅၄-ပါးရ၏။

မဂ်ပုဂ္ဂိုလ် ၄-ယောက်မှာ မိမိဆိုင်ရာ မဂ်စိတ် ၁-ခုစီသာရ၏။

သောတာပန်ပုဂ္ဂိုလ်မှာ ယခင် ၅၄-ပါးထဲကဒိဋ္ဌိဂတသမ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁, ပေါင်း ၅-ခုနှုတ်, သောတာပတ္တိဖိုလ်ထည့် ၅၀-ရ၏။

သကဒါဂါမ်မှာ ၎င်း ၅၀-ထဲက သောတာပတ္တိဖိုလ်နှုတ် သကဒါဂါမိဖိုလ်ထည့် ၅၀-ပင်ရ၏။

အနာဂ်ါမ်မှာ ၎င်း ၅၀-ထဲက ဒေါသမူဌေးသကဒါဂါ မိဖိုလ်နှုတ် အနာဂါမိဖိုလ်ထည့် ၄၈-ပါးရ၏။

ရဟန္တာမှာအဟိတ် ၁၈, မဟာဝိ-ကြို ၁၆-မဟာဂျုတ်ကြိုယာ ၉, အရဟတ္တဖိုလ် ၁,ပေါင်း ၄၃-ပါးရ၏။ (အထပ်ထပ်ကြည့်ရှု ပါလေ)။

● "အသေက္ခာနံ စတုစတ္တာ,လီသ" စသော ဂါထာ၌ စတုစတ္တာလီသ, ဆပညာသ, စတုပညာသအရတို့ကိုကောက်ပြ ခဲ့ပါ။

အဖြေ။ ။စတုစတ္တာလီသအရကား အဟိတ် ၁၈, မဟာ ဝိကြို ၁၆, မဟာဂျုတ်ကြို ၉, အရဟတ္တဖိုလ် ၁, ပေါင်း ၄၄-ပါး တည်း၊ ဆပညာသအရကား ဒိဋ္ဌိဂတဝိပ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁, ဟသိတုပ္ပါဒ် ၁,ပေါင်း ၆-ပါးကြဉ် အသောဘန ၂၄,မဟာကု-ဝိ ၁၆,မဟာဂျုတ်ကု ၉,မဂ်၄-ခု, အောက်ဖိုလ် ၃-ခု, ပေါင်း ၅၆-ပါးတည်း၊ စတုပညာသအရကား အထက် ပုစ္ဆာအဖြေ၌ တိဟိတ် စိတ်ရ ၅၄-ပင်တည်း။

ဘုရားဝန္ဒနာ

● အဘယ်ကြောင့် ကာမဘုံမှာ ဝိထိစိတ် ဂ၀-လုံးရပါ သနည်း။

အဖြေ။ ။ကာမဘုံမှာ ဒွါရ ၆-ပါး, ပုဂ္ဂိုလ် ၁၂-ယောက် လုံးအကုန်ရသောကြောင့် ဖြစ်ပါသည်။

ဆန္ဒံ ဒွါရာနံ သဗ္ဗေသဉ္စ ပုဂ္ဂလာနံ တတ္ထ သမ္ဘဝတော....ဌီ။

ဆန္ဒံ=ဖေပါးကုန်သော၊ ဒ္ဒါရာနံ=ဒ္ဒါရတို့၏ရင်း၊ သဗ္ဗေသံ=အလုံးစုံကုန်သော၊ပုဂ္ဂလာနဉ္စ= ပုဂ္ဂိုလ်တို့၏ရင်း၊ တတ္ထ=ထိုကာမဘုံ၌၊ သမ္ဘဝတော=ဖြစ်ခြင်းကြောင့်တည်း။

● ရူပဘုံ၌ မရနိုင်သောစိတ်မျိုးကို အကြောင်းနှင့်တကွ ရှင်းပြခဲ့ပါ။

အဖြေ။ ။ဒေါသမူဒ္ဒေး, မဟာဝိပါက် ၈, ဃာနာ ဒိတ္တယ ၆, အရူပဝိပါက် ၄,ပေါင်း ၂၀-မရပါ။

အကြောင်းကား ရူပဘုံ၌ ပဋိဃတရားမရှိသောကြောင့် ထိုပဋိဃနှင့် ယှဉ်သော ဒေါသမူဒ္ဒေးကိုမရ၊ မဟာဝိပါက်မှာတဒါရုံကိစ္စသာဘပ်သောကြောင့် မရ၊ကာမဝိရာဂ ဘဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်နှစ်သက်ခြင်းမရှိသောကြောင့် ဃာန ဝိညာဉ်ဒွေး,ဇိဝှာဝိညာဉ်ဒွေး ကာယဝိညာဉ်ဒွေး ၆-ပါးကိုမရ၊ (ဦးကာကျော် ပါဠိ ပကိဏ်းပိုင်း ဝတ္ထု သင်္ဂဟမှာ ပါသည်၊ကြည့်လေတော့)။

ဆောင်။ ။ဃာ နာ ဒိဆ, ဒေါသ နှစ် ဖြာ, ရှစ် မဟာ ဝိ,
အရှ ဝိ, မရှိ ရူပဘုံ။

● အရူပဘုံမှာ မဖြစ်နိုင်သော စိတ်များကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

အဖြေ။ ။ကာမ ဝိပါက်တေဝိသ, သောတာပတ္တိမဂ်, ရူပစိတ် ၁၅,ဒေါသမူဒ္ဒေး,ဟသိတုပ္ပါဒ် ၁,ပေါင်း၄၃ပါးမရပါ။

အကြောင်းကား ဒ္ဒါရမရှိခြင်းကိစ္စမရှိခြင်းတို့ကြောင့် ကာမဝိပါက်တေဝိသ မရ၊ပရတောဃောသ ပစ္စည်းမရှိလျှင် သာဝကများ မဖြစ်နိုင်သောကြောင့် သောတာပတ္တိမဂ်မရ၊ ရူပဝိရာဂ

ဘာဝနာ၏ အစွမ်းဖြင့် ရူပစိတ်များ ပယ်ပြီး ဖြစ်သော ကြောင့် ရူပစိတ် ၁၅,မရ၊ အရူပဘုံမှာကိုယ်မရှိသောကြောင့် ဟသိတုပ္ပါဒ် မရ၊ (ကိုယ်မရှိပဲ မရယ်ရှင်နိုင်၊သတိပြုပါ)....ဦး။

ဆောင်။ ။ကာမဝိပါ, တေဝိသာနှင့်, သောတာပတ္တိ, ရူဝိ ဆယ့်ငါး, နှစ်ပါးဒေါသ,ဟသိမ္ပ, မရအရူဘုံ။

အမှာ။ ။ရူပဘုံ အရူပဘုံဘို့၌ မရသော စိတ်များကို သိရ ပြီဖြစ်၍ ရသော စိတ်များကို ရေးပါဆိုက ကျန် စိတ်များကို ရေးပါလေ။

---

(၉) ၃၁-ဘုံနှင့် ပုဂ္ဂိုလ် ၁၂-မျိုးကို အသီးသီး တွဲစပ်ပြခဲ့ ပါ၊ (ဘုံပုဂ္ဂိုလ်အရကို ပြပါဟူလို)။

အဖြေ။ ။အပါယ်ဘုံမှာ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် ၁မျိုးသာ ရ၏၊ လူ့ဘုံ,စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှ တပါး ကျန် ပုဂ္ဂိုလ် ၁၁-မျိုးရ၏၊ ကျန်နတ်ပြည် ၅-ထပ်၌ ဒုဂ္ဂတိ အဟိတ်, သုဂတိအဟိတ် ၂-မျိုးပယ် ကျန်ပုဂ္ဂိုလ် ၁၀-မျိုးရ၏၊ အသညသတ် သုဒ္ဓါဝါသကြဉ် ရူပ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ်၉-မျိုးရ၏၊အ သညသတ်ဘုံ၌သုဂတိအဟိတ်တမျိုးသာရ၏၊သုဒ္ဓါဝါသ၅-ဘုံမှာ အနာဂါမိဖလဌာန်,အရဟတ္တမဂ္ဂဌာန်,ရဟန္တာ၃-မျိုးရ၏၊ အရူပ ဘုံ၌ သောတာပတ္တိမဂ် ပုဂ္ဂိုလ်မှတပါး ကျန်တိဟိတ် ပုဂ္ဂိုလ် ၈-မျိုးရ၏၊(ဆောင်ပုဒ်နှင့် ကိုက်ကြည့်ပါ)။

ဆောင်။ ။အပယ်ဒုရ၊ လူနတ်စ၌, ဒု–ပ ကော်ဒယ်၊ ထက် ငါးနတ်ဝယ်, အဟိတ်ပယ်လော့၊ ဆယ်ဘုံရူပ, တိဟိတ်ရ၏၊ သညုသသ၊ ငါး သုဒ္ဓါမှာ, ရိ ယာ ခေါင်ဆုံး, သုံးမျိုးစိရ၊ အရူပဝယ်, စမင် ပယ်သည်, ရှစ်သွယ်တိဟိတ် မကြွင်းတည်း။

ဒီဆိုပိုင်းပြီး၏။

ဒီယိမုတ်ပိုင်း

ဘုဒိစတုက္က

● အပါယ် ၄-ဘုံတွင် တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အရ အဘယ့်ကြောင့် အဘယ်ကို ယူရမည်နည်း။

အဖြေ။ ။တိရစ္ဆာန် ပြိတ္တာတို့အတွက် အသီးအခြား သတ်မှတ်ထားသော နေရာမရှိသောကြောင့် တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အရ ၎င်းတို့၏ ခန္ဓာကိုယ်ကို ယူရပါသည်။

ခန္ဓာနံယေဝ ဂဟဏံ၊ တေသံတာဒိသဿ ပရိစ္ဆိန္နောကာသဿ အဘာဝတော....ဠီ။

တေသံ=ထိုတိရစ္ဆာန် ပြိတ္တာတို့၏၊ တာဒိသဿ= ထိုသို့သဘောရှိသော၊ပရိစ္ဆိန္နောကာသဿ=ပိုင်းခြား သတ်မှတ်အပ်သော အရပ်ဌာန၏၊ အဘာဝတော= မရှိခြင်းကြောင့်၊ ခန္ဓာနံယေဝ= ခန္ဓာတို့ကိုသာလျှင်၊ ဂဟဏံ=ယူခြင်းသည်၊ဟောတိ= ဖြစ်၏။

● "အသုရကာယော"ဌ် အဘယ့်ကြောင့် အဘယ်အသုရာကို ယူရမည်နည်း။

အဖြေ။ ။ပြိတ္တာ အသုရာမှ တပါးသော အသုရာတို့သည် တာဝတိံသာနတ်တို့ဌ် အကျုံးဝင်သောကြောင့် ပြိတ္တာ အသုရာကိုသာ ယူရပါသည်။

ဣဓ စ ပေတာသုရာနမေဝ ဂဟဏံ၊ ဣဟ ဂရသံ တာဝတိံသေသု ဂဟဏဿ ဣစ္ဆိတတ္တာ....ဠီ။

စ=ဆက်၍ဆိုဦးအံ့၊ ဣဓ=ဤနေရာဌ်၊ ပေတာသုရာနမေဝ= ပြိတ္တာ အသုရာတို့ကိုသာလျှင်၊ ဂဟဏံ=ယူခြင်းသည်၊ ဟောတိ=

ဖြစ်၏၊ကသ္မာ=အဘယ့်ကြောင့်နည်း၊ဣဂတရေသံ=အခြားသော အသုရာတို့၏၊ တာဝတိံသေသု=နတ်တို့၌၊ ဂဟဏသ=ယူခြင်းကို၊ ဣစ္ဆိတတ္တာ=အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

● ရူပ ၁၆-ဘုံသည် အထက်အောက် အဆင့်ဆင့်တည်ကြပါသလော၊ တည်နေပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဌမစျာန် ၃-ဘုံကတပြင်, ဒုတိယစျာန် ၃-ဘုံကတပြင်, တတိယစျာန် ၃-ဘုံကတပြင်, ဝေဟပ္ဖလ်ဘုံနှင့် အသညသတ်ဘုံကတပြင်, သုဒ္ဓါဝါသဘုံကတပြင်စီ အထက်အောက်တည်နေကြပါသည်....ဦး။

ဘုမိစတုက္ကပြီး၏။

ပဋိသန္ဓိစတုက္ကဝိ

● "ဇစ္စန္ဓာဒိနံ"၌ အာဒိသဒ္ဒါဖြင့် ယူရမည့် အရာများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အာဒိသဒ္ဒါဖြင့်ဇစ္စဗဓိရ,ဇစ္စမူဂ,ဇစ္စဌေ,ဇစ္စမ္ဘတ္တက,ပဏ္ဍက,ဥဘတောဗျဉ္ဇနက,မမ္မ စသည်တို့ကို ယူ။

အာဒိဂ္ဂဟဏေန ဇစ္စဗဓိရ ဇစ္စမူဂ ဇစ္စဌေ ဇစ္စမ္ဘတ္တက ပဏ္ဍက ဥဘတော ဗျဉ္ဇနက နပုံသက မမ္မာဒိနံ သင်္ဂဟော....ဦး။

အမှာ။ ။အနက်လွယ်ပြီ၊ ဇစ္စမ္ဘတ္တကမှ တပါ.သော ပုဒ်တို့၌ ဇစ္ဆ ; ရပ်ပြီးပုံသည် နိရုတ္တိဆန်လှ၏။

● အပါယ်ဘုံသားများ, လူများ, ဝိနိပါတိက အသုရာများသည် အဘယ့်ကြောင့် အသက်တမ်းမမြဲကြပါသနည်း။

အဖြေ။ ။အချို့မှာ အသက်ရှည်၍ အချို့မှာ အလွန် အသက်ရှည်သောကြောင့် မမြဲကြပါ။

ကေသဥ္ဓိ စိရာယုကတ္တာ, ကေသဥ္ဓိ စိရတရာယုကတ္တာစ....ဌိ။

ကေသဥ္ဓိ= အချို့သော သူတို့၏ (ဝါ-တို့သည်)၊ စိရာယုကတ္တာ=ရှည်သော အသက်ရှိကုန်သည်၏ အဖြစ်ကြောင့် ၎င်း၊ ကေသဥ္ဓိ=တို့၏(ဝါ-တို့သည်)၊ စိရတရာယုကတ္တာစ=အလွန်ရှည်သောအသက်ရှိကုန်သည်၏အဖြစ်ကြောင့်၎င်းတည်း။

● ၄-ကျန်းသားတို့၏သက်တမ်းကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အရှေ့ကျန်းသား ၇၀၀, အနောက်ကျန်းသား ၅၀၀, မြောက်ကျန်းသား၁၀၀၀, တောင်ကျန်းသားအမြဲမရှိ။

ဆောင်။ ။ရှေ့ ခုနစ်ရာ, နောက် ငါးရာ, မြောက်မှာ
　　တထောင်သိ,
　　တောင်ကျန်းမှာကား, သက်ဝိုင်းခြား, မှတ်သားမြဲမရှိ။

● စတုမဟာရာဇ်နတ်တို့၏ ၁-ရက်, တလ, တနှစ် တို့မှာ လူ့အရေအတွက်ဖြင့် နှစ်ပေါင်းဘယ်လောက်ရှိပါသနည်း။

အဖြေ။ ။လူတို့၏အနှစ်၅၀-သည် စတုမဟာရာဇ်တရက်၊ လူတို့၏အနှစ်(၅၀×၃၀=) ၁၅၀၀-သည်စတုမဟာရာဇ်တလ၊ လူတို့၏ အနှစ်ပေါင်း (၁၅၀၀×၁၂=)၁၈၀၀၀-သည် စတုမဟာရာဇ် တနှစ်ဖြစ်ပါသည်။

ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
တိံသရတ္တိန္ဒိဝေါ မာသော၊ မာသာဒ္ဝါဒသ သံဝစ္ဆရံ။
ဧတေန သံဝရေနာယု၊ ဒိဗ္ဗံ ပဋ္ဌသတံ မတံ... ဌိ။

ပနုဿာနံ=လူတို့၏၊ ယာနိပညာသဝဿာနိ=အကြင် အနှစ်၅၀-တို့သည်၊ တဟိံ = ထိုစတုမဟာရာဇ်ဘုံ၌၊ ဒိနော=တရက်

တည်း၊ တိ ံသရတ္တိန္ဒိ၀ေါ=ညဉ့်နေ့ ၃၀-သည်၊ မာသော=တလတည်း၊ ဒ္ဝါဒသမာသာ=၁၂-လတို့သည်၊ သံ၀စ္ဆရံ=တနှစ်တည်း၊ တေနသံ၀စ္ဆရေန=ထိုနှစ်ဖြင့်၊ ပဉ္စသတံ=၅၀၀-ကို၊ ဒိဗ္ဗံအာယု=စတုမဟာရာဇ်နတ်သက်ဟူ၍၊ မတံ=သိအပ်ပြီ။

မှတ်ချက်။ ။တာ၀တိ ံသာ တရက်မှာ အနှစ်၁၀၀, ယာမာ တရက်မှာ အနှစ် ၂၀၀, တုသိတာတရက်မှာ အနှစ်၄၀၀, နိမ္မာနရတိတရက်မှာ အနှစ်၈၀၀, ပရနိမ္မိတ၀သ၀တ္တီ တရက်မှာ အနှစ် ၁၆၀၀, ရှိသည်၊ အထူးသတိပြုခဲ့ပါ။

---

❶ စတုဂ္ဂုဏအရ ၄ဆတက်ပုံကို ရှင်းပြခဲ့ပါ။

အဖြေ။ ။စတုမဟာရာဇ် တရက်သည် လူ့အနှစ် ၅၀, တာ၀တိ ံသာတရက်သည် လူ့အနှစ် ၁၀၀-ဖြစ်၍ ရက်ပမာဏ အားဖြင့် ၂-ဆပို၏။ စတုမဟာရာဇ်နတ်သက် အနှစ်၅၀၀, တာ၀တိ ံသာနတ်သက် အနှစ် ၁၀၀၀-ဖြစ်၍ နှစ်ပမာဏ အားဖြင့် ၂-ဆပို၏၊ ထိုရက် ၂-ဆ,နှစ် ၂-ဆကိုပေါင်း၍ ၄-ဆတက်သည်ဟု ဆိုပါသည်....ဦး။

---

❷ နတ်ပြည် ၆-ထပ်၏ အသက်တမ်းကို နတ်အရေအတွက် လူ့အရေအတွက်တို့ဖြင့် ဖော်ပြခဲ့ပါ။

အဖြေ။

ဘုံ	နတ်နှစ်	လူနှစ်
စတုမဟာရာဇ်	၅၀၀	၉-သန်း
တာ၀တိ ံသာ	၁၀၀၀	၃-ကုဋေ ၆-သန်း
ယာမာ	၂၀၀၀	၁၄-ကုဋေ၄-သန်း
တုသိတာ	၄၀၀၀	၅၇-ကုဋေ ၆-သန်း

နိမ္မာနရတိ	၈၀၀၀	၂၃၀-ကုဋေ	၄-သန်း
ပရနိမ္မိတဝသဝတ္တီ	၁၆၀၀၀	၉၂၁-ကုဋေ	၆-သန်း

ဆောင်။　။ဲမ-ကိုင်-ခဲ-ဝါ,ဟ-တယာနှင့်, သုညာဒွေစ, အောက်သုံးချ,မှတ်ကြုနတ်ဘုံသက်၊ (နတ်ထွက်ကိန်း)။

ၛစျာန်-စလာ-ဝါဝါက, စောသမ-ဝင်းနုလာခါ၊ စောပုခေဠာ၊ ခြောက်သုညာ, ညီညာထည့်စွက်၊ နတ်ခြောက်ဘုံ လူကတွက်လျှင်, ဟောဤမျှထွက်။ (လူ.တွက်ကိန်း)။

အမှာ။　။"မ=၅,ကိုင်=၁" စသည်ဖြင့် ဝိဋ္ဌကသင်္ချာ အတိုင်းသိပါ၊ သုညာဒွေစ=အစဆုံး နတ်ဘုံမှာ သုည ၂-လုံး၊အောက်သုံးချ=ကျန်နတ်ဘုံ၃တွေမှာ သုည၃-လုံးစီချ၊ ၛ"စျာန်=၉,စလာ=၃၆" စသည်ဖြင့်သိပါ။ရင်းတို့၏နောက်မှာ သုည ၆-လုံးစီထည့်ပါ၊ အဓိပ္ပာယ် ရှင်းအောင် အဖြေနှင့်တိုက်ကြည့်ပါ။

မှတ်ဖွယ်။　။စတုမဟာရာဇ်နတ်သက်ကို တာဝတိံသာနတ်က တွက်လိုလျှင် စတုမဟာရာဇ် နတ်သက်ကို တည် ၂-ဖြင့်စား၊ ယာမာကတွက်လိုလျှင်၄ဖြင့်စား၊ တုသိတာက တွက်လိုလျှင် ၈-ဖြင့်စား၊ နိမ္မာနရတိက တွက်လိုလျှင် ၁၆-ဖြင့်စား၊ ပရနိမ္မိတဝသဝတ္တီက တွက်လိုလျှင် ၃၂-ဖြင့်စား။

ဥပမာ- စတုမဟာရာဇ် နတ်သက်ကို ပရနိမ္မိတဝသဝတ္တီနှစ်ဖြင့် ဖော်ပြပါဆိုက ၅၀၀ ကိုတည် ၃၂-ဖြင့်စား (၅၀၀÷၃၂=) ;၅-နှစ်, ၇ လ, ၁၅-ရက်ဟုဖြေပါ၊ ဤကား အောက်

အောက်နတ်သက်ကို အထက်အထက် နတ်ကတွက်ပုံတည်း။

အထက် အထက် နတ်သက်ကို အောက်အောက် နတ်ကတွက်ရာမှာ ပရနိမ္မိတဝသဝတ္တီနတ်သက်ကို နိမ္မာနရတိက တွက်လိုလျှင် ပရနိမ္မိတဝသဝတ္တီနတ်သက်ကိုတည် ၂-ဖြင့်မြှောက်၊ တုသိတာက တွက်လိုလျှင် ၄-ဖြင့်မြှောက်၊ ယာမာက တွက်လိုလျှင် ၈-ဖြင့်မြှောက်၊ တာဝတိံသာက တွက်လျှင် ၁၆-ဖြင့်မြှောက်၊ စတုမဟာရာဇ်ကတွက်လိုလျှင် ၃၂-ဖြင့်မြှောက်ပါ။

ဥပမာ-ပရနိမ္မိတဝသဝတ္တီနတ်သက်ကို စတုမဟာရာဇ်နှစ်ဖြင့် ဖော်ပြပါဟု မေးက ၁၆၀၀ ကိုတည် ၃၂-ဖြင့်မြှောက်၊ (၁၆၀၀×၃၂=) ၅၁၂၀၀၀ ဖြစ်ပါသည်ဟု ဖြေပါ။

● "ပြဟ္မာပါရိသဇ္ဇာနံ ဇေဝါနံ ကပ္ပဿ" ၌ ကပ္ပအရ အဘယ်ကပ်ကို ယူရမည်နည်း၊ အကြောင်းပြ၍ဖြေခဲ့ပါ။

အဖြေ။ ။ပဌမစျာန် ၃-ဘုံသည် မဟာကပ်တခုအတွင်း၌ ပျက်စီးကြရ၍ မဟာကပ်ကုန်ဆုံးအောင်မတည်နိုင်သောကြောင့် ကပ္ပအရ အသင်္ခ်ေယျကပ်ကိုသာ ယူရပါသည်။

ကပ္ပဿာတိ အသင်္ခ်ေယျကပ္ပဿ၊ ဧကဂ္ဂေပိ တေသံ အဝိနာသာဘာဝေန ပရိပုဏ္ဏကပ္ပေ အသမ္ဘဝတော....ဌီ။

ကပ္ပဿာတိ=ဟူသည်ကား၊ အသင်္ခ်ေယျကပ္ပဿ=အသင်္ခ်ေယျကပ်၏၊ဧကဂ္ဂေပိ=တခုသောမဟာကပ်၌လည်း၊အဝိနာသာဘာဝေန=မပျက်စီးခြင်း၏မဖြစ်ခြင်းကြောင့်၊ ဝါ=ပျက်စီးခြင်း

ကြောင့်၊ ပရိပုဏ္ဏကပေ=ပြည့်စုံသောမဟာကပ်၌၊အသမ္ဘဝတော=မဖြစ်ခြင်းကြောင့်တည်း။

● အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ် တို့၏ ကာလပမာဏကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အခါကာလအားလျော်စွာ ပိုင်းခြားသတ်မှတ်ထား သော သက်တမ်းသည် အာ ယု ကပ်၊ ၁ဝ နှစ်တမ်းမှ အသင်္ချေယျတမ်း, အသင်္ချေယျတမ်းမှ ၁ဝ နှစ်တမ်းအထိအတက် အကျ အချိန်ကာလသည် အန္တရကပ်၊ အန္တရကပ် ၆၄ ကပ်သည် အသင်္ချေယျကပ်၊ အသင်္ချေယျ ၄ ကပ်သည် မဟာကပ်....ဠီ။

ဆောင်။ ။အခါအားလျော်စွာ, သက်တမ်းမှာ, မှတ်ပါ
အာယုကပ်၊ ဆယ်မှသင်္ချေ,အသင်္ချေမှ,တဆယ်
ကျ, မှတ်ကြအန္တရကပ်၊ အန္တရတွေး, ခြောတ်
ဆဲ့လေး,အသင်္ချေယျကပ်၊ အသင်္ချေယျ,၄ခုမျှ,
မှတ်ကြမဟာ့ကပ်။

● ကံမ္ဘာဝလောကကြီး ပျက်စီးပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မီး ၇-ကြိမ် ရေ ၁-ကြိမ်, မီး ၇-ကြိမ် ရေ ၁-ကြိမ်စသည်ဖြင့် ကမ္ဘာဝလောကကြီးကို ဖျက်လာရာ ၆၄-ကြိမ်မြောက်မှာ လေဖျက်သဖြင့် ကမ္ဘာကြီးပျက်စီးရပါသည်။

သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဌမေ အဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝါရော သိယာ....ဠီ။

သတ္တသတ္တ ဝါရာ=ခုနစ်ကြိမ် ခုနစ်ကြိမ်တို့ ဟိုင်တိုင်၊အဂ္ဂိနာ=မီးကြောင့်၊ ဝိနသတိ=ပျက်စီး၏၊ အဌမေအဌမေ = ရှစ်ကြိမ်မြောက် ရှစ်ကြိမ်မြောက်၌၊ ဒကာ=ရေကြောင့်၊ ဝိနသတိ=၏၊

ယဒါ=၌၊ စတုသင္ဌိ=၆၄ ကြိမ်သည်၊ ပုဏ္ဏာ=ပြည့်၏၊ တဒါ=၌၊ ဧကော=တခုသော၊ ဝါယုဝါရော=လေဖျက်သောအကြိမ်သည်၊ သိယာ=ဖြစ်ရာ၏။

● မီးကြောင့်ပျက်သောဘုံ,ရေကြောင့်ပျက်သောဘုံ,လေကြောင့်ပျက်သောဘုံများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မီးကြောင့် ကာမဘုံ ၁၁-ဘုံ, ပဌမစျာန် ၃-ဘုံ ပျက်၏၊ ရေကြောင့်ကာမ ၁၁-ဘုံ,ပဌမစျာန် ၃-ဘုံ,ဒုတိယစျာန် ၃-ဘုံပျက်၏၊ လေကြောင့် ကာမ ၁၁-ဘုံ, ပ-ဒု-တစျာန် ၉-ဘုံ ပျက်၏။

အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏ္ဏတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ....ဠီ။

အာဘဿရာ=ဘုံမှ၊ ဟေဋ္ဌာ=၌၊ အဂ္ဂိနာ=မီးကြောင့်၊ ဝိနဿတိ=ပျက်စီး၏၊ သုဘကိဏ္ဏတော=ဘုံမှ၊ ဟေဋ္ဌာ=၌၊အာပေန=ရေကြောင့်၊ ဝိနဿတိ=၏၊ ဝေဟပ္ဖလတော=ဘုံမှ၊ ဝါတေန=လေကြောင့်၊ ဝိနဿတိ=၏၊ ဧဝံ=ဤသို့၊လောကော=သည်၊ ဝိနဿတိ=၏။

● "ပဋိသန္ဓိ ဘဝင်္ဂ၊ တထာ စဝနမာနသံ" စသော စကားအရ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့၏ဘုံ,ဇာတ်,သမ္ပယောဂ, သင်္ခါရ, အာရုံအားဖြင့် တူပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်က ဘဝင်စုတိတို့လည်း ကာမစိတ်ဖြစ်ရ၏ (ဘုံ၊) ပဋိသန္ဓေစိတ်သည် ကုသိုလ်စိတ်ဖြစ်က ဘဝင်စုတိတို့လည်း ကုသိုလ်စိတ်ဖြစ်ရ၏(ဇာတ်၊)ပဋိသန္ဓေစိတ်သည် ဉာဏသမ္ပယုတ်ဖြစ်က ဘဝင်စုတိတို့လည်း ဉာဏ

သမ္ပယုတ် ဖြစ်ရ၏ (သမ္ပယောဂ၊) ပဋ္ဌိသန္ဓေစိတ်က အသင်္ခါရိုက ဖြစ်က ဘဝင်စုတိတို့လည်း အသင်္ခါရိုက ဖြစ်ရ၏ (သင်္ခါရ၊) ပဋ္ဌိသန္ဓေစိတ်က ရူပါရုံကို အာရုံပြုက ဘဝင်စုတိတို့လည်း ရူပါရုံကို အာရုံပြုရ၏(အာရုံ။)

အမှာ။　။တဘဝ၌ တူမြဲ တရားကို ပြသော ဂါထာကို ရေးပါဆိုက ဤဂါထာကို ရေးပါ။

ပဋ္ဌိသန္ဓိစတုက္ကပြီး၏။

ကမ္မစတုက္က

● ဂရုကံအရ အကုသိုလ်ဖြစ်က ဘယ်ကံကို ယူ၍ကုသိုလ်ဖြစ်က ဘယ်ကံကို ယူရမည်နည်း။

အဖြေ။　။အကုသိုလ်ဖြစ်က မာတုဃာတကစသော ကံကို ယူ၍ ကုသိုလ်ဖြစ်က မဟဂ္ဂုတ်ကံကို ယူရပါသည်။

ဂရုကံ အကုသလပက္ခေ မာတုဃာတကာဒိကမ္မံ ဝါ၊
ကုသလပက္ခေ မဟဂ္ဂတာဒိကမ္မံ ဝါ....ဒ္မီ။

အကုသလပက္ခေ=အကုသိုလ်အဖို့၌၊မာတုဃာတကာဒိကမ္မံဝါ=မာတုဃာတကစသောကံသည်ရင်း၊ကုသလပက္ခေ=၌၊ မဟဂ္ဂတကမ္မံ ဝါ=သည်ရင်း၊ ဂရုကံ=ဂရုကကံမည်၏။

ဆောင်။　။မာတုဃာတက, စသည်မျှ, အကုသလသာ။
မဟဂ္ဂုတ်ကံ, ကုသလံ, မှတ်ရန်ဂရုကာ။

● ဒီဌမ္မဝေဒနီယ စသော ကံ ၄-ပါးကို ဇော ၇-ကြိမ် ဖြင့်ပိုင်းခြားပြ၍ အကျိုးပေးရာအခါကိုလည်းဖော်ပြခဲ့ပါ။

အဖြေ။　။ပဌမ ဇောစေတနာသည် ဒီဌမ္မ ဝေဒနီယကံမည်၏၊ပစ္စုပ္ပန်ဘဝ၌အကျိုးပေး၏၊ သတ္တမဇော စေတနာသည်

ဥပပဇ္ဇဝေဒနီယကံ မည်၏၊ ဒုတိယဘဝ၌ အကျိုးပေး၏၊အလယ်ဇော ၅-ခုစေတနာသည် အပရာပရိယဝေဒနီယကံမည်၏၊တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေး၏၊ အကျိုးမပေးသောဇော ၇-ချက်စေတနာသည် အဟောသိကံမည်၏၊ လုံးဝအကျိုးမပေး....၌။

ဆောင်။ ။ဒိဋ္ဌကံမှာ, ပ-ဇောသာ, ပေးရာပစ္စုပ္ပန်။
ဥပကံမှာ, သတ္တမာ,မှတ်ပါဒုတိယံ။
အလယ်ငါးဝ, အပရ,တ-စ ဆုံးနိဗ္ဗာန်။
အဟောသိမှာ, ခုနှစ်ဖြာ,ပေးရာမရှိမှန်။

---

❶ အကျိုးပေးရာကာလ မရှိပါပဲလျက် အဘယ်ကြောင့် အဟောသိကံကိုပါ ကာလ၏ အစွမ်းဖြင့် ဆိုထားရပါသနည်း။

အဖြေ။ ။အကျိုးပေးရာကာလကိုလွန်ခြင်းကြောင့် ဆိုပါသည်။

ကာလာတိက္ကမတောဝ ဘံဝေါဟာရော....ဠီ။

ကာလာတိက္ကမတောဝ= အကျိုးပေးရာ ကာလကို လွန်ခြင်းကြောင့်သာလျှင်၊တံဝေါဟာရော=ထိုအဟောသိကံဟူခေါ်ခြင်းသည်၊ဟောတိ=ဖြစ်၏။

---

❷ "ပါဏာတိပါတ"၌ ပါဏအရ တိကျစွာ ကောက်ပြခဲ့ပါ။

အဖြေ။ ။ပါဏအရကား ဝေါဟာရအားဖြင့် သတ္တဝါတည်း၊ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေတည်း။

အမှာ။ ။ပါဏအရ ပရမတ္ထစစ်စစ်ကောက်ပြပါဆိုကလည်း ဖြေတတ်ပါစေ၊ သတိပြုပါ။

ပါဏောတိ　ဝေါဟာရတော　သတ္တော၊　ပရမတ္ထတော　ဇီဝိတိန္ဒြိယံ....ဠီ။

ပါဏောတိ=ပါဏဟူသည်၊ ဝေါဟာရတော=ဝေါဟာရ အားဖြင့်၊သတ္တော= သတ္တဝါတည်း၊ ပရမတ္ထတော= အားဖြင့်၊ ဇီဝိတိန္ဒြိယံ=ဇီဝိတိန္ဒြေတည်း။

● "ကာယဒ္ဓါရေ ဗာဟုလ္လဝုတ္တိတော"ဌ်အဘယ်ကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသနည်း။

အဖြေ။　။ကံသည် ကာယဒ္ဓါရဌ်သာ အများအား ဖြင့်ဖြစ်၍ အပွကအားဖြင့် ဝစီဒ္ဓါရဌ်လည်းဖြစ်သေးသောကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသည်။

ကာယကမ္မံ ဟိ ကာယဒ္ဓါရေယေဝ ဗဟုလံ ပဝတ္တတိ၊အပ္ပံဝစီ ဒ္ဓါရေ၊တသ္မာ....ဠီ။

ဟိ=ယသ္မာ=အကြင်ကြောင့်၊ ကာယကမ္မံ=သည်၊ ကာယ ဒ္ဓါရေယေဝ=ဌ်သာလျှင်၊ ဗဟုလံ=များစွာ၊ ပဝတ္တတိ=ဖြစ်၏၊ အပ္ပံ=အနည်းငယ်၊ဝစီဒ္ဓါရေ=ဌ်၊ ပဝတ္တတိ=ဖြစ်၏၊တသ္မာ=ထို့ ကြောင့်တည်း။

● "ဝစီဒ္ဓါရေ ဗာဟုလ္လဝုတ္တိတော"ဌ် ဗာဟုလ္လသဒ္ဒါထည့် ဆိုရခြင်း၏အကြောင်းကိုဖော်ပြပါ။

အဖြေ။　။ဝစီကံသည် ဝစီဒ္ဓါရဌ်သာ အများ အား ဖြင့် ဖြစ်၍ အပွကအားဖြင့် ကာယဒ္ဓါရဌ်လည်းဖြစ်သေးသောကြောင့် ဗာဟုလ္လသဒ္ဒါ ထည့်ဆိုရပါသည်....ဠီ။

● အပစာယနစသော ၇-ပါးကို ဒုါန, သီလ, ဘာဝနာဌ် ထိုက်သလို အကြောင်းပြ၍ သွင်းပြပါ။

အဖြေ။ ။ဒါနသဘောရှိသောကြောင့် ပတ္တိဒါန,ပတ္တာနုမောဒနတို့ကို ဒါနဋ္ဌသင်း၊စာရိတ္တသီလဖြစ်သောကြောင့် အပစာယန,ဝေယျာဝစ္စတို့ကို သီလဋ္ဌသင်း၊ ကုသိုလ်တရားတို့ကို ပွားစေတတ်သောကြောင့် ဓမ္မဃဝန,ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မတို့ကိုဘာဝနာဋ္ဌသင်း။

တံသဘာဝတ္တာ၊ စာရိတ္တသီလဘာဝတော၊
ကုသလဓမ္မာသေဝနတော....ဋ္ဌီ။

တံသဘာဝတ္တာ= ထိုဒါန သဘော ရှိကုန်သည်၏ အဖြစ်ကြောင့်၊ စာရိတ္တသီလဘာဝတော=စာရိတ္တသီလတို့၏ အဖြစ်ကြောင့်၊ ကုသလဓမ္မာသေဝနတော=ကုသိုလ် တရားတို့ကို တိုးပွားစေတတ်သောကြောင့်။

ဆောင်။ ။ဒါနသီလာ, ဘာဝနာ,သုံးဖြာစဉ်ရှိခင်း။
စ နှစ် လယ်က, လယ်နှစ်စ, ကြွင်းက နောက်ဆုံးသွင်း။

---

❶ ရူပကံ, အရူပကံတို့သည် အဘယ်ကြောင့် မနောကံတမျိုးသာ ဖြစ်ရပါသနည်း။

အဖြေ။ ။ကာယဒ္ဒါရ စသည်တို့ဋ္ဌ မဖြစ်သောကြောင့် မနောကံတမျိုးသာ ဖြစ်ရပါသည်။

ကာယဒ္ဒါရာဒီသု အပ္ပဝတ္တနတော....ဋ္ဌီ။

ကာယဒ္ဒါရာဒီသု=အစရှိသည်တို့ဋ္ဌ၊ အပ္ပဝတ္တနတော= မဖြစ်ခြင်းကြောင့်တည်း။

---

❷ ရူပကံ အရူပကံတို့သည် အဘယ်ကြောင့် ဘာဝနာ မယသာ ဖြစ်ရပါသနည်း။

အဖြေ။ ။ဒါနစသည်တို့၏ အစွမ်းဖြင့် မဖြစ်သောကြောင့် ဘာဝနာမယသာဖြစ်ရပါသည်။

ဒါနာဒိဝသေန အပ္ပဝတ္တနတော....ဠီ။

ဒါနာဒိဝသေန=ဒါနအစရှိသည်တို့၏အစွမ်းဖြင့်၊ အပ္ပဝတ္တနတော=မဖြစ်ခြင်းကြောင့်တည်း။

● ရူပကံ အရူပကံ တို့သည် အဘယ့်ကြောင့် အပ္ပနာပတ္တသာ ဖြစ်ရပါသနည်း။

အဖြေ။ ။ရှေ့အဖို့ဖြစ်သောတရားတို့သည် ကာမာဝစရတရားမျှားသာ ဖြစ်သောကြောင့်တည်း။

ပုဗ္ဗဘာဂပ္ပဝတ္တာနံ ကာမာဝစရဘာဝတော....ဠီ။

ပုဗ္ဗဘာဂပ္ပဝတ္တာနံ=ရှေ့အဖို့ဖြစ်သောတရားတို့၏၊ ကာမာဝစရဘာဝတော=ကာမာဝရတရားတို့၏အဖြစ်ကြောင့်တည်း။

● "ဥဒ္ဓစ္စရဟိတံ"၌ အဘယ့်ကြောင့် ဥဒ္ဓစ္စကို ကြဉ်ရပါသနည်း။

အဖြေ။ ။ပဋိသန္ဓေကျိုး မပေးသောကြောင့် ကြဉ်ရပါသည်။

ပဋိသန္ဓိဒါနသဘာဝါဘာဝတော....ဠီ။

ပဋိသန္ဓိဒါနသဘာဝါ ဘာဝတော= ပဋိသန္ဓေကျိုးပေးခြင်းသဘောမရှိခြင်းကြောင့်တည်း။

● အဘယ့်ကြောင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို မပေးပါသနည်း။

အဖြေ။ နာနာခဏိက ကမ္မပစ္စည်း မတပ်သောကြောင့် မပေးပါ။

နစ နာနာခဏိက ကမ္မပစ္စယံ ဝိနာ ပဋိသန္ဓိအာကာသုနံ အတ္ထိ၊ တသ္မာ....ဒ္ဓီ။

နာနာခဏိကကမ္မပစ္စယံ=ပစ္စည်းကို၊ ဝိနာ=ကြဉ်၍၊ ပဋိသန္ဓိ အာကာသုနံ= ပဋိသန္ဓေအကျိုးကို ငင်ခြင်းသည်၊ နအတ္ထိ= မရှိ၊ တသ္မာ=ထို့ကြောင့်တည်း။

● အဘယ့်ကြောင့် ကာမာဝစရကံက ရူပဘုံမှာ ပဝတ္တိ ကျိုးကို ပေးနေရပါသနည်း။

အဖြေ။ ။ရူပကံက အဟိတ်ဝိပါက်များကို မဖြစ်စေနိုင် သောကြောင့် ပေးရပါသည်။

ရူပါဝစရ ကမ္မေန အဟေတုက ဝိပါကုပ္ပတ္တိယာ အဘာဝ တော....ဒ္ဓီ။

ရူပါဝစရကမ္မေန=ကြောင့်၊ အဟေတုက ဝိပါကုပ္ပတ္တိယာ= အဟိတ်ဝိပါက် ဖြစ်ခြင်း၏၊ အဘာဝတော= မရှိခြင်းကြောင့် တည်း။

အမှာ။ ။ကံတခုတည်းက ပဋိသန္ဓေကျိုး များစွာကို မပေး နိုင်၊ ပဋိသန္ဓေကျိုးတခုသာ ပေးနိုင်သည်။ ပဝတ္တိ ကျိုးကား များစွာပင် ပေးနိုင်ပေသည်....ဒ္ဓီ။

● ကုသိုလ်ကံ၏ ဥက္ကဋ္ဌ သြမကဖြစ်ပုံကိုရေးပါ။

အဖြေ။ ။ကုသိုလ်ပြုသောအခါ ရှေ့အဖို့ နောက်အဖို့တို့၌ ကုသိုလ်ကံဖြင့် ခြုံရုံအပ်၍ နောင်အခါ၌လည်း အဖန်တလဲလဲ မှီဝဲ လေ့လာအပ်သော ကံသည် ဥက္ကဋ္ဌ၊ ကုသိုလ်ပြုသောအခါ ရှေ့ အဖို့ နောက်အဖို့တို့၌ အကုသိုလ်ကံဖြင့် ခြုံရုံအပ်၍ နောင်အခါ၌ ငါသည် ဤကုသိုလ်ကို မကောင်းသဖြင့် ပြုအပ်ခဲ့ပြီဟု နှလုံးမသာ ယာခြင်းဖြင့် ထုံအပ်သောကံသည် သြမကကံဖြစ်ပါသည်....ဒ္ဓီ။

ဆောင်။　။ရှေ့နောက် နှစ်တန်, ကုသိုလ် ရုံ၍, ဖန်ဖန်ထပ်ထပ်,မှိုဝဲအပ်, ဥက္ကဋ္ဌကုသိုလ်သာ။
ရှေ့နောက်နှစ်ရပ်, အကုညှပ်၍, နောက်ထပ်ပူပန်, ဖြစ်စေပြန်, မှတ်ရန်သြမကာ။

● အသင်္ခါရိကကံက သသင်္ခါရိကကျိုးကို မပေးနိုင်စသည်ဖြင့် ဆိုသော ဝါဒကို အဘယ်ကြောင့် ကေစိဝါဒဟု ဆိုရပါသနည်း။

အဖြေ။　။ဝိပါက်စိတ်၏သင်္ခါရအပြားကို ပစ္စည်း၏အစွမ်းဖြင့်သာအလိုရှိအပ်၍ ကံ၏အစွမ်းဖြင့် အလိုမရှိအပ်သောကြောင့် ကေစိဝါဒဟု ဆိုပါသည်။

ဝိပါကဿ သင်္ခါရဘေဒေါ ပစ္စယဝသေန ဣစ္ဆိတော, နကမ္မဝသေန၊ တသ္မာ သေ ကေစိဝါဒေါ ကတော....ဠီ။

ဝိပါကဿ=ဝိပါက်စိတ်၏၊ သင်္ခါရဘေဒေါ=သင်္ခါရအပြားကို၊ပစ္စယဝသေန=ပစ္စည်း၏အစွမ်းဖြင့်၊ဣစ္ဆိတော=အလိုရှိအပ်ပြီ၊ ကမ္မဝသေန=ကံ၏အစွမ်းအားဖြင့်၊ နဣစ္ဆိတော=အလိုမရှိအပ်၊ တသ္မာ=ထို့ကြောင့်၊ သေ-သော=ဤဝါဒကို၊ ကေစိဝါဒေါ=ကေစိဝါဒဟူ၍၊ ကတော=ပြုအပ်ပြီ။

● "တေသံ ဒ္ဝါဒသ ပါကာနိ၊ ဒသဌစ ယထာက္ကမံ" ဌ ဒ္ဝါဒသ,ဒသ,အဌအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။ဒ္ဝါဒသ=အဟိတ်ကုသလ ဝိပါက် ၈, မဟာဝိပါက် အသင်္ခါရိက ၄, ပေါင်း၁၂၊(တနည်း)အဟိတ် ကုသလ ဝိပါက် ၈, မဟာဝိပါက် သသင်္ခါရိက ၄, ပေါင်း၁၂။

ဒသ=အဟိတ်ကုသလဝိပါက် ၈, မဟာဝိပါက်ဉာဏသမ္ပယုတ် အသင်္ခါရိက ၂, ပေါင်း၁၀။ (တနည်း) အဟိတ်ကုသလဝိပါက်

၈, မဟာဝိပါက် ဉာဏသမ္ပယုတ် သသင်္ခါရိက ၂, ပေါင်း ၁၀။ အဋ္ဌ=အဟိတ်ကုသလဝိပါက် ၈၊ (အထူးသတိပြုပါလေ)။

● "ပဋ္ဌမဈာနံ ဘာဝေတွာ"၌ အဘယ်ကြောင့် အဘယ် ပဋ္ဌမစျာန်ကို ယူရမည်နည်း။

အဖြေ။ ။အဘိညာဉ် ပဋ္ဌမစျာန်မှာ အကျိုးမပေးသော ကြောင့် အဘိညာဉ်မဟုတ်သော ရိုးရိုးပဋ္ဌမစျာန်ကိုယူရပါသည်။

သမာနာသေဝနေ လဒ္ဓေ၊ ဝိဇ္ဇမာနေ မဟဗ္ဘလေ။
အလဒ္ဓါ တာဒိသံ ဟေတုံ၊ အဘိညာ နဝိပစ္စတိ။
အဘိညာဘာဝံ အသမ္ပတ္တံ ပဋ္ဌမဈာနံ....ဒ္မိ။

သမာနာသေဝနေ= တူသောအာသေဝနပစ္စည်းကို၊ လဒ္ဓေ= ရအပ်သည်ရှိသော်၊ မဟဗ္ဘလေ=ကြီးသောအစွမ်းသတ္တိသည်၊ ဝိဇ္ဇမာနေ=ရှိလတ်သော်၊ ဝိပစ္စတိ=အကျိုးပေး၏၊ အဘိညာ=အဘိညာဉ်သည်၊တာဒိသံ=ထိုသို့သဘောရှိသော၊ဟေတုံ=အကြောင်းကို၊ အလဒ္ဓါ=မရခြင်းကြောင့်၊ နဝိပစ္စတိ=အကျိုးမပေး၊ ဣတိ= ထို့ကြောင့်၊ အဘိညာဘာဝံ=အဘိညာဉ်အဖြစ်သို့၊ အသမ္ပတ္တံ= မရောက်သေးသော၊ ပဋ္ဌမဈာနံ=ပဋ္ဌမစျာန်ကို။

● အဘယ်စျာန်မျိုးကို ပရိတ္တစျာန် မဇ္ဈိမစျာန် ပဏီတ စျာန်ဟု ခေါ်ပါသနည်း။

အဖြေ။ ။ယုတ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ကြောင့်ဖြစ်ပေါ်လာသောစျာန်သည် ပရိတ္တစျာန်၊ အလယ်အလတ်ဖြစ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ကြောင့်ဖြစ်သောစျာန်သည်မဇ္ဈိမစျာန်၊ မြတ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ကြောင့်ဖြစ်သောစျာန်သည် ပဏီတစျာန်။

ဟီနာဟိ ဆန္ဒ စိတ္တ ဝိရိယ ဝိမံသာဟိ နိဗ္ဗတ္တိတံ၀ါ ပရိတ္တံ၊ မဇ္ဈိမေဟိ ဆန္ဒာဒီဟိ မဇ္ဈိမံ၊ ပဏီတေဟိ ပဏီတံ....ဌီ။

ဟီနာဟိ=ယုတ်ကုန်သော၊ ဆန္ဒ စိတ္တ ဝိရိယ ဝိမံသာဟိ=တို့သည်၊နိဗ္ဗတ္တိတံ=ဖြစ်စေအပ်သော စျာန်သည်၊ပရိတ္တံ=ပရိတ္တစျာန်မည်၏၊ မဇ္ဈိမေဟိ=အလယ်အလတ် ဖြစ်ကုန်သော၊ ဆန္ဒာဒီဟိ=ဆန္ဒအစရှိသည်တို့သည်၊ နိဗ္ဗတ္တိတံ=သည်၊ မဇ္ဈိမံ=၏၊ ပဏီတေဟိ=မြတ်ကုန်သော၊ ဆန္ဒာဒီဟိ,နိဗ္ဗတ္တိတံ၊ပဏီတံ=၏။

● "အနာဂါမိနော ပန သုဒ္ဓါ၀ါသေသု ဥပ္ပဇ္ဇန္တိ"ဌ္ဌ အနာဂါမ်တို့သည် သုဒ္ဓါ၀ါသ ၅-ဘုံတွင် ဖြစ်ချင်ရာဘုံမှာဖြစ်နိုင်ပါသလော။

အင်္ဂြေ။ ။မဖြစ်နိုင်ပါ၊ သဒ္ဓါစသော ဣန္ဒြေ ၅-ပါးတို့၏ ထက်မြက်လွန်ကဲခြင်းအစဉ်ဖြင့်သာ ဖြစ်ရပါသည်....ဌီ။

မှတ်ချက်။ ။သဒ္ဓါဣန္ဒြေလွန်ကဲသော အနာဂါမ်သည် အ၀ိဟာဘုံမှာ ဖြစ်၏ စသည်ဖြင့် ဣန္ဒြေ ၅-ပါးနှင့် ဘုံ ၅-ဘုံကို တွဲစပ်ပါလေ။

● "အနာဂါမိနော ပန သုဒ္ဓါ၀ါသေသု ဥပ္ပဇ္ဇန္တိ"ဌ္ဌ အနာဂါမ်မျှား သုဒ္ဓါ၀ါသဘုံမှာသာ ဖြစ်နိုင်ပါသလော။

အင်္ဂြေ။ ။မဟုတ်ပါ၊အသညသတ်ကြဉ် ရူပ ၁၅-ဘုံ,အရူပ ၄-ဘုံတို့ဌ္ဌလည်း ဖြစ်နိုင်ပါသေးသည်....ဌီ။

ဆောင်၊ ။သုဒ္ဓါ၀ါသ, ဘုံ၁၊်း၀ပြင်, အသညသတ်,ကြဉ် ဖယ်အပ်သည့်, ဘုံမြတ်ရူပ, အရူပ, ဖြစ်ကြ အနာဂါမ်။

● "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ" ဥ္ဒ သုဒ္ဓါဝါသဘုံမှာ အနာဂါမ်မှတပါး အခြားပုဂ္ဂိုလ်များဖြစ်နိုင်ပါသေးသလော။

အဖြေ။　။မဖြစ်နိုင်ပါ၊ အနာဂါမ်များသာ ဖြစ်နိုင်ပါသည်။

သုဒ္ဓါဝါသေသ္ဝနာဂါမိ, ပုဂ္ဂလာဝေါပပဇ္ဇရေ....ဠီ။

သုဒ္ဓါဝါသေသု=တို့၌၊ အနာဂါမိ ပုဂ္ဂလာဝ= အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာ၊ ဥပပဇ္ဇရေ=ဖြစ်နိုင်ကုန်၏။

မှတ်ချက်။　။သုဒ္ဓါဝါသဘုံမှာ အနာဂါမ် များသာ ဖြစ်သည်ဟုဆိုခြင်းမှာ ပဋိသန္ဓေ အခါကို ရည်၍ဆိုသည်၊ ပဝတ္တိ အခါ၌ကား အရ ဟတ္ထ မဂ္ဂဋ္ဌာန် အရ ဟတ္ထ ဖလဋ္ဌာန်များလည်းဖြစ်ကြသေး၏၊ မိန်းမများမှာ သမာပတ် ၈–ပါးလုံး ရစေကာမူ ပြဟ္မာ မင်း ကြီး များ မဖြစ်နိုင်၊ ပြဟ္မာမင်းကြီးများ၏ အလုပ်အကျွေးများသာ ဖြစ်နိုင်သည်၊ ဘုံအားဖြင့် ပြဟ္မပါရိသဇ္ဇာ ဘုံမှာသာ ဖြစ်နိုင်သည်၊ (အထူး သတိပြုပါ)။

● ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာ နာသညာဘုံတို့၌ ဖြစ်သော အရိယာများ တခြားဘုံမှာ ပြောင်း၍ ဖြစ်နိုင်ကြပါသေးသလော။

အဖြေ။　။မဖြစ်နိုင်ကြတော့ပါ။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နပုနာဝညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
ပြဟ္မလောကဂတာ ဟောဋ္ဌာ၊အရိယာနောပပဇ္ဇရေ... ဠီ။

ဝေဟပ္ပလေ=ဘုံ၌ရင်း၊ အကနိဋ္ဌ=ဘုံ၌ရင်း၊ ဘဝဂ္ဂေစ=နေဝသညာ နာသညာဘုံ၌ရင်း၊ ပတိဋ္ဌိတာ=တည်ကုန်သော၊ သဗ္ဗေ = ကုန်သော၊ အရိယပုဂ္ဂလာ = တို့သည်၊ ပုန = တဖန်၊ အညတ္ထ=တခြားဘုံတို့၌၊ နဇာယန္တိ=မဖြစ်ကုန်၊ ဗြဟ္မလောကဂတာ=အထက် အထက်ဘုံ၌ရှိသော ဗြဟ္မာတို့သည်၊ ဟေဋ္ဌာ=အောက်ဘုံ၌၊ နောပပဇ္ဇရေ=မဖြစ်ကုန်။

ကမ္မစတုက္ကပြီး၏။

မရဏုပ္ပတ္တိစတုက္က

● မရဏုပ္ပတ္တိစတုက္ကကို သတ္တ ဝါတိုင်းမှာ ရနိုင်ပါ သလော။

အဖြေ။ ။ငရဲသားများ,မြောက်ကျွန်းသားများနှင့်တချို့နတ်များမှာ ဥပစ္ဆေဒကမရဏမ့ရနိုင်ပါ၊ ကျန် ၃-မျိုးသာရနိုင်ပါသည်။

ဣဒံ ပန နေရယိကာနံ ဥတ္တရကုရုဝါသိနံ ကေသဥ္ဆေဒေ ဝါနဥ္ဆေ ဟောတိ....ဠီ။

ဣဒံပန= ဤဥပစ္ဆေဒကမရဏသည်ကား၊ နေရယိကာနံ=ငရဲသားတို့အားလုံး၊ ဥတ္တရကုရုဝါသိနံ= မြောက်ကျွန်းသားတို့အားလုံး၊ ကေသဥ္ဆေ=အချို့ကုန်သော၊ ဒေဝါနဥ္ဆေ=နတ်တို့အားလုံး၊ နဟောတိ=မဖြစ်။

ဆောင်။ ။ငရဲသားများ, မြောက်ကျွန်းသား, မှတ်သားချို့နတ်မှာ၊ ဥပစ္ဆေဒက, မရဏ,မုချမရဏာ။

● ဥပလဒ္ဓ, ဥပကရဏတို့၏ အဓိပ္ပာယ်ကိုရေးခဲ့ပါ။

အဖြေ။ ။စေတီတော်ကို ဖူးမျှော်ရခြင်း စသည်သည် ဥပလဒ္ဓ၊ ပန်းနံ့သာကိုမြင်ရခြင်းစသည်သည် ဥပကရဏာ။

ဥပလဒ္ဓန္တိ စေတိယဒဿနာဒိဝသေန ပုဗ္ဗေဥပလဒ္ဓံ၊ ဥပကရဏာဘူတန္တု ပုပ္ဖာဒိဝသေန ဥပကရဏာဘူတ....ဒ္ဌ။

ဥပလဒ္ဓန္တိ=ဟူသည်ကား၊ စေတိယ ဒဿနာဒိဝသေန=စေတီတော်ကို ဖူးမျှော်ရခြင်းစသည်၏ အစွမ်းဖြင့်၊ ပုဗ္ဗေ=ရှေးဦး၊ ဥပလဒ္ဓံ= ရအပ်ဖူးသော၊ ဥပကရဏာဘူတန္တိ= ဟူသည်ကား၊ ပုပ္ဖာဒိဝသေန=ပန်းအစရှိသည်တို့၏အစွမ်းဖြင့်၊ဥပကရဏာဘူတံ= အခြံအရံဖြစ်၍ဖြစ်သော။

● ဥပလဘိတဗ္ဗ, ဥပဘောဂတို့၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

အဖြေ။ ။ခံစားရမည့် အမိုဝမ်းရေ, နတ်ဘုံ,ငရဲဘုံစသော အာရုံသည် ဥပလဘိတဗ္ဗမည်၏။ သုံးဆောင်ရမည့် နတ်သွီး,နတ်ဗိမာန်, ပဒေသာပင်, ငရဲမီးစသော အာရုံသည် ဥပဘောဂမည်၏။

ဥပလဘိတဗ္ဗန္တိ အနုဘဝိတဗ္ဗံ၊ ဥပဘောဂ ဘူတန္တိ အစ္ဆရာဝိမာန ကပ္ပရုက္ခ နိရယဂ္ဂိ အာဒိကံ ဥပဘုဉ္ဇိတဗ္ဗံ....ဒ္ဌ။

ဥပလဘိတဗ္ဗန္တိ = ဟူသည်ကား၊ အနုဘဝိတဗ္ဗံ=ခံစားအပ်သော အမိုဝမ်းရေ နတ်ဘုံ ငရဲဘုံ အစရှိသည်တည်း၊ ဥပဘောဂ ဘူတန္တိ=ဟူသည်ကား၊ အစ္ဆရာ ဝိမာန ကပ္ပရုက္ခ နိရယဂ္ဂိ အာဒိကံ=နတ်သွီး, ဗိမာန်, ပဒေသာပင်, ငရဲမီးအစရှိသော၊ ဥပဘုဉ္ဇိတဗ္ဗံ=သုံးဆောင်ထိုက်သော အာရုံတည်း။

● "အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန"၌ အဘယ်ကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသနည်း။

အဖြေ။ ။အသည္ဃတ်ကို နစ်စေလိုသောကြောင့် ဆိုပါသည်။

(တနည်း) ဖြေးဖြေး နှေးနှေး သေသော သတ္တဝါတို့အား စိတ်အစဉ် မပြတ်ဖြစ်သကဲ့သို့ လျင်မြန်စွာ သေသော သတ္တဝါတို့အား စိတ်အစဉ်မပြတ် မဖြစ်နိုင်ဟု ပြလိုသောကြောင့် ဆိုပါသည်။

ဗာဟုလ္လေနာတိ ဣမိနာသဟသာ သြစ္ဆိဋ္ဌမာနဇီဝိကာနံ သဏိကံ မရန္တာနံဝိယ နအဘိဏှဏမေဝါတိ ဒီပိတံ....ဌီ။

ဗာဟုလ္လေနာတိဣမိနာ=ဤပါဌ်ဖြင့်၊ သဟသာ=အဆောတလျင်၊သြစ္ဆိဋ္ဌမာနဇီဝိကာနံ=ပြတ်သော ဇီဝိတိန္ဒြေရှိသော သတ္တဝါတို့အား၊ သဏိကံ=ဖြေးဖြေး၊ မရန္တာနံဝိယ= သေသောသူကဲ့သို့၊ အဘိဏှဏမေဝ=မပြတ်သာလျင်၊နပဝတ္တတိ=မဖြစ်၊ ဣတိ=ဤသို့၊ ဒီပိတံ=ပြအပ်ပြီ။

● အဘယ်မျှလောက် နီးကပ်နေသော အခါကို ပစ္စာသန္နမရဏဟု ခေါ်ပါသနည်း။

အဖြေ။ ။တဝီထိခန့်, တဝီထိသက်အနည်းငယ်ပို၍အသက်ကြင်းရှိရာအခါကို ခေါ်ပါသည်။

ဧကဝီထိပ္ပမာဏာယုက ဝသေန,တတော ဝါ ကိဉ္စိအဓိကာယုက ဝသေန....ဌီ။

ဧကဝီထိပ္ပမာဏာယုကဝသေန=တဝီထိခန့်ကြာသောအသက်၏ အစွမ်းဖြင့်၊ဝါ=တနည်းကား၊တတော=ထိုတဝီထိခန့် ကာလ

ထက်၊ ကိဉ္စိအဓိကာယုကဝေသန= အနည်းငယ်ပိုလွန်သော အသက်၏ အစွမ်းဖြင့်။

● "လူအများသေပြီးနောက် ၇-ရက် ကြာမှ အိမ်ကထွက်သည်"ဟု တချို့ယူဆနေကြရာ မှန်မမှန် သင်ဟာပါဦးကိုး၍ ဖြေခဲ့ပါ။

အဖြေ။ ။"တဿာနန္တရမေဝ"ဟု ဆိုသောကြောင့် မမှန်ပါ။

တဿာနန္တရမေဝါတိ ဣမိနာ အန္တရာဘဝေါ ဒိမတံ ပဋိက္ခိပတိ... ဒ္မီ။

တဿာနန္တရမေဝါတိဣမိနာ=ဤပါဒ်ဖြင့်၊ အန္တရာ ဘဝေါ ဒိမတံ=အကြားဘဝရှိ၏ဟု ယူဆသောသူတို့၏ အယူကို၊ ပဋိက္ခိပတိ=ပယ်၏။

● "အာရုပ္ပစုတိယာ ဟေဝန္တိ၊ ဟေဋ္ဌိမာရူပဝဇ္ဇိတာ"ဟု အဘယ်ကြောင့် အောက် အောက် အရူပကို ကြဉ်ရပါသနည်း။

အဖြေ။ ။အထက်အထက်ဖြစ်သော အရူပဗြဟ္မာ တို့သည် အောက်အောက်ဘုံ၌ ဖြစ်စေတတ်သောကံကို အားမထုတ်သောကြောင့် ကြဉ်ရပါသည်။

ဥပရူပရိအရူပီနံ ဟေဋ္ဌိမဟေဋ္ဌိမကမ္မဿ အနာယူဟနတော-ဒ္မီ။

ဥပရူပရိအရူပီနံ=အထက်အထက်ဖြစ်သောအရူပဗြဟ္မာတို့၏၊ ဟေဋ္ဌိမဟေဋ္ဌိမကမ္မဿ=အောက်အောက်ဘုံ၌ ဖြစ်စေတတ်သောကံကို၊ အနာယူဟနတော=အားမထုတ်ခြင်းကြောင့်တည်း။

● အရူပဗြဟ္မာများ ကာမဘုံမှာ လာဖြစ်က အဘယ်ကြောင့် တိဟိတ်သာဖြစ်ရပါသနည်း။

အဖြေ။ ။ဥပစာရစျာန် အားကောင်းသောကြောင့် ဖြစ်ပါသည်။

ဥပစာရစျာနသ ပန ဗလဝဘာဝတော....ဌီ။

ဥပစာရ စျာ နသ=စျာန်၏၊ ဗလ ဝ ဘာ ဝ တော= အားကောင်းသည်၏အဖြစ်ကြောင့်တည်း။

● အရူပစုတိ(အရူပဝိပါက်)၄-ခုနှောင် နှောင်းနိုင်သော ပဋိသန္ဓေများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အရူပ ပဋိသန္ဓေ ၄-ခု, ကာမတိဟိတ်(မဟာဝိပါက်ဉာဏသမ္ပယုတ်)ပဋိသန္ဓေ ၄-ခု,ပေါင်း ၈-ခုနှောင်းနိုင်ပါသည်။

မှတ်ချက်။ ။အရူပဘုံက စုဇ္ဈတလျှင် အရူပဘုံနှင့် ကာမဘုံမှာ ဖြစ်နိုင်သည်ဟု ဆိုလိုသည်၊ စုတိနောင် ပဋိသန္ဓေနှောင်းပုံကို မပေးပဲ အဘယ် ဘုံက စုတေလျှင် အဘယ်ဘုံ ရောက်နိုင်ပါသ နည်း စသည်ဖြင့် မေးကလည်း ဖြေတက်ပါစေ။

● အရူပစုတိ ၄ ခုနှောင် နှောင်း နိုင်သော ပဋိသန္ဓေများကို အသီးသီးဖော်ပြခဲ့ပါ။

အဖြေ။ ။အာကာသာနဉ္စာယတန စုတိနောင် အရူပပဋိသန္ဓေ ၄,ကာမတိဟိတ် ပဋိသန္ဓေ ၄,ပေါင်း ၈-ပါး၊ ဝိညာဏဉ္စာယတနစုတိနောင် အာကာသာနဉ္စာယတနပဋိသန္ဓေကြည် ၇-ပါး၊ အာကိဉ္စညာယတန စုတိနောင် အာ ကာ, ဝိညာ ပဋိသ န္ဓေ

၂-ခုကြား ၆-ပါး၊ နေ၀သညာ နာသညာယတန စုတိနောင် အာကာ,ဝိညာ,အာကိဉ်ပဋ္ဌိသန္ဓေ ၃-ခုကြား ၅-ပါး။

● ရူပစုတိနောင် နှောင်းနိုင်သောပဋ္ဌိသန္ဓေများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မဟာဝိပါက် ၈, ရူပဝိပါက် ၅, အရူပဝိပါက် ၄, ပေါင်း ၁၇-ပါးတည်း။

မှတ်ချက်။ ။၁၇-ပါးဟူသည် အသညသတ်မှ တပါးကျန် ၁၅-ဘုံ၌ စုတေသူများအတွက်ဖြစ်၏။ အသညသတ် စုတိနောင် မဟာဝိပါက် ၈-ခုသာ နှောင်းနိုင်သည်၊(အထူးသတိပြုပါ)။

● ကာမစုတိနောင် နှောင်းနိုင်သော ပဋ္ဌိသန္ဓေ များကိုဖော်ပြခဲ့ပါ။

အဖြေ။ ။နာမ်ပဋ္ဌိသန္ဓေ ၁၉-ခုနှင့် ရူပ်ပဋ္ဌိသန္ဓေ ၁-ခု ပေါင်း ပဋ္ဌိသန္ဓေ ၂၀-လုံး နှောင်းနိုင်ပါသည်၊(ကာမဘုံက စုတေလျှင် ၃၁-ဘုံမှာ မရောက်နိုင်သောဘုံ မရှိဟူလို)။

မှတ်ချက်။ ။ပဋ္ဌိသန္ဓေ စုတိဆိုသည်မှာ ပဋ္ဌိသန္ဓေ ဘ၀င်စုတိ ကိစ္စတပ်သော စိတ် ၁၉- ပါးကို ခေါ်၏၊ ရပ်စုတိနှင့် ရပ်ပဋ္ဌိသန္ဓေမှာ သိသာပြီ။

ဒီထိမှတ်ပိုင်းပြီး၏။

ရုပ်ပိုင်း

ရူပသမုဒ္ဒေသ

● မဟာဘုတ်တို့ကို မှီ၍ဖြစ်သောကြောင့် ဥပါဒါရုပ်ဟု ဆိုရာ မဟာဘုတ်တို့လည်း အချင်းချင်း မှီကြသောကြောင့် ဥပါဒါရုပ်ခေါ်နိုင်ပါသလော။

အဖြေ။ ။မဟာဘုတ်တို့ကားမှီတတ်,မှီအပ် ၂-မျိုးရသော တရားများတည်း၊ ဤ၌ကား မှီတတ်သောတရားကိုသာ ဥပါဒါရုပ်ဟု ခေါ်သောကြောင့် မဟာဘုတ်ကို ဥပါဒါရုပ် မခေါ်နိုင်ပါ....ဦး။

ဆောင်။ ။မှီတတ်မှီအပ်, ဤနှစ်ရပ်တွင်, မှီတတ်သည်သာ, ဥပါဒါမှီ., မဟာဘူတ, ရုပ်လေးဝ, မရဥပါဒါ။

● ပသာဒရုပ်တို့၏ ဖြစ်ရာအရပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။**စက္ခုပသာဒ**သည် မြက်နက်ဝန်း၏အလယ် သန်းဦးခေါင်းပမာဏရှိသော ရှေ့ဦးရပ်သော သူတို့၏ ကိုယ်သဏ္ဌာန် အရုပ်ကလေးပေါ်ရာ အရပ်မှာဖြစ်ပါသည်။

သောတပသာဒသည် နားပေါက်၏အတွင်း လက်စွပ်ကွင်း သဏ္ဌာန်ရှိသောအရပ်ဝယ် နုနယ်နီမြန်းသော **အ**မွေးများပေါက်ရာအရပ်မှာဖြစ်ပါသည်။

ဃာနပသာဒသည်နှာခေါင်းပေါက်အတွင်းဆိတ်ခွာသဏ္ဌာန်ရှိသော အရပ်မှာဖြစ်ပါသည်။

ဇီဝှဝပသာဒသည် လျှာ၏အလယ် ကြာပွင့်အဖတ်ဖျားနှင့်တူ သောအရပ်မှာဖြစ်ပါသည်။

ကာယပသာဒမှာ တကိုယ်လုံးပျံ့နှံ့၍ ဖြစ်ပါသည်....ဦး။

● တကိုယ်လုံးပျံ့နှံ့၍ တည်နေသော ရုပ်များကိုဖော်ပြ ပါ။

အဖြေ။ ။ဘာဝရုပ် ၂,ကာယပသာဒ ၁, ဇီဝိတရုပ် ၁, (သုက်သွေး,သည်းခြေ) တို့ ဖြစ်ပါသည်....ဦး။

ဆောင်။ ။ဘောပသာဒ, ဇီဝိတ, သုက္ကသွေးသည်းခြေ။
အစိုကာယ, ရှိသမျှ, မုချအနှံ့နေ။

အမှာ။ ။မိန်းမတို့၏ ဟေဒ္ဒမကာယ, မဇ္ဈိမကာယ, ဥပရိမ ကာယတို့တွင် ဇာတိဘာဝရပ်သည် အဘယ်အရပ် ၌ တည်သနည်းဟု မေးမူးပြီ၊ ဘာဝရပ်မှာ တ ကိုယ်လုံးပျံ့နှံ့ တည်သောကြောင့် ကာယ ၃-ပါး လုံးမှာ တည်ပါသည်ဟု ဖြေလေ၊ (ဇီဝိတ၏တည် ရာ ဌာနကို ဖော်ပြပါ စသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ)။

● "အာပေါဓာတု ဝိဝဇ္ဇိတံ"၌အဘယ်ကြောင့် အာပေါ ဓာတ်ကို ကြဉ်ရပါသနည်း။

အဖြေ။ ။အာပေါဓာတ်မှာ သိမ်မွေ့လှသည့်အတွက်တွေ့ ထိ၍ မရကောင်းသောကြောင့် ကြဉ်ရပါသည်။

အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတု
မသက္ကုဏေယျတ္တာ....ဦး။

အာပေါဓာတုယာ=အာပေါဓာတ်၏၊ သုခုမဘာဝေန=နူး ညံ့သိမ်မွေ့သည်၏ အဖြစ်ကြောင့်၊ ဖုသိတုံ=တွေ့ထိခြင်းငှာ၊ အသက္ကုဏေယျတ္တာ=မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။

● သိမ်မွေ့သော အာပေါခဘာ်ကို တွေ့ထိလို့ရကောင်းသည်ဟုဆိုက မှားမည်လော, မှန်မည်လော။

အဖြေ။ ။မှားပါသည်။

ဒဝတာ သဟ ယုဇ္ဇိနိ၊ တိဏိ ဘူတာနိ သမ္ဖုသံ။
ဒဝတ သမ္ဖုသာမတ၊ လောကောယ မဘိမညတ....ဌ။

ဒဝတာသဟယုဇ္ဇိနိ=အရည်သဘောအာပေါခတ်နှင့်တကွ ဖြစ်ကုန်သော၊ တိဏိဘူတာနိ==ကျန်သောမဟာဘူတ် ၃-ပါးတို့ကို၊ သမ္ဖုသံ=တွေ့ထိသော၊ အယံလောကော=ဤလူအပေါင်းသည်၊ ဒဝတံ=အရည်သဘော ခတ်အာပေါကို၊ သမ္ဖုသာမိ=တွေ့ထိမိ၏၊ ဣတိ=ဤသို့၊ အဘိမညတိ=အထင်မှား၏။

မှတ်ချက်။ ။မဟာဋီကာ၌ "ဒြဝတာ"ဟုရှိ၏၊သဏ္ဌာနကျမ်းတို့အလို ဒြဝတာသင့်၍ မာဂဓအလို ဒဝတာ, ဒြဝတာ ၂-ချက်သင့်သည်။

● ဣတ္ထိဘာဝရုပ်၌ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့၏ အဓိပ္ပာယ်ကို ၁-ဦးကာအလို, ၂-အဌကထာအလို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-မိန်းမတို့၏အင်္ဂါဇာတ်သည် ဣတ္ထိလိင်, အသံအလိုဆန္ဒတို့သည် ဣတ္ထိနိမိတ္တ, မသန့်ရှင်းသော ရပ်ခြင်း သွားခြင်း ထိုင်ခြင်းစသည်သည် ဣတ္ထိကုတ္တ, မိန်းမသဏ္ဌာန်သည် ဣတ္ထာကပ္ပ (ဦးအလို)။

၂-မိန်းမတို့၏ လက်ခြေစသော သဏ္ဌာန်သည် ဣတ္ထိလိင်,ပြုံးရယ်ခြင်းစသော အမူအရာသည် ဣတ္ထိနိမိတ္တ, ဗန်းငယ် စကောငယ်စသည်ဖြင့် ကစားခြင်းသည် ဣတ္ထိကုတ္တ, သွားပုံ လာပုံစသည်သည် ဣတ္ထာကပ္ပ (ဌအလို)။

ထိနံ အင်္ဂါတံ သရာ, ဓိပ္ပါယာ စ အဝိသဒါ။
ဌာနဂမနာဒိကာ စေဝ၊ သဏ္ဌာနန္တိ ယထာက္ကမံ....ဌီ။
ထိနံ=မိန်းမတို့၏၊ အင်္ဂါတံ=အင်္ဂါတော်သည်ရင်း၊ သရာ ဓိပ္ပါယာစ= အသံအလိုဆန္ဒတို့သည်ရင်း၊ အဝိသဒါ= မသန့်ရှင်း ကုန်သော၊ ဌာနဂမနာဒိကာစေဝ=ရပ်ခြင်း သွားခြင်းစသည် တို့သည်ရင်း၊ သဏ္ဌာနံ=သဏ္ဌာန်သည်ရင်း၊ ဣတိဣမေ=ဤလေး ပါးတို့သည်၊ ယထာက္ကမံ=အစဉ် အတိုင်းလိင်, နိမိတ္တ, ကုတ္တ, အာဂကပွမည်ကုန်၏။

လိင်ံ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊ အာဂကပ္ပေါဂမနာဒိကံ....ဌ။
ဟတ္ထာဒိ သဏ္ဌာနံ=လက်ခြေ အစရှိသော သဏ္ဌာန်သည်၊ လိင်ံ =လိင််မည်၏၊ မိ ဟိတာဒိကံ=ပြုံးရယ်ခြင်းအစရှိသည်သည်၊ နိမိတ္တံ=နိမိတ္တမည်၏၊ သုပ္ပါဒိနာ=ဗန်းငယ် စကောငယ်စသည် ဖြင့်၊ ကီဠာ=ကစားခြင်းသည်၊ ကုတ္တံ=ကုတ္တမည်၏၊ ဂမနာဒိကံ= သွားပုံလာပုံစသည်သည်၊ အာဂကပ္ပေါ=အာဂကပွမည်၏။

● ဟဒယ၀တ္ထု၏ တည်ရာအရပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဟဒယ၀တ္ထုသည် နှလုံးသား၏အတွင်း တလက် ဖက်၏တ၀က်မျှ (=$\frac{1}{2}$ လက်ဖက်မျှ) ရှိသော သွေးကိုမှီ၍ တည် ပါသည်....ဌီ။

ဆောင်။ ။နှလုံးသားတွင်း, ပမာဏင်းက, မ ယွင်းလက် ဖက်, ထိတ၀က်ရှည်, သွေးကိုမှီ, တည်သည် ဟဒယ။

● ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဟဒယ၀တ္ထုကို မဟော ရကား အဘယ်ကြောင့် ဟဒယ၀တ္ထုရှိကြောင်း သိရပါ သနည်း။

အဖြေ။ ။"ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ။ပ။နိဿယပစ္စယေန ပစ္စယော"ဟူသော အာဂုံ ပဋ္ဌာန်းပါဠိကြောင့်ရင်း၊

စက္ခုစသောဂတ္ထု ၅-ပါး,ရူပ,ဇီဝိတ, ဘာဝရူပ်ကို့ကို မနော ဓာတ်မနောဝိညာဏ်ခေါ်တို့က မမှီခြင်းဟူသော ယုတ္တိကြောင့် ရင်း သိပါသည်....ဦ။

● "ရူပံ" ဆိုကပြီးသင့်လျက် အဘယ့်ကြောင့် "ရူပရူပံ" ဟု ဆိုပါသနည်း။

အဖြေ။ ။အနိပ္ဖန္နရူပ် ၁၀-ပါးကို နစ်စေလိုသောကြောင့် "ရူပံ"ဟု မဆိုပဲ "ရူပရူပံ"ဟုဆိုပါသည်....ဦ။

ဆောင်။ ။အနိပ္ဖန္န,ဆယ်ခုမျှကို,နစ်စေလို,မိန့်ဆိုရူပရုပ်။

● အဘယ့်ကြောင့် ဇာတိရူပ် တခုတည်းကို ဥပစယ, သန္တတိ ၂-မျိုးခွဲ၍ ဟောထားရပါသနည်း။

အဖြေ။ ။ရှေးဦးစွာဖြစ်ခြင်း, အထက်အထက်၌ ဖြစ်ခြင်း ဟု ဖြစ်ပုံအခြင်းအရာကွဲပြားသောကြောင့်ရင်း, ဝေနေယျ သတ္တဝါတို့၏အလို အစ္ဆာသယအား လျော်စေ လိုသောကြောင့်ရင်း ဟောထားပါသည်....ဦ။

ဆောင်။ ။ဦးစွာဖြစ်လျက်, အထက်ထက်၌, ဆက်လက် ဖြစ်ခြင်း, ကွဲပြားခြင်းနှင့်, တခင်းဝေနေ, မျှားဗိုလ်ခြေ၏, စိတ်နေဆန္ဒ, အလိုကျဖို့, ဥပစယိ, သန္တတိ,ဇာတိနှစ်မျိုးခွဲ။

● "ရူပဿ လဟုတာ မုဒုတာ"၌ ရူပဿအရ အဘယ်ရုပ်ကို ယူရမည်နည်း။

အဖြေ။ ။စိတ္တဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်တို့ကို ယူရပါသည်။(ကမ္မဇရုပ်ကို မယူရ)....ဦး။

ပစ္စုပ္ပန္နပ္ပစ္စယာ ပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မံ နဟောတိ....ဦး။

ပစ္စုပ္ပန္နပ္ပစ္စယာပေက္ခတ္တာ=ပစ္စုပ္ပန် အကြောင်းကို ငဲ့သည်၏ အဖြစ်ကြောင့်၊ လဟုတာဒိတ္တယံ=လဟုတာ အစရှိသော သုံးခုသည်! ကမ္မံ=ကမ္မဇရုပ်သည်၊ နဟောတိ=မဖြစ်။

ရူပသမုဋ္ဌေသပြီး၏။

ရူပဓိဘာဂ

● "အပ္ပဟာတဗ္ဗမေဝ" ဟူသော သင်္ဂြိဟ်စကား သည် "ရူပံ ဘိက္ခဝေ နု တုမ္မာကံ၊ တံပဇဟထ"ဟူသော သံယုတ်ပါဠိတော်နှင့် မဆန့်ကျင်ပါလော။

အဖြေ။ ။"ရူပံဘိက္ခဝေ နု တုမ္မာကံ၊တံပဇဟထ"ဟူသော ပါဠိတော်မှာ ရုပ်ကိုပယ်ရန် ဟောတော်မူသည်မဟုတ်,ရုပ်၌ တပ်နှစ်သက်တတ်သော ဆန္ဒရာဂကိုပယ်ရန်သာ ဟောတော်မူ၏၊ ထိုကြောင့် မဆန့်ကျင်ပါ....ဦး။

ဆောင်။ ။ရူပံ ဘိက္ခဝေ, ပါဠိနေမှာ, ရုပ်တွေပယ်ရန်, မဟောပြန်ခဲ့, ရုပ်ထံခ-ယ, နှစ်သက် ကြသည့်, ဆန္ဒရာဂါ, ပယ်ဖို့ရာသာ, ဟောပြဒါမို., အပ္ပဟာတဗ်, ထိုနှစ်ရုပ်, စပ်ဟပ်မိသည်သာ။

● စက္ခုသောတတို့ကို အသမ္ပတ္တဂ္ဂါဟကဟုဆိုရာ မိမိတို့က အာရုံထံသို့ မရောက်ခြင်းလော, သို့တည်းမဟုတ် အာရုံတို့က မိမိထံသို့မရောက်ခြင်းလော။

အဖြေ။ ။နှစ်ခုစလုံး မည်သူကမျှ မရောက်ပါ....ဦး။

ဆောင်။　။မည်သူကမျှ, မရောက်ကြ, အသမ္ဘွေခေါ်။

● ရူပဝိဘာဂ၏အစမှာ ရုပ်မှန်သမျှ အနာရမ္မဏ(=အာရုံကို မယူတတ်)ဟု ဆိုခဲ့ပါလျက် ယခုတဖန် ဂေါစရဂ္ဂါဟက(=အာရုံကိုယူတတ်)ဟု ဆိုပြန်ရာ စကားနှစ်ရပ် ဆန့်ကျင်နေပြီမဟုတ်ပါလော။

အဖြေ။　။အနာရမ္မဏဟူသော စကားသည် မုချစကားတည်း၊ ဂေါစရဂ္ဂါဟက ဟူသော စကားသည် ဌာနျုပစာရစကားတည်း၊ ထို့ကြောင့် မဆန့်ကျင်ပါ....ဦး။

ဆောင်။　။မုချဌာန, ခဲခြားမှု, မှတ်ယူမဆန့်ကျင်။

အမှာ။　။ဂေါစရဂ္ဂါဟကရုပ် ဟူသည် ပသာဒရုပ် ၅-ပါးတည်း၊ ထိုပသာဒရုပ် ၅-ပါးကို မှီသော ဒွေပဉ္စ ဝိညာဉ် ၁၀-၏ အာရုံယူမှုကို ရုပ်မှာ တင်စား၍ ပသာဒရုပ် ၅-ပါးကို ဂေါစရဂ္ဂါဟကရုပ်ဟု ဆိုလေသည်။

ရူပဝိဘာဂပြီး၏။

ရူပသမုဋ္ဌာန

● အဘယ်ကြောင့် အရူပဝိပါက် ၄-ခု, ဒွေပဉ္စ ဝိညာဉ် ၁၁-တို့သည် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

အဖြေ။　။အရူပဝိပါက် ၄-ခုမှာ ရုပ်၏ဆန့်ကျင်ဖက်ဖြစ်၍ ရုပ်မရှိရာ အရူပဘုံဌာသာဖြစ်သောကြောင့်တည်း၊ ဒွေပဉ္စဝိညာဉ် ၁၀-သည် စျာနင် မရှိသောကြောင့်တည်း....ဦး။

ဆောင်။ ။ရပ်ဆန့်ကျင်တုံ, အရှုံ့ဖြစ်, အကြောင်းနှစ်, မှတ်လစ်အရှုတ္တက်။
ဗျာနင်ကင်းကွာ, ဒွေပဋ္ဌာ, ကြောင်းမှာ နည်းတချက်။

● ကံ, စိတ်, ဥတု, အာဟာရတို့က ရူပ်ကို စ၍ ဖြစ်စေရာ အခါကာလကို တိကျစွာ ဖြေဆိုခဲ့ပါ။

အဖြေ။ ။**ကံသည်** ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်စေပါသည်။

စိတ်သည် ပဌမဘဝင်၏ ဥပါဒ်ခဏမှစ၍ဖြစ်စေပါသည်။
ဥတုသည် ပဋိသန္ဓေစိတ်၏ ဌိခဏမှစ၍ ဖြစ်စေပါသည်။
အာဟာရသည်အာဟာရကိုမျိုရာအခါမှစ၍ဖြစ်စေပါသည်။

အမှာ။ ။ကံ, စိတ်, ဥတု, အာဟာရတို့တွင် ကံနှင့်စိတ်သည် နာမ်တရားတည်း။ ဥတုနှင့် အာဟာရသည် ရုပ်တရားတည်း၊ ထို့ကြောင့် နာမ်ကြောင့် ဖြစ်သောရုပ်, ရုပ်ကြောင့် ဖြစ်သော ရုပ်များကို ရေးပါဆိုက ဖြေတတ်ပါစေ။

● အပ္ပနာဇောသည် ဣရိယာပုထ်ကို ခိုင်မြဲစေ၏ ဆိုရာသင်၏ သန္ဓာန်မှာ အပ္ပနာဇောမရှိရကား သင်၏ဣရိယာပုထ်ကို မည်သည့်တရားက ခိုင်မြဲစေပါသနည်း။

အဖြေ။ ။အကုသိုလ်စိတ် ၁၂, မဟာကုသိုလ် ၈, ဝုဋ္ဌော ၁, ပေါင်း ၂၁-ပါးက ခိုင်မြဲစေပါသည်။

ဆောင်။ ။အကုဆဲ.နှစ်,မဟာကုရှစ်,ပေါင်းလစ်ဝုဋ္ဌောပါ၊
အပ္ပနာမရ, ပုဂ္ဂလ,ရိယခိုင်မြဲရာ။

မှတ်ချက်။　။အပွနာဇောတို့သာ ဇုရိယာပုထ်ကို ခိုင်မြဲစေနိုင်သည်မဟုတ်၊ ဝုဋ္ဌော, ကာမဇော, အဘိညာဉ်များလည်း ခိုင်မြဲစေနိုင်သည်၊ ထိုတွင် ပုထုဇဉ် သန္တာန်မှာ မရသော အဘိညာဉ်, ဟသိတုပ္ပါဒ်, မဟာကြိယာတို့ကိုမယူရ၊ သတိပြုပါ။

● "သောမနဿ ဇဝေနာနိ ပနေတ္ထ တေရသ ဟသနမ္မိ ဇနေန္တိ"ဟု တေရသသရုပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။　။အကုသိုလ်သောမနဿ ၄, မဟာကုသိုလ်သောမနဿ ၄, မဟာကြိယာ သောမနဿ ၄, ဟသိတုပ္ပါဒ် ၁, ပေါင်း ၁၃။

● သောမနဿဇော ၁၃-ခုကို ပုထုဇဉ်,သေက္ခ, အသေက္ခတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

အဖြေ။　။ပုထုဇဉ်တို့သည် အကုသိုလ်သောမနဿ ၄,မဟာကုသိုလ်သောမနဿ ၄,ပေါင်း ၈-ပါးဖြင့် ရယ်ရှင်ကြပါသည်။

သေက္ခ (=သောတာပန်, သကဒါဂါမ်, အနာဂါမ်) တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ ၂,မဟာကုသိုလ်သောမနဿ ၄,ပေါင်း ၆-ပါးဖြင့် ရယ်ရှင်ကြပါသည်။

အသေက္ခ(=ဘုရား,ရဟန္တာ) တို့သည် မဟာကြိုသောမနဿ ၄, ဟသိတုပ္ပါဒ် ၁,ပေါင်း ၅-ပါးဖြင့် ရယ်ရှင်ကြပါသည်....ဦး။

ဆောင်။　။ရှစ်ပုထုဇန်, ခြောက် သေက္ခန်, ငါးတန် အသေက္ခာ။

ဘုရားဇုဒ္ဓ, လေးခုမျှ, မိန့်ဟချို့ဆရာ။

● ပဋ္ဌိသန္ဓေစိတ် စုတိစိတ်များလည်း ရုပ်ကိုမဖြစ်စေနိုင်ပဲ လျက် အဘယ့်ကြောင့်မကြဉ်ပါသနည်း။

အဖြေ။ ။ဘဝင်စိတ် ၁၉-ခု၌ အကျုံးဝင်သောကြောင့် မကြဉ်ရခြင်းဖြစ်ပါသည်။

ပဋ္ဌိသန္ဓိစိတ္တံပန စုတိစိတ္တဥ္စ ကေ့ုနဝိသတိဘဝင်္ဂေ အန္တောဂဓတ္တာ စိတ္တန္တရံ နဟောတိတိ နာ တသ္မာ ဝဋ္ဋနံ ကတံ....ဠီ။

ပဋ္ဌိသန္ဓိစိတ္တံ=သည်ရင်း၊ စုတိစိတ္တဥ္စ=သည်ရင်း၊ ကေ့ုနဝိသတိ ဘဝင်္ဂေ=တခုယုတ် ၂၀-သော ဘဝင်စိတ်၏ သာလျှင်၊ အန္တောဂဓတ္တာ=အတွင်းဝင်သည်၏ အဖြစ်ကြောင့်၊ စိတ္တန္တရံ= စိတ်တပါးသည်၊နဟောတိ=မဟုတ်၊ဣတိ=ထို့ကြောင့်၊တသ္မာ= ထိုပဋ္ဌိသန္ဓေစိတ်, စုတိစိတ်ကို၊ ဝဋ္ဋနံ=ကြဉ်ခြင်းကို၊ နကတံ= မပြုအပ်။

● "ဇာယန္တေမေ ဝ သမုဋ္ဌာပေတိ"၌ စိတ်က စိတ္တဇရုပ်ကို ဖြစ်စေရာမှာ ဥပါဒ်ခဏမှာသာဖြစ်စေ၍အဘယ့်ကြောင့် ဌီခဏ, ဘင်ခဏတို့မှာ မဖြစ်စေပါသနည်း။

အဖြေ။ ။အနန္တရစသော ပစ္စည်းကိုရ၍ ဥပါဒ်ခဏမှာသာ ရုပ်ကိုဖြစ်စေတတ်သော အစွမ်းသတ္တိနှင့် ယှဉ်သောကြောင့်ဖြစ် ပါသည်။

အနန္တရာဒိပ္ပစ္စယလာဘေန ဥပ္ပါဒက္ခဏေယေ၀
ဇနကသာမတ္ထိယယောဂတော....ဠီ။

အနန္တရာဒိ ပစ္စယ လာဘေန=အနန္တရစသောပစ္စည်းကိုရခြင်း ကြောင့်၊ ဥပ္ပါဒက္ခဏေယေ၀=ဥပါဒ်ခဏ၌ သာလျှင်၊ ဇနက

သာမတ္ထိယယောဂတော=ရုပ်ကို ဖြစ်စေတတ်သော သတ္တိနှင့်ယှဉ် ခြင်းကြောင့်တည်း။

● "တေဇောဓာတု ဌိတိပ္ပတ္တာဝ"ဌ် တေဇောဓာတ်သည် အဘယ့်ကြောင့် ဌိခဏမှာသာ ရုပ်ကိုဖြစ်စေပါသနည်း။

အဖြေ။　။ပစ္ဆာဇာတစသော ပစ္စည်းတို့၏ ထောက်ပံ့မှုကို ရ၍ ဥတုသည် ဌိခဏမှာသာ အားရှိသောကြောင့် ဌိခဏမှာသာ ရုပ်ကို ဖြစ်စေပါသည်။

ပစ္ဆာဇာတာဒိပ္ပစ္စယုပတ္ထမ္ဘလာဘေန ဌိတိက္ခဏေယေဝ ဥတုသြဇာနံ ဗလဝဘာဝေါ တိ....ဌီ။

ပစ္ဆာဇာတာဒိ ပစ္စယုပတ္ထမ္ဘလာဘေန = ပစ္ဆာဇာတ စသော ပစ္စည်းတို့၏ အထောက်အပံ့ကို ရခြင်းဖြင့်၊ ဌိတိက္ခဏေယေဝ=ဌိခဏဌ်သာလျှင်၊ဥတုသြဇာနံ=ဥတုသြဇာတို့၏၊ ဗလဝဘာဝေါ= အားရှိခြင်းသည်၊ ဟောတိ=ဖြစ်၏၊ဣတိ= ဆို့ကြောင့်တည်း။

● "သြဇာသခ်ါတော။ပ်။ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ" ဌ် သြဇာခေါ် အာဟာရသည် အဘယ့်ကြောင့် ဌိခဏမှာသာ ရုပ်ကို ဖြစ်စေရပါသနည်း။

အဖြေ။　။ပစ္ဆာဇာတ စသောပစ္စည်းတို့၏ ထောက်ပံ့မှုကို ရ၍ သြဇာသည် ဌိခဏမှာသာ အားရှိသောကြောင့် ဌိခဏမှာသာ ရုပ်ကိုဖြစ်စေပါသည်၊ (ဟိတ်ပါဌ်မှာ အပေါ် ပုစ္ဆာကပါဌ် ပင်တည်း)။

ဆောင်။　။ပစ္ဆာဇာတာ,အစဖြာသည့်,ပစ္စယာစု, ထောက်ပံ့မှုကြောင့်, ဥတုအာဟာ, ထိုနှစ်ဖြာတို့, ဌိခါကာလ,အားရှိကြသဖြင့်, ဌိခဏသာ, ရုပ်များစွာ, မုတ်ပါဖြစ်စေသည်။

● အဘယ့်ကြောင့် လက္ခဏာ ရုပ်တို့သည် နကုတောစိသမုဋ္ဌာန်ဖြစ်ရပါသနည်း။

အဖြေ။ ။ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောအားဖြင့် ကြောင့် နကုတောစိသမုဋ္ဌာန် ဖြစ်ရပါသည်။

ဇာယမာနာဒိ ရူပါနံ၊ သဘာ၀တ္တာဟိ ကေ၀လံ။
လက္ခဏာနိ နဇာယန္တိ၊ ကေဟိစိတိ ပကာသိတံ။

● "အဋ္ဌာရသ ပန္နရသ၊ တေရသ ဒ္ဒါဒသာတိစ"ဋ္ဌ ၎င်းတို့၏ သရုပ်ကိုဖော်ပြခဲ့ပါ။

အဖြေ။ ။**အဋ္ဌာရသ**=ဟဒယရုပ် ၁, ဣန္ဒြိယရုပ် ၈, အ၀ိနိဘောဂရုပ် ၈,အာကာသဓာတ်၊**ပန္နရသ**=၀ိညတ်ဒွေး,သဒ္ဒ,လဟုတာဒိတ္တယ,အ၀ိနိဘောဂရုပ်၈,အာကာသဓာတ်၊**တေရသ**=သဒ္ဒ, လဟုတာဒိတ္တယ,အ၀ိနိဘောဂရုပ် ၈,အာကာသဓာတ်၊**ဒ္ဒါဒသ**= လဟုတာဒိတ္တယ,အ၀ိနိဘောဂရုပ် ၈,အာကာသဓာတ်။

ရူပသမုဋ္ဌာနပြီး၏။

ရူပကလာပ

● "၀စီ၀ိညတ္တိသဒ္ဒေဟိသဟ၀စီ၀ိညတ္တိဒသကံ" ဋ္ဌ သဒ္ဒလည်းပါပါလျက် အဘယ့်ကြောင့် ၀စီ၀ိညတ္တိသဒ္ဒဒသကံဟု မဆိုပါသနည်း။

အဖြေ။ ။၀စီ၀ိညတ္တိဖြင့် သဒ္ဒကိုလည်း ယူပြီးဖြစ်သောကြောင့် ၀စီ၀ိညတ္တိသဒ္ဒဒသကံဟု မဆိုပါ။

၀စီ၀ိညတ္တိဂုဟဏေန သဒ္ဒေါပိ သင်္ဂဟိတော ဟောတိ၊
တသာ တဒ၀ိနာဘာ၀တော....ဌီ။

၀စီ၀ိညတ္တိဂုဟဏေန= ၀စီ၀ိညတ္တိသဒ္ဒါဖြင့်၊ သဒ္ဒေါပိ=ကိုလည်း၊ သင်္ဂဟိတော= ရေတွက်အပ်သည်၊ ဟောတိ= ဖြစ်၏။

ကသ္မာ=အဘယ့်ကြောင့်နည်း၊ တသာ=ထိုဝစီဝိညတ်၏၊ တဒ ဝိနာဘာဝတော=ထိုသဒ္ဒနှင့်ကင်းရှိ မဖြစ်ခြင်းကြောင့်တည်း။

● ကလာပ် ၂၁-စည်းကိုအဋ္ဌတ္ထိက ဗဟိဒ္ဓခဲ့ပြုခဲ့ပါ။

ဖြေ။ ။အဋ္ဌတ္ထိက ၂၁-စည်းလုံး၊ ဗဟိဒ္ဓ ၂-စည်းသာ။

● အဘယ့်ကြောင့် အာကာသဓာတ်နှင့် လက္ခဏရူပ်တို့ ကလာပ်ဖွဲ့ရာတွင် မပါဝင်ကြပါသနည်း။

အဖြေ။ ။အာကာသဓာတ်သည် ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့်, လက္ခဏရူပ်တို့သည် ကလာပ်တို့၏အမှတ်အသားမျှားသာ ဖြစ်သောကြောင့်တည်း။

ကလာပါနံ ပရိစ္ဆေဒ, လက္ခဏတ္တာ ဝိစက္ခဏာ။
နာ ကလာပင်္ဂ မိစ္ဆာဟု၊ အာကာသံ လက္ခဏာနိစ။

ကလာပါနံ= ကလာပ်တို့၏၊ ပရိစ္ဆေဒလက္ခဏတ္တာ= အပိုင်းအခြား အမှတ်အသားတို့၏ အဖြစ်ကြောင့်၊ ဝိစက္ခဏာ=ပညာရှိတို့သည်၊ အာကာသံ=အာကာသ ဓာတ်ကိုရင်း၊ လက္ခဏာနိစ= လက္ခဏရူပ်တို့ကိုရင်း၊ ကလာပင်္ဂ ဣတိ=ကလာပ်၏ အင်္ဂါဟူ၍၊ နအာဟု=မဆိုကြကုန်။

ရူပကလာပပြီး၏။

ရူပပွဝ်တိုက္ကမ

● "ယထာရဟံ အနုနာန်"၌ ယထာရဟံ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

အဖြေ။ ။ယထာရဟံ၏ အဓိပ္ပာယ်မှာ ဃောက်ျားဖြစ်က ဣတ္ထိဘာဝရုပ်မရ, ကျန် ၂၇-ပါးသာရ၏၊ မိန်းမဖြစ်က ပုဗ္ဗာဝ

ရုပ်မရ, ကျန် ၂၇-ပါးသာရ၏၊ မည်သူမဆို စက္ခုစသော ဣန္ဒြေ မျှားချိုနေက ချိုနေသောရုပ်မျှားမရ-ဟု ဆိုလိုပါသည်။

ယထာရဟန္တိ သဘာဝက ပရိပုဏ္ဏာ ယတနာနံ အနုရူပတောဝ ....ဌီ။

ယထာရဟန္တိ=ဟူသည်ကား၊ သဘာဝကပရိပုဏ္ဏာ ယတနာနံ=ဘာဝရုပ်ရှိသူ ပြည့်စုံသော ဣန္ဒြေရှိသူတို့အား၊ အနုရူပတောဝ=လျော်သောအားဖြင့်။

● "တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒိနိစ ပါတုဘဝန္တိ"၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋ္ဌိသန္ဓေမှစ၍ ၄၉-ရက် (=သတ္တသတ္တာဟ) ရှိရာအခါ၌ စက္ခုဒသကဖြစ်,နောက် ၇-ရက် ၇-ရက်စီခြားရှိသော တ,ဃာန,ဇိဝှာဒသကတို့ ဖြစ်ကြသည်ဟူလို။

မှတ်ချက်။ ။မူလဋီကာ၌ကား ၂၂-ရက် (=ဧကာဒသ သတ္တာဟ)ဟု ဆိုသည်၊ "တတော ပရံ ပဝတ္တိ ကာလေ"၌ ပဝတ္တိ ကာလအရကို တိကျစွာ ဖော်ပြပါဆိုက ဋီကာကျော်အလို ပဋ္ဌိသန္ဓေ နောင် ၄၉-ရက်ရှိသော အခါတည်း၊ မူလဋီကာအလို ၂၂-ရက်ရှိရာအခါတည်း၊ မူလဋီကာ ဝါဒကို ဆရာများနှစ်သက်ကြသည်။

● စတုဇရုပ်တို့၏ နောက်ဆုံးချုပ်ရာ အခါကို တိကျစွာ ဖော်ပြခဲ့ပါ။

အဖြေ။ ။ကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်တူ ချုပ်ပါသည်၊စိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက်ခဏငယ် ၄ဂ-ချက်

ကြာမှုချုပ်ပါသည်၊ **အာဟာရဇရုပ်သည်** ကမ္မဇရုပ် ချုပ်ပြီးနောက် ခဏငယ် ၅၀-ကြာမှ ချုပ်ပါသည်၊ **ဥတုဇရုပ်သည်** အလောင်းကောင်မှဆက်၍ ကမ္ဘာပျက်မှ ချုပ်ပါသည်။

ဆောင်။ ။စုတိနှင့်သာ, တူညီစွာ, ချုပ်ရာကမ္မဇ၊
၄၈-မှာ, စိတ္တဇာ, အဟာ ၅၀-ချု၊
အလောင်းစအုံး, ကမ္ဘာဆုံး, ပျက်သုဉ်းဥတုဇ။

● အဘယ် တရားများ မရှိသည်ကို သေသည်ဟု ခေါ်ကြပါသနည်း။

အဖြေ။ ။ဇီဝိတိန္ဒြေ, ကမ္မဇတောဇာ, ဝိညာဉ် ၃-ပါးမရှိခြင်းကို သေသည်ဟု ခေါ်ဆိုကြပါသည်။

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ....ဠီ။

ယဒါ=၍၊ အာယု=ဇီဝိတိန္ဒြေသည်ရင်း၊ ဥသ္မာစ=ကမ္မဇတေဇောသည်ရင်း၊ ဝိညာဏံ=ဝိပါက် ဝိညာဉ်သည်ရင်း၊ ဣမံကာယံ=ဤကိုယ်ကို၊ ဇဟန္တိ=စွန့်ကြကုန်၏၊ တဒါ=၍၊ နိရတ္ထံ=အကျိုးမရှိသော၊ ကလိင်္ဂရံဝ=ထင်းနှုပ်ထင်းဖဲ့ကဲ့သို့၊ အပဝိဒ္ဓေါ=စွန့်ပစ်အပ်သည်ဖြစ်၍၊ သေတိ=အိပ်ရတော့၏။

● စုတိစိတ်မှ အထက် ၁၇-ချက်မြောက်စိတ်၏ဌီခဏမှ စ၍ အဘယ်ကြောင့် ကမ္မဇရုပ်များ မဖြစ်ကြတော့ပါသနည်း။

အဖြေ။ ။ကမ္မဇရုပ်များ ဆက်လက်ဖြစ်နေက သေခြင်း မရှိနိုင်တော့သောကြောင့် မဖြစ်ကြတော့ပါ။

တဒုပ္ပတ္တိယံ မရဏာဘာ၀တော....ဠီ။

တဒုပ္ပတ္တိယံ=ထိုကမ္မဇရုပ်တို့ ဆက်လက်ဖြစ်ခြင်းသည်၊သတိ=ရှိလတ်သော်၊ မရဏာဘာ၀တော=သေခြင်း၏ မရှိခြင်းကြောင့်တည်း။

● အဘယ့်ကြောင့် ရူပဘုံမှာ ဘာ၀ရုပ် ၂-ခု မရပါသနည်း။

အဖြေ။ ။ရူပဗြဟ္မာတို့အား ထူထဲသော ကာမရာဂ ဥပနိဿယ မရှိသောကြောင့်မရပါ။

ဘာ၀ဒ္ဒယံ ပန ဗဟလကာမရာဂူပနိဿယတ္တာ ဗြဟ္မာနဉ္စ တဒဘာ၀တော တတ္ထ နပ၀တ္တတိ....ဠီ။

ဘာ၀ဒ္ဒယံ=ဘာ၀ရုပ် ၂-ခုအပေါင်းသည်၊ ဗဟလကာမရာဂူပနိဿယတ္တာ=ထူထဲသော ကာမရာဂ ဥပနိဿယ၏ အဖြစ်မကြောင့်ရင်း၊ ဗြဟ္မာနံ=ဗြဟ္မာတို့အား၊ တဒဘာ၀တောစ=ထိုထူထဲသော ကာမရာဂ ဥပနိဿယ မရှိခြင်းကြောင့်ရင်း၊ တတ္ထ=ထိုဗြဟ္မာဘုံ၌၊ နပ၀တ္တတိ=မဖြစ်။

● အဘယ့်ကြောင့် အရူပဘုံမှာ အာဟာရဇရုပ်မျှားမရပါသနည်း။

အဖြေ။ ။မျိုသုံးစားသောက်အပ်သော ဗဟိဒ္ဓအာဟာရ မရှိခြင်း, အဇ္ဈတ္တအာဟာရကလည်း ရုပ်ကိုမဖြစ်စေနိုင်ခြင်းတို့ကြောင့် အာဟာရဇရုပ်မျှား မရပါ။

အဇ္ဈောဟဋ္ဌာဟာရာဘာ၀ေန သရီရဂတသိဒ္ဓိ
အာဟာရသ္မာ ရူပသမုဋ္ဌာ၊ပနာဘာ၀တော....ဠီ။

အဗ္ဗောဟဠာဟာရာဘာဝေန= မျိုသုံး စားသောက် အပ်သော အာဟာရ၏ မရှိခြင်းကြောင့်ရင်း၊ သရီရဂတဿ=ခန္ဓာကိုယ်သို့ ရောက်သော၊အာဟာရဿ=၏၊ ရူပသမုဋ္ဌာပနာ ဘာဝတောပိ=ရုပ်ကိုဖြစ်စေခြင်း၏ မရှိခြင်းကြောင့်ရင်းတည်း။

● ရူပ ဗြဟ္မာများ စုတေသောအခါ အလောင်းကောင်ကျန်ရစ်ပါသလော။

အဖြေ။ ။မကျန်ရစ်ပါ၊တပြိုင်နက်ချုပ်သွားပါသည်....ဌီ။

● "အဌဝိသတိ ကာမေသု၊ ဟောန္တိတေဝိသ ရူပိသု။ သတ္တရသေဝ သညိနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ"ဌ္ဌ တေဝိသ, သတ္တရသ အရတ္ထိုကို ကောက်ပြခဲ့ပါ။

အဖြေ။ ။တေဝိသ=ဃာနာဒိတ္တယ, ဘာဝရူပ ၂-ခုကြဉ် ကျန်ရုပ် ၂၃-ပါး၊သတ္တရသ=အဝိနိဗ္ဘောဂရုပ် ဂ-ခု,လဟု တာဒိ ၃-ခု၊ လက္ခဏရုပ် ၄-ခု, အာကာသဓာတ် ၁-ခု။

● ပဋိသန္ဓေ အခါ မရ နိုင်သော ရုပ် များ ကို သင်္ဂဟ ထောက်၍ ကောက်ပြခဲ့ပါ။

အဖြေ။ ။သဒ္ဒ ၁, ဝိကာရ ၅, ဇရတာ ၁, အနိစ္စတာ ၁, ပေါင်း ဂ-ပါးဖြစ်ပါသည်။

သဒ္ဒေါဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။
နလဗ္ဘန္တိ ပဝတ္တေ တု၊ နကိဉ္စိပိ နလဗ္ဘတိ။

ရူပပ္ပဝေါဘိုက္ကမပြီး၏။

● တဘဝ၌ ပဌမဆုံးဖြစ်သော ရုပ်၊ ဒုတိယ, တတိယ, စတုတ္ထဖြစ်သော ရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အစဉ်အတိုင်း ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့ ဖြစ်ပါသည်။

အမှာ။ ။စိတ္တဇရုပ်နှင့် ဥတုဇရုပ် ၂-ခု တို့တွင် တဘဝဌ် ဘယ်ရုပ်က အရင်ဖြစ်ပါသနည်း စသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ။

● တဘဝဌ် အဆုံးသတ်အနေနှင့် ပဌမဆုံး, ဒုတိယ, တတိယ, စတုတ္ထချုပ်သော ရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အစဉ်အတိုင်း ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်များဖြစ်ပါသည်။

အမှာ။ ။ရူပဘုံ၌ ရုပ်အားလုံး တပြိုင်နက်ချုပ်ကြ၏။ အရူပဘုံ၌ ရုပ်လုံးဝမရှိ၊ အထက်ပါအဖြေမှာ ကာဝေါ့အတွက်သာဖြစ်၏။

ရုပ်ဒိုင်းပြီး၏။

သမ္ဘည်းပိုင်း

အကုသလသင်္ဂ

● "ဒ္ဒါသတ္တတိ ဝိဓာ ဝုတ္တာ"ဌ်ဒ္ဒါသတ္တတိ အရကိုကောက်ပြခဲ့ပါ။

အဖြေ။ ။စိတ် ၁,စေတသိက် ၅၂,နိပ္ဖန္နရူပ် ၁၈,နိဗ္ဗာန်၁-ပေါင်း ၇၂။

ဆောင်။ ။နာမ်တေပညံ, ရပ်နိပ္ဖန်, နိဗ္ဗာန်ယူဘိ, ဒ္ဒါသတ္တတိ။

● အဘယ်ကြောင့် ထိန မိဒ္ဓနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ တို့ကို နိဝရဏတပါးတည်းပြု၍ ဆိုထားရပါသနည်း။

အဖြေ။ ။ကိစ္စ, အကြောင်း, ဆန့်ကျင်ဖက်တို့တူညီသောကြောင့် ဆိုထားပါသည်။

ကိစ္စာဟာရ ဝိပက္ခာနံ၊ ကေတ္တာ ကေ မေတ္ထ ဟိ။
ကတ မုဒ္ဓစ္စ ကုက္ကုစ္စံ၊ ထိန မိဒ္ဓဥ္စ တာဒိနာ....ဌ်။

ဟိ=အထူးကား၊ တ္ထ=ဤနိဝရဏတရားတို့တွင်၊ကိစ္စာဟာရ ဝိပက္ခာနံ=ကိစ္စ, အကြောင်း, ဆန့်ကျင်ဖက်တို့၏၊ ကေတ္တာ=တူကုန်သည်၏ အဖြစ်ကြောင့်၊ တာဒိနာ၊ တာဒိဂုဏ်ရှင် ဘုရားသခင်သည်၊ ဥဒ္ဓစ္စ ကုက္ကုစ္စံ=ဥဒ္ဓစ္စကုက္ကုစ္စ ၂-ပါးကိုရင်း၊ ထိန မိဒ္ဓဥ္စ=ထိနမိဒ္ဓ ၂- ပါးကိုရင်း၊ ကေ= နိဝရဏ တခုတည်းကို၊ ကတံ=ပြုတော်မူအပ်ပြီ။

● တဏှာအစစ် ၁၀၀-ပါးကို တွက်ပြပါ။

အဖြေ။ ။ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ၃-ပါး တည်, အာရုံ ၆-ပါး, ကာလ ၃-ပါး, သန္တာန် ၂-ပါး တို့ဖြင့် မြောက်-

၃×၆×၃×၂=၁၀၀ ဖြစ်၏။

ဆောင်။ ။တဏှာသုံးတန်, တည်ထားခံ, အာ–ကာ–သန် နှင့် မြောက်။
တဏှာအစစ်,တရားရှစ်, တွက်စစ် အမှန်ရောက်။

● ၁၅၀၀ ကိလေသာကို ဖော်ပြခဲ့ပါ။

အဖြေ။ ။နာမ်တေပညာသ, နိုပ္ပန္နရုပ် ၁၈,လက္ခဏရုပ် ၄, ပေါင်း ၇၅-ကိုတည်၊ သန္တာန် ၂-ပါး, ကိလေသာ ၁၀-ပါး တို့ဖြင့် မြောက်–

၇၅×၂×၁၀=၁၅၀၀ ဖြစ်၏။

ဆောင်။ ။နာမ်တေပညံ, ရုပ်နိုပ္ပန်, လေးတန် လက္ခဏာ၊ သန္တာန်နှစ်၀, ကိလေသ, မြောက်က ထောင့် ၀ါးရာ။

● အကုသလ သင်္ဂဟလာ တရားကိုယ် ၁၄-ပါး တို့၏ အမည်အရေအတွက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘ ၉-မည်၊ ဒိဋ္ဌိ ၈-မည်၊ မောဟ ၇-မည်၊ ဒေါသ ၅-မည်၊ဝိစိကိစ္ဆာ ၄-မည်၊ မာန ၃-မည်၊ ဥဒစ္စ ၃-မည်၊ ထိန ၂-မည်၊ မိဒ္ဓ, ကုက္ကုစ္စ, အဟိရိက, အနောတ္တပ္ပ, ဣဿာ, မစ္ဆရိယတို့ ၁-မည်စီ။

ဆောင်။ ။လောကိုး ဒိရှစ်, မောခုနစ်, ၀ါးဖြစ် ဒေါသမှာ။

ဝိစိလေးနှုန်း, မာ-ဥဒ် သုံး,နှစ်လုံး ထိနသာ၊
ကြင်းကျန်သမျှ, တမည်ရ, မှတ်ကြသောတုနာ။
အကုသလ သင်္ဂဟ ပြီး၏။

မိဿက သင်္ဂဟ

● စျာနင် ၇-ပါးကို ကုသိုလ် အကုသိုလ် အဗျာကတ ခွဲပြခဲ့ပါ။

အဖြေ။ ။ဒေါမနဿစျာနင်သည် အကုသိုလ်,ကျန် ၆-ပါးသည် ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ပါသည်။

ဒေါမနဿဥ္ဆေတ္တ အကုသလစျာနဂ်ံ၊သေသာနိကုသလာ
ကုသလာဗျာကတစျာနဂ်ါနိ....ဌီ။

ဇေတ္ထ=ဤစျာနင် ၇-ပါးတို့တွင်၊ ဒေါမနဿံ=ဒေါမနဿ စျာနင်သည်၊ အကုသလစျာနဂ်ံ=အကုသိုလ် စျာနင် မည်၏၊ သေသာနိ=ကြွင်းသော စျာနင်တို့သည်၊ ကုသလာ ကုသလာ ဗျာကတ စျာနဂ်ါနိ=ကုသိုလ် အကုသိုလ် အဗျာကတ စျာနင် မည်ကုန်၏။

● ပညာ စေတသိက် တခုတည်းကို အဘယ်ကြောင့် ပညိန္ဒြိယံ, အနညာတညဿာမီတိန္ဒြိယံ, အညိန္ဒြိယံ, အညာတာဝိန္ဒြိယံဟု လေးမျိုးခွဲ၍ ဟောထားရပါသနည်း။

အဖြေ။ ။ဤနေ့ ထိုက်သော ပညာသရုပ်ကို ပြလိုသောကြောင့် ပညိန္ဒြိကို ဟောပါသည်၊ ပုဂ္ဂလဗျာသယ, ကိစ္စဝိသေသတို့ကို ပြလိုသောကြောင့် ကျန် ၃-ပါးကို ဟောပါသည်။

ဝုတ္တံ ပညိန္ဒြိယံ ဓမ္မ, သရူပဿ ဝိဘာဝနံ။
ပုဂ္ဂလဗျာသယ ကိစ္စ, ဝိသေသာနံ ဟိ သေသကံ....ဌီ။

ဓမ္မသရူပဿ=ဣန္ဒြေ ထိုက်သော ပညာတရား သရုပ်ကို၊ ဝိဘာဝနံ=ထင်စွာ ပြခြင်းငှာ၊ ပညိန္ဒြိယံ=ပညိန္ဒြေကို၊ ဝုတ္တံ=ဟောတော်မူအပ်ပြီ၊ ပုဂ္ဂလဗျာသယ ကိစ္စဝိသေသာနံ=ပုဂ္ဂလဗျာသယကိစ္စဝိသေသတို့ကို၊ဝိဘာဝနံ=ထင်စွာပြခြင်းငှာ၊သေသကံ=ကျန်ဣန္ဒြေ သုံးပါးကို၊ ဝုတ္တံ=ဟောတော်မူအပ်ပြီ။

● အခြားတရားများရှိပါလျက် ကဗဠီကာရာဟာရစသော လေးပါးကိုသာ အဘယ်ကြောင့် အာဟာရဟု ဟောထားရပါသနည်း။

အဖြေ။ ။အစ္စတ္တိကသန္ဓာန်အား အထူးကျေးဇူးပြုတတ်သောကြောင့် ဟောထားပါသည်။

အစ္စတ္တိကသန္ဓတယာ ပန ဝေသေသပ္ပစ္စယတ္တာ
ဣမေယေဝ စတ္တာရော အာဟာရာတိ ဝုတ္တာ....ဒီ။

အစ္စတ္တိက သန္ဓတိယာ=အစ္စတ္တိကသန္ဓာန်အား၊ ဝိသေသပ္ပစ္စယတ္တာ=အထူးသဖြင့်ကျေးဇူးပြုတတ်ကုန်သည်၏အဖြစ်ကြောင့်၊ ဣမေယေဝ=ဤတရားတို့ကိုသာလျှင်၊ စတ္တာရောအာဟာရာတိ=စတ္တာရောအာဟာရဟူ၍၊ ဝုတ္တာ=ဟောတော်မူအပ်ကုန်ပြီ။

● "ပဋ္ဌဝိညာဏေသု စျာနင်္ဂါနိ" ၌ အဘယ်ကြောင့် ဒွေပဋ္ဌဝိညာဉ် ၁၀-မှာ စျာနင် မရပါသနည်း။

အဖြေ။ ။အာရုံကိုကပ်၍ ရှိသော အခြင်းအရာ မရှိသောကြောင့် စျာနင်မရခြင်း ဖြစ်ပါသည်။

ဥပနိဇ္ဈာနာကာရဿ အဘာဝတော....ဒီ။

ဥပနိဇ္ဈာနာကာရဿ=အာရုံကို ကပ်၍ရှိသော အခြင်းအရာ၏၊ အဘာဝတော=မရှိခြင်းကြောင့်တည်း။

● "အဝိရိယေသုဗလာနိ"၌ အဘယ်ကြောင့် အဝိရိယစိတ်မှာ ဗိုလ်မရပါသနည်း။

အဖြေ။ ။ဝိရိယမရှိသောကြောင့် ဖြစ်ပါသည်။

သောဌသစိတ္တေသု ဝိရိယာဘာဝတော....ဠီ။

သောဌသ စိတ္တေသု=၁၆-ပါးသော စိတ်တို့၌၊ ဝိရိယာဘာဝတော=ဝိရိယမရှိခြင်းကြောင့်တည်း။

● "အဟေတုကေသု မဂ္ဂင်္ဂါနိနလဗ္ဘန္တိ"၌အဘယ်ကြောင့် အဟိတ်စိတ်မှာ မဂ္ဂင်မရပါသနည်း။

အဖြေ။ ။ဟိတ်မရှိသောကြောင့် ဖြစ်ပါသည်။

ဟေတုဝိရဟတော မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ....ဠီ။

ဟေတုဝိရဟတော=ဟိတ်မရှိခြင်းကြောင့်၊ မဂ္ဂင်္ဂါနိ=မဂ္ဂင်တို့ကို၊ နလဗ္ဘန္တိ=မရအပ်ကုန်။

● "တထာဝိဓိကိစ္စာဓိတ္တေ ။ပ။ နဂစ္ဆတိ" ၌ အဘယ်ကြောင့် ဝိဓိကိစ္စာဓိတ်မှာ ဧကဂ္ဂတာဟာ မဂ္ဂင်, ဣန္ဒြေ, ဗိုလ် မထိုက်ပါသနည်း။

အဖြေ။ ။ဝိဓိကိစ္စာဓိတ်မှာ အဓိမောက္ခ မယှဉ်သောကြောင့်ဖြစ်ပါသည်။

မှတ်ချက်။ ။သင်္ဂြိဟ်ပါဠိမှာ "မဂ္ဂိန္ဒြိယ ဗလဘာဝံ"ဟုရှိ၏၊ "မဂ္ဂဂိန္ဒြိယဗလဘာဝံ" သာ အမှန်ဟုမှတ်။

အဓိမောက္ခ ဝိရဟတော....ဠီ။

အဓိမောက္ခ ဝိရဟတော=အဓိမောက္ခမှ ကင်းခြင်းကြောင့်တည်း။

● ဒ္ဒိဟေတုက တိဟေတုက ဇဝနေသ့ဝ ယထာသမ္ဘဝံ"ဌ္ဌ အဘယ့်ကြောင့် ယထာသမ္ဘဝံကို ဆိုရပါသနည်း။

အဖြေ။ ။ဒ္ဒိဟိတ်ဇောမှာ ဝိမံသာဓိပတိ မရသောကြောင့်ရင်း, နောက်နောက်စိတ်ကို ပြုပြင်စီရင်တတ်သော ရှေးရှေးသောစိတ်သည် ဒ္ဒိဟိတ်ဇော တိဟိတ်ဇော ဖြစ်သင့်သလို ဖြစ်သောကြောင့်ရင်း ဆိုပါသည်။

ဝိမံသာဓိပတိနော ဒ္ဒိဟေတုကဇဝနေသု အသမ္ဘဝတော၊
စိတ္တာဘိ သင်္ခါရူပ နိဿယသဿ သမ္ဘဝါနုရူပတော....ဌ္ဌ။

ဝိမံသမာဓိပတိနော=ဝိမံသာဓိပတိ၏၊ ဒ္ဒိဟေတုကဇဝနေသု=ဒ္ဒိဟိတ်ဇောတို့ဌ္ဌ၊ အသမ္ဘဝတော=မဖြစ်ခြင်းကြောင့်ရင်း၊ စိတ္တာဘိ သင်္ခါရူပနိဿယသ=နောက်နောက်စိတ်ကို ပြုပြင်စီရင်တတ်သော ရှေးရှေးစိတ်ဟူသော ဥပနိဿယ၏၊ သမ္ဘဝါနုရူပတော=ဖြစ်သင့်သည်အားလျော်စွာဖြစ်ခြင်းကြောင့်ရင်းတည်း။

● မိဿက သင်္ဂဟလာ ပညာစသော တရားတို့သည် ဘယ်နှစ်မည်စီ ရကြပါသနည်း။

အဖြေ။ ။ပညာ ၅, ဝီရိယ-ကေဂ္ဂတာ ၄-စီ, စိတ်-သတိ ၃-စီ, ဝိတက်-ဝေဒနာ-သဒ္ဓါ ၂-စီ, ကျန် ၂၀-ပါး ၁-မည်စီ။

ပဉ္စသင်္ဂဟိတာ ပညာ၊ ဝါယာမေကဂ္ဂတာ ပန။
စတုသင်္ဂဟိတာ စိတ္တံ၊ သတိစေဝ တိသင်္ဂဟာ။
သင်္ကပ္ပေါ ဝေဒနာ သဒ္ဓါ၊ ဒုကသင်္ဂဟိတာ မတာ။
ဧကေကသင်္ဂဟာ သေသာ၊ အဌဝီသတိ ဘာသိတာ....ဌ္ဌ။

မိဿက သင်္ဂဟပြီး၏။

ဗောဓိပက္ခိယသင်္ဂဟ

● သတိစေတသိက် တခုတည်းဖြစ်လျက် အဘယ်ကြောင့် သတိပဋ္ဌာန် ၄-မျိုး ပြားရပါသနည်း။

အဖြေ။　။ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ ဒုက္ခ အနိစ္စ အနတ္တဟု ယူပုံ ၄-မျိုးပြားသောကြောင့်၎င်း, သုဘ သုခ နိစ္စ အတ္တဟု ယူသော သညာဝိပလ္လာသကို ပယ်ပုံ ၄-မျိုး ပြားသောကြောင့်၎င်း သတိပဋ္ဌာန် ၄-မျိုး ပြားရပါသည်။

တံ ပန ကာယဝေဒနာ စိတ္တဓမ္မသု အသုဘဒုက္ခာနိစ္စာနတ္တာကာရဂ္ဂဟဏဝသေန, သုဘ သုခ နိစ္စအတ္တသညာ ဝိပလ္လာသပ္ပဟာနဝသေန စ စတုဗ္ဗိဓံ....ဠီ။

ပန=ဆက်၍ ဆိုဦးအုံ၊ တံ=ထိုသတိပဋ္ဌာန်သည်၊ ကာယဝေဒနာ စိတ္တဓမ္မသု=ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌၊ အသုဘ ဒုက္ခာနိစ္စာ နတ္တာ ကာရဂ္ဂဟဏဝသေန= အသုဘ ဒုက္ခ အနိစ္စ အနတ္တ အခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်၎င်း၊ သုဘ သုခ နိစ္စ အတ္တ သညာ ဝိပလ္လာသပ္ပဟာနဝသေနစ= သုဘ သုခ နိစ္စ အတ္တ ဟု ယူသော သညာဝိပလ္လာသကို ပယ်ခြင်း၏အစွမ်းအားဖြင့်၎င်း၊ စတုဗ္ဗိဓံ=၄-ပါး အပြားရှိ၏။

● ဝိရိယ စေတသိက် တခုတည်း ဖြစ်ပါလျက် အဘယ်ကြောင့် သမ္မပ္ပဓာန် ၄-ပါး ပြားရပါသနည်း။

အဖြေ။　။ကိစ္စ လေးမျိုးပြားသောကြောင့် လေးမျိုးပြားပါသည်။

သော စ ကိစ္စဘေဒေန စတုဗ္ဗိဓော....ဠီ။

သောစ= ထိုသမ္မပ္ပဓာန်သည်လည်း၊ ကိစ္စဘေဒေန= ကိစ္စအပြားအားဖြင့်၊ စတုဗိဓော=လေးပါး အပြားရှိ၏။

ဗေဒနာပဓာနယသင်္ဂဟ ပြီး၏။

သမ္ပယုတ်သင်္ဂဟ

● အဘယ့်ကြောင့် ခန္ဓာကို ၅-ပါးသာ ဟောရပါသနည်း။

အဖြေ။ ။ခန္ဓာကို ၅-ပါးမျှ ဟောခြင်းဖြင့် အလိုရှိအပ်သော အကျိုးပြီးစီးနိုင်သောကြောင့် ၅-ပါးသာ ဟောပါသည်။

ဘော်ဘာဝတာ စ အဓိပ္ပေတတ္ထ သဒ္ဒိတိ,ပညော ဝုတ္တာ....ဒ္ဓီ။

စ=ဆက်၍ ဆိုဦးအုံ၊ ဘော်ဘာဝတာ=ဤသို့ ခန္ဓာ ၅-ပါးသာ ဟောကာမျှဖြင့်၊ အဓိပ္ပေတတ္ထသိဒ္ဓိ=အလိုရှိအပ်သော အကျိုး၏ ပြီးစီးခြင်းသည်၊ ဟောတိ=ဖြစ်၏၊ ဣတိ=ထို့ကြောင့်၊ ပညော= ၅-ပါးတို့ကိုသာလျှင်၊ ဝုတ္တာ=ဟောတော်မူအပ်ကုန်ပြီ။

● အဘယ့်ကြောင့် ဥပါဒါနက္ခန္ဓာကို ထပ်၍ ဟောရပါသနည်း။

အဖြေ။ ။ဝိပဿနာဘူမိကို ပြလိုသောကြောင့် ထပ်ဟောပါသည်။

ဝိပဿနာဘူမိသန္ဒဿနတ္ထံ....ဒ္ဓီ။

ဝိပဿနာဘူမိ သန္ဒဿနတ္ထံ=ဝိပဿနာဘုံကို ပြရခြင်း အကျိုးငှာ။

အမှာ။ ။အလုံးစုံသော သဘာဝ တရားတို့ကို ပေါင်း၍ ရေတွက်ခြင်းငှာ ပဉ္စက္ခန္ဓာကို ဟောတော်မူ၏၊ သတိပြုပါ။

● ဝေဒနာ, သညာတို့ကို အဘယ့်ကြောင့် သီးခြားခွဲ၍ ခန္ဓာဖွဲ့ရပါသနည်း။

အဖြေ။ ။ဝဋ္ဋတရားတို့၌ သာယာတတ်သောကြောင့် ဝေဒနာကို သီးခြားခွဲ၍ ခန္ဓာဖွဲ့ရပါသည်၊ဝေဒနာအား ကျေးဇူးပြုတတ်သောကြောင့် သညာကို သီးခြားခွဲ၍ခန္ဓာဖွဲ့ရပါသည်။

ဝဋ္ဋမမ္မေသု အဿာဒံ၊ တဒဿာဒုပသေဝနံ။
ဝိနိဘုဇ္ဇ နိဒဿေတုံ၊ ခန္ဓဒ္ဒယ မုဒါဟဋ္ဌံ....ဋ္ဌိ။

ဝဋ္ဋမမ္မေသု=ဝဋ္ဋတရား တို့၌၊ အဿာဒံ=သာယာတတ်သော ဝေဒနာကိုဋ္ဌင်း၊တဒဿာဒုပသေဝနံ—ထိုသာယာတတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သော သညာကိုဋ္ဌင်း၊ ဝိနိဘုဇ္ဇ=သီးခြားခွဲ၍၊ နိဒဿေတုံ=ညွှန်ပြခြင်းငှာ၊ ခန္ဓဒ္ဒယံ=ခန္ဓာ ၂-ခု အပေါင်းကို၊ ဥပါဟဋ္ဌံ=ထုတ်ဆောင်အပ်ပြီ။

● အ ဘယ့် ကြောင့် နိဗ္ဗာန် ကို ခန္ဓာ မဖွဲ့ရ ပါသနည်း။

အဖြေ။ ။အတိတ် အနာဂတ်စသော အားဖြင့် ကဲ့ပြားမှုမရှိသောကြောင့် မဖွဲ့ရခြင်း ဖြစ်ပါသည်။

ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓ သင်္ဂဟ နိဿဋ္ဌံ။

● အ ဘယ့် ကြောင့် အာယတန ၁၂-ပါး, ဓာတ်၁၈-ပါး ပြားရပါသနည်း၊ သင်္ဂဟထောက်၍ ဖြေခဲ့ပါ။

အဖြေ။ ။ဒွါရ ၆-ပါး,အာရုံ ၆-ပါး ပြားသောကြောင့် အာယတန ၁၂-ပါး၊ဒွါရ ၆-ပါး,အာရုံ ၆-ပါး, ဝိညာဉ်၆-ပါး ပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားရပါသည်။

ဒ္ဒါရာလမ္မဏဘေဒေန၊ ဘဝန္တိဘယတနာနိ စ။
ဒ္ဒါရာလမ္မတဒုပ္ပန္နေ၊ ပရိယာယေန ဓာတုယော။

● သစ္စဝိမုတ် တရားမျိုးကို သစ္စာ ၄-ပါးခွဲ သွင်းပြခဲ့ပါ။

အဖြေ။ ။ဖိုလ်စိတ်ခွဲရှိသော မဂ္ဂင် ၈-ပါးကို မဂ္ဂသစ္စာခွဲသွင်း၊ မဂ္ဂင် ၈-ပါးမှကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉,ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ကို ဒုက္ခသစ္စာခွဲသွင်း။

● အဘယ်ကြောင့် ခန္ဓာစသော တရားတို့ကို မျိုးစုဟောထားပါသနည်း။

အဖြေ။ ။သတ္တဝါသုံးမျိုးကို ချီးမြှောက်လိုသောကြောင့် ဟောထားပါသည်။

တိဝိဓ သတ္တာနုဂ္ဂဟာယ အဓိပ္ပေတတ္တာ....ဌီ။

တိဝိဓ သတ္တာနုဂ္ဂဟာယ=သုံးပါး အပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်းကို၊အဓိပ္ပေတတ္တာ=အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။

သမုစ္စည်းဖိုင်းပြီး၏။

ပစ္စည်းပိုင်း

ပဋ္ဌာနသမုဒ္ဒါန်

(၈) "ယေသံ သခ်ၢတဓမ္မာနံ, ယေ ဓမ္မာ, ယထာ" တို့ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ရေးပါ။

အဖြေ။ ။"ယေသံ သခ်ၢဘ ဓမ္မာနံ"ဖြင့် ပစ္စယုပ္ပန်တရားကို, "ယေ ဓမ္မာ"ဖြင့် ပစ္စည်းတရားကို, "ယထာ"ဖြင့် ပစ္စယသတ္တိကို ပြပါသည်။

မှတ်ချက်။ ။"ယေသံ သခ်ၢဘ ဓမ္မာနံ"၌ သခ်ၢတ တရားများ မှာ ပစ္စယုပ္ပန်ဟုဆိုသဖြင့် နိဗ္ဗာန်နှင့်ပညတ်မှာ အသခ်ၢတဖြစ်၍ ပစ္စယုပ္ပန်၌ မပါဝင်၊ ပစ္စည်းတရားမှာသာ ပါဝင်သည်၊ ထို့ကြောင့် နိဗ္ဗာန်ဟာ အကျိုးလား, အကြောင်းလား မေးက အကြောင်းဟု ဖြေပါ။

---

(၉) အဘယ့်ကြောင့် ပစ္စည်းတရားက ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုရပါသနည်း။

အဖြေ။ ။တည်တံ့စေလိုသောကြောင့်ရင်း, ဖြစ်ပေါ်လာစေလိုသောကြောင့်ရင်း ကျေးဇူးပြုရပါသည်....ဦး။

---

(၁၀) "ပစ္စယာ=ကျေးဇူးပြုတတ်ကုန်၏" ၌ "ကျေးဇူးပြု" ဟူသော စကား၏အဓိပ္ပာယ်ကို ရေးပါ။

အဖြေ။ ။မဖြစ်သေးသော ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော ပစ္စယုပ္ပန် တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်းကို "ကျေးဇူးပြုသည်"ဟု ခေါ်ပါသည်။

ပစ္စယာ ဌိတိယာ ဥပ္ပတ္တိယာစ ဥပကာရကာ....ဌီ။

ပစ္စယာ=ပစ္စည်းတို့သည်၊ ဌိတိယာ=တည်ခြင်းငှာရင်း၊ ဥပ္ပတ္တိယာစ=ဖြစ်ခြင်းငှာရင်း၊ ဥပကာရကာ=ကျေးဇူးပြုတတ်ကုန်၏။

ဆောင်။ ။ဖြစ်စေ တည်စေ, ဤနှစ်ထွေ, ခေါ်လေ ကျေးဇူးပြု။

● မသိတတ်သောကြောင့် အဝိဇ္ဇာဆိုရာ၌ အဘယ်ကို မသိပါသနည်း။

အဖြေ။ ။သစ္စာ ၄ပ-ား, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ ပဋ္ဌိစ္စသမုပ္ပါဒ် ဤ ၈-ပါးတို့၌ မသိခြင်းဖြစ်ပါသည်....ဌီ။

ဆောင်။ ။သစ္စာလေးတန်, ပုဗ္ဗန္တာ ပရန္တ, ထိုနှစ်ဝန္ဒင့်, ပဋ္ဌိစ္စ သမုပ္ပါဒ်, ဤရှစ်ရပ်,ဖုံးလတ် အဝိဇ္ဇာ။

● "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၌ သင်္ခါရအပြားကို ထုတ်ပြခဲ့ပါ။

အဖြေ။ ။ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟု ၃-ပါးရှိပါသည်....ဌီ။

ဆောင်။ ။ပုညာပုည, အာနေဉ, သုံးဝသင်္ခါရာ။

● အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်၌ အဝိဇ္ဇာ၏ ဖြစ်ကြောင်း မပါရကား အဝိဇ္ဇာဖြစ်ကြောင်းမရှိဟု မှတ်ယူရမည်လော။

အဖြေ။ ။အဝိဇ္ဇာ၏ အကြောင်းကား အာသဝ တရား ၄-ပါးတည်း။

အာသဝါနုံ သမုပ္ပါဒါ၊ အဝိဇ္ဇာဝ ပဝတ္တတိ။

မှတ်ချက်။ ။တဖန် အာသဝတို့၏ ဖြစ်ကြောင်းကို မေးခဲ့သော် အာသဝ ဟူသည် တဏှာ ဥပါဒါန် အကုသိုလ် ကမ္မ ဘဝပင်တည်း၊ ထို့ကြောင့် တဏှာ ဥပါဒါန် ကမ္မဘဝတို့၏ ဖြစ်ကြောင်းသည်ပင် အာသဝတို့၏ ဖြစ်ကြောင်း တည်းဟု ဖြေတတ်ပါ၏။

● အာသဝတို့ကြောင့် အဝိဇ္ဇာဖြစ်၏ဟုဆိုထားပါလျက် အဘယ့်ကြောင့် အဝိဇ္ဇာကို ရှေ့ဆုံးထားရပါသနည်း။

အဖြေ။ ။အာသဝတို့ကြောင့် ဖြစ်သော်လည်း ဝဋ်ဆင်းတို့တွင် အရေးအကြီးဆုံး ဖြစ်သောကြောင့် ရှေ့ဆုံးကထားပါသည်။

ဆောင်။ ။အရေးအကြီးဆုံး, ဖြစ်သည့်ထုံးကြောင့်, ရှေ့ဆုံးမှာသာ,အဝိဇ္ဇာ,ထားကာ မိန့်တော်မူ။

● အဘယ့်ကြောင့် သောကစသော ၅-ပါးကို ပဋ္ဌိစ္စသမုပ္ပါဒ်၌ မရေတွက်ရပါသနည်း။

အဖြေ။ ။ဇာတိ၏ မုချကျိုးမဟုတ်၊ အကျိုးဆက်ကို ပြခြင်းမျှသာ ဖြစ်သောကြောင့် မရေတွက်ရပါ။

သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလဒဿနံ။

● အဘယ့်ကြောင့် အဝိဇ္ဇာ သင်္ခါရတို့ကို ယူသဖြင့် တဏှာ ဥပါဒါန် ဘဝတို့ကို ယူရပါသနည်း။

အဖြေ။　။အဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်တို့သည် တဏှာ၏ အဖြစ်ဖြင့် တူကြ၏၊ သင်္ခါရနှင့်ဘဝသည် ကံ၏အဖြစ်ဖြင့်တူ၏၊ ထို့ကြောင့် ယူရပါသည်။

အမှာ။　။တဏှာ ဥပါဒါန်ဘဝကို ယူသဖြင့် အဝိဇ္ဇာသင်္ခါရတို့ကို ယူရာ၌လည်း နည်းတူသိပါလေ။

ကိုလေသဘာဝသာမညတော အဝိဇ္ဇာဂ္ဂဟဏေန တဏှုပါဒါနာနိ၊ ကမ္မဘဝသာမညတော သင်္ခါရဂ္ဂဟဏေန ကမ္မဘဝေါ သင်္ဂဟိတော....ဒ္ဓီ။

ကိုလေသ ဘာဝ သာမညတော=ကိုလေသာ၏ အဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့်၊ အဝိဇ္ဇာဂ္ဂဟဏေန= အဝိဇ္ဇာကို ယူသဖြင့်၊ တဏှုပါဒါနာနိ=တဏှာ ဥပါဒါန်တို့ကို၊သင်္ဂဟိတာနိ=ယူအပ်ကုန်၏။ကမ္မဘဝသာမညတော=ကံ၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်၊ သင်္ခါရဂ္ဂဟဏေန=သင်္ခါရကိုယူသဖြင့်၊ ကမ္မဘဝေါ=ကမ္မဘဝကို၊ သင်္ဂဟိတော=ယူအပ်၏။

---

❸ ဇာတိ ဇရာမရဏတို့ကို ယူသဖြင့် ဝိညာဉ်စသောအကျိုး ၅-ပါးကို အဘယ်ကြောင့် ယူရပါသနည်း။

အဖြေ။　။ဇာတိ ဇရာ မရဏတို့သည် တရားကိုယ် သီးခြားမရှိကြ၊ ဝိညာဉ်စသော အကျိုး ၅-ပါးတို့၏ဖြစ်ဆဲ,ရင့်ဆဲ,ပျက်ဆဲ အခိုက်အတန့်တို့သာ ဖြစ်သောကြောင့် ယူရပါသည်....ဒ္ဓီ။

---

❹ "အတိတေ ဟေတဝေါ၊ ဣဒါနိ ဖလပဋိကံ။
ဣဒါနိ ဟေတဝေါ၊ အာယတိံ ဖလပဋိကံ"ဒ္ဓီ

၁-အတိတ်အကြောင်းငါးပါး, ၂-ပစ္စုပ္ပန် အကျိုးငါးပါး, ၃-ပစ္စုပ္ပန် အကြောင်းငါးပါး, ၄-အနာဂတ်အကျိုးငါးပါးတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ။
၂-ဝိညာဉ်,နာမ်ရူပ်,သဠာယတန,ဖဿ,ဝေဒနာ။
၃-တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ။
၄-ဝိညာဉ်,နာမ်ရူပ်,သဠာယတန,ဖဿ,ဝေဒနာ။

အမှာ။ ။ရင်း ၄-ခုပေါင်း ၂၀-ရ၏၊ ရင်း ၂၀-ကို ခြင်းရာ ၂၀-ဟုခေါ်သည်၊ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန် အကျိုးတစပ်,ပစ္စုပ္ပန်အကျိုးနှင့်ပစ္စုပ္ပန်အကြောင်း တစပ်, ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုး တစပ်၊ ပေါင်းအစပ်၃-ပါးဖြစ်၏၊ ၁-၂-၃-၄-တို့ သည် တလွှာစီဖြစ်၍ ၄ လွှာဖြစ်၏။

ဆောင်။ ။ခြင်းရာ ၂၀, သုံးသွယ်အစပ်, ၄ ရပ်အလွှာ, မှတ်သားပါ, မျှားစွာ အကျိုးရှိ။

● ပဋ္ဌိစ္စသမုပ္ပါဒ်စက်ရဟတ် ပြတ်ကိန်းပြပါဠိကို ရေးခဲ့ပါ။

အဖြေ။ ။တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

● ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်၏ လည်ပုံပြပါဠိကို ရေးပါ။

အဖြေ။ ။ဇရာ မရဏမုစ္ဆာယ၊ ပိဠိတာနု မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။

● အဘယ်သို့သော တရားမျိုးကို ပဋ္ဌိစ္စသမုပ္ပါဒ် ခေါ်ကြောင်း သင်ဟောထောက်၍ ဖြေခဲ့ပါ။

အဖြေ။ ။အဆက်မပြတ်ဖဲ့တတ်သော ဘုံသုံးပါး၌ဖြစ်သော အစမထင်သော ဝဋ်ဒုက္ခတရားကို ပဋ္ဌိစ္စသမုပ္ပါဒ်ခေါ်ပါသည်။

ဝဋ္ဋ မာဗဇ္ဈ မိစ္ဆေဝံ၊ တေဘူမက မနာဒိကံ။
ပဋ္ဌိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။
ပဋ္ဌိစ္စသမုပ္ပါဒ်နည်းပြီး၏။

ပဋ္ဌာန်းနည်း

● "ဆခေါ၁်နာမံတု နာမဿ၊ ပဋ္ဌခေါ၂် နာမရူပိနံ။
ဧကခေါ၃် ပုနရူပဿ၊ ရူပံ နာမဿ စေကခေါ၄် ဌ္ဌ
၁-၂-၃-၄ တို့၏အရကို ကောက်ပြပါ။

အဖြေ။ ။၁-အနန္တရ,သမနန္တရ, နတ္ထိ,ဝိဂတ,အာသေဝန,
သမ္မယုတ္တ၊
၂-ဟေတု, စျာန, မဂ္ဂ, ကမ္မ, ဝိပါက၊
၃-ပစ္ဆာဇာတ၊ ၄-ပုရေဇာတ။

ဆောင်။ ။အနန်,သနန်၊ နတ်,ဝိမှန်၊ အာ,သမ် ခြောက်ခု
ပြား။
ဟေ,စျာ,မဂ်,ကမ်၊ဝိပါ၊တန်၊ကေန်ပစ်,ပုထား။

● "ပညတ္တိ နာမ ရူပါနိ၊ နာမဿ ဒုဝိဓာ၁ဒ္ဌယံ။
ဒ္ဌယဿ နဝဓာ၂စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ"
ဌ္ဌ ၁-၂-တို့၏ အရကို ကောက်ပြပါ။

အဖြေ။ ။၁-အာရမ္မဏ, ဥပနိဿယ၊
၂-အဝိပတိ, သဟဇာတ, အညမည, နိဿယ,
အာဟာရ, ဣန္ဒြိယ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ။

● အတ္ထိပစ္စည်း အဝိဂတပစ္စည်းအပြားကိုရေးပါ။

အဖြေ။ ။သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာ ဇာတတ္ထိ,

အာဟာရတို့, ရူပဇီဝိတိန္ဒြိယတို့, ပေါင်း ၅-ပါး၊ (အဝိဂတထို့ အတူ ၅-ပါး။)

● အတ္ထပညတ် သရုပ်ကိုသင်္ဂဟပါဠိနှင့်တွဲစပ်၍ထုတ်ပြပါ။

အဖြေ။ ။တံတံဘူတ။ပ။ဘူမိပဗ္ဗတာဒိကာကား **သန္ဓာန**
ပညတ်၊
သမ္ဘာရ။ပ။ ရထသကဋ္ဌာဒိကာကား **သမူဟ**
ပညတ်၊
ခန္ဓပဋ္ဌက။ပ။ ပုဂ္ဂလာဒိကာကား **သတ္တပညတ်**၊
စန္ဒာ။ပ။ဒိသာကာလာဒိကာကား **ဒိသာပညတ်, ကာလပညတ်**၊
တံတံ။ပ။ ကသိဏနိမိတ္တာ ဒိကာကား **နိမိတ္တ**
ပညတ်။

● ပစ္စည်းအားလုံးကို အဘယ်ကြောင့် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ၄-ပစ္စည်းမှာ သွင်းယူနိုင်ပါသည်။

အဖြေ။ ။စိတ်စေတသိက်တို့၏ အာရုံမဟုတ်သော ပစ္စည်းမရှိသောကြောင့် ပစ္စည်းအားလုံးကို အာရမ္မဏပစ္စည်းမှာသွင်း။

ပစ္စယုပ္ပန်တရား၏ မှီရာမဟုတ်သော ပစ္စည်းမရှိသောကြောင့် ပစ္စည်းအားလုံးကို ဥပနိဿယပစ္စည်းမှာသွင်း။

ပစ္စည်းမှန်သမျှကံအဖြစ်ကိုမလွန်ဆန်နိုင်သောကြောင့်ပစ္စည်းအားလုံးကို ကမ္မပစ္စည်းမှာသွင်း။

ပစ္စည်းမှန်သမျှ ထင်ရှားရှိကြသောကြောင့် ပစ္စည်းအားလုံးကို အတ္ထိပစ္စည်းမှာသွင်းရပါသည်....ဦ။

ပဋ္ဌာန်းနည်းပြီး၏။

● သဒ္ဒပညတ် ၆-မျိုးကိုပုံစံနှင့်တွဲပြခဲ့ပါ။

အဖြေ။ သဒ္ဒပညတ်	**ပုံစံ**
၁-ဝိဇ္ဇမာနပညတ်=	ရူပ,ဝေဒနာစသည်၊
၂-အဝိဇ္ဇမာနပညတ်=	ဘူမိ,ပဗ္ဗတစသည်၊
၃-ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်=	ဆဋ္ဌဘိညစသည်၊
၄-အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်=	ဣတ္ထိသဒ္ဒစသည်၊
၅-ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်=	စက္ခုဝိညာဏစသည်၊
၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်=	ရာဇပုတ္တစသည်၊

● "ဝေါ"ဟူသော အသံကိုကြားရာ၌ ဝိထိပေါင်း မည်မျှကျမှ အနက်ကို သိရပါသနည်း။

အဖြေ။　　။၄-ဝိထိကျမှ သိရပါသည်။

မှတ်ဖွယ်။　　။ဝေါဟူသော ပစ္စုပ္ပန်အသံကိုအာရုံပြု၍ သောတဒ္ဒါရတဝိထိ, ဝေါဟူသော အတိတ်အသံကို အာရုံပြု၍ တဒနုဝတ္တိက မနောဒ္ဒါရ တဝိထိ, နွားဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒ္ဒါရတဝိထိ, နွားခြေအတ္ထပညတ်ကိုအာရုံပြု၍ သုဒ္ဓမနောဒ္ဒါရဝိထိ, ပေါင်းလေးဝိထိကျမှ နွားခြေအနက်ကို သိရသည်၊ ဇဝတ္ထိ,ပုရိသစသည်ဖြင့် အကွာရာတလုံး တိုးတိုင်း တိုးတိုင်း ၂ဝိထိစီတိုးမှ သနက်ခြေကိုသိနိုင်သည်၊ အကွာရာ ၂လုံးရှိက ပဌမအကွာရာ, ဒုတိယအကွာရာ ၂ခု လုံးမှာ သောတဒ္ဒါရဝိထိ, တဒနုဝတ္တိက မနောဒ္ဒါရဝိထိ ၂ ခုစီရသည်၊ နောက်သုဒ္ဓမနောဒ္ဒါရ ၂ဝိထိကျမှ အနက်ခြေကို သိနိုင်သည်။

ပစ္ဆည်းပိုင်းပြီး၏။

ကမ္မဋ္ဌာန်းပိုင်း

သပ္ပါယဘေဒ

● အသုဘ ၁၀-ပါး, ကာယဂတာသတိတို့သည်အဘယ် ကြောင့် ရာဂစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။ရာဂနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်ဖြစ်သော ကြောင့် ရာဂစရိုက်ရှိသူနှင့် သင့်လျော်ပါသည်။

ရာဂဿ ဥဇုပစ္စနီကဘာဝတော....ဠီ။

ရာဂဿ=ရာဂ၏၊ဥဇုပစ္စနီကဘာဝတော=ဖြောင့်ဖြောင့်ဆန့် ကျင်ဖက်ဖြစ်သောကြောင့်တည်း။

● အာနာပါနသည် အဘယ့်ကြောင့် မောဟ စရိုက်, ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။အာနာပါနသည် ပညာ၏အာရုံဖြစ်၍ မောဟ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် မောဟစရိုက်ရှိသူနှင့် သင့်လျော် ရပါသည်၊ ကမ္မဋ္ဌာန်းမှ တပါးသော အာရုံတို့၌ ထုတ်ပြေးတတ် သော ဝိတက်ကို တားမြစ်တတ်သောကြောင့် ဝိတက်စရိုက် ရှိသူ နှင့် သင့်လျော်ပါသည်။

ဗုဒ္ဓိဝိသယဘာဝေန မောဟပဋိပက္ခတ္တာ,
ဝိတက္ကသန္ဓာဝနဿ နိဝါရကတ္တာစ....ဠီ။

ဗုဒ္ဓိဝိသယဘာဝေန= ပညာ၏ အာရုံ၏အဖြစ်ဖြင့်၊ မောဟ ပဋိပက္ခတ္တာ= မောဟ၏ ဆန့်ကျင်ဖက်၏ အဖြစ်ကြောင့် ၎င်း၊ ဝိတက္ကသန္ဓာဝနဿ=ကမ္မဋ္ဌာန်းအာရုံမှ တပါးသော အာရုံသို့

ပြေးသွားတတ်သောဝိတက်ကို၊ နိဝါရကတ္တာစ= တားမြစ်တတ်သည်၏ အဖြစ်ကြောင့်ဌင်းတည်း။

● ဗုဒ္ဓါနုဿတိ စသော ၆-ပါးသည် အဘယ့်ကြောင့် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။သဒ္ဓါတရား တိုးပွားခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်ရပါသည်။

သဒ္ဓါဝုဒ္ဓိဟေတုဘာဝတော....ဌီ။

သဒ္ဓါဝုဒ္ဓိဟေတုဘာဝတော=သဒ္ဓါ တရား တိုးပွားခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း(ဗုဒ္ဓိကားပါဠိပျက်)။

● မရဏ, ဥပသမ, သညာ, ဝဝတ္ထာန်တို့သည် အဘယ့်ကြောင့် ဗုဒ္ဓိစရိုက် ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။နက်နဲသည်ဖြစ်၍ ပညာ၏ အာရုံသာ ဖြစ်သောကြောင့် ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်ရပါသည်။

ဂမ္ဘီရဘာဝေန ဗုဒ္ဓိယာ၎ဝ ဝိသယတ္တာ....ဌီ။

ဂမ္ဘီရဘာဝေန=နက်နဲသည်၏အဖြစ်ဖြင့်၊ဗုဒ္ဓိယာ၎ဝ=ပညာ၏ သာလျှင်၊ ဝိသယတ္တာ=အာရုံ၏ အဖြစ်ကြောင့်တည်း။

● သေသာနိ ပန သဗ္ဗာနိပိ-ဌ သေသာနိအရ ကမ္မဋ္ဌာန်းများကို ကောက်ပြခဲ့ပါ။

အဖြေ။ ။သေသာနိအရကား=ပထဝီ,တေဇော,အာပေါ, ဝါယော,အာကာသ,အာလောက, အာရုပ္ပ ၄-ခု,ပေါင်း ၁၀-ပါးတည်း။

ဆောင်။ ။ပ-တေ-အာ-ဝါ, အာကာ- အာလော, အာ ရုပ္ပေါ, မှတ်လော သေသ တဆယ်တည်း။

● အဘယ့်ကြောင့် ကြီးသော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။သေးငယ်သောကသိုဏ်းဝန်းဌာနစိတ်သည်လွန်စွာတွေ့ဝေသောကြောင့် ဖြစ်ပါသည်။

သမ္မာဓေ သြကာသေ စိတ္တဿ ဘိယျောသောမတ္တာယ သမ္မုယှနတော....ဌီ။

သမ္မာဓေ=သေးငယ်သော၊ သြကာသေ=ကဲ့သိုဏ်းဝန်းအရပ်ဌာ၊ စိတ္တဿ=စိတ်၏၊ ဘိယျောသောမတ္တာယ=အတိုင်းထက်အလွန်၊ သမ္မုယှနတော=တွေ့ဝေခြင်းကြောင့်တည်း။

● အဘယ့်ကြောင့် သေးငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ။ကြီးသောကသိုဏ်းဝန်း အာရုံသည် ဝိတက်ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။

မဟန္တာရမ္မဏသ္မိ ဝိတက္ကသန္ဓာဝနပ္ပစ္စယတ္တာ....ဌီ။

မဟန္တာရမ္မဏသ္မိ=ကြီးသောကသိုဏ်းအာရုံ၏၊ ဝိတက္ကသန္ဓာဝနပ္ပစ္စယတ္တာ=ဝိတက်ပြေးသွားခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။

● ကမ္မဋ္ဌာန်းမှန်သမျှ မည်သူနှင့်မဆို သင့်တော်ပါလျက် အဘယ့်ကြောင့် သပ္ပါယဘေဒကို ဆိုရပါသနည်း။

အဖြေ။ ။ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့်ရင်း၊ အလွန်သင့်လျော်သောကြောင့်ရင်း ဆိုပါသည်။

ဥဇုပစ္စနီကဘောဝေ အတိသပ္ပါယတာယ ဧစတံ ဝုတ္တံ....ဌီ။

ဥဇုပစ္စနိကတောစေဝ=ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်၏ အဖြစ်ကြောင့်ရင်း၊ အတိသပ္ပါယတာဃစ= အလွန်သင့်လျော်သောကြောင့်ရင်း၊ ဧတံ=ဤသပ္ပါယဘေဒကို၊ ဝုတ္တံ=ဆိုအပ်ပြီ။

သပ္ပါယဘေဒပြီး၏။

● သေသေသု ပန သမတ္တိံ သကမ္မဋ္ဌာနေသု-ဌ္ဌ သေသေသု အရကို ကောက်ပြခဲ့ပါ။

အဖြေ။ ။ကသိဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, အပ္ပမညာ၄-ပါး,အာရုပ္ပင့်-ပါး,ကာယဂတာသတိ,အနာပါနသတိ, ပေါင်း ၃၀-တည်း။

ဆောင်။ ။ကသိဏ်းဆယ်၀, အသုဘနှင့်, အပ္ပမညာ, အာရုပ္ပါတည့်, အာနာပါန, ကာယဂတာ, သုံးဆယ်မှာ, မျှတ်ပါသေသတည်း။

● ဗုဒ္ဓါနုဿတိ စသော ၃၀-ပါးမှာ အဘယ်ကြောင့် အပ္ပနာဘာ၀နာ မရပါသနည်း။

အဖြေ။ ။ဘုရားဂုဏ်တော်စသည်တို့သည်ပရမတ္ထဖြစ်သောကြောင့်ရင်း, အလွန်များသောကြောင့်ရင်း, တခုတည်းပင်ဖြစ်သော်လည်း နက်နဲသောကြောင့်ရင်း အပ္ပနာ ဘာ၀နာ မရပါ။

ဗုဒ္ဓဂုဏာဒိနံ ပရမတ္ထဘာ၀တော, အနေကဝိဓတ္တာ, ဧကဿပိ ဂမ္ဘီရဘာ၀တော စ....ဠီ။

ဗုဒ္ဓဂုဏာဒိနံ=ဘုရားဂုဏ်တော် စသည်တို့၏၊ ပရမတ္ထ ဘာ၀တော=ပရမတ္ထတို့၏ အဖြစ်ကြောင့်ရင်း၊ အနေကဝိဓတ္တာ=များသောအပြားရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း၊ ဧကဿပိ=တခု

တည်း၏လည်း၊ ဂမ္ဘီရဘာဝတောစ=နက်နဲသည်၏အဖြစ်ကြောင့် ၎င်းတည်း။

ဘာဝနာဘေဒပြီး၏။

ဂေါစရဘေဒ

● "သဗ္ဗထာပိ ယထာရဟံ ပရိယာယေန"၌ အဘယ့်ကြောင့် ပရိယာယ်အားဖြင့် ရအပ်ပါသနည်း။

အဖြေ။ ။အချို့သော အာရုံတို့၏ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်၏ အဖြစ်ဖြင့် မထင်ရှားသောကြောင့်တည်း။

ကဿစိ အာရမ္မဏဿ အပရိဗျတ္တတာယ....ဠီ။

ကဿစိ=အချို့သော၊ အာရမ္မဏဿ=အာရုံ၏၊ အပရိဗျတ္တတာယ=နိမိတ်၏ အဖြစ်ဖြင့် မထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

● နိမိတ် ၃-ပါး နှင့် ဘာဝနာ ၃-ပါးကို တွဲစပ်ပြခဲ့ပါ။

အဖြေ။ ။ပရိကမ္မနိမိတ်, ဥဂ္ဂဟ နိမိတ် } ပရိကမ္မဘာဝနာ

ပဋိဘာဂနိမိတ် { ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာ

ဆောင်။ ။နှစ် တစ်-တစ်နှစ်, တွဲစပ်လစ်, စံနှစ်ကျမည်သာ။

● "အဝသေသု စ ဒသသု" ၌ ဒသ အရကို ကော်ကြားခဲ့ပါ။

အဖြေ။ ။ဗုဒ္ဓါနုဿတိစသော ၈-ပါး,သညာ, ၀ ၀တ္ထာန်, ပေါင်း ၁ ၀-ပါး။

ဆောင်။ ။ဗုဒ္ဓါနုဿတိ, စရိုက်ရှစ်ဖြာ, သညာ-၀ ၀ တ္ထာန်, ဤဆယ်တန်, မှတ်ရန်၀သေသ။

ဂေါစရဘေဒပြီး၏။

ဝိသုဒ္ဓိဘေဒ

● အဘယ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ခေါ်ပါသနည်း၊ သင်္ဂဟထောက်၍ဖြေခဲ့ပါ။

အဖြေ။ ။အနုလောမဉာဏ်နှင့် တကွဖြစ်သော အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ်ပါသည်။

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဂုစ္ဆတိ....**သင်္ဂဟ**။

ယာ=အကြင်သင်္ခါရုပေက္ခာ ဉာဏ်သည်၊ သိခါပတ္တာ= အထွတ်အထိပ်သို့ ရောက်ပြီ၊ သာနုလောမာ=အနုလောမ ဉာဏ်နှင့် တကွဖြစ်သော၊ သာ သင်္ခါရုပေက္ခာ=ထိုသင်္ခါရုပေက္ခာ ဉာဏ်ကို၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍လည်း၊ ပဂုစ္ဆတိ=ဆိုအပ်၏။

● မဂ်ကိစ္စ ၁၆-ချက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သောတာပတ္တိမဂ်၌ ၁-ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သိခြင်း, ၂-သမုဒယသစ္စာကိုပယ်ခြင်း, ၃-နိုရောဓသစ္စာကို မျက်

မျှောက်ပြုခြင်း, ၄ မဂ္ဂသစ္စာကို ပွားခြင်း ၄-ပါးတည်း၊ ကျန်မင်း ၃-ပါးခ္ခ်ိလည်းထို့အတူ ၄-ပါးစီဖြစ်၍ ၄ × ၄ = ၁၆-ပါး ဖြစ်၏။

● ပစ္စဝေက္ခဏာဉာဏ် (ပစ္စဝေက္ခဏာဝီထိ) မျှားကို ရေတွက် ဖော်ပြခဲ့ပါ။

အဖြေ။ ။သောတာပန်အတွက် ၁-မင်းကို, ၂-ဖိုလ်ကို, ၃-နိဗ္ဗာန်ကို, ၄-ပယ်ပြီးကိလေသာကို, ၅-ကြင်းကျန်သော ကိလေသာကို ဆင်ခြင်သောဉာဏ် ၅-ပါး (၅-ဝီထိ)၊

ထို့အတူ သကဒါဂါမ် အနာဂါမ် ၅-ပါးစီ၊ ရဟန္တာမှာ ကြင်း ကိလေသာမရှိ၍ ၄-ပါး၊ ပေါင်း ၁၉-ဉာဏ် (၁၉-ဝီထိ)။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသစ၊ ပစ္စဝေက္ခတိ ဝါနဝါ။

ဝိသုဒ္ဓိဘေဒပြီး၏။

သမာပတ္တိဘေဒ

● အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ၌ ပုဗ္ဗကိစ္စ သရုပ်ကို ထုတ်ပြခဲ့ပါ။

အဖြေ။ ။ကိုယ်နှင့်စပ်နေသော အရာဝတ္ထုမှ တပါးသော သက်နှိုး ကျောင်းစသည်ကို မီးစသောရန်သူတို့ မဖျက်ဆီးရန် အဓိဋ္ဌာန်ခြင်း, သံဃာတော်က မိမိကိုအလိုရှိရာအခါ၌ သမာပတ်မှထနိုင်ရန် အဓိဋ္ဌာန်ခြင်း, မြတ်စွာဘုရားက ခေါ်တော်မူရာ အခါ၌ သမာပတ်မှ ထနိုင်ရန် အဓိဋ္ဌာန်ခြင်း, အသက် တည် ရာကာလကို ကြည့်ရှုခြင်း ၄-ပါးတည်း။

သမာပတ္တိဘေဒပြီး၏။

● မဂ်တခုတည်းက တပြိုင်နက် ကိစ္စလေးချက်ကို ပြီးစေ ရာ၌ ဥပမာဆောင်၍ ထင်ရှားအောင်ပြခဲ့ပါ။

အဖြေ။ ။ဆိမ်းတောက်သည် ၁-မီးစာကို လောင်ခြင်း, ၂-အမိုက်မှောင်ကိုဖျောက်ခြင်း, ၃-အလင်းရောင်ကို ဆောင်ခြင်း, ၄-ဆီကိုကုန်ခန်းစေခြင်းကိစ္စ ၄-ချက်ကိုတပြိုင်တည်း ပြီးစေသကဲ့သို့ မဂ်လည်း စိတ္တက္ခဏတချက်၌ပရိညာ,ပဟာန,ဘာဝနာ, သစ္ဆိကိရိယ ကိစ္စ ၄-ချက်ကို တပြိုင်တည်းပြီးစေ၏....မဥ္ဇု။

● သောတာပန် အ ပြား ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

အဖြေ။ ။၁-သတ္တက္ခတ္တု ပရမသောတပန် == ကာမဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ ပုဂ္ဂိုလ်၊ ၂-ကောလံကောလ သောတာပန်=ကာမဘုံ၌ ၂-ကြိမ်,၃-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ ပုဂ္ဂိုလ်၊ ၃-ကေဝိဓီသောတာပန်= လူ့ပြည်၌ တကြိမ်သာ ပဋိန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ ပုဂ္ဂိုလ်၊ ပေါင်း ၃-ပါးရှိပါသည်။

● "ပစ္စဝေက္ခဏစိတ္တာနိ"၌ ပစ္စဝေက္ခဏစိတ်အရ ကောက်ပြခဲ့ပါ။

အဖြေ။ ။မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄, မဟာကြိယာ ဉာဏသမ္ပယုတ် ၄၊ ပေါင်း ၈-ပါး။

ကမ္ဘာန်းဝိုင်းမြိုင်။

ပဂိုဏ္ဏက

● "နိုဗ္ဗတ္တိတပရမတ္ထဘာဝေန" အရ ပညတ်မှ ပရမတ်ကို ထုတ်နုတ်ပြခဲ့ပါ။

အဖြေ။ ။ယောကျား မိန်းမဟူသည် ပညတ်တည်း၊ ထို ပညတ်မှ ပရမတ်ကို ထုတ်နုတ်ယူပါက စိတ်, စေတသိက်, ရုပ်တို့ ကိုရ၏။

● နိစ္စပရမတ်, အနိစ္စပရမတ်တို့ကို ဖော်ပြပါ။

အဖြေ။ ။နိဗ္ဗာန်သည် နိစ္စပရမတ်,စိတ်-စေတသိက်- ရုပ်တို့သည် အနစ္စပရမတ်။

● ဝိညာဉ်သည် တခုတည်းဖြစ်လျက် အဘယ်ကြောင့် ၅-ပါးပြားရပါသနည်း။

အဖြေ။ ။မှီရာဝတ္ထု ၅-ပါး ပြားသောကြောင့် ၅-ပါး ပြားရပါသည်။

မှတ်ချက်။ ။နတ်ကို ဒေဝတာဟု ခေါ်၏၊ ပေါက်ပင်၌ မှီသောနတ်ကို ပလာသဒေဝတာ, ညောင်ပင်၌ မှီသောနတ်ကို နိဂြောဓဒေဝတာ, သရက်ပင်၌ မှီသောနတ်ကို အမ္ဗဒေဝတာ–စသည်ဖြင့် ခေါ်ရသကဲ့သို့ စက္ခုပသာဒ၌ မှီသော ဝိညာဉ်ကို စက္ခုဝိညာဉ်ဟုခေါ်ရ၏၊ မှီရာဌာနက ၅–ခုရှိ၍ မှီတတ်သော ဝိညာဉ်လည်း ၅-ပါး ပြားရ၏။

● မနောဒ္ဓါရာဝဇ္ဇန်း စိတ်ကို ဝုဋ္ဌော ဟု ခေါ် ကြရာ အဘယ်အခါမျိုးမှာ ခေါ်နိုင်ကြောင်း သာဓကပြ၍ ဖြေခဲ့ပါ။

အဖြေ။ ။ပဉ္စဒ္ဓါရဌာ ဖြစ်သောအခါ ခေါ်နိုင် ပါသည်။ (မနောဒ္ဓါရမှာဖြစ်က မခေါ်နိုင်ပါ)

မနောဒ္ဓါရာ ဝဇ္ဇနမေဝ ပဉ္စဒ္ဓါရေ ဝေါဋ္ဌပ္ပနကိစ္စံ သာဓေတိ။

အမှာ။ ။ဆင်ပြောင်ကြီးနှင့် တူသောစိတ်,သဗ္ဗညုတဉာဏ် တော်နှင့် တူသောစိတ်ဆိုက မနောဒ္ဓါရာဝဇ္ဇန်း ပင်တည်း။

● မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာတို့၌ အဘယ့်ကြောင့် မဟာတပ်ရပါသနည်း။

အဖြေ။ ။အခြားကုသိုလ်, ဝိပါက်, ကြိယာတို့ထက်အရေအတွက်များသောကြောင့် ဖြစ်ပါသည်။

● ရဟန္တာသန္တာန်မှာသာ ကြိယာစိတ်များ ဖြစ်သည်ဟု ဆိုကြရာ ပုထုဇဉ်သန္တာန်မှာ မရှိရှိနိုင်တော့ပြီလော။

အဖြေ။ ။အာဝဇ္ဇန်းဒွေးကို ရနိုင်ပါသေးသည်။

● စျာနဘောဒစိတ်,အာရမ္မဏဘောဒစိတ်,မဂ္ဂဘောဒစိတ်များကို ဖော်ပြပါ။

အဖြေ။ ။စျာနဘောဒစိတ်ကား ရူပစိတ် ၁၅-ပါး၊ အာရမ္မဏ ဒေသစိတ်ကား အရူပစိတ် ၁၂-ပါး၊ မဂ္ဂဘောဒစိတ်ကား လောကုတ္တရာစိတ် ၈-ပါးတည်း။

● "အာရမ္မဏပ္ပဘေဒေန"ဌ် အာရမ္မဏ အပြားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။၁-ကောင်းကင် ပညတ် အာရုံ, ၂-ပဌမာရူပ္ပ ဝိညာဉ်အာရုံ,၃-နတ္ထိဘော ပညတ်အာရုံ, ၄-တတိယာရူပ္ပဝိညာဉ် အာရုံ၊ ပေါင်း ၄-ပါးတည်း။

● ရူပစျာန် ၅-ပါး၏ ပဟာနဂ်, သမ္ပယောဂဂ် များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

စျာန်စိတ်	ဂဟာနဂ်	သမ္ပယောဂဂ်
ပ-စျာန်	နီဝရဏ	ဝိတက္ကာဒိ ပဉ္စက
ဒု-စျာန်	ဝိတက်	ဝိစာရာဒိ စတုက္က
တ-စျာန်	ဝိစာရ	ပီတာဒိ တိက
စ-စျာန်	ပီတိ	သုခါဒိ ဒုက
မ-စျာန်	သုခ	ဥပေက္ခာဒိ ဒုက

● ရူပစိတ်ကို အသျင်အနုရူဒ္ဓါသည် ပဉ္စကနည်းဖြင့် ရေးသားထားရာ စတုက္ကနည်းအားဖြင့် ရေးပြခဲ့ပါ။

အဖြေ။ ။ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံပဌမဈာန ကုသလစိတ္တံ၊ပီတိသုခေကဂ္ဂတာသဟိတံ ဒုတိယဈာန ကုသလစိတ္တံ၊သုခေကဂ္ဂဘာ သဟိတံ တတိယဈာနကုသလစိတ္တံ၊ဥပေက္ခေကဂ္ဂတာသဟိတံ စတုတ္ထဈာန ကုသလစိတ္တာ၊ဥတိ ဤမျှနှိုင်းယှဉ်ရိုပ်ရူပါဝစရကုသလစိတ္တာနိုနှာမ၊(ဝိပါက်,ကြိယာ သိလောက်ပြီ။)

● အရူပစိတ် ၄-ပါးသည် စျာန်အင်္ဂါချင်း တူနေကြ သောကြောင့် အထူးကို အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း။

အဖြေ။ ။အောက်အောက်စိတ်ထက် အထက်အထက်စိတ်က မြတ်ပါသည်။

သုပ္ပဏိတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယ္မာ၊ ပါသာဒတလသာဠိကာ။

ဣဓ=ဤအရူပစိတ် ၄-ခုတို့တွင်၊ ပစ္ဆိမာ မစ္ဆိမာ–နောက် နောက်စိတ်တို့သည်၊သုပ္ပဏိတတရာ=အထူးသဖြင့်မြတ်ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏၊ တတ္ထ=ထိုသို့ မြတ်ရာ၌၊ ပါသာဒတလ သာဠိကာ=၄-ထပ်ပြာသာဒ်, ပုဆိုး ၄-ထည်ဟူသော၊ ဥပမာ= ဥပမာကို၊ ဝိညေယ္မာ=သိအပ်ပြီ။

● စက္ခုဝိညာဏ်စသော ၅-ပါးတို့၏ ဖြစ်ကြောင်း တို့ကို သေချာကျနစွာဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

စက္ခုဝိညာဏ် အာလောက မနသိကာရ ရူပါရုံ စက္ခုပသာဒ သောတဝိညာဏ် အာကာသဓာတ် ။ သဒ္ဒါရုံ သောတပသာဒ ဃာနဝိညာဏ် ဝါယောဓာတ် ။ ဂန္ဓာရုံ ဃာနပသာဒ ဇိဝှာဝိညာဏ် အာပေါဓာတ် ။ ရသာရုံ ဇိဝှာပသာဒ ကာယဝိညာဏ် ပထဝီဓာတ် ။ ဖောဋ္ဌဗ္ဗာရုံ ကာယပသာဒ

ဆောင်။ ။လင်းအာကာ ဝါယောနှင့်, အာပေါတဲ့ပထဝီ၊ ငါးခုစဉ်ညီ၊ မနသိ, ငါးလိမ္မာ ယှဉ်တွဲ၊ ငါး အာရုံ, ပသာဒုံ ယှဉ်ကာဟပ်တယ်, မှတ်တော့ မလွဲ။

● ၁-အနိယတယောဂီသာဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်, ၂-ဝိသေသကသာဖြစ်၍ အနိယတယောဂီမဖြစ်သော စေတသိက်, ၃-နှစ်ပါးစုံဖြစ်သော စေတသိက်, ၄-နှစ်ပါးစုံမဖြစ်သော စေတသိက်များကို တိကျစွာ ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

၁-ဣဿာ, မစ္ဆရိယ, ကုက္ကစ္စ, ထိန, မိဒ္ဓ, မာန=	၆-ပါး၊
၂-ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ပညာ =	၅-ပါး၊
၃-ဝိရတိ, အပ္ပမညာ =	၅-ပါး၊
၄-ကျန်စေတသိက် =ဒ	၆-ပါး၊

● ၁-အပ္ပမညာသာယှဉ်၍ ဝိရတိ မ ယှဉ် သော စိတ်, ၂-ဝိရတိသာယှဉ်၍ အပ္ပမညာမယှဉ်သောစိတ်, ၃-နှစ်ပါးစုံ ယှဉ်သောစိတ်, ၄-နှစ်ပါးစုံမယှဉ်သောစိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

၁-မဟာကြီယာ ဂ-ခု, မဟာဂုတ်စိတ် ၂၇=ဒ	၅၅၊
၂-လောကုတ္တရာစိတ် =	၈၊
၃-မဟာကုသိုလ်စိတ် =	၈၊
၄-ကျန်စိတ် =ဒ	၈၊

● ၁-သမ္ပယောဂနည်း ၁၆-ပါး, ၂-သင်္ဂဟနည်း ၃၃-ပါး တို့ကို ရေတွက်ပြခဲ့ပါ။

အဖြေ။ ။၁-အညသမာန်း ၇,အကုသိုလ်၅,သောဘန ၄, ပေါင်း ၁၆-ပါး၊ ၂လောကုတ္တရာစိတ်၌၅,မဟာဂုတ်စိတ်၌၅,ကာမသောဘနစိတ်၌ ၁၂, အကုသိုလ်စိတ်၌ ၇, အဟိတ်စိတ်၌ ၄၊ ပေါင်း ၃၃-ပါး။

● အဘယ့်ကြောင့် အညသမာန်း စေတသိက်ကို ရှေးဦး စွာ ဆိုရပါသနည်း။

အဖြေ။ ။သောဘနစိတ်, အသောဘနစိတ် ၂-ခု လုံးမှာ ယှဉ်သောကြောင့် ဖြစ်ပါသည်....သင်။

မှတ်ချက်။ ။သင်=သခေါ်ပဋိကာဂျမ်း။

● အညသမာန်းစေတသိက်တွင် သဗ္ဗစိတ္တ သာဓारण စေတသိက်ကို အဘယ့်ကြောင့် ရှေ့ထားဆိုပါသနည်း။

အဖြေ။ ။စိတ်အားလုံးနှင့်ယှဉ်၍အရာကျယ်သောကြောင့် ရှေ့ထားဆိုပါသည်....သင်။

● "သဒ္ဓါ=ယုံကြည်ခြင်း" ဟုဆိုရာ မည်သည့် အရာကို ယုံကြည်ခြင်းပါနည်း။

အဖြေ။ ။ရတနာ ၃-ပါး,ကံ,ကံ၏အကျိုး ဤ ၅-မျိုးမှာ ယုံကြည်ခြင်းသာ သဒ္ဓါအစစ်ဖြစ်ပါသည်။

ဆောင်။ ။ရတနာ သုံးဟန်, ကံနှင့်ကံကျိုး, ဤငါးမျိုးမှာ, ယုံကြည်တာ, သဒ္ဓါအစစ်တည်း။

အမှာ။ ။ပူရဏကဿပ အစရှိသော တိတ္ထိဆရာကြီးများ ကို သူ့တပည့်များက ယုံကြည်ခြင်း စသည်ကား သဒ္ဓါအတုသာ၊ (၀၊)အကုသိုလ်မှာ ယှဉ်သော အဓိမောက္ခစေတသိက်သာတည်း။

● စောဘသိက်လက္ခဏာ ၄-ပါးလုံး မရနိုင်သောဘုံရှိပါက အကြောင်းနှင့်တကွဖော်ပြခဲ့ပါ။

အဖြေ။ ။အရူပဘုံမှာ ၀တ္ထုရูပ်ဒေ-ပါးလုံးမရှိသောကြောင့်

ကေဝတ္ထုက လက္ခဏာ ၁-ခုမရနိုင်ပါ၊ကျန် ၃ပါးသာရပါသည်၊ (ကာမဘုံ ရူပဘုံမှာ ၄-ပါးလုံးရနိုင်သည်။)

● "မင်းပြောတဲ့စကားကို ငါယုံပါဘယ်"ဟု ပြောရာ၌ "ယုံ"ဟူသော စကားကို ပရမတ္ထအရ စိစစ်ပြပါ။

အဖြေ။ ။"ယုံ" ဟူသော စကားသည် သဒ္ဓါစေတသိက် မဟုတ်ပါ၊ အဓိမောက္ခစေတသိက်ဖြစ်ပါသည်။

● လောကီဝိရတိ, လောကုတ္တရာ ဝိရတိတို့၏ အာရုံနှင့် ရှောင်ကြဉ်အပ်သော တရားများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောကီဝိရတိသည် ဇီဝိတိန္ဒြေသတ္တဝါ သင်္ခါရတို့ကို အာရုံပြု၍ ကာယဒုစရိုက် ဝစီစရိုက်တို့မှ ရှောင်ကြဉ်ပါသည်၊ လောကုတ္တရာဝိရတိသည် နိဗ္ဗာန်ကို အာရုံပြု၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှရှောင်ကြဉ်ပါသည်။

● ဒွေပဋ္ဌဝိညာဉ် ၁၀,ဝိစိကိစ္ဆာ သဟဂုတ်စိတ်တို့၌ အဘယ်ကြောင့် အမိမောက္ခ မယှဉ်ပါသနည်း။

အဖြေ။ ။ဒွေပဋ္ဌဝိညာဉ် ၁၀-သည် အာရုံကို မဆုံးဖြတ်နိုင်သောကြောင့်, ဝိစိကိစ္ဆာသည် အဓိမေက္ခ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် မယှဉ်ပါ....သင်။

● ပဠာဒ္ဌါရာဝဇ္ဇနိ်း, ဒွေပဋ္ဌဝိညာဉ် ၁၀, သမ္ပဋိစ္ဆနိ်း, သန္တီရဏတို့၌ အဘယ်ကြောင့် ဝိရိယမယှဉ်ပါသနည်း။

အဖြေ။ ။ရင်းစိတ်တို့၌ ဗိုလ်မရှိသောကြောင့်မယှဉ်ပါ။

● ဒေါသမူဒ္ဒေ, ဒုက္ခသဟဂုတ်စိတ် ဥပေက္ခာ သဟဂုတ်စိတ်တို့၌ အဘယ့်ကြောင့် ပီတိမယှဉ်ပါသနည်း။

အဖြေ။ ။ပီတိကား နှစ်သက်ခြင်းသဘော, ဒေါသကား ကြမ်းတမ်းခြင်းသဘော, ဒုက္ခကား ဆင်းရဲခြင်းသဘော, ဤသို့သဘောချင်းဆန့်ကျင်သောကြောင့် ဒေါသမူဒ္ဒေ, ဒုက္ခသဟဂုတ်တို့၌ ပီတိမယှဉ်၊ ပီတိသည်သောမနဿနှင့်အမြဲယှဉ်သောကြောင့် ဥပေက္ခာမှာမယှဉ်....**သင်**။

● သုခသဟဂုတ်, စတုတ္ထစျာန်တို့၌ အဘယ့်ကြောင့် ပီတိမယှဉ်ပါသနည်း။

အဖြေ။ ။သုခသဟဂုတ်ကား ကာယိက သုခဖြစ်၍ ပီတိကား စေတသိက သုခဖြစ်သောကြောင့်, စတုတ္ထစျာန်ကားဘာဝနာ၏ အစွမ်းဖြင့် ပီတိကိုပယ်ထားသောကြောင့် မယှဉ်ပါ....**သင်**။

● အဟိတ်စိတ် မောဟမူစိတ်တို့၌ အဘယ့်ကြောင့် ဆန္ဒမယှဉ်ပါသနည်း။

အဖြေ။ ။ဆန္ဒကား အလိုရှိခြင်း သဘောဖြစ်၍ အဟိတ်စိတ် မောဟမူစိတ်တို့ကား အလိုရှိခြင်း သဘောမှ ကင်းသောကြောင့်မယှဉ်ပါ....**သင်**။

● ဒ္ဒေပဉ္စဝိညာဉ် ၁၀ မှာ အဘယ့်ကြောင့် ပကိဏ္ဏကစေတသိက်များ မယှဉ်ပါသနည်း။

အဖြေ။ ။စိတ်တခုယုတ် ၉၀-တွင် ဒ္ဒေပဉ္စဝိညာဉ် ၁၀-မှာ အားအနည်းဆုံးဖြစ်သောကြောင့် မယှဉ်ပါ....**ဒီပနီ**။

အမှာ။ ။ဤအဖြေကိုထောက်၍ စိတ်တခုယုတ် ၉၀–တွင်

အားအနည်းဆုံး စိတ်များကို ထုတ်ပြပါ ဆိုက ဖြေတတ်ပါစေ။

● ဒေါသမူ၊ မောဟမူစိတ်တို့၌ အဘယ်ကြောင့် လောဘ မယှဉ်ပါသနည်း။

အဖြေ။ ။ဒေါသမူ မောဟမူ စိတ်ဘို့မှာ တပ်နှစ်သက်ခြင်း မရှိသောကြောင့် မယှဉ်ပါ....**သင်**။

● အဘယ်ကြောင့် ဝိစိကိစ္ဆာသည်အခြားစိတ်တို့၌ မယှဉ်ပဲ ဝိစိကိစ္ဆာသဟဂုတ်မှာသာ ယှဉ်ရပါသနည်း။

အဖြေ။ ။ဝိစိကိစ္ဆာသည် ယုံမှားခြင်း သဘော ရှိသောကြောင့်ဖြစ်ပါသည်....**သင်**။

● "ကေုန ဝိသဌာရသ၊ ဝိသေကဝိသ ဝိသတိ။
ဒ္ဒါဝိသ ပန္နရသေတိ၊ သတ္တာဓာ ကုသလေ ဌိတာ"၌
စိတ်နှင့် သင်္ချာတို့ကို တွဲစပ်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

ပ-ဒု-အသင်္ခါရိကစိတ်	ကေုနဝိသ၊
တ-စ-အသင်္ခါရိကစိတ်	အဌာရသ၊
ပဌမ အသင်္ခါရိကစိတ်	ဝိသ၊
ပ-ဒု-သသင်္ခါရိကစိတ်	ကေဝိသ၊
တ-စ-သသင်္ခါရိကစိတ်	ဝိသတိ၊
ပဌမ သသင်္ခါရိကစိတ်	ဒ္ဒါဝိသ၊
မောဟမူဒ္ဒေ	ပန္နရသ၊

● "ဖဿသည် စိတ်တခုယုတ် ၉၀-မှာ ယှဉ်၏"၌ "ယှဉ်" ဟူသော စကား၏ အဓိပ္ပါယ်ကိုဖော်ပြပါ။

အပြေ။ ။အဘူဖြစ်ခြင်း, အတူချုပ်ခြင်း, အာရုံတူခြင်း, မီရောတူခြင်းကိုပင် ယှဉ်သည်ဟု ခေါ်ပါသည်။

အမှာ။ ။စိတ်နှင့် စေတသိက်သာ ယှဉ်ကြသည် မဟုတ်၊ စေတသိက်ချင်းလည်း ယှဉ်ကြီသည်သာ၊ ယှဉ်ပုံမှာ ဖဿသည် စိတ် ၇၉-ပါးမှာယှဉ်၏၊ ထိုစိတ် ၇၉ ပါးမှာ စေတသိက် ၅၂-ပါးလုံးယှဉ်၏၊ ထို ၅၂ ပါးတွင် ဖဿကြဉ် ကျန်စေတသိက်၅၁-နှင့် ဖဿသည်ယှဉ်၏၊ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာ သဟဂတ်စိတ်မှာယှဉ်၏၊ ထိုဝိစိကိစ္ဆာ သဟဂတ်မှာ စေတသိက် ၁၅-ပါးယှဉ်၏၊ ထို ၁၅-ပါးတွင် ဝိစိကိစ္ဆာကြဉ် ကျန် စေတသိက် ၁၄- ပါးနှင့် ဝိစိကိစ္ဆာသည်ယှဉ်၏၊ နည်းတူ အခြားစေတသိက်များကိုလည်း စိစစ်ကြည့်ပါ။

---

(၆) ပက်ကြီးပိုင်းလာ သင်္ဂဟ ၆-ပါးတွင် ၁-စိတ်အကုန်လုံး ရသော သင်္ဂဟ, ၂-မရသောသင်္ဂဟတို့ကိုဖော်ပြခဲ့ပါ။

အပြေ။ ။၁-ဝေဒနာသင်္ဂဟ,ကိစ္စသင်္ဂဟ,အာရမ္မဏသင်္ဂဟ ၃-ပါး၊ ၂-ဟေတုသင်္ဂဟ,ဒွါရသင်္ဂဟ,ဝတ္ထုသင်္ဂဟ ၃-ပါး။

---

(၈) အသည္ဟသက် ဘုံမှ စုတေ၍ ကာမဘုံမှာ ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ပဋိသန္ဓေ စိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

အပြေ။ ။အသည္ဟသက်ဘုံ ၆ရောက်ခင်ဘဝက ပြုခဲ့သော ဥပစာရဘာဝနာ၏အစွမ်းသက်ရောက်ကြောင့် ဘင်္ဂလာသောကမ္မနိမိတ် အာရုံကို အာရုံပြုပါသည်...ဦး။

● ကေဟိတ်စိတ် ရှိသကဲ့သို့ ကေဟိတ်ပုဂ္ဂိုလ် ရှိမရှိကို အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ။မရှိပါ၊ အကြောင်းကား.... ကေဟိတ်စိတ်သည် ပဋိသန္ဓေကိစ္စ မတပ်သောကြောင့်တည်း။

● ဇောစိတ်လည်း စိတ္တက္ခဏ ၃-ချက်ပင် ရှိပါလျက် အဘယ့်ကြောင့် လျင်မြန်သည်ဟု ဆိုရပါသနည်း။

အဖြေ။ ။ထပ်ကာ ထပ်ကာ ဖြစ်သောကြောင့် လျင်မြန်သည်ဟု ဆိုရပါသည်။

အမှာ။ ။ထပ်ကာ ထပ်ကာ ဖြစ်သည်ကိုပင် လျင်မြန်သည်ဟု ဆိုသည်။

● ၁-မနောဒ္ဓါရမှာသာဖြစ်သောစိတ်, ၂-ပဉ္စဒ္ဓါရမှာသာဖြစ်သောစိတ်, ၃-နှစ်ပါးစုံမှာ ဖြစ်သောစိတ်, ၄-နှစ်ပါးစုံမှာ မဖြစ်သောစိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

၁-အပ္ပနာဇော ဆဗ္ဗီသ　　၂၆-ပါး၊
၂-ဒွေပဉ္စဝိညာဏ်၁၀, မနောဓာတ်၃, ၁၃-ပါး၊
၃-မနောဒ္ဓါရာဝဇ္ဇန်း,ကာမဇော ၂၆,
　တဒါရုံ ၁၁၊　　ပေါင်း　　၄၁-ပါး၊
၄-မဟဂ္ဂုတ်ဝိပါက်　　၉-ပါး၊

အဖြာ။ ။တခုစီ ခွဲမေးကလည်း ဖြေတတ်ပါစေ။

● အဘယ့်ကြောင့် အပ္ပနာဇော ဆဗ္ဗီသသည် ပဉ္စဒ္ဓါရမှာ မဖြစ်ရပါသနည်း။

အဖြေ။ ။ပဉ္စာရုံကို အာရုံမပြုသောကြောင့် မဖြစ်ပါ-သင်။

● အဘယ့်ကြောင့် ဒွေပဋ္ဌ ဝိညာဉ် ၁၀, မနောဓာတ် ၃-ခုတို့သည် မနောဒ္ဓါရမှာ မဖြစ်ပါသနည်း။

အဖြေ။ ။ပဋ္ဌာရုံကိုသာ အာရုံပြုသော ကြောင့် မ ဖြစ်ပါ....သင်။

● "တဋ္ဌ ပစ္စုပ္ပန္နံ၊ တာနိ စ ပစ္စုပ္ပန္နာနိယေဝ"ဟု ဆိုသော ကြောင့် ပဋ္ဌာရုံကို ပစ္စုပ္ပန်အာရုံ တမျိုးတည်းသာဟု မှတ်ယူရ မည်လော။

အဖြေ။ ။မမှတ်ယူရပါ၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးပါးလုံး ဖြစ်ပါသည်။

အမှာ။ ။ပစ္စုပ္ပန် ပဋ္ဌာရုံ, အတိတ်ပဋ္ဌာရုံ, အနာဂတ်ပဋ္ဌာရုံ သုံးမျိုးတွင် ပဋ္ဌဒ္ဓါရိက စိတ်တို့အား ပစ္စုပ္ပန် ပဋ္ဌာရုံကိုသာ အာရုံပြုသည်ဟု ပြလိုသောကြောင့် "တဋ္ဌ ပစ္စုပ္ပန္နံ, တာနိ စ ပစ္စုပ္ပန္နာနိယေဝ" ဟု ဆိုသည်။

● ဌာန ၂၅-ပါးကို သရုပ်အားဖြင့် ထုတ်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။	စုတိ	နှင့်	ဘဝင်	အကြား ၁-ဌာန	(စု-ပ)
၂။	ပဋိသန္ဓေ	။	အာဝဇ္ဇန်း	။ ။	(ပ-အာ)
၃။	တဒါရုံ	။	။	။ ။	(တ-အာ)
၄။	ဇော	။	။	။ ။	(ဇ-အာ)
၅။	ဝုဋ္ဌော	။	။	။ ။	(ဝေါ-အာ)
၆။	တဒါရုံ	။	ပဋိသန္ဓေ	။ ။	(တ-စု)
၇။	ဇော	။	။	။ ။	(ဇ-စု)

၈။	ဘဝင်	နှင့်	ပဠေဝိညာဉ်	အကြား	၁-ဌာန (ဘ-ဝ)
၉။	ဘဝင်	။	ဇော	။	။ (ဘ-ဇ)
၁၀။	အာဝဇ္ဇန်း	။	သမ္ပဋိစ္ဆိန်း	။	။ (အာ-သံ)
၁၁။	ပဠေဝိညာဉ်	။	သန္တီရဏ	။	။ (ဝိ-တီ)
၁၂။	သမ္ပဋိစ္ဆိန်း	။	ဝုဋ္ဌော	။	။ (သံ-ဝေါ)
၁၃။	သန္တီရဏ	။	ဇော	။	။ (တီ-ဇ)
၁၄။	။	။	ဘဝင်	။	။ (တီ-ဘ)
၁၅။	ဝုဋ္ဌော	။	တဒါရုံ	။	။ (ဝေါ-တ)
၁၆။	။	။	ဘဝင်	။	။ (ဝေါ-ဘ)
၁၇။	။	။	စုတိ	။	။ (ဝေါ-စု)
၁၈။	အာဝဇ္ဇန်း	။	တဒါရုံ	။	။ (အာ-တ)
၁၉။	။	။	ဘဝင်	။	။ (အာ-ဘ)
၂၀။	။	။	စုတိ	။	။ (အာ-စု)
၂၁။	ဇော	။	ဘဝင်	။	။ (ဇ-ဘ)
၂၂။	။	။	စုတိ	။	။ (ဇ-စု)
၂၃။	တဒါရုံ	။	ပဋိသန္ဓေ	။	။ (တ-ပ)
၂၄။	ဇော	။	။	။	။ (ဇ-ပ)
၂၅။	ဘဝင်	။	။	။	။ (ဘ-ပ)

အမှာ။ ။၁-ကား ပဋိသန္ဓေဌာန ၁-ပါး၊ ၂-မှ ၇-ထိ ဘဝင်ဌာန ၆-ပါး၊ ၈-နှင့် ၉-ကား အာဝဇ္ဇန်းဌာန ၂-ပါး၊ ၁၀-ကား ပဠေဝိညာဏဌာန ၁-ပါး၊ ၁၁-ကား သမ္ပဋိစ္ဆိန်းဌာန ၁-ပါး၊ ၁၂-ကား သန္တီရဏဌာန ၁-ပါး၊ ၁၃-၁၄-ကား ဝုဋ္ဌောဌာန ၂-ပါး၊ ၁၅-မှ ၂၀-ထိကား ဇောဌာန ၆-ပါး၊ ၂၁-နှင့် ၂၂-ကား တဒါရုံဌာန

၂-ပါး၊ကျန် ၃-ခုကား စုတိဌာန ၃-ပါးအစိုးရ မေးခွန်းမှာကား "စုတိဌာန၃-ပါးကို ထုတ်ပြခဲ့ပါ" စသည်ဖြင့် မေးလိမ့်မည်၊ ဖြေနိုင်အောင်ကြိုးစားထားပါ၊ (ဋီကာဘက္ခာ ပါဠိ ရှည်လွန်း၍ မရေးတော့ဖြို)။

● အောက်ပါ ဆောင်ပုဒ်၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

ဆောင်။ ။တကိစ္စဖြစ်, ဆယ်.ခုနစ်တည်း,၊ လေးဖြစ် နှစ်ပါး၊ ငါးကေဒီ၊ ခြောက်လိမှာ တစ်၊ ခွန်လည်း တစ်ပင်၊ကိုးဖြစ်ကားတေး၊ ဆယ်.လေး ခွန်ရှစ်, ကိစ္စတစ်သည်, ပေါင်းအင်ဒ္ဓိပညာတည်း။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ တကိစ္စဖြစ်, ဆယ်.ခုနစ်တည်း=အကုသိုလ် စေတသိက် ၁၄,ဝိရတိ ၃, ပေါင်း ၁၇-ပါးသည် ဇောကိစ္စသာ တစ်၏။

၂။ လေးဖြစ်နှစ်ပါး=အပွမည်သာ ၂-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော, ၄-ကိစ္စတစ်၏။

၃။ ငါးကေဒီ=သောဘနသာဓာရဏ စေတသိက် ၂၀,ဆန္ဒ ၁,ပေါင်း ၂၁-ပါးသည် ပ,ဘ,စု,ဇော,တဒါရုံ၅-ကိစ္စ တစ်၏။

၄။ ခြောက်လိမှာတစ်=ပီတိသည် ပဋိသန္ဓေ, ဘဝင်, စုတိ, သန္ဓိရဏ, ဇဝန, တဒါရုံ ၆-ကိစ္စတစ်၏။

၅။ ခွန်လည်းတစ်ပင်=ဝီရိယသည် ပဋိသန္ဓေ, ဘဝင်,စုတိ, အာဝဇ္ဇန်း,ဝုဋ္ဌော,ဇော,တဒါရုံ ၇-ကိစ္စတစ်၏။

၆။ ကိုးဖြစ်ကားတေး=ဝိတက်,ဝိစာရ, အဓိမောက္ခ-ပါး သည် ပဠုဝိညာဉ်ကိစ္စကြဉ် ကျန် ၉-ကိစ္စတပ်၏။

၇။ ဆယ်လေးခွန်ရပ် = သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် ၁၄-ကိစ္စလုံးတပ်၏။

● အောက်ပါဆောင်ပုဒ်၏ အဓိပ္ပါယ်ကိုဖော်ပြပါ။

ဆောင်။ ။[1]ရုံခါမ္ပိမှ, ဆဝတ္ထုက, ခုနစ်ဝတည်း၊ [2]ဟဒယ ၌,မ္ပိမြလေးဖြာ၊ [3]ရုံခါမ္ပိလစ်, လေးဆယ်တစ်, စိစစ်ဒွေပညာ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

[1]သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသည်ဆဝတ္ထုကိုမ္ပိ၏။

[2]ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါးသည် ဟဒယ ဝတ္ထုကို အမြဲမ္ပိ၏။

[3]ကျန်စေတသိက် ၄၁-ပါးသည်ဟဒယဝတ္ထုကို ရုံခါမ္ပိ၏။

အမှာ။ ။သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးသည် ဆဝတ္ထုကိုမ္ပိသည်ဟု ဆိုသော်လည်း ကာဝေါ်မှာ သာမ္ပိသည်၊ရူပဘုံ၌ဝတ္ထု ၃-ပါးသာရှိ၍ ၃-ပါး သာမ္ပိသည်၊ အရူပဘုံ၌ ဝတ္ထုရုပ် မရှိ၍မမ္ပိ၊ ကျန် စေဘသိက် ၄၁-ပါးသည် ကာဝေါ် ရူပဘုံတို့၌ ဟဒယဝတ္ထုကိုမ္ပိ၍ အရူပဘုံ၌မမ္ပိ၊ဒေါသ, ဣဿာ မစ္ဆရိယ,ကုက္ကုစ္စကား အရူပဘုံမှာ မဖြစ်၍ စိစစ် ဖွယ်မလို။

● အောက်ပါ ကေန်လက်ာ ၏ အဓိပ္ပါယ်ကို ရေးပါ။

ဆောင်။ ။ပဠိုဝိကာမ, ဆမဟာဂ္ဂါ, ရှစ်ဖြာနိဗ္ဗာန်, နာမ်တဆယ့်လေး, တေရသရုပ်, ပစ္စုပ်ထို့တူ, တိတ်မူဆမ္ဘတ်,နာဂတ်မရှိ, ဝိမုတ်နှစ်ဆယ့်ကိုး, ရှေးရိုးကျမ်းညီ, ဧကဝိပညတ်,ပရမတ္ထ, နဂတိသာ, ဆဓာအဋ္ဌတ်, ဗာဟျတ်ဆဋ္ဌိ, နှစ်စီပဋ္ဌ, ဓမ္မသုံးဆယ့်ငါး, တပါးဌ္ဌဝိ, ဒွေနှစ်လိတည်း, ငါးလိမ္မာသုံး,ဆယ့်နှစ်သုံးပင်, သီကုံးချိုအေး, ဆယ်လေးကိုးလိ,ပဠိုဝိသုံးတန်,ကေန်ရှေးရှု, ဟာရုံပြုံသည်....သောတုနောင်လာ မခဲတည်း။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပဠိုဝိကာမ=ကာမတရားကို ကေန် အာရုံပြုသော စိတ် ၂၅-ပါး၊ကာမဝိပါက်ဧတဝိသ, ပဠိုဒ္ဒါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်,ပေါင်း ၂၅-ပါး။

၂။ ဆမဟာဂ္ဂါ=မဟာဂ္ဂုတ် တရားကိုကေန်အာရုံပြုသောစိတ် ၆-ပါး၊ဝိညာ,နေဝ ၆-ပါး။

၃။ ရှစ်ဖြာနိဗ္ဗာန်=နိဗ္ဗာန်ကို ကေန်အာရုံပြုသော စိတ်၈-ခု၊ လောကုတ္တရာစိတ် ၈-ပါး။

၄။ နာမ်တဆယ့်လေး=နာမ်ကို ကေန်အာရုံပြုသောတရား ၁၄-ပါး၊ ဝိညာ, နေဝ ၆၊ လောကုတ္တရာစိတ် ၈, ပေါင်း ၁၄-ပါး။

၅။ တေရသရုပ်=ရုပ်ကို ကေန်အာရုံပြုသောစိတ် ၁၃-ပါး၊ ဒွေပဠိုဝိညာဉ် ၁၀,မနောဓာတ် ၃,ပေါင်း ၁၃-ပါး။

၆။ ပစ္စုပ်ထို့တူ= ပစ္စုပ္ပန်ကို ကေန် အာရုံပြုသော စိတ်လည်း ထို့အတူ ၁၃-ပါး၊ အတက်ပါ ၁၃-ပါးပင်တည်း။

၇။ တိတ်မှုဆမှတ်=အတိတ်ကို ကေန်အာရုံပြုသော စိတ် ၆-ပါး၊ ဝိညာ,နေဝ ၆-ပါး။

၈။ နာဂတ်မရှိ=အနာဂတ်ကိုကေန် အာရုံပြုသောစိတ်မရှိ၊ အနေကန်တော့ရှိသည်။

၉။ ဝိမုတ်နှစ်ဆယ် ကိုး=ကာလဝိမုတ်(=နိဗ္ဗာန်နှင့်ပညတ်) ကို ကေန်အာရုံပြုသော စိတ် ၂၉-ပါး၊ ရူပစိတ် ၁၅, အရူပ ပဌမ တတိယစိတ် ၆, လောကုတ္တရာစိတ် ၈, ပေါင်း ၂၉-ပါး။

၁၀။ ကေဝိပညတ် = ပညတ်ကို ကေန် အာရုံပြုသောစိတ် ၂၁-ပါး၊ရူပစိတ် ၁၅, အရူပ ပဌမ တတိယစိတ် ၆, ပေါင်း ၂၁-ပါး။

၁၁။ ပရမတ္ထ, နဝတိ သာ=ပရမတ္ထတရားကို ကေန်အာရုံပြုသောစိတ် ၃၉-ပါး၊ ကာမကေန်, မဟဂ္ဂုတ် ကေန်, နိဗ္ဗာန် ကေန်, ၃-ခု ပေါင်း ၃၉-ပါး။

၁၂။ ဆခဘာဝတ္တာ=ဘဝတ္တတရားကို ကေန် အာရုံပြုသော စိတ် ၆-ပါး၊ဝိညာ, နေဝ ၆-ပါး။

၁၃။ ဗာဟျတ်ဆဗ္ဗီ=ဗဟိဒ္ဓကို ကေန်အာရုံပြုသော စိတ် ၂၆-ပါး၊ရူပစိတ် ၁၅, အာကာသ,လောကုတ်၈,ပေါင်း ၂၆ ပါး။

၁၄။ နှစ်စီပဉ္စ=ပဉ္စာရုံကို ကေန်အာရုံပြုသောစိတ် ၂-ပါးစီ၊ ရူပါရုံနှင့်စက္ခုဝိညာဉ်ဒွေး စသည်ဖြင့်တွဲပါ။

၁၅။ ဓမ္မသုံးဆယ် ငါး=ဓမ္မာရုံကို ကေန်အာရုံပြုသောစိတ် ၃၅-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး။

၁၆။ တပါးဌဝိ=တပါးကိုကေန်[illegible]ပြုသော[illegible]
(ဤမှနောက် ပေးဌယ်မပျိုင်[illegible])

● အောက်ပါ အနေကန်လက်ာ၏ အဓိပ္ပာယ်ကို ရေးပါ။

ဆောင်။　။မခဲစေရန်, အနေကန်ကို, အကျဉ်းဆိုအံ့, ဝိယိ
ကင်းပ,ကာမမဟဂ္ဂုတ်, ဝိမုတ်ပညတ်,ပရမတ်ဟု
ငါးရပ်တူလစ်,သုံးဆယ့်တစ်စီ၊ပစ္စုပ်တီတ, နာ
ဂတနှင့်, ဓမ္မရုပ်နာမ်, ခြောက်တန် ပေါင်းရုံး,
လေးဆယ့်သုံးစီ,သုံးလီအဗ္ဗတ်,စွဲလတ်မှီရောက်,
ငါးဆယ့်ခြောက်မှန်, နိဗ္ဗာန်ကော်ဒသ, ပဋ္ဌာန်
ဝယ်, လေးဆယ်နှင့်ခြောက်,ရွေးကောက်စေမှ,
ဥဒါန်းပြုသည်, စေ့ငဖန်ခါ ထပ်လဲတည်း။

အဖြေ။　။အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ မခဲစေရန် (ပ) ပိုယိုကင်းပ= မခဲစေရန် အနေကန်ကို ကျဉ်းကျဉ်းဆိုမည်၊ အပိုအလိုမပါစေရ။

၂။ ကာမမဟဂ္ဂုတ်(ပ)သုံးဆယ့်တစ်စီ= ကာမ,မဟဂ္ဂုတ်, ကာလဝိမုတ်,ပညတ်,ပရမတ် ၅-ပါးကိုအနေကန် အာ ရုံပြုသောစိတ် ၃၁-ပါးစီ၊ဟသိတုပ္ပါဒ်ကြဉ်ကာမဇော ၂၈,ဝုဋ္ဌော,အဘိညာဉ်ဒွေ,ပေါင်း ၃၁-ပါး။

၃။ ပစ္စုပ်တီတ(ပ)လေးဆယ့်သုံးစီ=ပစ္စုပ္ပန်, အတိတ်, အ နာဂတ်,ဓမ္မာရုံ,ရူပ်,နာမ် ၆-ပါးကို အနေကန်အာရုံပြု သောစိတ် ၄၃-ပါးစီ၊တဒါရုံ ၁၁, ကာမဇော ၂၉, ဝုဋ္ဌော,အဘိညာဉ်ဒွေ,ပေါင်း ၄၃-ပါး။

၄။ သုံးလီအဗ္ဗတ်(ပ)ငါးဆယ့်ခြောက်မှန်=အဗ္ဗတ္တတရား ကိုအနေကန် အာရုံပြုသောစိတ် ၅၆-ပါး၊ ကာမစိတ် ၅၄,အဘိညာဉ်ဒွေ, ပေါင်း၅၆-ပါး။

၅။ နိဗ္ဗာန်ကော်ဒသ=နိဗ္ဗာန်ကို အနေကန်အာရုံပြုသောစိတ် ၁၁-ပါး၊ မဟာ ကုသိုလ်ကြီးယာ ဉာဏသမ္ပယုတ် ၈, ဝုဋ္ဌော ၁, အဘိညာဉ် ၂,ပေါင်း ၁၁-ပါး။

၆။ ပဉ္စဋ္ဌဝယ်,လေးဆယ်နှင့်ခြောက်=ပဉ္စာရုံကို အနေကန် အာရုံပြုသော စိတ် ၄၆-ပါး၊ တဒါရုံ၁၁, ကာမဇော ၂၉,ဝုဋ္ဌော၁,မနောဓာတ် ၃, အဘိညာဉ် ၂, ပေါင်း ၄၆-ပါး။

အမှာ။ ။ကေန်ဟူသည် တမျိုးတည်းကိုသာ အာရုံပြုသည်ဟု ဆိုလိုသည်။ အနေကန်ကား ၂-မျိုး ၃-မျိုး စသည်ကို အာရုံပြု၏။ ဥပမာ နိဗ္ဗာန် ကေန်ဆိုက နိဗ္ဗာန်တမျိုးကိုသာ အာရုံပြု၏။ နိဗ္ဗာန်အနေကန်ဆိုက နိဗ္ဗာန်ကိုသာ အာရုံပြုသည်မဟုတ်၊ အခြားတရားများကိုလည်း အာရုံပြုသေးသည်ဟူလို။

မေးခွန်း။ ။စာမေးပွဲမှာကား "နိဗ္ဗာန်ကို ကေန်အာရုံပြုသော စိတ်,အနေကန် အာရုံပြုသော စိတ်များကို ဖော်ပြပါ"ဟုဌင်း၊"နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ်, အနေကန် အာရုံပြုသော စိတ်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ" ဟုဌင်း မေးတတ်၏။ မေးသမျှ ဖြေနိုင်ရန် သေသေ ချာချာ လေ့လာထားပါ။

● "မနောဒ္ဒါရိုက စိတ္တာနံ .... ယထာရဟမာရမ္မဏံ" ဌ် ယထာရဟ အာရုံပြုပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မနောဒ္ဒါရိုကစိတ်တို့၏ ယထာရဟ အာရုံပြုပုံ။

စိတ်	**လုံးရေ**	**ပ**	**တီ**	**နာ**	**နိ**	**ညတ်**	**အာရုံ**
ဟသိကြဉ်ကာဇော	၂၇	ပြု	ပြု	ပြု	ပြု	ပြု	၆-ပါး
ဟသိတုပ္ပါဒ်ဇော	၁	ပြု	ပြု	ပြု	မ	မ	၆-ပါး

ရူပဇော	၁၀	မ	မ	မ	မ	ပြု	ဓမ္မာရုံ
အရူပ ပ-တဇော	၄	မ	မ	မ	မ	ပြု	။
အရူပ ဒု-စဇော	၄	ပြု	မ	မ	မ	မ	။
လောကုတ္တရာဇော	၈	မ	မ	မ	ပြု	မ	။

အမှာ။　။(နိ=နိဗ္ဗာန်၊ ညတ်=ပညတ်)ပေါင်းမမေးပဲ တခုစီ ခွဲမေးကလည်း ဖြေတတ်ပါစေ၊ ဥပမာ - ဒွါရ ဝိမုတ်စိတ် တို့တွင် ဟသိတုပ္ပါဒ်၏ အာရုံပြုပုံကို ရေးပါ ဆိုက ဟသိတုပ္ပါဒ်သည် ပစ္စုပ္ပန်, အ တိတ်,အနာဂတ်,အာရုံ ၆-ပါးကိုအာရုံပြုပါသည် ဟု ရေးပါ။

---

(၈) သုခဝေဒနာ,ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါ မနဿဝေဒနာ,ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သော စေတသိက် များကို အသီးသီးဖော်ပြပါ။

အဖြေ။　။သုခဝေဒနာ, ဒုက္ခဝေဒနာနှင့် ယှဉ်သော စေ တသိက်ကား ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓारณစေတသိက် ၆-ပါးတည်း၊ သောမနဿဝေဒနာနှင့် ယှဉ်သော စေတသိက် ကားဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ,ဝေဒနာ,ပေါင်း ၆-ပါးကြဉ် ကျန်စေတသိက် ၄၆-ပါးတည်း၊ဒေါမနဿဝေဒနာ နှင့် ယှဉ်သော စေတသိက်ကားဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝေဒနာ,ပိတိကြဉ် အညသမာန်း ၁၁,သဗ္ဗာ ကုသလ သာဓာ ရณ ၄, ထိနမိဒ္ဓ ပေါင်း ၂၁-ပါးတည်း၊ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ပိတိ,ဝေဒနာ ပေါင်း ၆-ပါးကြဉ် ကျန်စေတသိက် ၄၆-ပါး တည်း။

ဆောင်။　။သု-ဒုဝေခြောက်, လေးဆယ်, ခြောက်သော, ဒေါ်နှစ်ဆယ်ငါးစ်, ဥပေက္ခာရောက်, လေးဆယ်ခြောက်, ရွေးကောက်စီစစ်ပါ။

---

❶ အဟိတ်, ကေဟိတ်, ဒ္ဒိဟိတ်, တိဟိတ် စေတသိက်များကို အသီးသီးဖော်ပြပါ။

အဖြေ။　။အဟိတ် စေတသိက်ကား အဟိတ်စိတ်၌ ယှဉ်သော ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂,မောဟမူဒ္ဒေး၌ မောဟ, ပေါင်း ၁၃-ပါးတည်း။

ကေဟိတ် စေတသိက်ကား မောဟမူဒ္ဒေး၌ယှဉ်သော ဆန္ဒ ပီတိကြဉ် သညသမာန်း ၁၁,မောဟကြဉ် သဗ္ဗာကုသလ သာဓာရဏ၃,ဝိစိကိစ္ဆာ ၁,လောဘမူ ဒေါသမူ မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ်ဘို့၌ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, ပေါင်း ၂၀-တည်း။

ဒ္ဒိဟိတ်စေတသိက်ကား ဝိစိကိစ္ဆာ, ပညာ, လောဘ,ဒေါသ, မောဟ, အလောဘ အဒေါသကြဉ် ဒ္ဒိဟိတ်စိတ်၌ယှဉ်သော စေတသိက် ၄၅, တိဟိတ်စိတ်၌ ယှဉ်သောအလောဘ,အဒေါသ, အမောဟ, ပေါင်း ၄၈-ပါးတည်း။

တိဟိတ်စေတသိက်ကား အလောဘ, အဒေါသ, အမောဟ ကြဉ် တိဟိတ်စိတ်၌ယှဉ်သော စေတသိက် ၃၅-ပါးတည်း။

ဆောင်။　။အဟိတ်တေရ, ကေနှစ်ဆယ်, ဒ္ဒိဝယ် ၌စတ်, တိဟိတ်မှတ်, ရလတ်သုံးဆယ်ငါး။

---

❷ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနောဒ္ဓါရတို့၌ ဖြစ်သော စေတသိက်များကို အသီးသီးဖော်ပြပါ။

အဖြေ။ ။စက္ခု စသော ၅-ဒွါရ၌ အပ္ပမညာ ကြဉ် စေတသိက် ၅၀-ဖြစ်၏။ မနောဒွါရ၌ စေတသိက် ၅၂-ပါးလုံး ဖြစ်၏။

ဆောင်။ ။စက္ခုအစ, ငါးဒွါရ, အပ္ပမညာကြဉ်၊
မနောဒွါရ, မကြဉ်ရ,ဒွေပညာသပင်။

● ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့ကို အာရုံပြုနိုင်သော စေတသိက်များကို အသီးသီးဖော်ပြ ခဲ့ပါ။

အဖြေ။ ။အပ္ပမညာကြဉ် စေတသိက် ၅၀-သည် ရူပါရုံ စသော အာရုံငါးပါးကို အာရုံပြု၏၊ စေတသိက် ၅၂-ပါးလုံး သည် ဓမ္မာရုံကို အာရုံပြု၏။

ဆောင်။ ။အပ္ပမညာ, ကြဉ်ဖိုရာ, မှတ်ပါပဋ္ဌာရုံ၊
ဓမ္မာရုံမှာ, ဒွေပညာ,ရရာအလုံးစုံ။

● "ဒွါရဝိမုတ္တာနဉ္စ။ပ။ယထာသမ္ဘဝံ"၌ ယထာ သမ္ဘဝံ အရ အာရုံပြုပုံကိုဖော်ပြပါ။

အဖြေ။ ။ယထာသမ္ဘဝ အာရုံပြုပုံ....

စိတ်	ဒွါရ	ပ	တီ	ကံ	ကမ္မ	ဂတိ	ညတ်	အရုံ
ကာမ ပ,ဘ	ဆ	ပြု	ပြု	မ	ပြု	မ	မ	ပဋ္ဌ
ကာမစု	ဆ	မ	ပြု	မ	ပြု	မ	မ	ပဋ္ဌ
ကာမ ပ,ဘ,စု	နော	မ	ပြု	ပြု	ပြု	မ	မ	ဓမ္မ
ကာမ ပ,ဘ,စု	နော	ပြု	မ	မ		ပြု	မ	ရူပ
ရူပ ပ,ဘ,စု	နော	မ	မ	မ	ပြု	မ	ပြု	ဓမ္မ
အရူပ ပ,တ	နော	မ	မ	မ	ပြု	မ	ပြု	ဓမ္မ
အရူပ ဒု,စ	နော	မ	ပြု	မ	ပြု	မ	မ	ဓမ္မ

မှတ်ချက်။ ။ဆ=ဆဒ္ဓါရုဏ္ဍဟိတ၊ နော=မနောဒ္ဓါရုဏ္ဍဟိတ။

ဆောင်။ ။ကာမသန္ဓိ, ဘင်ဝသည်ကား, ငါးပါးအာရုံ, ခြောက်ဖုံဒ္ဓါရ, ယူကုန်ကြလျက်, ယထာရဟံ, ပစ္စုပ္ပန်နှင့်, တိတံ ကမ္မ,နိမိတ္တဟု, အာရုံပြု၏၊ စုတိစိတ်မှာ, အတိတ်သာတည်း၊ ဓမ္မာရုံကား, ထိုစိတ်များ၏, တပါးမနော, ဒ္ဓါရဇောဖြင့်, ယူသောတိတံ, ကံနှင့်ကမ္မ,နိမိတ္တသင့်,ရူပအာရုံ, တဖုံမနော, ဒ္ဓါရဇောဖြင့်, ယူ သော ဇ ကန်, ပစ္စုပ္ပန်ရှိ, ဂတိနိမိတ်, ဆိုရိပ်ရင်း၊ တကြောင်း ဆက်ထုတ်, မဟဂ္ဂုတ်တွင်, အာရုပ်ပတ,ရူပသန္ဓိ, ဘွင်စုတိမှာ, ဓမ္မာရုံဟော, မနောဒ္ဓါရ, ဂတိတ မှတ်, ပညတ်ကမ္မ, နိမိတ္တရှင့်၊ ဒု-စတုတ္ထာ, အာ ရုပ္ပါတွက်, မဟဂ္ဂတ, ကမ္မနိမိတ်, အတိတ်ဟု ဟော,မနောဒ္ဓါရ, ယူရဓမ္မာ, အာရုံလာသည်.... ယထာသမ္ဘဝပေတည်း။

အမှာ။ ။၁၃၁၉-ခု၊ကြီးပုန္ဆာ၌"ပဋ္ဌိသန္ဓေစိတ်၁၀-ပါးတို့ တွင် ကမ္မနိမိတ်ကိုသာ အာရုံပြုသောစိတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးလုံးကို အာရုံပြု နိုင်သောစိတ်တို့ကို ထုတ်ပြခဲ့ပါ"ဟု မေးဘူးပြီ၊ ကမ္မနိမိတ်သာ အာရုံပြုနိုင်သောစိတ်ကား ရှိ၏။ သုံးပါးလုံး အာရုံပြုသောစိတ်ကားမရှိ၊ အထက် တွင်သေချာစွာကြည့်လေ၊ ၎င်းပြင် ဆောင်ပုဒ် နှင့်အဖြေကိုနားလည်အောင်တိုက်ဆိုင်ကြည့်ပါ။

● ကာယ ဝိညတ္တိရုပ်၏ တရားကိုယ်ကို ထင်ရှင်းအောင် ထုတ်ခဲ့ပါ။

အဖြေ။ ။လှုပ်ရှားမှုကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်ဖြစ်ပါသည်။

ဆောင်။ ။ကာယဝိညတ်, ဝါယောဓာတ်,သိမှတ်စိတ္တဇာ။

(ခ) "လောကိယေပိယထာယောဂံ၊ ဆဋ္ဌိသုဒ္ဓိပ္ပဝတ္တိယံ"၌ လောကိယအရ ဖြစ်သင့်သော စိတ်ကို ဖော်ပြပါ။

အဖြေ။ ။လောကီကုသိုလ်နှင့် ကြိယာစိတ်မျှား ဖြစ်ပါသည်၊ (အကုသိုလ်နှင့် ဝိပါက်မဟုတ်)။

(ဂ) ကုက္ကုစ္စ စေတသိက်၏ ကတာကတ ဒုစ္စရိတ, သုစရိတ တို့၌ ကုက္ကုစ္စဖြစ်ပုံကိုဖော်ပြပါ။

အဖြေ။ ။ဒုစရိုက်ကိုပြုပြီးနောက် "ငါသည် မကောင်းမှု ဒုစရိုက်ကို ပြုမိခဲ့ပြီ"ဟု ကုက္ကုစ္စဖြစ်ခြင်းသည် ကတဒုစ္စရိတ ကုက္ကုစ္စတည်း၊ သုစရိုက်မျှားကို မပြုလိုက်မိသည့်အတွက် "ငါသည် သုစရိုက်ကို မပြုမိလေခြင်း"ဟု နောင်တတဖန် ပူပန်ခြင်းသည် အကာဘသုစရိတ ကုက္ကုစ္စတည်း။

(ဃ) ဒေါသမူဒ္ဓေးကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒ္ဓါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

အဖြေ။ ။ဒေါသမူဒ္ဓေးသည် ဒေါမနဿဝေဒနာ,ဒ္ဝိဟိတ်, ဇောကိစ္စ, ဆဒ္ဒါရိက, လောကုတ္တရာကြည် အလုံးစုံကို အာရုံပြု, ဟဒယ ဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။

(ङ) ၃၁-ဘုံ အကွာအဝေးကို သိသာရုံဖော်ပြပါ။

အဖြေ။ ။လူ့ပြည်မှ ငရဲရှစ်ထပ်သို့ ယူဇနာ ၁၅၀၀၀ စီ။

လူ့ပြည်မှ နည်ပြည် ဖ-ထပ်သို့ ယူဇနာ ၄၂၀၀၀၊အထက်ဆုံး နည်ပြည်မှ ဗြဟ္မာဘုံ ၂၀-သို့ ယူဇနာ ၅၅၀၀၀၀၀- စီဝေး၏၊ (အစိတ်အစိတ် တွက်ကြည့်ပါ)။

ဆောင်။ ။သောင်းဂါးထောင်စိ, သန်ချာညို, ရှစ်လိုင်ရဲ ရှာ၊ လေးသောင်း နှစ်ထောင်, အကွာဆောင်, လူဘောင်နှတ် ဖ–ရှာ၊ ဂါးသန်းဂါးသိန်း, ရှစ်ထောင်ချိန်း, တွက်ကိန်းပြဟ္မာ့ရှာ။

---

❷ ပုဂ္ဂိုလ်အပြား"ဝါ-က-ရား"ကိုဖော်ပြပါ။

အဖြေ။ ။အပါယ်ဘုံ၌ ဒုဂ္ဂတိပုဂ္ဂိုလ် ၄-ယောက်၊ လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ ပုဂ္ဂိုလ် ၁၁-ယောက်စီ(၂၂-ယောက်)၊ကျန်နတ်ပြည် ၅-ဘုံ၌ ၁၀-ယောက်စီ(၅၀)၊ ပ-ဈာန် ၃-ဘုံ, ဒု-ဈာန် ၃-ဘုံ, တ-ဈာန် ၃-ဘုံ, ဝေဟပ္ဖိုလ်ဘုံ၌ ၉-ယောက်စီ(၉၀)၊ အသညသတ်ဘုံ ၁-ယောက်၊ သုဒ္ဓါဝါသ ၅-ဘုံ၌ ၃-ယောက်စီ(၁၅)၊အရူပ ၄-ဘုံ၌ ၈-ယောက်စီ(၃၂)၊ ပေါင်း ၂၁၄-ယောက်။(ဝါ=၅၊က=၁၊ရား=၂)။

အမှာ။ ။ဘုံဘုဂ္ဂိုလ်ရကို ဝိထိဝိုင်း ဘူမိဘေဒ၌ ပြခဲ့ပြီ၊ အပါယ်ဘုံမှာ ဒုဂ္ဂတိ အဟိတ် တယောက်ရ၏၊ အပါယ် ၄–ဘုံဖြစ်၍ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ် ၄-ယောက် စသည်ဖြင့် ရေတွက်လေ။

ကာဒီ ဌာဒီ ယကာရုဒီ၊ နဝသင်္ချာ ပကာသိတာ။
ပဉ္စသင်္ချာ ပကာရုဒီ၊ သုညာနဝမ သရညနာ။

ကာဒီ=ကအစ, စျအဆုံး အကွာရာ ကိုးလုံးတို့ကိုဌင်း၊ ဌာဒီ=ဌအစ ဓအဆုံး အကွာရာ ကိုးလုံးတို့ကိုဌင်း၊ ယကာရုဒီ=ယအစ ဋအဆုံး ကိုးလုံးတို့ကိုဌင်း၊ နဝသင်္ချာ-အစဉ်အတိုင်း ၁-၂-၃-၄

၅-၆-၇-၈-၉-သင်္ချာတို့ဟူ၍၊ ပကာသိတာ= ပြအပ်ကုန်ပြီ၊ပကာရာဒီ=ပအာစ မအာဆုံးအက္ခရာ ငါးလုံးတို့ကို၊ ပဋ္ဌသင်္ချာ=အစဉ်အတိုင်း ၁-၂-၃-၄-၅-သင်္ချာတို့ဟူ၍၊ ပကာသိတာ=ပြအပ်ကုန်ပြီ၊ သရညနာ=သရ ၈လုံး,ဉ,ဏ, တို့သည်၊ သုညနာမ=သုညမည်ကုန်၏။

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	ဣ-ဥ-ဩ-ဥ
ယ	ရ	လ	ဝ	သ	ဟ	ဠ	အ	ဣ	
ပ	ဖ	ဗ	ဘ	မ					

အထက်ပါဇယားကိုကြည့်၊ က,ဋ,ယ,ပ တို့သည် ၁-ခုကိုဟောဏ်၊ စသည်ဖြင့်သိလေ၊ မာဂဓမှာ သ-သည် ၅-၆-၇ ကိုဟောဏ်၊ သက္ကတမှာကား "သ,ဂ,ပ"ဟု သသုံးလုံးရှိ၏၊သကား ၅-ခုဟော, ဂကား ၆-ခုဟော, ဂ ကား ၇-ခုဟောတည်း၊ ဂ ကိုသ့, ပ ကိုရှဟု ဖတ်ပါ၊ဤပိဋကသင်္ချာမှာ ပြောင်းပြန်ယူရ၏၊ဥပမာ "၀ ါကရား=၄ ၁ ၂"ကို ပြောင်းပြန်အားဖြင့် ၂ ၁ ၄-ဟုယူရ၏။

● အတိမဟန္တာရုံ ဝိထိချပြပါ။

အဖြေ။ ။တီ-နု-ဒ-ပ-စ-သံ-ဏ-ဝု-ဇ ၇-ရုံ ၂။

● မဟန္တာရုံဝိထိ ချပြပါ။

အဖြေ။ ။တီ-တီ-နု-ဒ-ပ-စ-သံ-ဏ-ဝု-ဇ ၇-ဘ။
တီ-တီ-တီ(ပ)ဘ၊(မဟန္တာရုံ ၂-ဝိထိ)။

● ပရိတ္တာရုံဝိထိချပြပါ။

အဖြေ။ ။တီ-၄-နု-ဒ-စ-သုံ-ဏ-ဝု ၂-ဘာ၊
တီ ၅-(ပ)ဘာ၊တီ ၆(ပ)ဘာ၊တီ ၇-(ပ)ဘာ၊
တီ ၈(ပ)ဘာ၊ တီ၉(ပ)ဘာ၊(ပရိတ္တာရုံ ၆-ဝီထိ)။

အမှာ။ ။ဝုဒ္ဓေါ ၃–ကြိမ်လည်း ချီးမြှင့်သည်။

● အတိပရိတ္တာရုံဝီထိ ချပြပါ။

အဖြေ။ ။တီ ၁၀-နု-ဘ-ဘ-ဘ-ဘ-ဘ-ဘ-
တီ ၁၁-နု-ဘ ၅၊ တီ ၁၂-နု-ဘ ၄၊ တီ ၁၃-နု-ဘ ၃၊
တီ ၁၄-နု-ဘ- ၂၊ တီ ၁၅-နဘ (၆-ဝီထိ)။

အမှာ။ ။စက္ခုဒ္ဒါရ ၁၅–ဝီထိ၊ ပဋ္ဌဒ္ဒါရ ၇၅-ဝီထိရှိ၏။

● ဝိဘူတာရုံ ဝီထိချပြပါ။

အဖြေ။ ။နု-ဒ-မ-ဇ ၇-ရုံ ၂။

● အဝိဘူတာရုံဝီထိ ချပြပါ။

အဖြေ။ ။နု-ဒ-မ-ဇ ၇။

● မဒ္ဒပုဂ္ဂိုလ်၏ စျာနဝီထိ ချပြပါ။

အဖြေ။ ။နု-ဒ-မ-ပ-ဥ-နှုံ-ဂေါ-စျာန်။

● တိက္ခပုဂ္ဂိုလ်၏ စျာနဝီထိ ချပြပါ။

အဖြေ။ ။နု-ဒ-မ-ဥ-နှုံ-ဂေါ-စျာန်။

● မဒ္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိကို ချပြပါ။

အဖြေ။ ။နု-ဒ-မ-ပ-ဥ-နှုံ-ဂေါ-မဂ်-ဖိုလ်-ဖိုလ်။

အမှာ။ ။တိကၠ ပုဂ္ဂိုလ် အတွက် ပရိကံဖြုတ်၊ ဖိုလ် ဇော ၃-ကြိမ်ချ။

---

❶ ကေဇ, ဒ္ဒိဇ, တိဇ, စတုဇရုပ်မျိုးကို ဖော်ပြပါ။

အဖြေ။ ။ကေဇရုပ်ကား ဟဒယရုပ်, ဣန္ဒြိယရုပ်, ဝိညတ်ဒွေးတည်း၊ ဒ္ဒိဇရုပ်ကား သဒ္ဒတည်း၊ တိဇရုပ်ကား လဟုတာဒိသုံးခုတည်း၊ စတုဇရုပ်ကား အဝိနိဗ္ဘောဂရုပ်, အာကာသဓာတ်တည်း။

---

❷ အနိယတယောဂီ စေတသိက်တို့တွင် အခါ အခွင့်အားလျော်စွာ နိယတ ယောဂီဖြစ်နိုင်ခွင့်ရှိသော စေတသိက်များကို ထုတ်ပြပါ။

အဖြေ။ ။လောကုတ္တရာစိတ်မှာ ယှဉ်ခိုက် ဝိရတိစေတသိက်များသည် နိယတယော့ဂီ ဖြစ်ပါသည်။

ဝိရတိယော ပန တိသောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ကေတောဝ လဗ္ဘန္တိ။

---

❸ အာဟာရ ၄-ပါးဆောင်ပုံကို ဌီကာကျော် လာတိုင်းအသီးသီးဖော်ပြပါ။

အဖြေ။ ။ကဗဠီကာရာဟာရသည်သြဇဋ္ဌမကရုပ်ကို ဆောင်၏၊ ဖဿာဟာရသည် ဝေဒနာ ၃-ပါးကိုဆောင်၏၊ မနောသဉ္စေတနာဟာရသည် ဘဝသုံးပါး၌ ပဋိသန္ဓေ ဝိညာဉ်ကို ဆောင်၏၊ ဝိညာဏာ ဟာရသည် သဟဇာတ် ဖြစ်သော နာမ်ရုပ်တို့ကို ဆောင်၏....ဌီ။

● ကမ္မဇကေန့, ကမ္မဇအနေကန့်၊ စိတ္တဇကေန့, စိတ္တဇ အနေကန် ရုပ်များကို ရေးပါ။

အဖြေ။ ။ကမ္မဇကေန့်ကား ဟဒယရုပ်, ဣန္ဒြိယရုပ်၊ ကမ္မဇ အနေကန့်ကား အဝိနိဗ္ဘောဂရုပ် ဂ, အာကာသဓာတ်၊ စိတ္တဇ ကေန့်ကား ဝိညာဏ်ဒွေ၊ စိဘ္ဘဇ အနေကန့်ကား သဒ္ဒရုပ်, လဟုတာ ဒိတ္ထယ, အဝိနိဗ္ဘောဂရုပ် ဂ,အာကာသဓာတ်။

● ၁-ရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ်, ၂-ရုပ်-ဣရိယာ ပုထ်ကိုသာ ဖြစ်စေနိုင်သောစိတ်, ၃-ရုပ်-ဣရိယာပုထ် ဝိညာတ် သုံးပါးကိုသာ ဖြစ်စေနိုင်သောစိတ်, ၄-ရုပ် ဣရိယာ ပုထ် ဝိညာတ် ရယ်ရှင်ခြင်း ၄-ပါးကို ဖြစ်စေနိုင်သောစိတ်, ၅-ဘာကိုမျှ မဖြစ် စေနိုင်သောစိတ်များကို ကောက်ပြပါ။

အဖြေ။ ။၁-မနောဓာတ် ၃-ခု,တဒါရုံ ၁၁-ခု,ရူပဝိပါက် ၅-ခု,ပေါင်း ၁၉-ပါးတည်း၊ ၂-အပ္ပနာဇော ၂၆-ပါးတည်း၊၃-ဝုဋ္ဌော, ကာမဇော ၂၉,အဘိညာဉ်ဒွေး,ပေါင်း ၃ ၂-ပါးတည်း၊ ၄-ကာမသောမနဿ ၁၃-ခုတည်း၊ ၅-အရူပဝိပါက် ၄, ဒွေပဉ္စ ဝိညာဉ် ၁၀,ပေါင်း ၁၄-ပါးတည်း။

ဆောင်။ ။မနောဓာတုံ, တဒါရုံက, ရူပဝိပါက်, ဆယ်ကိုး ချက်မှာ, ရုပ်ကိုသာတည်း၊ အပ္ပနာဝေန, ဆဋ္ဌိ သကား, ယာဝပထလည်း,ဖွဲ့တည်းခိုင်စေ၊ တထ္ထ ဝုဋ္ဌော, ကာဇောဘိညာ, ဒွတ္တိ သာကား, နှစ် ဖြာဝိညတ်, ကိုလည်းတတ်၏၊ သောမနဿဟု, ဆယ် သုံးခုကား, ရယ်မှုရှင်ခြင်း, လည်းပြုသျှင်း ၏၊ ကြင်းအာရုပ္ပ, ဝိပါကနှင့်, ပဉ္စဝိညာ, ဆယ် လေးဖြာသည်, ဘယ်ဟာမြစ်စေနိုင်ဘူးတည်း။

● ပါဒကစျာန်နှင့်တူစ္ဌာ သောတာပတ္တိ ပဌမစျာန်ဖြစ်ပုံ ကို ဖော်ပြပါ။

အဖြေ။ ။အခြေခံဖြစ်သော လောကီပဌမစျာန်ကိုဝင်စား ပြီးလျှင် ထိုစျာန်မှထ၍ ပဂိုဏ္ဍက သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်က (အခြေခံဖြစ်သော ပဌမစျာန်နှင့်တူစ္ဌာ) သောတာ ပတ္တိ ပဌမစျာန်ကိုရ၏။

အမှာ။ ။ပါဒက(=အခြေခံ) စျာန်က ဒုတိယစျာန်ဖြစ်လျှင် သောတာပတ္တိ ဒုတိယစျာန်ရမည်စသည်ဖြင့်သိပါ၊ အခြေခံ စျာန်က ၅-ပါးရှိ၍ သောတာပတ္တိ မဂ်စိတ် ၅-ပါး၊ ကျန်မဂ်စိတ် ၃-ပါးလည်း ၅-ပါးစီ၊ ပေါင်း မဂ်စိတ် ၂၀-ဖြစ်၏ဟူလို၊ (မဂ်စိတ် ၂၀-ဖြစ်၍ ဖိုလ်လည်း ၂၀-ဖြစ်ရပြန်သည်။)

ဆောင်။ ။ပဌမစျာန, စသည်တို့တွင်, မှတ်မထင်ကို, ဝင်စားပြီးမှ, သင်္ခါရကို, ထ၍သုံးသပ်, မဂ်ရလတ်မှ, မှတ်ယူမပြား, အင်္ဂါအားဖြင့်, ဝင်စားရာ စျာန်, တူရပြန်, အမှန်ပါဒက။

● သမ္မသိတစျာန်နှင့်တူစ္ဌာ သကဒါဂါမိပဌမစျာန်ဖြစ်ပုံ ကိုဖော်ပြပါ။

အဖြေ။ ။ပဌမစျာန်ကို မဝင်စားပဲ ပဌမစျာန်ကို သက်သက် သုံးသပ်ဆင်ခြင်ရုံနှင့် မဂ်ရက (သုံးသပ်ဆင်ခြင်သော ပဌမစျာန်နှင့်တူစ္ဌာ) သကဒါဂါမိ ပဌမစျာန်ကို ရ၏။

အမှာ ။သမ္မသိတ (=သုံးသပ်ဆင်ခြင်အပ်သော) စျာန်က ပဌမစျာန်ဖြစ်လျှင် သကဒါဂါမိ ပဌမစျာန် ရမည် စသည်ဖြင့်သိလော၊ သုံးသပ် ဆင်ခြင်အပ်

သောဈာန် (=သမ္မသိတဈာန်) က ၅-မျိုး ရှိ၍ မဂ်စိတ် ၄-ခုဟာ ၅-မျိုးစီပြားရ၏ ဟူ လို၊ (မဂ်စိတ် ၅-ခုစီပြား၍ ဖိုလ်စိတ်လည်း ၅-ခုစီပင်ပြားရတော့၏။)

ဆောင်။ ။ပါဒကဈာန်, မရှိပြန်ပဲ, ဈာန်တခုခု, သုံးသပ်မှုမျှ, ပြိုလုပ်ကလည်း, ရအပ်မဂ်မှာ, သုံးသပ်ရာ, တူပါသမ္မသိ။

● ပုဂ္ဂလဗျာသယနှင့် တူစွာ သောတာပတ္တိ ဒုတိယဈာန် ဖြစ်ပုံကို ဖော်ပြပါ။

အဖြေ။ ။ပဌမဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှထကာ ဒုတိယဈာန်ကို သုံးသပ် ဆင်ခြင်၍ မဂ်ရလျှင် (ဝင်စားသော ပုဂ္ဂိုလ်က ဒုတိယဈာန်ကို လိုလားသောကြောင့်) သောတာပတ္တိ ဒုတိယ ဈာန်ကိုရ၏။

အမှာ။ ။ဒုတိယဈာန်ကိုဝင်စား၍ စတုတ္ထဈာန်ကို ဆင်ခြင်ခြင်းစသည်၌ ဝင်စားသော ဈာန် သုံးသပ်သော ဈာန် ၂-ခုတွင် ပုဂ္ဂိုလ်က ဝင်စားသော ဈာန် အတိုင်း လိုလားက မဂ်လည်း ဝင်စားသောဈာန် အတိုင်းဖြစ်ရ၏၊ (ဝင်စားသော ဈာန်က ဒုတိယ ဈာန် ဖြစ်လျှင် မဂ်လည်း ဒုတိယ ဈာန် ဖြစ်၏၊) သုံးသပ်သော ဈာန်အတိုင်း လိုလားက မဂ်လည်း သုံးသပ်သော ဈာန် အတိုင်း ဖြစ်ရ၏၊ (သုံးသပ်သော ဈာန်က စတုတ္ထဈာန် ဖြစ်လျှင် မဂ်သည်း စတုတ္ထဈာန်ဖြစ်ရ၏ဟူလို။)

ဆောင်။ ။ဈာန်ကို ပင်လျှင်, ဝင် စား ပြီး မှ, ထ၍တဖန် ဈာန်ဟုသုံးသပ်, မဂ်ရ လတ်မူ, မှတ်ယူ မခြား,

ဝင်စား သုံးသပ်,ထိုနှစ်ရပ်တွင်, လိုချင်ရာစစ်,တူ
စွာဖြစ်, ပုဂ္ဂလဗျာသယခေါ်။

အဖုံးမှတ်ချက်။ ။ပုဂ္ဂလဗျာသယ (= ပုဂ္ဂိုလ်၏ ရည်ရွယ်
ချက်)မပါပဲ အောက်အောက် စျာန် ကို
ဝင်စား၍အထက်အထက်စျာန်ကိုသုံးသပ်
က သို့မဟုတ် အယက်အထက် စျာန်ကိုဝင်
စား၍ အောက်အောက်စျာန်ကို သုံးသပ်
က မဂ်ရလျှင် အထက် အထက် စျာန်နှင့်
တူစွာရ၏၊ ဥပမာ – ပုဂ္ဂလဗျာသယမရှိပဲ
(ပုဂ္ဂိုလ်က ဘယ်စျာန်ကို ရချင် သည် ဟု
ရည်ရွယ်ချက်မထားပဲ) ပဌမစျာန်ကို ဝင်
စားပြီး ဒုတိယစျာန်ကိုသုံးသပ်က(ဒုတိယ
စျာန်က အထက် ကျသောကြောင့်) မဂ်ရ
လျှင် ပဌမစျာန်မဂ်ကိုမရပဲ ဒုတိယ စျာန်
မဂ်ကိုရ၏။

● အလှူမလွှတ်စသည်တို့၌ တရားစကား ဆွေးနွေးခြင်း, အဘိဓမ္မာ စကား ပြောခြင်းစသည်သည် သမ္မာဝါစာ ဖြစ်ပါ
မည်လော။

အဖြေ။ ။ဝစီ ဒုစရိုက်မှ ရှောင်ကြဉ်မှု မရှိသောကြောင့်
သမ္မာဝါစာမဖြစ်ပါ၊ သုဘာသိတဝါစာသာဖြစ်ပါသည်။

အမှာ။ ။သမ္မာဝါစာကား ဝိရတိစေတသိက်တည်း၊ ဝိရတि
ဟူသည်လည်း ရှောင်ကြဉ်ခြင်းတည်း၊ ထို့ကြောင့်
ရှောင်ကြဉ်မှုမရှိက ဝိရတိမဖြစ်နိုင်၊ မည်သို့ပဲ မေး
မေး ဖြေတတ်အောင် ကြိုးစည်ပါလေ။

● အဘယ့်ကြောင့် ဝိထိ ပေါ်ပါသနည်း၊ အရကိုလည်း
ကောက်ပြပါ။

အဖြေ။ ။လူတို့ သွားရာလမ်းနှင့် တူသောကြောင့် ဝိထိ ခေါ်ပါသည်၊ အရကား ဝိထိစိတ် ၇၀-ရ၏။

● "ပဋ္ဌာပရနိယာမိဘ"၏ အဓိပ္ပါယ်ကို ရေးပါ။

အဖြေ။ ။ဤစိတ်သည် ဤမျှသောစိတ်တို့၏ နောက်ခ္ခဏ၏၊ ဤဗဟိ၏အခြားမဲ့ ရှေ့နောင်ခ္ခဏမျှသောစိတ်တို့ဖြစ်ကြ၏ဟု မှတ်သားခြင်းသည် ပဋ္ဌာပရနိယာမိတမည်၏....ဒီ။

● ကေစိဘွာကွာ၏ အချိန်ကာလကိုရေးပါ၊ (သို့မဟုတ်) ဂဏန်းဖြင့်ဖော်ပြပါ။

အဖြေ။ ။လက်ဖျစ်တတ်ခက်,မျက်စိတမှိတ် အချိန်ကာလ၏ ကုဋေတသိန်းပုံ ၁-ပုံဖြစ်ပါသည် (စာဖြင့်)၊

ဂင်း အချိန်ကာလ၏ ၁/၁၀၀၀၀၀၀၀၀၀၀၀၀ အချိန်ကာလ=ီ၀၀၀၀၀၀၀၀၀၀၀၁ - အချိန်ကာလ ဖြစ်ပါသည် (ဂဏန်းဖြင့်)

● လေတိုက်လို့ သစ်ခက်လှုပ်သကဲ့သို့ လှုပ်ခြင်း မျိုးကို ဘဝင် လှုပ်သည်ဟု ဆိုပါသလော။

အဖြေ။ ။မဟုတ်ပါ၊ ရှေးဘဝင်စိတ်နှင့် မတူသောနောက် ဝိထိစိတ်တို့၏ ဖြစ်ပေါ်လာရန်အကြောင်း၏အဖြစ်ဖြင့် ဖြစ်ပေါ်လာခြင်းကို ဘဝင်လှုပ်သည်ဟု ဆိုပါသည်။

● ဝိထိစိတ်များသည် အနည်းဆုံး ဘယ်အထိ ဖြစ်ရပါသနည်း။

အဖြေ။ ။အနည်းဆုံး ဝုဋ္ဌေါထိအောင်ဖြစ်ရပါသည်....ဦး။

ဆောင်။ ။ဝုဋ္ဌေါထိအုံး, အနည်းဆုံး, ဖြစ်ထုံ: ဝိထိစိတ်။

● အတီတ ဘဝင်သည် အနည်းဆုံးဘယ်နှစ်ကြိမ်, အများဆုံး ဘယ်နှစ်ကြိမ်ဖြစ်နိုင်ပါသနည်း။

အဖြေ။ ။အနည်းဆုံးဝ ကြိမ်,အများဆုံး ၁၅-ကြိမ်ဖြစ်ပါသည်၊ (နောက်မှာ ဝိထိချပြထားသည်)။

ဆောင်။ ။အနည်း၁-ထား,များ၁၅, မှတ်သား အတီတ။

● ပဋ္ဌာရုံသည် အဘယ်အခါက စဖြစ်၍ အဘယ်အခါမှာ ထင်ခြင်းသို့ ရောက်ပါသနည်း။

အဖြေ။ ။အတီတဘဝင်၏ ဥပါဒ်ကစဖြစ်၍ ဘဝင်စလန်၏ ဥပါဒ်မှာ ထင်ခြင်းသို့ရောက်ပါသည်....ဦး။

● ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အပ္ပနာကို ပြုပြင်စီရင်ဘတ်သောကြောင့် ပရိကံ, အပ္ပနာ၏အနီးဌာ်ဖြစ်တတ်သောကြောင့် ဥပစာ,ရှေ့ပရိကံနောက် အပ္ပနာအား လျော်သောကြောင့် အနုလုံ,ကာမအနှယ် ပုထုဇဉ် အနှယ်ကိုဖြတ်တောက်၍ မဟဂ္ဂုတ်လောကုတ္တရာ အရိယာအနှယ်ကို ပွားစေတတ်သောကြောင့် ဂေါတြဘု....ဦး။

● အာဂန္တုကဘဝင်၏ကိစ္စကို တိကျစွာရေးပါ။

အဖြေ။ ။ဘဝင်ကိစ္စတပ်ပါသည်....ဦး။

အမှာ။ ။ဥပေက္ခာသန္တိရဏသည် ၅-ကိန္တတပ်၏၊ ထို ၅-ကိန္တတွင် အာဝဇ္ဇနုကဘဝင် ဖြစ်ခိုက်မှာ ဘဝင်ကိန္တသာတပ်၏၊ အဆုံးသတ်ပြီပါ။

ဆောင်။ ။အာဝဇ္ဇနုပင်, ဖြစ်ရစဉ်, ဘဝင်ကိန္တသာ။

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒ္ဒါရ, ကာလ, အာရုံတို့နှင့် တွဲစပ်ပြခဲ့ပါ။

အဖြေ။ ။ကံသည် မနောဒ္ဒါရဂ္ဂဟိတ, အတိတ်ကာလ, ဓမ္မာရုံ၊ ကမ္မနိမိတ်သည် ဆဒ္ဒါရဂ္ဂဟိတ, အတိတ်ကာလနှင့်ပစ္စုပ္ပန်ကာလ, ပညတ်အာရုံနှင့် အာရုံ ၆-ပါး၊ ဂတိနိမိတ်သည် မနောဒ္ဒါရဂ္ဂဟိတ, ပစ္စုပ္ပန်ကာလ, ရူပါရုံ....ဌီ။

ဆောင်။ ။မနောဒ္ဒါရ, အတိတနှင့်, ဓမ္မအာရုံ, ကံနှင့်ကြွေ၏၊ တဖုံကမ္မ-နိဒါဏ္ဍကား, ဆဒ္ဒါရမှန်, ပစ္စုပ္ပန်တည့်, တိတံကာလ, အာရုံဆနှင့်, တဝမ္မတ်သိ, ပညတ္တိတည်း၊ ဂတိသဘော, မနောဒ္ဒါရုံ, ပစ္စုပ္ပန်နှင့်, ရူပံအာရုံ, ပြုဖို့ကြိုသည်, လုံးစုံမှတ်ဖို့ အချက်တည်း။

● "ပုထုဇ္ဇနာနဉသက္ခာနံ"၌ ပုထုဇ္ဇနအရ သေက္ခအရတို့ကို ကောက်ပြပါ။

အဖြေ။ ။ပုထုဇ္ဇနအရ တိဟိတ်ပုထုဇဉ်,သေက္ခအရ သေက္ခပုဂ္ဂိုလ် ၇-မျိုး ဖြစ်ပါသည်။

● ရတနတ္တယ ပဏာမအဇ္ဈာကို ကောက်ပြ၍ ဇောဖြင့် ပိုင်းခြားခြခဲ့ပါ။

အဖြေ။ ။ရိုခိုးခြင်းကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာ ဖြစ်ပါသည်။ ပဌမဇော စေဘနာဖြစ်ပါသည်။

● ၁-နိုရောဓ သမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်, ၂-ဘုံ, ၃-ချုပ်သောရုပ်, ၄-ကြွင်းသော ရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-အနာဂါမ်-ရဟန္တာ, ၂-ကာမဘုံ ရူပဘုံ, ၃-စိတ္တဇရုပ်, ၄-ကမ္မဇ ဥတုဇ အာဟာရဇရုပ်။

မှတ်ချက်။ ။ထမင်းအသက် ၇-ရက်ဆိုသောကြောင့် ကာမဘုံမှာ ၇-ရက်သာ ဝင်စားနိုင်သည်၊ ရူပဘုံမှာ ကား ရက်ပေါင်းများစွာ ဝင်စားနိုင်၏။

● ၁-ပုထုဇဉ်သာ ရသောဘုံ, ၂-အရိယာသာ ရသောဘုံ, ပုထုဇဉ်အရိယာ ၂-မျိုးလုံး ရသော ဘုံတို့ကို ဖော်ပြပါ။

အဖြေ။ ။၁-အပါယ် ၄-ဘုံ, အသညသတ်ဘုံ၊ ၂-သုဒ္ဓါဝါသ ၅-ဘုံ၊ ၃-ကြွင်း ၂၁-ဘုံ။

● "ဝိထိစိတ္တာဝသာနေ, ဘဝင်္ဂကွယေဝါ"တို့ဖြင့် မရဏာသန္နဝိထိပေါင်း မည်မျှရှိသည်ဟု ပြပါသနည်း။

အဖြေ။ ။ဝိထိစိတ္တာ ဝသာနေဖြင့် ၁-တဒါရုံနောင်စုပေါ်, ၂-ဇောနောင်စုတိကျသော ၂-ဝိထိကိုပြပါသည်၊ ဘင်္ဂကွယေဝါဖြင့် ၁-တဒါရုံ ဘဝင်နောင်စုတို, ၂-ဇောဘဝင်နောင်စုတိကျသော ၂-ဝိထိကိုပြပါသည်၊ ပေါင်း ၄-ဝိထိ။

● မရဏာသန္နဝိထိ ၄-မျိုးကို ချပြပါ။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

၁-တီ နဒပစသံ တီဝုဏော ၅ ရုံ ရုံ စု (ပဋ္ဌိသန္ဓေ)
၂-တီ နဒပစသံ တီဝုဏော ၅ စု (॥)
၃-တီ နဒပစသံ တီဝုဏော ၅ ရုံ ရုံဘဝင်စု(॥)
၄-တီ နဒပစသံ တီဝုဏော ၅ ဘဝင်စု (॥)

● ရူပဗြဟ္မာများသေလျှင် ကြက်ဖြစ်နိုင် မဖြစ်နိုင် သင်္ဂဟ ထောက်၍ ဖြေခဲ့ပါ။

အဖြေ။ ॥မဖြစ်နိုင်ပါ။

ရူပါဝစရစုတိယာ၊ အဟေတုရဟိတာသိယုံ။

● ပုဂ္ဂိုလ်စိတ်အရကို အသေးစိတ်ဖော်ပြခဲ့ပါ။

အဖြေ။ ॥ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒ္ဝိဟိတ်, မဂ်ပုဂ္ဂိုလ် ၄ ယောက်, စျာန်ရကာမဖိုလ် ပုဂ္ဂိုလ် ၄ မျိုးတို့ကို ဝိထိပိုင်းဌ ရေးခဲ့ပြီ။

စျာန်မရ ကာမတိဟိတ် မှာ အကုသိုလ် ၁၂, ဟသိကြဉ် အဟိတ် ၁၇, မဟာကု-ဝိ ၁၆,ပေါင်း ၄၅-ရ၏။

စျာန်မရ ကာမသောတာပန် မှာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄,ဒေါသမူ ၂,ဥဒ္ဓစ္စ ၁,ဟသိကြဉ် အဟိတ် ၁၇, မဟာကု-ဝိ ၁၆,သောတာပတ္တိဖိုလ် ၁,ပေါင်း ၄၁-ရ၏။

စျာန်မရ ကာမသကဒါဂါမ် မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄,ဒေါသမူ ၂,ဥဒ္ဓစ္စ ၁,ဟသိကြဉ် အဟိတ် ၁၇, မဟာကု-ဝိ ၁၆,သကဒါဂါမိဖိုလ် ၁,ပေါင်း ၄၁-ရ၏။

ဈာန်မရ ကာမအနာဂါမ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄, ဥဒ္ဓစ္စ ၁ ဟသိကြဉ် အဟိတ် ၁၇, မဟာကု ဝိ ၁၆, အနာဂါမိဖိုလ် ၁, ပေါင်း ၃၉-ရ၏။

ဈာန်မရ ကာမရဟန္တာမှာ အဟိတ် ၁၈,မဟာ ဝိ-ကြီ ၁၆, အရဟတ္တဖိုလ် ၁,ပေါင်း ၃၅-ရ၏။

ရူပဝိဟိတ်မှာ လောဘမူ၄,ဒေါသမူ ၂,စက္ခု ၂,သောတ ၂, သမ္ပဋ္ဌိစ္ဆိုန်း ၂, သန္တီရဏ ၃,အာဝဇ္ဇန်း ၂, မဟာကု၈,မဟဂ္ဂုတ် ကု-ဝိ ၁၈,ပေါင်း ၄၇-ရ၏။

ရူပသောတာပန်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄,ဥဒ္ဓစ္စ ၁,စက္ခု ၂, သောတ ၂, သမ္ပဋ္ဌိစ္ဆိုန်း ၂,သန္တီရဏ၃,အာဝဇ္ဇန်း ၂,မဟာကု၈, မဟဂ္ဂုတ်ကု ဝိ ၁၀, သောတာပတ္တိဖိုလ် ၁,ပေါင်း ၁၃-ရ၏။ (သကဒါဂါမ်, အနာဂါမ်တို့မှာ မိမိဖိုလ်ပြောင်းထည့်၍ ၄၃,စီ ရ၏။)

ရူပရဟန္တာမှာ စက္ခု ၂, သောတ ၂,သမ္ပဋ္ဌိစ္ဆိုန်း ၂,သန္တီရဏ၃, အဟိတ်ကြိယာ ၃,မဟာကြိယာ ၈,ရူပဝိ-ကြီ ၁၀,အရူပ ကြီ ၅, အရဟတ္တဖိုလ် ၁,ပေါင်း ၃၅-ရ၏။

အရူပတိဟိတ်မှာ လောဘမူ ၈, မောဟမူ ၂, မနောဒ္ဓါဝုဝဇ္ဇန်း ၁,မဟာကု ၈,အရူပကု-ဝိ ၈,ပေါင်း ၂၇-ရ၏။

အရူပသောတာပန်မှာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄,ဥဒ္ဓစ္စ ၁,မနောဒ္ဓါဝုဝဇ္ဇန်း ၁,မဟာကု ၈,အရူပ ကု-ဝိ ၈,သောတာ ပတ္တိဖိုလ် ၁,ပေါင်း ၂၃-ရ၏။ (သကဒါဂါမ်, အနာဂါမ်တို့မှာ မိမိဖိုလ်ပြောင်းထည့်၍ ၂၃-စီပင်ရ၏။)

အရူပရဟန္တာမှာ မနောဒ္ဓါဝုဝဇ္ဇန်း ၁,မဟာကြိယာ ၈, အရူပ ဝိ-ကြီ ၈, အရဟတ္တဖိုလ် ၁,ပေါင်း ၁၈-ရ၏။

အမှာ။ ။အဖိုးရမေးခွန်းမှာကား ခွဲခမေးသိမ့်မည်၊ ဖြေနိုင်အောင် အထူးလေ့ကျင့်ထားပါ၊ ၎င်းပြင်"ကာမတိဟိတ်နှင့် ရူပတိဟိတ် အထူးကိုရေးပါ"ဟု မေးဘူးပြီး၊ စိတ်ရအားဖြင့် အထူးကို ရေးနိုင်၏၊ သို့မဟုတ် ကာမတိဟိတ်ကား ဈာန် ၅ မရ ၂-မျိုးရှိ၍ ရူပတိဟိတ်ကား ဈာန်ရ တမျိုးသာရှိပါသည်ဟုလည်း ဖြေနိုင်ပေသည်။

● ဇစ္စန္ဓ (-ပဋ္ဌိသန္ဓေအားဖြင့်ကန်းသူ)ဆိုထားရာ အဏ္ဍဇ, ဇလာဗုဇသတ္တဝါမျိုးမှာ ပဋ္ဌိသန္ဓေအခါ၌ စက္ခုပသာဒ, မဖြစ်သေးရကား ဇစ္စန္ဓဟု ခေါ်ရတော့မည်လော။

အဖြေ။ ။မခေါ်ရပါ၊ပဋ္ဌိသန္ဓေနောင် သတ္တမ သတ္တာဟ (=၄၉ရက်မြောက်နေ့)၌ စက္ခုဖြစ်၏၊ ထိုစက္ခုဖြစ်ချိန်မှာ စက္ခုမဖြစ်သူကိုသာ ဇစ္စန္ဓခေါ်ရပါသည်....ဦး။

အမှာ။ ။သံသေဒဇ သတ္တဝါ, ဥပပတ်သတ္တဝါတို့ကား ပဋ္ဌိသန္ဓေခဏ၌ စက္ခုဖြစ်ရ၏၊မဖြစ်လျှင် ဇစ္စန္ဓသာ ဖြစ်ရတော့၏။

● "ပဋ္ဌိသန္ဓိဘဝင်္ဂ"စသော ဂါထာ၌ ပဋ္ဌိသန္ဓေ,ဘဝင်, စုတိတို့သည် ဘဘဝ၌ ဘုံ,ဇာတ်,သမ္ပယောဂ,သင်္ခါရ,အာရုံအားဖြင့် တူကြ၏-ဟု ဆိုထားရာ အမြဲမှတ်ယူရမည်လော။

အဖြေ။ ။အာဂန္တုကဘဝင်စိတ်သည် ပဋ္ဌိသန္ဓေ စိတ်နှင့် အာရုံချင်းမတူသောကြောင့် အမြဲမမှတ်ရပါ....ဦး။

● အာစိဏ္ဏကံက အားကြီးပါလျက် အဘယ့်ကြောင့် အာသန္နကံက အရင်အကျိုးပေးရပါသနည်း။

အဖြေ။ ။သေခါနီး ကာလနှင့် နီးသောကြောင့် ဖြစ်ပါ
ည်ည်....ဦး။

အမှာ။ ။နွားခြံတခုထဲမှာ ဖျပ်လပ်သန်မာသော နွားများ
ရှိသော်လည်း ခြံဝမှာအိပ်သော နွားအိုကြီးသည်
အရင်ဆုံး ထွက်ရသကဲ့သို့မှတ်။

● သုစရိုက် ၁၀-ပါးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၁-ပါဏာတိ ပါဘာဝိရတိ, ၂-အဒိန္နာဒါနာ
ဝိရတိ, ၃-ကာမေသု မိစ္ဆာစာရာဝိရတိ, ၄-မုသာဝါဒါဝိရတိ,
၅-ပိသုဏာဝါစာဝိရတိ, ၆-ဖရုသာဝါစာဝိရတိ, ၇-သမ္ဖပ္ပလာပါ
ဝိရတိ, ၈-အနဘိဇ္ဈာ, ၉-အဗျာပါဒ, ၁၀-သမ္မာဒိဋ္ဌိ။

အမှာ။ ။ဒုစရိုက် ၁၀-ပါး ရေးပါဆိုက ဝိရတိ ပုဒ်ကို
ဖြုတ် ၈,၉,၁၀-တို့၌ အဘိဇ္ဈာ,ဗျာပါဒ, မိစ္ဆာ
ဒိဋ္ဌိဟုရေးပါ။

● "နွားကို သတ်သော သူများသည် နွားမွေးနှင့် အမျ
ပြန်ပြီးအသတ်ခံရတတ်သည်"ဟု ရှေးလူကြီးများက ဆုံးမကြရာ
ဟုတ်နိုင်ပါမည်လော။

အဖြေ။ ။ဟုတ်နိုင်ပါသည်၊သို့ရာတွင်တဆစ်ချတော့မမှက်
သားသင့်ပါ။

အမှာ။ ။လက်ဖျစ်တထွက် အချိန်မှာ စိတ်ပေါင်းကုဋေ
တသိန်းမျှဖြစ်၏ဟု ဥဒါန်းအဋ္ဌကထာ၌ ဆိုထား
ရာ နွားသတ်နေစဉ်မှာ စိတ်ပေါင်း မရေတွက်
နိုင်အောင်ဖြစ်ပေလိမ့်မည်၊ဇောစိတ်တိုင်း မှာပင်
စေတနာယှဉ်၏၊ စေတနာတခုတခုက ပဋိသန္ဓေ
ကျိုးဘခုစိပေးနိုင်ရကား နွားမွေးထက်ပင် ပုံ၍

အသတ် ခံရ ပေလိမ့်မည်၊ သို့ရာတွင် အ ခြားကုသိုလ်ကံကလည်း ကယ်ဆယ် နိုင်သေးသော ကြောင့် တထစ်ချမမှတ်သင့်ပါ။

● "ပါကဋ္ဌာနဝသေန"၌ ပါကဋ္ဌာန အရကိုရေးပါ။

အဖြေ။ ။၃၁-ဘုံ ဖြစ်ပါသည်....ဦး။

● "ပါကကာလ ဝသေန"၌ ပါကကာလ အရကို ဖော်ပြပါ။

အဖြေ။ ။ကံပြုပြီးစအခါမှစ၍ နိဗ္ဗာန်ရောက်ရာအခါတိုင် အောင်ဖြစ်ပါသည်....ဦး။

● "ကိစ္စဝသေန"၌ ကိစ္စအပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဇနန,ဥပတ္ထမ္ဘန, ဥပပီဠန, ဥပဃာတန အားဖြင့် ၄-ပါး ဖြစ်ပါသည်....ဦး။

● ဇီဝိတိန္ဒြေကိုချရာ၌ ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ ၂-ပါး တွင် အဘယ်ဇီဝိတိန္ဒြေကိုသာ ချနိုင်ပါသနည်း။

အဖြေ။ ။ရုပ်ဇီဝိတိန္ဒြေကိုသာ ချနိုင်ပါသည်....ပါဠိ။

မှတ်ရန်။ ။ပါဠိ=ပါရာဇိကကဏ္ဍ အဌကထာ။

● ဥာဏတောဗျည်းတယောက် ပုရိသအသွင်ဖြင့်မိန်းခလေးတယောက်နှင့် ပျော်ပါးပြီး မေ့ဖျားလာသော သားက ၎င်း ဥာဏတောဗျည်းကို သတ်လျှင် မာတုဃာတကကံ ထိုက်မည်လော ပိတုဃာတကကံ ထိုက်မည်လော။

အဖြေ။ ။ပိတုဃာတကကံ ထိုက်ပါသည်။

ဆောင်။　ဥဘတော ဗျည်းမ-က, ပုရိသအသွင်၊ တပါး ကညာခင်နှင့်, ပေါင်းဖက်ကာ သန္ဓေပေး,မွေး သည့်သားလျှင်၊ မချစ်ခင်, မကြင်နာ ထိုသား၊ ထိုဗျည်းကို သေအောင်သတ်လျှင်, ဖ-သတ် ကံ သည်အချက်တွင်, ဆုံးဖြတ်ဥာဏ် သည့်နှယ်သက် တယ်, မြှက်ကဲ့ထင်ရှား.... မန်လည်ဆရာတော်။

● အကုသလကမ္မပထတရား ၁၀-ပါး၌ သုရာပါနကို အ ဘယ့်ကြောင့်မဆိုပါသနည်း။

အဖြေ။　။ကာမေသု မိစ္ဆာစာရ၌ သင်ဂ္ဂိုဟ် ရေတွက်အပ် သောကြောင့်မဆိုပါ...ဦ။

● မိ-ဖ- ဆရာ သမားများက　သားသ မီး　တပည့်တို့ အား ကြိမ်းမောင်း ဆဲဆိုရာ၌ ဖရုသဝါစာ ဖြစ်မဖြစ် စိစစ်ဖော် ပြခဲ့ပါ။

အဖြေ။　။စိတ်ထားနှုးညံ့သောကြောင့် မဖြစ်ပါ....ဦ။

● စကားပြော ချိုသာစွာဖြင့်　ကြိုးမိန့်ပေး နေ သော တရားသူကြီး၏ စကားကို ဖရုသဝါစာ　မဟုတ်ဟု မှတ်ယူရမည် လော။

အဖြေ။　။စကားပြောချိုသာသော်လည်း စိတ်ထားကြမ်း သောကြောင့် ဖရုသဝါစာပင်ဖြစ်ပါသည်....ဦ။

● အကုသလ ကမ္မပထတရား ၁၀-ပါး၏ မူလကို ပြဆို ရာ၌ လောဘနှင့် ဒေါသကိုသာ ပြဆို၍ အဘယ့်ကြောင့်မော ဟကို မပြဆိုပါသနည်း။

အဖြေ။ ။အကုသလ ကမ္မပထတရား ၁၀-ပါးလုံး၏ မူလ ဖြစ်နေသောကြောင့် မပြဆိုပါ....ဦး။

● မိမိပြုလုပ်ထားသော ကောင်းမှုများကို အမျှပေးဝေ (=ပတ္တိဒါန)ပြုလျှင် လျှော့နည်းသွားသည်ဟု တချို့လူများက ပြောဆိုကြရာ ဟုတ်ပါမည်လော။

အဖြေ။ ။မဟုတ်ပါ။ အမျှပေးဝေပါက ကောင်းမှုကုသိုလ်များ လျှော့ပါးမှုလုံးဝမရှိပဲ တိုးမြင့်တိုးပါသည်....အဌသာလိနီ။

● "တဒေဝစိတ္တံ ယာဝစုတိ စိတ္တုပ္ပါဒါ"၌ ပဋိသန္ဓေစိတ်မှာ ချုပ်သွားပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ပဋိသန္ဓေစိတ်သည်ပင် ဘဝင်စိတ်, စုတိစိတ် ဖြစ်သည်ဟု ဆိုထားရပါသနည်း။

အဖြေ။ ။ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်, စုတိစိတ်တို့သည် ဘုံ, ဇာတိ, သမ္ဘဝေါဂ, သင်္ခါရ, အာရုံအားဖြင့် တူကြသောကြောင့် သဒိသူပစာအားဖြင့် ဆိုပါသည်....ဦး။

● "ဒုတိယဈာန ဝိပါကံ တတိယဈာန ဝိပါကဿ ဒုတိယဈာန ဘူမိယံ"၌ အဘယ့်ကြောင့် တတိယစျာန်ဝိပါက်သည် ဒုတိယစျာန်ဘုံမှာ ဖြစ်ရပါသနည်း။

အဖြေ။ ။ဘုံက ၄-မျိုးဖြစ်၍ စျာန်စိတ်က ၅-မျိုး(=ပဌမကနည်း) ဖြစ်သောကြောင့်တည်း....ဦး။

အမှာ။ ။အဘယ့်ကြောင့် စတုတ္ထစျာန် ဝိပါက်က တတိယစျာန်ဘုံမှာ, ပဌမစျာန်ဝိပါက်က စတုတ္ထစျာန်ဘုံမှာ ဖြစ်ရပါသနည်း-ဟုမေးကလည်း ဤအဖြေပင်။

● ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

အဖြေ။ ။ထင်လာတိုင်းသော နာမ်ရုပ် တရားများနှင့် ကသိုဏ်းစသော နိမိတ်များကို အာရုံပြုပါသည်....ဦး။

ဆောင်။ ။မြတ်ရဟန္တာ, စုတိမှာကား, ထင်လာလေခြား, နာမ်ရုပ်များနှင့်, ထင်ရှားနိမိတ္တ, ကသိုဏ်းစ, မှတ်ကြအာရုံပြု။

● အဘယ်ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိနေစဉ် သတ္တဝါများ စုတေကြပါသနည်း။

အဖြေ။ ။ပဋ္ဌဒ္ဌါရ ကမ္မနိမိတ်အာရုံ, မနောဒ္ဌါရဌ် ဂတိနိမိတ်အာရုံများ ထင်ရှားရှိနေစဉ် စုတေကြပါသည်။

● "ဆဒ္ဌါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဥ္စ"ဌ် နိမိတ် ၂-ခုလုံး ဆဒ္ဌါရဂ္ဂဟိတ ဖြစ်ပါသလော။

အဖြေ။ ။မဟုတ်ပါ၊ ကမ္မနိမိတ်သာ ဆဒ္ဌါရဂ္ဂဟိတ ဖြစ်၍ ဂတိနိမိတ်ကား မနောဒ္ဌါရဂ္ဂဟိတ ဖြစ်ပါသည်....ဦး။

● ငရဲကြီး ဂ-ထပ်နှင့် ၎င်းတို့၏အသက်တမ်းကို လူ့အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

	ငရဲ	အသက်တမ်း
၁။	သဠေါ်ဂ်း	၁၂၂၀၀၀၀၀၀၀၀၀-နှစ်
၂။	ကာဠသုတ်	၄၀၀ သုညဆယ်လုံး ။
၃။	သံဃာတ	၁၉၅၂ ။ ။
၄။	ရောရုဝ	၇၀၀၀ ။ ။
၅။	မဟာရောရုဝ	၃၁၂၃၂ ။ ။
၆။	တာပန	၁၂၄၉၂၀ ။ ။

၇။ မဟာတာပန ၇်အန္တရကပ်
၈။ အဂိုစိ အန္တရကပ် ၁-ကပ်

အမှာ။ ။စတုမဟာရာဇ် အနှစ် ၅၀၀-သည် သဠေ့ါင်းငရဲ တရက်၊ သဠေ့ါင်းငရဲသက်ကား အနှစ် ၅၀၀၊ ကျန်နတ်ပြည် ၅-ထပ်နှင့် ငရဲ ၅-ထပ်ကိုတွဲစပ်ပါ၊ ငရဲကြီး ၈-တပ်တွင် အသက်တမ်းအတိုဆုံးဖြစ်သော သဠေ့ါင်းငရဲ၏ အ သတ် တမ်း ကို ပင် တော်ကော်တန်တန် ဂဏန်းတတ်သော ပုဂ္ဂိုလ်များဖတ်တတ်ဖို့မလွယ်ကူလှတော့၊ ငရဲကြီး ၈-ထပ်၏ ဆင်းရဲပုံကိုကား သဗ္ဗညုတ ဉာဏ် တော် ရှင် ဘုရားရှင်ကိုတော်မြတ်ကြီးသော်မှ ဟောပြတော် မမူနိုင်ခဲ့၊ သို့ဖြစ်၍ လူ့ဘဝရစ်အခိုက် ငရဲကြီး ၈-ထပ်မှ ကင်းလွတ်ရအောင် ကြိုးစားကြရာ၏။

---

(၈) ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့ကြောင့် ရုပ်မျှားဖြစ်ပါလျက် အဘယ့်ကြောင့် "သဗ္ဗဥ္ဇပနေတံ ရူပံအဟေတုကံ"ဟု ဆိုရပါသနည်း။

အဖြေ။ ။လောဘစသော ဟိတ် ၆-ပါးနှင့် မယှဉ်သော ကြောင့် "အဟေတုကံ (=အကြောင်းမရှိ)ဟု ဆိုပါသည်။

---

(၉) "သဗ္ဗဥ္ဇ ပနေတံ ရူပံ သပ္ပစ္စယံ"၌ သပ္ပစ္စယအရ မယူထိုက်သော ရုပ်မျှားရှိပါက သင်ဟထောက်၍ ဖော်ပြခဲ့ပါ။

အဖြေ။ ။လက္ခဏရုပ် ၄-ခုရှိပါသည်။
လက္ခဏရူပါနိ နကုတောစိ ဇာယန္တိ။

---

(၁) အဘယ့်ကြောင့် မဟာဘုတ်ခေါ်ပါသနည်း။

အဖြေ။ ။ကြီးသည်ဖြစ်၍ ထင်ရှားစွာ ဖြစ်တတ်သော ကြောင့်ရင်း, မျက်လှည့်သမား-ဘီလူးမတို့နှင့် တူသောကြောင့် ရင်း မဟာဘုတ်ခေါ်ပါသည်။

မဟန္တာ ပါတုဘူတာတိ၊ မဟာဘူတသမာတိ ဝါ။
ဝဏ္ဏကတ္တာ အဘူတေန၊ မဟာဘူတာတိ သမ္မတာ။

မဟန္တာ=ကြီးကုန်သည်၊ ဟုတ္တာ=ဖြစ်ကုန်၍၊ ပါတုဘူတာ= ထင်ရှားဖြစ်တတ်ကုန်၏၊ ဣတိဝါ=ထို့ကြောင့်ရင်း၊ အဘူတေန= မဟုတ်မမှန်သောဝတ္ထုဖြင့်၊ ဝဏ္ဏကတ္တာ=လှည့်ပါးတတ်ကုန်သည် ၏ အဖြစ်ကြောင့်၊ မဟာဘူတသမာ=မျက်လှည့်သမား, ဘီလူး မျှားနှင့်တူကုန်၏၊ ဣတိဝါ=ထို့ကြောင့်ရင်း၊ မဟာဘူတာတိ= မဟာဘုတ်တို့ဟူ၍၊ သမ္မတာ=သမုတ်အပ်ကုန်ပြီ။

● ဘာဝရုပ် ၂-ခုသည် ပဝတ္တိအခါ ပဋိသန္ဓေအခါ ၂-မျိုးတွင် အဘယ်အခါမှ စ၍ ဖြစ်ပါသနည်း။

အဖြေ။ ။ကံမ္ဘာဥိး သားများ အတွက် ပဝတ္တိအခါမှ, နောက်လူများ အတွက် ပဋိသန္ဓေ အခါမှ စ၍ ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)။

● အာဒေါခတ်, ဝါဒေယျာခတ်တို့ကို အဘယ်သို့ခေါ်ကြပါသေးသနည်း။

အဖြေ။ ။အာပေါခတ်ကို သမ္ဘာဝရုပ်, ဝါယောခတ်ကို ဗလရုပ်ဟု ခေါ်ကြပါသေးသည် (အဋ္ဌသာလိနီ)။

အမှာ။ ။ဗလရုပ်, သမ္ဘာဝရုပ်တို့ကိုရေးပါဆိုက ဖြေတတ်ပါစေ၊ ဇရတာနှင့် အနိစ္စတာကို "ရောဂရုပ်" ဟု ခေါ်သေးသည်။

● ဣန္ဒြိယရုပ် ၈-ခုဘို့တွင် အဘယ်ဣန္ဒြိယရုပ်သည် အဘယ်တရားကို အစိုးရပါသနည်း။

အဖြေ။ ။ပဿာဒိခန္ဓာ ၅-ပါးသည် ဝိညာဉ် ၅-ပါးကို အစဉ်အတိုင်း, ဘာဝရုပ် ၂-ပါးသည် လိင်- နိမိတ္တ- ကုတ္တ- အာဟာရ ၄-ပါးကို, ဇီဝိတိန္ဒြေသည် ကလာပ်တူ ကမ္မဇရုပ်တို့ကို အစိုးရပါသည်။

● ပုထုဇဉ်တို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေ နိုင်ပါသလော။

အဖြေ။ ။ဖြစ်စေနိုင်ပါသည်။

အမှာ။ ။မူလဋီကာ ဆရာ အရှင်အာနန္ဒာကား မဖြစ်စေနိုင်ဟုဆို၏၊ ဘုရား၊ ရဟန္တာတို့၏ စုတိစိတ်ကား ရုပ်ကို မဖြစ်စေနိုင်။

● ဇာဝဂရဏစိတ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အပ္ပနာဇော ဆဗ္ဗီသဖြစ်ပါသည်....ဌီ။

● နိုင်လောက်သော ရန်သူကိုမြင်၍ ပြုံးရာ၌ ဒေါသစိတ်ဖြင့် ပြုံးသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သောမနဿဇော ၁၃-ပါးကသာ ပြုံးရယ်မှုကို ဖြစ်စေနိုင်သည်ဟု ဆိုရပါသနည်း။

အဖြေ။ ။နိုင်လောက်သောရန်သူကိုမြင်စဉ် ဒေါသဖြစ်၏၊ ထိုနောင်သောမနဿဖြစ်၏၊ထိုသောမနဿဖြင့်ပြုံးသောကြောင့် ဆိုပါသည်။(ဒေါသဖြင့်ပြုံးသည်မဟုတ်)။

● ကလာပ်အင်္ဂါ ၄-ပါးတို့တွင် ကေဋ္ဌာဒ ဆိုကပြီးလျက် အဘယ့်ကြောင့် ကေနိရောဓကိုဆိုရပါသနည်း။

အဖြေ။ ။နာမ်(=စိတ်, စေတသိက်)တို့ကို နှစ်စေလိုသောကြောင့် ဆိုပါသည်။

အမှာ။ ။ကလာပ်ကွဲ မှိရာကွဲသော ရုပ်တို့ကို နှစ်စေလို၍ ကေနိသယကို ဆိုသည်၊ ရှေ့လက္ခဏာ ၃-ပါး နှင့် ညီညွတ်သော ရုပ်များသည် ကေန် အတူတကွ ဖြစ်ကြသည်ဟု ပြလိုသောကြောင့် သဟဝုတ္တိ နောကို ဆိုသည်။

● သေမင်း ခေါ်ရာ, မလိုက်သာ, ဘယ်အခါပါနည်း။

အဖြေ။ ။ပဋိသန္ဓေ စိတ်မှစ၍ စိတ္တက္ခဏာ ၁၇- ချက် တိုင် အောင် သေမင်းကခေါ်လို့ မရပါ၊(၀ါ)မသေနိုင်ပါ။

● ဖြစ်ပြီး အကုသိုလ်တရားများမှာ ချုပ်သွားပြီး ဖြစ်ပါလျက် အဘယ့် ကြောင့် "ဥပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယ ၀ါယာမော" (=ဖြစ်ပြီး အကုသိုလ်တရားများကို မဖြစ်ရလေအောင် အားထုတ်ခြင်း)ဟုဆိုရပါသနည်း။

အဖြေ။ ။ဖြစ်ပြီးအကုသိုလ်များကို နောက်ထပ်နှလုံးမသွင်းခြင်းကို "ဥပ္ပန္နာနံ။ပ။ ၀ါယာမော" ဟု ဆိုလိုသောကြောင့် ဆိုပါသည်။

● လောကုတ္တရာ စိတ်တိုင်း ဗောဓိပက္ခိယ တရား ၃၇-ပါး လုံးရကြပါသလော။

အဖြေ။ ။မရပါ၊ပဌမစျာန်မှာ ၃၇-ပါး, ဒု-တစျာန်မှာ ဝိတက်ကြဉ် ၃၆-ပါး, စ-မ စျာန်မှာ ဝိတက်, ဝိစာရ, ပီတိကြဉ် ၃၅-ပါးရပါသည်။

သဗ္ဗေလောကုတ္တရေဟောန္တိ၊နဝါသက်ပ္ပပီတိယော။

● ဒုက္ခဖြစ်ကြောင်း တရားတွေ မျှားစွာရှိပါလျက် အဘယ်ကြောင့် တဏှာကိုသာ သမုဒယသစ္စာ (=ဒုက္ခ ဖြစ်ကြောင်းအမှန်)ဟု ဆိုရပါသနည်း။

အဖြေ။ ။ပဓာန အကြောင်း ဖြစ်သောကြောင့် ဆိုပါသည်....ဦး။

● "မဂ္ဂယုတ္တာ ဖလာစေဝ, စတုသစ္စ ဝိနိသဒ္ဒာ"ဟူသော သင်္ဂြိုဟ်ပါဠိနှင့် "စတုသစ္စဝိနိမုတ္တော ဥယျောနာမ နတ္ထိ" ဟူသော နေတ္တိ အဋ္ဌကထာ စကားသည် ဆန့်ကျင် မနေပါလော။

အဖြေ။ ။ရှေ့စကားကား မုချ, နောက်စကားကား မုချောပစာရ (=မုချ+ဥပမာရ) စကားဖြစ်၍ မဆန့်ကျင်ပါ။

● အခြား တရားမျှားလည်းရှိပါလျက် အဘယ်ကြောင့် အဝိဇ္ဇာနှင့် တဏှာကိုသာမူလတရားဟု ဆိုရပါသနည်း။

အဖြေ။ ။ပဋ္ဌာန်စသမုပ္ပါဒ်၏ ရှေ့ပိုင်းမူလကား အဝိဇ္ဇာ, နောက်ပိုင်းမူလကား တဏှာဖြစ်သောကြောင့် ဆိုပါသည်....ဦး။

● ပဋ္ဌာန်စသမုပ္ပါဒ် အရ သင်ဟာ ထောက်၍ တရားကိုယ်ကောက်ပြခဲ့ပါ။

အဖြေ။ ။လောကီစိတ် ၈၁, စေတသိက် ၅၂,ရူပ် ၂၈။
ဝဋ္ဋမာဗဇ္ဇ မိစ္ဆော်ဝံ၊ တေဘူမက မနာဒိကံ။
ပဋ္ဌာန်စသမုပ္ပါဒေါတိ၊ ပဋ္ဌေပေသိ မဟာမုနိ။

● နိဗ္ဗာန်သည် ထင်ရှားရှိနေပါလျက် အဘယ်ကြောင့် အတ္ထိပစ္စည်းမတပ်ပါသနည်း။

အဖြေ။ ။နိုဗ္ဗာန်သည် ကာလဝိမုတ်ဖြစ်၍ ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိသောကြောင့် မတပ်ပါ....ဦး။

● ဓမ္မာနုဿတိအရမှာ နိုဗ္ဗာန်ပါဝင်ပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ဥပသမာနုဿတိကို ထပ်ဆိုရပါသနည်း။

အဖြေ။ ။အသင်္ခတ,အမတ စသော အဖြစ်ဖြင့် မဂ်ဖိုလ်တို့ ထက်ထူးသောကြောင့်ဆိုပါသည်....မဠု။

အမှာ။ ။မဠု=မကိသာရမဠုသာကျမ်း။

● ကာယဂတာသတိ, အာနာပါနဿတိ တို့၌ အဘယ့်ကြောင့် အနုသဒ္ဒါမပါပါသနည်း။

အဖြေ။ ။၃၂-ကောဋ္ဌာသတို့ကို အနုလုံပဋ္ဌိလုံ စီးဖြန်းခြင်းဖြင့် အဖန်ဖန်စီးဖြန်းရာရောက်သောကြောင့် ကာယဂတာသတိမှာ အနုသဒ္ဒါမပါ၊ ပစ္စုပ္ပန် ထွက်သက်ဝင်သက်ကို တကြိမ်သာ အာရုံပြုသောကြောင့် အာနာပါနဿတိမှာ အနုသဒ္ဒါမပါ။

● "အာကာသဝဏ္ဏတ ကသိဏေသု"၌ အဘယ့်ကြောင့် အာကာသ ကသိုဏ်းကို ကြည်ရပါသနည်း။

အဖြေ။ ။အာကာသ ကသိုဏ်းကို ခွာခြင်းငှာ မတတ်ကောင်းသောကြောင့် ကြည်ရပါသည်....ဦး။

● ဝသီဘော် ၅-ပါး၏ အဓိပ္ပာယ်ကိုဖော်ပြခဲ့ပါ။

အဖြေ။ ။စျာန်အင်္ဂါတို့ကို အမြန်ဆုံး ဆင်ခြင် နိုင်သော အာဝဇ္ဇန်းစိတ်၏ သတ္တိသည် အာဝဇ္ဇနဝသီဘော်,

ဗျာန်ဝင်စားလို၍ ဘဝင်မျှားစွာ မကျပဲ အလိုရှိသလောက် ဗျာန်စိတ်များကို ဖြစ်စေနိုင်ခြင်းသည် သမာပဇ္ဇနဝသီဘော်,

ဗျာန်ဝင်စားလိုသမျှ ကာလအတွင်းဝယ် ဘဝင် မကျနိုင် အောင်ဟန့်တားလျက် ဗျာန်စိတ်အစဉ်ကို ချဲထားနိုင်ခြင်းသည် အဝဇ္ဇာန ဝသဘော,

ပိုင်းခြားသတ်မှတ်ထားသော အချိန်အတိုင်း ဗျာန်မှ ထနိုင်ခြင်းသည် ဝုဋ္ဌာနဝသီဘော်,

ဗျာန်အင်္ဂါတို့ကို အမြန်ဆုံး ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာ ဇောဏ် သတ္တိသည် ပစ္စဝေက္ခဏဝသီဘော်မည်၏။

● ဝိပဿနုပက္ကိလေသ တရားပြဂါထာကို ရေးချီအနက်ပေးခဲ့ပါ။

အဖြေ။

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ စ။

ဩဘာသော=ကိုယ်ရောင် ကိုယ်ဝါရင်း၊ ပီတိ=နှစ်သက်ခြင်းရင်း၊ ပဿဒ္ဓိ=ကိုယ်စိတ် ၂-ပါး၏ ငြိမ်းအေး ခြင်း ရင်း၊ အဓိမောက္ခောစ=သက်ဝင်ယုံကြည်သော သဒ္ဓါရင်း၊ ပဂ္ဂဟော=စိတ်ကိုချီးမြှောက်တတ်သော ဝီရိယရင်း၊သုခံ=သုခဝေဒနာရင်း၊ ဉာဏံ=ဝိပဿနာဉာဏ်ရင်း၊ ဥပဋ္ဌာနံ=အာရုံ၌ မြဲမြံစွာတည်သော သတိရင်း၊ ဥပေက္ခာစ=တကြမဏ္ဍတ္တတာ, အာဝဇ္ဇနုပေက္ခာရင်း၊ နိကန္တိစ=နှုးညံ့သော တဏှာရင်း။

● အသံထွက် ရုပ်ရှင်ကို ကြည့်ရှုရာ၌ စက္ခုဒ္ဒါရဝိထိ, သောတဒ္ဒါရဝိထိ ၂-ခုပြိုင်တူ ဖြစ်မည်လော။

အဖြေ။ ။မဟုတ်ပါ၊ စက္ခုဒ္ဒါရဝိထိက အရင်ဖြစ်ပါသည်။

အမှာ။ ။စိတ်ပေါင်းများစွာပါဝင်သော ဝိထိ ၂-ခုပြိုင်တူ ဖြစ်ဖို့မှာ နေနေသာသာ စိတ် ၂-ခုပင်လျှင် ပြိုင်တူဖြစ်ရန်း ထုံးစံမရှိပေ၊ တခုပြီးမှတခု ဖြစ်နိုင်ပေသည်။

● သဘာဝရုပ်,သလက္ခဏာရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ်တို့၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပထဝီဓာတ်သည် ကက္ခဋတွေ့ လက္ခဏာစသည်ဖြင့် မိမိဆိုင်ရာ လက္ခဏာရှိသော ရုပ်သည် သဘာဝရုပ်၊ အနိစ္စတာစသော အမျှားဆိုင်ရာ လက္ခဏာရှိသော ရုပ်သည် သလက္ခဏာရုပ်၊ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား ၄-ပါး တို့ကြောင့် ဖြစ်သော ရုပ်သည် နိပ္ဖန္နရုပ်၊ရုပ်ဆိုသည့်အတိုင်း ဖောက်ပြန်တတ်သော ရုပ်သည် ရူပရုပ်၊အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေး ၃-ပါးသို့တင်၍ ဆင်ခြင် သုံးသပ် အပ်သော ရုပ်သည် သမ္မသနရုပ်မည်၏....ဦး။

ဆောင်။ ။ကက္ခဋတွာ, အစဖြာသည့်, လက္ခဏာ ရှိကြ, ဆယ်.ရှစ်ဝ,သဘာဝရပ်ခေါ်။
အနိစ္စတာ, အစဖြာသည့်, လက္ခဏာရှိကြ, ဆယ်.ရှစ်ဝ, သလက္ခဏခေါ်။
ကံစိတ်စသား, အကြောင်းများကြောင့်, ထင်ရှားဖြစ်ရ, ဆယ်.ရှစ်ဝ, နိပ္ဖန္နရပ်ခေါ်။
ရပ်ဆိုတိုင်းပင်, ရှေးအစဉ်မှ, အသွင်ထူးထ, ဖောက်ပြန်က, ရူပရပ်ဟုခေါ်။

● "ကာမာဝစရံ"၌ ကာမ အရ,အဝစရ အရ,ကာမာဝစရ အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။ကာမ အရကား ကာမတဏှာရ၏၊ (တနည်း) ကာမ ၁၁-ဘုံရ၏၊(တနည်း)ဝတ္ထုကာမ ကိလေသာ ကာမရ၏။

အဝစရ အရကား ကာမတဏှာရ၏၊ (တနည်း) ကာမစိတ် ၅၄-ပါးရ၏။(တနည်း) ဝတ္ထုကာမ ကိလေသာကာမရ၏။

ကာမာဝစရ အရကား ကာမစိတ် ၅၄-ပါးရ၏၊ (တနည်း) ကာမ ၁၁-ဘုံရ၏။

● "မနောဒ္ဓါရုဝဇ္ဇနစိတ္တံ"၌ မနောအရ,မနောဒ္ဓါရအရ, မနောဒ္ဓါရုဝဇ္ဇနအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။မနောအရကား ဝိထိစိတ် ၈၀-ရ၏၊ မနောဒ္ဓါရ အရကား မနောဒ္ဓါရုဝဇ္ဇန်း စိတ်၏ ရှေ့ကကပ်၍ ဖြစ်သော ဘဝင်စိတ်(တနည်း)ဘဝင်စိတ်အားလုံးရ၏၊ မနောဒ္ဓါရ ဝဇ္ဇန အရကား မနောဒ္ဓါရုဝဇ္ဇန်းစိတ်ရ၏။

● အဌပိဋ္ဌ ပိသဒ္ဒါဖြင့် ပေါင်းအပ်သော မဟာကုသိုလ် စိတ်မျှားကို ဌီကာကျော်ဆရာအလို, အရှင်ဗုဒ္ဓဒတ္တထေရ် အလို အားဖြင့် ရေတွက်ပြခဲ့ပါ။

အဖြေ။

(ဌီအလို)　(၁၅၁၂၀)ဖြစ်ပါသည်။

(ဗုအလို)　(၁၇၂၈၀)ဖြစ်ပါသည်....ဌီ။

ဆောင်။ ။ပဠုဒသသဟဿာနိ၊ ဝိသာမိက သတမ္ပိစ။
ကာမာဝစရပုညာနိ၊ဘဝန္တိတိဝိနိသဒ္ဒေ....ဋီ။
သတ္တရသ သဟဿာနိ၊ ဒ္ဝေသတာနိ အသိတိစ၊
ရူပါဝစရပုညာနိ၊ ဘဝန္တိတိ ဝိနိဒ္ဒေ....ဗု။

● "ကုသလစိတ္တာနိ" ၌ ကုအရ, သလအရ, ကုသအရ, လအရတို့ကို ကော်ကြားပြခဲ့ပါ။

အဖြေ။ ။ကုအရ အကုသိုလ် စိတ္တုပ္ပါဒ်ရ၏၊(တနည်း)စက်ဆုပ်ဖွယ်အခြင်းအရာဂုဏ်ရ၏၊ သလ အရကား မဟာကုသိုလ်စိတ် ၈-ခုရ၏၊ ကုသ အရကား အကုသိုလ် စိတ္တုပ္ပါဒ်ရ၏၊ (တနည်း) ဉာဏ်(ပညာ)ရ၏၊(တနည်း)သဒ္ဓါအစရှိသော တရား အပေါင်းရ၏၊လ အရကား မဟာကုသိုလ်စိတ် ၈-ခုရ၏....ဋီ။

● "အာကာသာနဉ္စာယတန ကုသလစိတ္တံ"၌ အာကာသအရ, အနန္တအရ, အာကာသာနန္တအရ, အာကာသာနဉ္စအရ, အာကာသာနဉ္စာယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ။အားလုံး၏အရသည် ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်ရ၏....ဋီ။

● "ဝိညာဏဉ္စာယတနကုသလစိတ္တံ"၌ ဝိညာဏအရ,အနန္တအရ,ဝိညာဏာနန္တအရ, ဝိညာဏာနဉ္စအရ,ဝိညာဏာနဉ္စာယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။အားလုံး၏ အရသည် ပဋ္ဌမာရုပ္ပဝိညာဉ် ရ၏။ (ပဋ္ဌမအရူပစိတ် ဟူလို)....ဦ။

● အာကိုဠညာယတနဌ် အကိုဠနအရ, အာကိုဠညအရ, အာကိုဠညာယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။အကိုဠန အရကား ပဋ္ဌမာရုပ္ပဝိညာဉ်ရ၏၊ အာကိုဠညနှင့် အာကိုဠညာယတနအရကား နတ္ထိဘောပညတ်ရ၏။

● နေဝသညာ နာသညာယတနဌ် နေဝသညာအရ, နာသညာအရ,နေဝသညာနာသညာအရ,နေဝသညာနာသညာယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။အားလုံး၏ အရသည် စတုတ္ထာရုပ္ပစျာန်ဖြစ်ပါသည်....ဦ။

● ကာမဘုံမှာသာ ဖြစ်သော စိတ်မျှားကို ဖော်ပြခဲ့ပါ။

အဖြေ။　။မဟာဝိပါက်စိတ် ၈-ခု၊ဒေါသမူ ၂၊ဃာနာဒိတ္တယဝိညာဉ် ၆၊ ပေါင်း ၁၆-ပါး။

● ရူပဘုံမှာသာဖြစ်သော စိတ်မျှားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ရူပဝိပါက် ၅-ခု။

● အရူပဘုံမှာသာ ဖြစ်သော စိတ်မျှားကို ဖော်ပြခဲ့ပါ။

အဖြေ။　။အရူပဝိပါက် ၄-ခု။

● ကာမဘုံနှင့် ရူပဘုံ ၂-ဘုံမှာသာဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အဟိတ်ကုသလ ဝိပါက်စက္ခုဝိညာဉ် ၁၊သောတ ဝိညာဉ် ၁၊ သမ္ပဋိစ္ဆိန်း ၁၊ သန္တီရဏ ၂၊ ဟသိတုပ္ပါဒ် ၁၊ ရူပ ကုသိုလ် ၅၊ ရူပကြိယာ ၅၊သောတာပတ္တိမဂ် ၁၊ပေါင်း၁၈-ပါး။

● ကာမဘုံ,ရူပဘုံ,အရူပဘုံ ၃-ဘုံလုံးဌ် ဖြစ်သောစိတ်များ ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘမူ ၈၊ ဒေါသမူ ၂၊ ဝုဋ္ဌော ၁၊ မဟာ ကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ စိတ် ၇၊ ပေါင်း ၄၂-ပါး။

● အညသတ်မှ တပါး ကျန်ဘုံ ၃၀-လုံးဌ် ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။ (အသညသတ် ဘုံမှာကား စိတ် စေတ သိက် လုံးဝမရှိ)။

အဖြေ။ ။လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ်၄၊ဥဒ္ဓစ္စသဟဂုတ် ၁၊ ဝုဋ္ဌော ၁၊ မဟာကုသိုလ် ၈၊ ပေါင်း ၁၄-ပါး။

ဆောင်။ ။ဒိဋ္ဌိဝိပ္ပယုတ်, ဥဒ္ဓစ်ထုတ်၍,ဝုဋ္ဌောတဖြာ, မဟာ ကုရှစ်ထား, ၁၄ ပါး, ဖြစ်ငြား ဘုံ ၃၀။

● ပုထုဇဉ်သန္တာန်မှာသာရနိုင်သော စိတ်များကို ဖော်ပြ ခဲ့ပါ။

အဖြေ။ ။ဒိဋ္ဌိဂတသမ္ပယုတ် ၄၊ ဝိစိကိစ္ဆာသဟဂုတ် ၁။

ဆောင်။ ။ဒိဋ္ဌိသမ္ပာ,စိကိစ္ဆာဟု, ဤ၅-ခု, ပုထု မှာ သာ ဖြစ်။

● သေက္ခသန္တာန်မှာသာ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အရဟတ္တဖိုလ်ကြဉ် လောကုဘူရာ စိတ် ၇-ပါး။

ဆောင်။ ။လောကုတ်စိတ်တွင်, အဆုံးကြဉ်၍, ၇-ပင် မုချ, ဖြစ်ကြရ, သေက္ခသန္တာန်သာ။

● ရဟန္တာ သန္တာန်မှာသာ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အာဝဇ္ဇန်းဒွေးကြဉ် ကြိယာစိတ် ၁၈၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၁၉-ပါး။

ဆောင်။ ။အာဝဇ္ဇန်း ၂,ကြဉ်ဖယ်ပစ်၍, ၁၈-ကြိယာ, အရဟာဖိုလ် ၁, ၁၉-ဖြစ်, စင်စစ်ရဟန္တာ။

● ပုထုဇဉ်နှင့်သေက္ခ ၂-ပါးလုံးဌ ရသော စိတ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒိဋ္ဌိဂတဝိပ္ပယုတ် ၄, ဝိစိကိစ္ဆာ သဟဂုတ် ၁, ပေါင်း၅-ပါးကြဉ် အကုသိုလ်၇-ပါး၊လောကီကုသိုလ် သတ္တရသ၊ ပေါင်း ၂၄-ပါး။

ဆောင်။ ။ဒိဋ္ဌိသမ္ပ, ဉဒ္ဓစ္စနှင့်, ဒေါသမူမှတ်, သတ္တရသ်မှ, လောကီကု–တွေး, ၂၄, ဖြစ်ရေးပုသေက္ခာ။

● ပုထုဇဉ်, သေက္ခ, အသေက္ခ ၃-ပါးလုံးဌ်ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောကီဝိပါက် ဗာတ္တိံသ, အာဝဇ္ဇန်းဒွေး ပေါင်း ၃၄-ပါး။

ဆောင်။ ။လောကိုဝိပါ, ဗာတ္တိ သာနှင့်, အာဝဇ္ဇန်းဌေး, ၃၄, ဖြစ်ရေးသုံးပါးမှာ။

● အကုသိုလ် စေတသိက်ကိုတွင် လောဘမူလ သာဓာရဏ (=လောဘမူစိတ် ၈-ပါးလုံးဌာသာ ယှဉ်သော)စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။

● အကုသိုလ် စေတသိက်တို့တွင် ဒေါသမူလ သာဓာရဏ (=ဒေါသမူဒ္ဒေးမှာသာယှဉ်နိုင်သော)စေတသိက်များကို ထုတ်ပြခဲ့ပါ။

အဖြေ။ ။ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

● အကုသိုလ် စေတသိက်တို့တွင် လောဘမူလ ဒေါသမူလ သာဓာရဏ (=လောဘမူ ၈, ဒေါသမူ ၂, ပေါင်း ၁၀-ပါးမှာ သာ ယှဉ်သော) စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ထိန, မိဒ္ဓ ၂-ပါးဖြစ်ပါသည်။

● အကုသိုလ် စေတသိက်တို့တွင် မောဟမူလ သာဓာရဏ (=မောဟမူစိတ်မှာသာယှဉ်သော) စေတသိက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝိစိကိစ္ဆာ စေတသိက်ဖြစ်ပါသည်။

● ဓမ္မကထိကများ တရားဟောခြင်းသည် သမ္မာဝါစာဖြစ်ပါသလော။

အဖြေ။ ။သမ္မာဝါစာမဖြစ်ပါ။

အမှာ။ ။ဝိရတိဟူသည် ဒုစရိုက်မှ ရှောင်ကြဉ်မှုတည်း၊ ထို့ကြောင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော ဝိရတိ ၃-ပါးသည် ဒုစရိုက် ရှောင်ကြဉ်မှု မဟုတ်က ဘယ်တော့မှ မဖြစ်နိုင်၊ အထူးသတိပြုပါ။

● ဝက်တကောင်ကို သတ်မည်ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်လျှင် အဘယ်ဝိရတိဖြစ်မည်နည်း။

အဖြေ။ ။စားရန်၊သို့မဟုတ်ရောင်းချရန်ဖြစ်လျှင်(အသက်မွေးဝမ်းကျောင်းကို ငဲ့သောကြောင့်)သမ္မာအာဇီဝ ဝိရတိ ဖြစ်ပါသည်။ စားရန်, ရောင်းရန် မဟုတ်ပဲ အမြင်ကပ်လို့ဖြစ်လျှင် (အသက်မွေးဝမ်းကျောင်းကို မငဲ့သောကြောင့်) သမ္မာကံမ္မန္တ ဝိရတိ ဖြစ်ပါသည်။

● မောင်နီ၏ငွေ ၁ဝဝိုကို မောင်ဖြူက ကောက်ရထားရာ မောင်နီက မေးသောအခါ မရပါဘူးဟု လိမ်ပြောမည်ကြံပြီးမှ လိမ်မပြောဘဲ ရှောင်ကြဉ်လိုက်လျှင် မောင်ဖြူမှာ အဘယ်ဝိရတိဖြစ်မည်နည်း။

အဖြေ။ ။အသက်မွေးဝမ်းကျောင်းကိုမငဲ့ကသမ္မာဝါစာ အသက်မွေးဝမ်းကျောင်းကိုငဲ့က သမ္မာအာဇီဝ ဖြစ်ပါသည်။

အမှာ။ ။အသက်မွေးမှုကို မငဲ့ပဲ ကာယ ဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တဖြစ်၍ ငဲ့က သမ္မာအာဇီဝ ဖြစ်၏၊ အသက်မွေးမှုကို မငဲ့ပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာဖြစ်၍ ငဲ့က သမ္မာအာဇီဝ ဖြစ်၏၊ ဤအချက်ကို ကြပ်ကြပ် သတိပြုထားပါ။

● တံငါသည် တယောက် တံငါအလုပ်ကို မလုပ်တော့ပဲ ရှောင်ကြဉ်ပြီးလျှင် ငါးရောင်းရ၍ ရရှိထားသော ပစ္စည်းများကို မစွန့်ပဲ ဆက်လက် သုံးစွဲနေပါက သမ္မာအာဇီဝ ဖြစ်မဖြစ် ဖြေဆိုခဲ့ပါ။

အဖြေ။ ။သမ္မာအာဇီဝဖြစ်ရန် ပစ္စည်းကိုစွန့်ရမည်ဟု မဆိုပါ။ မိစ္ဆာဇီဝ ဒုစရိုက်အမှုကိုသာ စွန့်ရမည်ဟု ဆိုပါသည်၊ ထို့ကြောင့် ထိုတံငါလူထွက်အား သမ္မာအာဇီဝ ဖြစ်ပါသည်။

● ပကိဏ်းစေတသိက်တို့တွင် ဝိတက်, ဝိစာရ, ပီတိ ၃-ပါးသည် အဘယ့်ကြောင့် စိတ်အကျယ်မှာယှဉ်ရပါသနည်း။

အဖြေ။ ။စျာနင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

● ပကိဏ်း စေတသိက်တို့တွင် အဓိမောက္ခ, ဝီရိယ, ဆန္ဒ ၃- ပါးသည် အဘယ့်ကြောင့် စိတ်အကျဉ်းမှာ ယှဉ်ရပါသနည်း။

အဖြေ။ ။စျာနင်မဟုတ်သောကြောင့် ဖြစ်ပါသည်။

● သဗ္ဗထာပိ, နိယတာ, ကေတောဝ ဟူသော ပါဠိရပ်တို့ဖြင့် ပြအပ်သော အနက်များကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ ။"သဗ္ဗထာပိ" ဟူသောပါဠိဖြင့် ဝိရတိစေတသိက်များ လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် အလုံးစုံသော ဒုစရိုက်ဒုရာဇီဝတို့နှင့် ဆန့်ကျင်ဘက် အခြင်းအရာအားဖြင့် ဖြစ်ပုံကို ပြပါသည်။

"နိယတာ" ဟူသော ပါဠိဖြင့် ဝိရတိစေတသိက်များ လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် မဟာကုသိုလ်စိတ်မှာ ယှဉ်သကဲ့သို့

ရုံဖန်ရုံခါ ယှဉ်သည်မဟုတ်၊ လောကုတ္တရာစိတ်ဖြစ်တိုင်း အမြဲတမ်း ယှဉ်ကြသည်ဟု ပြပါသည်။

"ကေတောဝ" ဟူသောပါဠိဖြင့် ဝိရတိစေတသိက်များ လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် မဟာကုသုလစိတ်မှာ ယှဉ်သကဲ့သို့ တခုစီ တခုစီ အသီးအသီး ယှဉ်သည်မဟုတ်၊ ၃-ခုလုံး တပြိုင်နက် ယှဉ်ကြသည်ဟု ပြပါသည်။

● စေတသိက် ၅၂-ပါးလုံး ယှဉ်နိုင်အောင် စိတ် ၅-ပါးမျှ ထုတ်ပြခဲ့ပါ။

အဖြေ။ ။မဟာကုသိုလ် ပဌမဒွေးထဲမှ တခုခု၊ လောဘမူ ပဌမသဿခ်ါရိုက ၁၊ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုထဲမှ တခုခု၊ ဝိစိကိစ္ဆာ သဟဂုတ် ၁၊ဃေါင်း ၅-ပါး၊ ဤ ၅-ပါးခု စေတသိက် ၅၂-ပါးလုံး ယှဉ်ပါသည်။

● (က)ဝိသေသကသာဖြစ်၍ အနိယတ ယောဂီ မဖြစ်သော စေတသိက်၊ (ခ)အနိယတ ယောဂီသာဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်၊ (ဂ) ၂-ပါးစုံဖြစ်သောစေတသိက်၊ (ဃ) ၂-ပါးစုံမဖြစ်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝိတက်,ဝိစာရ, ပီတိ,ဝေဒနာ,ပညာ ၅-ပါး၊
(ခ) မာန,ထိန,မိဒ္ဓ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၆-ပါး၊
(ဂ) ဝိရတီ အပ္ပမညာ ၅-ပါး၊
(ဃ) ကျန်စေတသိက် ၃၆-ပါး၊

● (က)သဗ္ဗာကုသလယောဂိစေတသိက်၊(ခ)ကေဒေသာ ကုသလ ယောဂိစေတသိက်၊ (ဂ) အသဗ္ဗာကုသလယောဂိ စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄၊ ဆန္ဒ ပီတိ အဓိမောက္ခကြည် အညသမာန်း စေတသိက် ၁၀၊ ပေါင်း ၁၄-ပါး။

(ခ) သဗ္ဗာ ကုသလ သာဓာရဏ စေတသိက်၄-ပါးကြည် အကုသိုလ် စေတသိက် ၁၀၊ ဆန္ဒ ပီတိ အဓိမောက္ခ၊ ပေါင်း ၁၃-ပါး။

(ဂ) သောဘန စေတသိက် ၂၅-ပါး။

● (က) အဟိတ်၁၈-ပါးလုံးဌယှဉ်သောစေတသိက်၊ (ခ) အဟိတ်စိတ် တချို့တဝက်ဌယှဉ်သော စေတသိက်၊ (ဂ)အဟိတ်စိတ် ၁၈-ပါးလုံးဌ မယှဉ်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး။

(ခ) ဆန္ဒကြည် ပကိဏ္ဏကစေတသိက် ၅-ပါး။

(ဂ) ဆန္ဒ ၁၊ အကုသိုလ် စေတသိက် ၁၄၊ သောဘန စေတသိက် ၂၅၊ပေါင်း ၄၀။

● (က)စိတ်အများဆုံးမှာ ယှဉ်သောစေတသိက်၊(ခ)စိတ် အနည်းဆုံးမှာ ယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။(က) သဗ္ဗစိတ္တ သာဓာရဏာ ၇-ပါး။
(ခ) ဝိစိကိစ္ဆာ ဓစတသိက် ၁-ပါး။

● (က)စေတသိက်အမျှားဆုံးနှင့် ယှဉ်သောစိတ်၊ (ခ)စေတသိက်အနည်းဆုံးနှင့် ယှဉ်သောစိတ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။(က) မဟာကုသိုလ် ပဌမဒွိ။
(ခ) ဒွေးပဋ္ဌ ဝိညာဉ် ၁၀။

● ယောနိသော မနသိကာရ,အယောနိသော မနသိကာရတို့၏အရကို ကောက်ပြခဲ့ပါ။

အဖြေ။　။ ၂-ခုလုံးအရ အာဝဇ္ဇန်းဒွေးဖြစ်ပါသည်။

● ပဋ္ဌိသန္ဓိအရ, ပဋ္ဌိသန္ဓိကိစ္စအရ, ပဋ္ဌိသန္ဓိဌာန အရ တို့ကို ကောက်ပြခဲ့ပါ။

အဖြေ။　။ပဋ္ဌိသန္ဓိအရ ပဋ္ဌိသန္ဓေစိတ် ၁၉-ပါးရ၏၊ပဋ္ဌိသန္ဓိကိစ္စအရ ပဋ္ဌိသန္ဓေစိတ် ၁၉-ပါး၏ ဘဝတခုနှင့် တခု ဆက်စပ်ပေးခြင်း ကိစ္စရ၏၊ ပဋ္ဌိသန္ဓိဌာနအရ ပဋ္ဌိသန္ဓေစိတ် ၁၉-ပါးရ၏....ဦး။

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးကို ကာလ, ဒ္ဒါရ, အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

အဖြေ။　။ကံသည် အတိတ်ကာလ, မနောဒ္ဒါရဂ္ဂဟိတ, ဓမ္မာရုံ၊ ကမ္မနိမိတ်သည် ပစ္စုပ္ပန် အတိတ်ကာလ ၂-မျိုး, ဆဒ္ဒါရဂ္ဂဟိတ,ပညတ်အာရုံ ၆-ပါး၊ ဂတိနိမိတ်သည်ပစ္စုပ္ပန်ကာလ, မနောဒ္ဒါရဂ္ဂဟိတ, ရူပါရုံ။

● အသည္သတ်ဘုံမ္ဘစုတေသော သတ္တဝါ၏ ပဋိသန္ဓေစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

အဖြေ။ ။အသည္သတ်ဘုံမရောက်ခင်အခြားမဲ့ဘဝကပြုခဲ့သော အပရာပရိယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြုပါသည်။

အမှာ။ ။အခြားဘုံမှ စုတေသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်ကား မရဏာ သန္နာဇောသည် ယူပေးအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တပါးပါးကို အာရုံပြုသည်၊ အထူးမှတ်။

● "ကေဝိသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာနဂေါစရေ" ဌာ ဝေါဟာရ အာရုံ(ပညတ်အာရုံ) အရကို ကောက်ပြခဲ့ပါ။

အဖြေ။ ။ကသိုဏ်းပညတ် ၁၀၊ အသုဘပညတ် ၁၀၊ ကောဋ္ဌာသပညတ် ၁၊ အာနာပါနပညတ် ၁၊ သုခိတ ဒုက္ခိတ သတ္တဝါပညတ် ၁၊ကောင်းကင်ပညတ် ၁၊ နတ္ထိဘောပညတ် ၁၊ ပေါင်း ၂၅-ပါး။

ဆောင်။ ။ကသိဏာ သုဘ, ကောဋ္ဌာသနှင့်, အာနပါနာ, သတ္တဝါပြင်, ကောင်းကင်ထပ်နှော, နတ္ထိဘောပါ, ဝေါဟာပညတ်, အာရုံမှတ်, သိအပ် ၂၅။

● တဘဝဋ္ဌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့သည် ဘုံ,ဇာတ်သမ္ဘယောဂ,သင်္ခါရ,အာရုံအားဖြင့် တူကြ၏ဟု ဆိုရာ မတူသော အရာရှိပါက ထုတ်ပြခဲ့ပါ။

အဖြေ။ ။ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ဖြစ်သောအခါ ပဋိသန္ဓေနှင့် အခြားဘဝင်စိတ်တို့၏ အာရုံကို

အာရုံမပြုပဲ ရှေးဦးလေ့လာအပ်ဘူးသော ကာမအာရုံကိုအာရုံပြု ပါသည်။

အမှာ။ ။မတူသော အရာကား ဤအရာတခုသာ ရှိ၏။ အခြားနေရာ၌ အားလုံးတူကြသည်။ အထူးသတိ ပြုပါ။

● အာယုကပ်, အန္တရကပ်, အသင်္ခေယျကပ်, မဟာကပ် တို့၏အပိုင်းအခြားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သတ္တဝါတို့၏ ၇၅-နှစ်တမ်းစသည်ဖြင့် အသက် တမ်းအပိုင်းအခြားသည် အာယုကပ်၊ ၁၀-နှစ်တမ်းမှအသင်္ခေယျ တမ်းအထိ, တဖန်အသင်္ခေယျတမ်းမှ ၁၀-နှစ်တမ်းအထိ အတက် အကျတစုံသည် အန္တရကပ်၊ အန္တရကပ်ပေါင်း ၆၄-ကပ်သည် အသင်္ခေယျကပ်၊ အသင်္ခေယျ ၄-ကပ်သည် မဟာကပ် ၁-ခုဖြစ် ပါသည်။

အမှာ။ ။မဟာကပ် ၁–ခု၌ အသင်္ခေယျကပ် ၄–ကပ် ရှိ ရှိသည်၊ အန္တရကပ် ၂၅၆-ကပ်ရှိသည်၊ ကေစိဆရာ တို့က အသင်္ခေယျကပ် ၁–ခုမှာ အန္တရကပ် ၂၀-ရှိ၏ဟု ဆိုကြ၏။

● အရူပဘုံမှ စုတေသော သတ္တဝါသည် အောက်အောက် အရူပဘုံမှာတောင်ပင့်သန္ဓေမနေနိုင်ပါဘဲလျက်အဘယ့်ကြောင့် ကာမဘုံမှာ ပင့်သန္ဓေနေရပါသနည်း။

အဖြေ။ ။ဥပစာရစျာန် အားကောင်းသောကြောင့် ဖြစ် ပါသည်....ဦး။

● အရူပဘုံမှ စုတေသော သတ္တဝါသည် အဘယ်ကြောင့် ကာမဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ်ပုဂ္ဂိုလ် မဖြစ်နိုင်ပါသနည်း။

အဖြေ။ ။ဥပစာရစျာန် အားကောင်းသောကြောင့် ဖြစ်ပါသည်....ဦး။

အမှာ။ ။အရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေက တိဟိတ် ပဋိသန္ဓေသာ နေနိုင်သည်။

● ရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသောသတ္တဝါသည် အဘယ်ကြောင့် ဒွိဟိတ်သြမက ပဋိသန္ဓေ,အဟိတ်ပဋိသန္ဓေ မနေပါသနည်း။

အဖြေ။ ။ဥပစာရစျာန်၏ အာနုဘော်ကြောင့် ဖြစ်ပါသည်....ဦး။

အမှာ။ ။ရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေက တိဟိတ် ပဋိသန္ဓေနှင့် ဒွိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေသာ နေနိုင်သည်။

● ဥပါဒါရူပ်တို့၏ လက္ခဏာကို ပြသော သင်္ဂဟ ပါဠိကို ထုတ်ပြပါ။

အဖြေ။ ။စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ....ဦး။

● ဟဒယ ဝတ္ထုရူပ်ရှိကြောင်းကို ယုတ္တိပြ၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ။ကာမသတ္တဝါ, ရူပသတ္တဝါတို့၏ မနောဓာတ်, မနောဝိညာဏဓာတ် ၂-ပါးသည် ရူပ် ၂၈-ပါးတွင် တပါးပါး

ကို မှီရမည်၊ ထိုတွင် မဟာဘုတ် ၄-ပါးသည် ဥပါဒါရုပ်တို့၏ မှီရာ ဖြစ်သောကြောင့် မဟာဘုတ် ၄-ပါးကို မမှီနိုင်၊ ကျန်ရုပ် ၂၄-ပါးတွင်အနိုပ္ဖန္နရုပ် ၁၀-ခုသည်ပရမတ်အစစ်မဟုတ်သောကြောင့် အနိုပ္ဖန္နရုပ် ၁၀-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၁၄-ပါးတွင် စက္ခု သောတ ဃာန ဇိဝှါ ကာယ ၅-ပါးသည် ပဋ္ဌဝိညာဉ်၏မှီရာ ဖြစ်သောကြောင့် ၎င်း ၅-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၉-ပါးတွင် ရူပ သဒ္ဒ ဂန္ဓ ရသ သြဇာရုပ်တို့သည် ဗဟိဒ္ဓ သန္တာန်မှာလည်း ဖြစ်သောကြောင့် ၎င်း ၅-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၄-ပါးတွင် ဇီဝိဘရုပ်သည် သဟဇာတ်ရုပ်တို့ကို စောင့်ရှောက် ရခြင်း ကိစ္စတပါးရှိနေသောကြောင့် ဇီဝိတရုပ်ကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၃-ပါးတွင် မနောဓာတ် မနောဝိညာဏဓာတ် ၂-ပါးသည် ဘာဝရုပ်မရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဖြစ်သောကြောင့် ဘာဝရုပ် ၂-ပါးကိုလည်းမမှီနိုင်၊ထို့ကြောင့် ကျန်နေသော ဥပါဒါရုပ် ၁-ပါးကိုသာ မနောဓာတ် မနောဝိညာဏဓာတ်တို့ကမှီရတော့မည်၊ ထိုဥပါဒါရုပ် ၁-ပါးကား အခြားမဟုတ်ဟဒယဝတ္ထုပင် ဖြစ်တော့၏၊ ဤကား ယုတ္တိသင့်၍ ဖြေရှင်းခြင်းဘည်း။

နိုပ္ဖန္နဘူတိကာဓာရာ၊ ဒ္ဒေဓာတူ ကာမရူပိနံ။
ရူပါနုဗန္ဓဝုတ္တိတ္တာ၊ စက္ခုဝိညာဏာဒယော ဝိယ။
စက္ခာဒီ နိဿိတာ နေတာ၊တဿညာ ဓာရဘာဝတော။
နာပိ ရူပါဒိကေ တေသံ၊ ဗဟိဒ္ဓါပိ ပဝတ္တိတော။
နစာပိ ဇဝတ တဿ၊ ကစ္စန္တရနယုတ္တိတော။
နစ ဘာဝဒ္ဒယံ တသ္မိံ၊ အသန္တေပိ ပဝတ္တိတော။
တသ္မာ တဒညံ ဝတ္ထုတံ၊ ဘူတိကန္တိ ဝိဇာနိယံ....ဠီ။

ကာမရူပိနံ=ကာမဘုံသား ရူပဘုံသားတို့၏၊ ဒ္ဒေ= ၂-ပါးကုန်

သော၊ ဓာတု=မနောဓာတ် မနောဝိညာဏဓာတ်တို့သည်၊ စက္ခု ဝိညာဏာဒယောဝိယ=စက္ခုဝိညာဉ် အစရှိသည်တို့ကဲ့သို့၊ ရူပါ နုဗန္ဓ ဝုတ္တိတ္တာ=ရုပ်သို့ အစဉ်လိုက်၍ ဖြစ်ခြင်း ရှိကုန်သည်၏ အ ဖြစ်ကြောင့်၊နိပ္ဖန္နဘူတိကာဓာရာ=နိပ္ဖန္နဥပါဒါရုပ် ဟူသော မှီရာ ရှိကုန်၏။

ဧတာ=ဤဓာတ် ၂-ပါးတို့သည်၊ စက္ခာဒိ =စက္ခုအစရှိသော ပသာဒ်ရုပ် ၅-ပါးကို၊ နနိသိတာ=မမှီနိုင်ကုန်၊ကသ္မာ=အဘယ် ကြောင့်နည်း၊တသ=ထိုစက္ခု အစရှိသော ပသာဒရုပ် ၅-ပါး၏၊ အညာဓာရဘာဝတော=တပါးသော ပဋ္ဌဝိညာဉ်၏ မှီရာ၏ အ ဖြစ်ကြောင့်တည်း၊ ရူပါဒိကေပိ=ရူပ အစရှိသည် တို့ကို လည်း၊ နနိသိတာ=မမှီနိုင်ကုန်၊ကသ္မာ=အဘယ် ကြောင့်နည်း၊တေသံ= ထိုရူပအစရှိသည်တို့၏၊ ဗဟိဒ္ဓါပိ=ဗဟိဒ္ဓသန္တာန်၌လည်း၊ ပဝတ္တိ တော=ဖြစ်ခြင်းကြောင့်တည်း။

စ=သည်သာမကသေး၊ ဇီဝိတမ္ပိ=ဇီဝိတရုပ်ကိုလည်း၊ နနိသိ တာ=မမှီနိုင်ကုန်၊ ကသ္မာ=အဘယ် ကြောင့်နည်း၊ တသ= ထိုဇီဝိတ၏ (ဝါ-သည်၊) ကိစ္စန္တရနိယုတ္တိတော= ကိစ္စ တပါးနှင့် ယှဉ်သည်၏အဖြစ်ကြောင့်တည်း၊ ဘာဝဒ္ဒယံစ= ဘာဝရုပ် ၂-ခု အပေါင်းကိုလည်း၊ နနိသိတာ= မမှီနိုင်ကုန်၊ ကသ္မာ= အဘယ် ကြောင့်နည်း၊တသ္မိ =ထိုဘာဝရုပ် ၂-ခုအပေါင်းသည်၊အသန္တေ ပိ=မရှိသော်လည်း၊ (ဧတာသံ= ဤမနောဓာတ် မနောဝိညာ ဏဓာတ် ၂-ပါးတို့၏၊) ပဝတ္တိတော= ဖြစ်ခြင်းကြောင့်တည်း၊ တသ္မာ=ထို့ကြောင့်၊တဒညံ=ထိုရုပ်တို့မှတပါးသော၊ ယံဝတ္ထု= အကြင်မှီရာဝတ္ထုရုပ်တမျိုးသည်၊ အတ္ထိ=ရှိ၏၊ တံဝတ္ထု=ထိုဝတ္ထု ရုပ်တမျိုးကို၊ ဘူတိကန္တိ= ဥပါဒါရုပ် ဟူ၍၊ ဝိဇာနိယံ= သိ အပ်၏။

အမှာ။ ။ဝတ္ထုဒုတ်, အာရမ္မဏဒုက်တို့၏ ဒေသနာစည်ပျက်မည်စိုးသောကြောင့် ဟဒယဝတ္ထုရှိလျက်နှင့် ဓမ္မသင်္ဂဏိပါဠိတော်၌ ဟောတော်မမူခြင်း ဖြစ်၏ဟု (ဋီ)၌ဆို၏။

ဝတ္ထောလမ္ဘဒုကာနံ တု၊ ဒေသနာဘေဒတော ဣဒံ။
ဓမ္မသင်္ဂဏိ ပါဠိသ္မိं၊ နအာဂ္ဂါတံ မဟေသိနာ။

တု=ဟဒဟဝတ္ထုရုပ်ရှိပါသော်လည်း၊ ဝတ္ထောလမ္ဘ ဒုကာနံ=ဝတ္ထုဒုက်, အာရမ္မဏဒုက်တို့၏၊ ဒေသနာ ဘေဒတော=ဒေသနာစည် ပျက်မည့်ဘေးကြောင့်၊ ဣဒံ=ဤဟဒယဝတ္ထုရုပ်ကို၊ ဓမ္မသင်္ဂဏိ ပါဠိသ္မိं=ဓမ္မသင်္ဂဏိပါဠိတော်၌၊ မဟေသိနာ=ဘုရားရှင်သည်၊ နအာဂ္ဂါတံ=ဟောတော်မမူအပ်။

● ဦးခေါင်း၌ ရနိုင်သောရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝဒသက ၆-စည်း၊ စိတ္တဇ, ဥတုဇ, အာဟာရဇ သဒ္ဒဋ္ဌကကလာပ် ၃-စည်း၊ ပေါင်းကလာပ် ၉-စည်း၊ ရုပ်ပေါင်း ၈၄-ပါး၊ တူရာပေါင်းလျှင် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝရုပ် ၂, အဝိနိဗ္ဘောဂရုပ် ၈, ဇီဝိတ-၁၊ ပေါင်း ၁၆-ပါး။

● လည်မျိုမှ အောက် ချက်အထိ ရနိုင်သောရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက, စိတ္တဇသုဒ္ဓဋ္ဌက, ဥတုဇသုဒ္ဓဋ္ဌက, အာဟာရဇသုဒ္ဓဋ္ဌက ပေါင်းကလာပ် ၆:စည်း၊ ရုပ်ပေါင်း ၅၄-ပါး၊ တူရာပေါင်းလျှင် ကာ

ယ-၁၊ ဘာဝ ၂၊ ဟဒယဝတ္ထု-၁၊ အဝိနိဗ္ဘောဂရုပ် ဂ၊ ဇီဝိတ-၁၊ ပေါင်း ၁၃-ပါး။

● ချက်မှုအောက် ခြေဖျားအထိ ရနိုင်သော ရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ကာယဒသက, ဘာဝဒသက, စိတ္တဇသုဒ္ဓဋ္ဌက, ဥတုဇသုဒ္ဓဋ္ဌက, အာဟာရဇ သုဒ္ဓဋ္ဌကပေါင်းကလာပ် ၅-စည်း၊ ရုပ်ပေါင်း ၄၄-ပါး၊ တူရာပေါင်းလျှင် ကာယ-၁၊ဘာဝ-၂၊ အဝိနိဗ္ဘောဂရုပ်-ဂ၊ ဇီဝိတ-၁၊ ပေါင်း ၁၂-ပါး။

အမှာ။ ။ဤအဖြေ ၃-ခုကား အဋ္ဌသာလိနီ အဋ္ဌကထာ အတိုင်း ရေးလိုက်ပါသည်။ ၎င်းရုပ်များထဲ၌ အနိပ္ဖန္နရုပ် ၁၀–ခု မပါရှိပါ။

● (က) နာမ်တရားကြောင့် ဖြစ်သောရုပ် (ခ) ရုပ်တရားကြောင့်ဖြစ်သော ရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။(က)ကမ္မဇရုပ်နှင့် စိတ္တဇရုပ်များ။
(ခ)ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ။

● နာမ်ရုပ် ၂-ပါးကြောင့် ဖြစ်သော ရုပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သဒ္ဒ,လဟုတာဒိတ္တယ,အဝိနိဗ္ဘောဂရုပ်ဂ-ပေါင်း ၁၂-ပါး။

● နာမ်ရုပ် ၂-ပါးကြောင့် မဖြစ်သော ရုပ်ကိုဖော်ပြခဲ့ပါ။

အဖြေ။ ။လက္ခဏရုပ် ၄-ခုဖြစ်ပါသည်။

● ရူပဘုံ၌ ပဋိသန္ဓေအခါ ရသောရုပ်, ပဝတ္တိအခါရသော ရုပ်မျိုးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋိသန္ဓေအခါသဒ္ဒ၁၊ ဝိကာရရုပ်၅၊ ဇရတာ ၁၊ အနိစ္စတာ၁၊ ဃာန ၁၊ ဇိဝှာ ၁၊ ကာယ ၁၊ ဝိညတ်ဒွေး၊ ပေါင်း ၁၃-ပါးကြား ကျန် ၁၅-ပါးကို ရပါသည်။ ပဝတ္တိ အခါ၌ကား ဃာန, ဇိဝှာ, ကာယ, ဘာဝရုပ် ၂-ပေါင်း ၅-ပါးကြား ကျန် ၂၃-ပါးရသည်။

● အသညသက်ဘုံ၌ ပဋိသန္ဓေအခါ ရသောရုပ်, ပဝတ္တိ အခါရသော ရုပ်မျိုးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋိသန္ဓေအခါ၌ ဇီဝိတ ၁၊ အဝိနိဗ္ဘောဂရုပ် ဂ၊ ပရိစ္ဆေဒရုပ် ၁၊ ဥပစယ ၁၊ သန္တတိ ၁၊ ပေါင်း ၁၂-ပါးရ၏၊ ပဝတ္တိ အခါ၌ ဇီဝိတ ၁၊ အဝိနိဗ္ဘောဂရုပ် ဂ၊ ပရိစ္ဆေဒရုပ် ၁၊ လဟုတာဒိ ၃၊ လက္ခဏရုပ် ၄၊ ပေါင်း ၁၇-ပါးရ၏။

● ပဋိသန္ဓေအခါ၌ မရနိုင်သောရုပ်မျိုးကို သင်္ဂဟထောက်၍ ကောက်ပြခဲ့ပါ။

အဖြေ။ ။သဒ္ဒ၁၊ ဝိကာရရုပ် ၅၊ ဇရတာ ၁၊ အနိစ္စတာ၁၊ ပေါင်း ၉-ပါး ဖြစ်ပါသည်။

အထောက်အား။ ။"သဒ္ဒေါ ဝိကာရောဇရတာ၊ မရဏဿောပပတ္တိယံ"။

● "နိဗ္ဗာန်သည် လောကီ လော၊ လောကုတ္တရာလော၊ သင်္ဂဟထောက်၍ ဖြေဆိုခဲ့ပါ။

အဖြေ။　။"နိဗ္ဗာနံပန လောကုတ္တရသင်္ခါတံ" ဟူသော စကားအရ လောကုတ္တရာ ဖြစ်ပါသည်။

● "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ" ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ရေးခဲ့ပါ။

အဖြေ။　။ထိုပါဠိဖြင့် နိဗ္ဗာန်ကို အရိယာ ပုဂ္ဂိုလ်မျှားမျက်မှောက်အားဖြင့် သိအပ်သည်ဟု ပြပါသည်....ဦး။

● "မဂ္ဂဖလာန မာရမ္မဏဘူတံ"ဖြင့် အဘယ်အဓိပ္ပာယ်ကို ပြပါသနည်း။

အဖြေ။　။ထိုပါဠိဖြင့် နိဗ္ဗာန်ကို ကလျာဏ ပုထုဇဉ်မျှား မှန်းဆသောအားဖြင့် သိအပ်၏ဟု ပြပါသည်....ဦး။

● ကမ္မဇရူပ်, အကမ္မဇရူပ်, နေဝကမ္မဇ နာကမ္မဇရူပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။ကမ္မဇရူပ် ၁၈-ခုသည် ကမ္မဇရူပ်၊ စိတ္တဇ, ဥတုဇ, အာဟာရဇရူပ်တို့သည် အကမ္မဇရူပ်၊ လက္ခဏရူပ် ၄-ခုသည် နေဝ ကမ္မဇ နာကမ္မဇရူပ်။

● စိတ္တဇရူပ်, အစိတ္တဇရူပ်, နေဝစိတ္တဇ နာစိတ္တဇရူပ်မျှားကို ဖော်ပြခဲ့ပါ။

အဖြေ။　။စိတ္ထဇရူပ် ၁၅-ခုသည် စိတ္တဇရူပ်၊ကမ္မဇ,ဥတုဇ, အာဟာရဇရူပ်တို့သည် အစိတ္တဇရူပ်၊ လက္ခဏရူပ် ၄-ခုသည် နေဝ စိတ္တဇ နာစိတ္တဇရူပ်။

● ဥတုဇရူပ်, အနုတုဇရူပ်, နေဝဥတုဇ နာနုတုဇရူပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဥတုဇရုပ် ၁၃-ခုသည် ဥတုဇရုပ်၊ ကမ္မဇ, စိတ္တဇ, အာဟာဇရုပ်တို့သည် အနုတုဇရုပ်၊ လက္ခဏရုပ် ၄-ခုသည် နေဝ ဥတုဇ နာနုတုဇရုပ်။

● အာဟာရဇရုပ်, အနာဟာရဇရုပ်, နေဝါဟာရဇ နာနာဟာရဇရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အာဟာရဇရုပ် ၁၂-ခုသည် အာဟာရဇရုပ်၊ ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်တို့သည် အနာဟာရဇရုပ်၊ လက္ခဏရုပ် ၄-ခုသည် နေဝါဟာရဇ နာနာဟာရဇရုပ်။

● ဝတ္ထုသာမည်သော ရုပ်, ဒွါရသာမည်သော ရုပ်, ဝတ္ထု ဒွါရ ၂-ပါးလုံးမည်သော ရုပ်, ၂-ပါးလုံး မမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝတ္ထုသာမည်သော ရုပ်ကား ဟဒယဝတ္ထုရုပ်၊ ဒွါရသာမည်သောရုပ်ကား ဝိညတ်ဒွေး၊ ၂-ပါးစုံမည်သော ရုပ်ကား ပသာဒရုပ် ၅-ပါး၊ ၂-ပါးစုံ မမည်သော ရုပ်ကား ကျန်ရုပ် ၂၀။

● (က) ဒွါရသာမည်၍ ဣန္ဒြိယမမည်သော ရုပ်, (ခ) ဣန္ဒြိယသာ မည်၍ ဒွါရမမည်သော ရုပ်, (ဂ) ၂-ပါးစုံ မည်သော ရုပ်, (ဃ) ၂-ပါးစုံမမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။(က) ဝိညတ်ဒွေး။
(ခ) ဘာဝရုပ် ၂၊ ဇီဝိတရုပ် ၁၊ ပေါင်း ၃-ပါး။
(ဂ) ပသာဒရုပ် ၅-ပါး။
(ဃ) ကျန်ရုပ် ၁၄-ပါး။

● (က) ဝတ္ထုသာမည်၍ ဣန္ဒြိယ မမည်သောရုပ်, (ခ) ဣန္ဒြိယသာမည်၍ ဝတ္ထုမမည်သော ရုပ်, (ဂ) ၂-ပါးစုံ မည်သောရုပ်, (ဃ) ၂-ပါးစုံမမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။(က) ဟဒယဝတ္ထု ၁-ပါး။
(ခ) ဘာဝရုပ် ၂-ပါး။
(ဂ) ပသာဒရုပ် ၅-ပါး။
(ဃ) ကျန်ရုပ် ၂၀-ပါး။

● (က) ဝတ္ထုသာမည်၍ ဒွါရ, ဣန္ဒြိယမမည်သော ရုပ်, (ခ) ဒွါရသာမည်၍ ဝတ္ထု, ဣန္ဒြိယ မမည်သောရုပ်, (ဂ)ဣန္ဒြိယ သာ မည်၍ ဝတ္ထု, ဒွါရ မမည်သောရုပ်, (ဃ) ဝတ္ထု, ဒွါရသာ မည်၍ ဣန္ဒြိယ မမည်သော ရုပ်, (င) ဝတ္ထု, ဣန္ဒြိယသာ မည်၍ ဒွါရမမည်သော ရုပ်, (စ) ဒွါရ, ဣန္ဒြိယသာမည်၍ ဝတ္ထုမမည်သောရုပ်, (ဆ) ၃-ပါးလုံး မည်သောရုပ်, (ဇ) ၃-ပါးလုံးမမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။(က) ဟဒယဝတ္ထု ၁-ပါး။
(ခ) ဝိညတ်ဒွေး ၂-ပါး။
(ဂ) ဘာဝရုပ် ၂-ပါး၊ ဇီဝိတ ၁၊
ပေါင်း ၃-ပါး။
(ဃ) ဟဒယ ၁၊ ဝိညတ်ဒွေး။
(င) ဟဒယ ၁၊ ဘာဝ ၂၊ ဇီဝိတ ၁။
(စ) ဝိညတ်ဒွေး၊ ဘာဝ ၂၊ ဇီဝိတ ၁။
(ဆ) ပသာဒရုပ် ၅-ပါး။
(ဇ) ကျန်ရုပ် ၁၇-ပါး။

● အနုညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့၏ အရကို သင်္ဂဟထောက်၍ ကောက်ပြခဲ့ပါ။

အဖြေ။ ။သောတာပတ္တိမဂ်ဌာနရှိသော ပညာသည် အနုညာတညဿာမိတိန္ဒြေ၊ အထက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခု, ပေါင်း ၆-ခုဌာနရှိသောပညာသည် အညိန္ဒြေ၊ အရဟတ္တဖိုလ်ဌာနရှိသောပညာ အညာတာဝိန္ဒြေ။

အဖောက်ကား။ ။ဣန္ဒြိယသု ပနေတ္ထ သောတာပတ္တိမဂ္ဂ ဉာဏံ အနုညာတညဿာမိတိန္ဒြိယံ၊ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ၊ မဗ္ဗေ ဆ ဉာဏာနိ အညိန္ဒြိယာနိတိ ပဝုစ္စတိ။

● ဣန္ဒြိယဘေဒအားဖြင့် သုခသဟဂုတ်စိတ်ကို ထုတ်ပြ၍ ၎င်းနှင့်ယှဉ်သော စေတသိက်, ၎င်း၏ ကိစ္စ, ဒ္ဒါရ, အာရုံ, ဝတ္ထု တို့ကိုလည်း ထုတ်ပြခဲ့ပါ။

အဖြေ။ ။သုခသဟဂုတ် ကာယဝိညာဉ် ၁-ခု၊ ၎င်းနှင့်ယှဉ်သော စေတသိက်ကား သဗ္ဗစိတ္တ သာဓारณ စေတသိက် ၇၊ ဖုဿနကိစ္စ၊ ကာယဒ္ဒါရ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝတ္ထု။

● တဒ္ဒါရဌာနဖြစ်သော စိတ်များကို ဖော်ပြ၍ ၎င်းစိတ်တို့ဌာနယှဉ်သော စေတသိက်များကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒွေးပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၆-ပါး၊ စေတသိက်ကား အညသမာန်း ၁၃၊ သောဘန ၂၅၊ ပေါင်း ၃၈-ပါး။

● အဘယ်ကိုလွန်သောဘဝင်ကို "အတိတ်ဘဝင်" ခေါ်သည်ဟု ဖော်ပြပြီးလျှင် အတိတ်အာရုံကို အာရုံပြု၍ကျသော "ဝိဘူတာရုံ"ဝီထိကို ချပြခဲ့ပါ။

အဖြေ။ ။ပစ္စုပ္ပန်အာရုံနှင့် ပသံဒရုပ်တို့၏ ထိခိုက်ခြင်းကို လွန်သောဘဝင်ကို "အတိတ်ဘဝင်" ခေါ်ပါသည်။

ဝိဘူတာရုံဝီထိကား—

ဘ ဘ နဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ။

● ပေါ့ပါးနူးညံ့လှသော လဲ, ဝါဂွမ်း, သစ်ရွက်, ကတ္တီပါ, စွန်, မြှုမှုန် စသော ဝတ္ထုပစ္စည်းတို့၌ လဟုတာ, မုဒုတာရုပ်မျှား ရသင့်မရသင့်ကို အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ။ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝက ကလာပ် ၂-စည်းသာရသောကြောင့် ထိုဝတ္ထုပစ္စည်းတို့၌ လဟုတာ, မုဒုတာတို့ကို မရနိုင်ပါ။

သာဓက။ ။တတ္ထသုဒ္ဓဋ္ဌကံသဒ္ဒနဝကဠေတိ ဒ္ဝေဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါဝိ လဘန္တိ။

● နိရောဓသမာပတ်ကို အနာဂါမ်တိုင်း ရဟန္တာတိုင်း ဝင်စားနိုင် မဝင်စားနိုင်ကိုရင်း၊ ထိုအရှင်တို့သည် အဘယ်အကျိုးငှာ ဝင်စားတော်မူကြသည်ကိုရင်း ဖော်ပြခဲ့ပါ။

အဖြေ။ ။အနာဂါမ်တိုင်း ရဟန္တာတိုင်းမဝင်စားနိုင်ပါ။ သမာပတ် ဂ-ပါးကိုရသော အနာဂါမ်ရဟန္တာမျှားသာဝင်စားနိုင်ပါသည်၊ ထိုအရှင်တို့သည် ပစ္စက္ခအတ္တဘောဌ် နိဗ္ဗာန်ချမ်းသာကို ခံစားခြင်းငှာ ဝင်စားတော်မူကြပါသည်။

● အ တတ် ပ ညာ　တတ် မြောက်　ကျော် ကြား သော မောင်ဖြူကိုအားကျ၍ အတတ်ပညာကို ကြိုးစားအားထုတ်သော မောင်မဲ၏စိတ်အစဉ်အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

အဖြေ။　။ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

● သင်ဂ္ဂိုဟ် ကျမ်းလာ ဥဒယဗ္ဗယဉာဏ် ဖြစ်ပုံကိုပြပါဦးရပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။　။တတောပရံ ပန တထာ ပရိဂ္ဂဟိတောသု ။ပ။ သမနုပဿန္တော သစ။

● သုံးဆယ် တဘုံ အကုန်လုံး၌ ကျင်လည်ဘူး ဖြစ်ဘူးသော သတ္တဝါသည် ဤလူ့ဘုံ၌ ရှိနိုင် မရှိနိုင် အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။　။မရှိနိုင်ပါ၊ အကြောင်းကား သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်သော သတ္တဝါသည် ဘယ်သောအခါမျှ ဤလူ့ဘုံသို့ မလာသောကြောင့်တည်း။

● ပဋ္ဌာန်း ၂၄-ပစ္စည်းတို့သည် အဘယ်၏အစွမ်းဖြင့် ၃-ပါးသာတည်ရှိပါသနည်း၊ သင်ဟကိုး၍ ဖြေဆိုခဲ့ပါ။

အဖြေ။　။ပဋ္ဌာန်း ၂၄-ပစ္စည်းတို့သည် ပညတ်, နာမ်, ရူပ်တို့၏ အစွမ်းဖြင့် ၃-ပါးသာ တည်ရှိပါသည်။

အကိုးကား။　။ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာဒ္ဌိတာ။
ပစ္စယာနာမ ပဋ္ဌာနေ၊ စတုဝိသတိ သဗ္ဗထာ။

● သူတပါးအကျိုးစီးပွားကို ပျက်စီးအောင် လုပ်သော သူအား အဘယ်စိတ် ဖြစ်မည်နည်း၊ ထိုစိတ်၌ ယှဉ်သော စေတသိက်များကိုလည်း ထုတ်ပြခဲ့ပါ။

အဖြေ။ ။ဒေါသမူဒ္ဒေးဖြစ်ပါသည်၊ စေတသိက်ကား ပီတိကြဉ် အညသမာန်း စေတသိက် ၁၂၊ လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် အကုသိုလ်စေတသိက် ၁၀၊ ပေါင်း ၂၂-ပါးဖြစ်ပါသည်။

● အောက်ပါစိတ်များကို ဖော်ပြခဲ့ပါ။

(က) မဟာဂျုတ်ကိုသာ အာရုံပြုသောစိတ်။
(ခ) ပညတ်ကိုသာ အာရုံပြုသောစိတ်။
(ဂ) နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ်။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဝိညာဏဥာယတနစိတ် ၃၊ နေဝ သညာနာသညာယတနစိတ်၃၊ ပေါင်း ၆-ပါး။
(ခ) အာကာသာနဥာယတနစိတ် ၃၊အာကိဉ္စညာယတနစိတ် ၃၊ ပေါင်း ၆-ပါး။
(ဂ) လောကုတ္တရာစိတ် ၈-ပါး။

● (က) ရုပ်သည် နာမ်အားသာ ကျေးဇူးပြုသောပစ္စည်း၊ (ခ) နာမ်သည် ရုပ်အားသာ ကျေးဇူးပြုသော ပစ္စည်း၊ (ဂ) ပညတ်, နာမ်,ရုပ်တို့သည် နာမ်အားသာ ကျေးဇူးပြုသောပစ္စည်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ပုရေဇာတပစ္စည်း။
(ခ) ပစ္ဆာဇာတ ပစ္စည်း။
(ဂ) အာဝရမ္မဏ, ဥပနိဿယ ၂-ပစ္စည်း။

● သာဓာရဏ အမည်ရသော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇၊ အကုသလသာဓာရဏ စေတသိက်၄၊သောဘနသာဓာရဏစေတသိက် ၁၉၊ ပေါင်း ၃၀။

● ဒ္ဒိဟိတ်စိည်များကို ဖော်ပြ၍ ဒ္ဒိဟိတ်အရ ယူရမည့်ဟိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘမူ ၈၊ ဒေါသမူ ၂၊ ဉာဏဝိပ္ပယုတ်မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ၁၂၊ ပေါင်း-၂၂။ ဒ္ဒိဟိတ်အရဖြစ်သင့်သည်အားလျော်စွာ ဟိတ် ၆-ပါးလုံးဖြစ်ပါသည်။

● "ယထာရဟမေကဒ္ဒါရိက စိတ္တာနိနာမ"၌ ကေဒ္ဒါရိကစိတ်များကိုဖော်ပြ၍ ထိုက်သင့်သလို ကေဒ္ဒါရိကဖြစ်ပုံကိုလည်းရေးခဲ့ပါ။

အဖြေ။ ။ဒ္ဒေပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၆-ပါး၊ ထိုတွင် စက္ခုဝိညာဉ်ဒ္ဒေးသည် စက္ခုဒ္ဒါရ၌, သောတဝိညာဉ်ဒ္ဒေးသည် သောတဒ္ဒါရ၌, ဃာနဝိညာဉ်ဒ္ဒေးသည် ဃာနဒ္ဒါရ၌, ဇိဝှာဝိညာဉ်ဒ္ဒေးသည် ဇိဝှာဒ္ဒါရ၌, ကာယဝိညာဉ်ဒ္ဒေးသည် ကာယဒ္ဒါရ၌, အပ္ပနာဇော ၂၆-သည် မနောဒ္ဒါရ၌ ဖြစ်ပါသည်။

● အပ္ပနာဇောတို့သည် ကာမဇော၏ အခြားမဲ့ဌ် လေးကြိမ်မြောက်အောက်အယုတ်, ငါးကြိမ်မြောက်ထက် အလွန်အဘယ့်ကြောင့် မစောပါသနည်း။

အဖြေ။ ။အာသေဝန ပစ္စည်းကို မရသော အနုလုံသည် ဂေါတြဘူကို မဖြစ်စေနိုင် သောကြောင့်ရင်း, အာသေဝန ပစ္စည်းကို ရပါသော်လည်း ၆-ကြိမ်မြောက် ၇-ကြိမ်မြောက်ဌ် ဖြစ်သော အပ္ပနာဇောသည် နောက်ဖက်က ဘဝင်နှင့် နီးသည် ဖြစ်၍ အပ္ပနာ၏ အစွမ်းအားဖြင့် မတည်နိုင်သောကြောင့်ရင်း ၄-ကြိမ်မြောက် အောက်ဌ်ရင်း ၅-ကြိမ်မြောက်၏ အထက်ဌ်ရင်း အပ္ပနာဇောမျှား မစောခြင်းဖြစ်ပါသည်။

● ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါး စုံလျက် တဒါရုံ မကျမှု ရှိပါက ဝိထိချ၍ အကြောင်းနှင့်တကွ ရှင်းပြခဲ့ပါ။

အဖြေ။ ။"တိ နဒ ပစ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ အာဂန္တုကဘဝင် ဘ ဘ"ဤဝိထိကားဘုရားအစရှိသော အတိဇ္ဈဌာရုံကိုတွေ့မြင်သော သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော တိတ္ထိတယောက်၏ စက္ခုဒ္ဒါရိုက ဝိထိဖြစ်၏၊ ဇော (၇)ကြိမ်ကား ဒေါသဇောဖြစ်၏၊ ဒေါသဇော နောင်ဖြစ်၍ သောမနဿ တဒါရုံမကျနိုင်ခြင်း, အတိဇ္ဈဌာရုံ ဖြစ်၍ ဥပေက္ခာ တဒါရုံမကျနိုင်ခြင်းဟူသော အကြောင်း ၂-ချက်ကြောင့်တဒါရုံ မကျပါ....ဦး။

အမှာ။ ။ဒေါသဇောနောင် ဥပေက္ခာ တဒါရုံသာ ကျရမည်၊ အတိဇ္ဈဌာရုံမှာ သောမနဿ တဒါရုံသာ ကျရမည်ဟူသော သင်္ဂြိဟ်စကားကို သတိပြုပါ။

● "ပဒမစ္ဆုတ မစ္ဆန္တံ"အစရှိသော ဂါထာ၌ နိဗ္ဗာန်သည် အဘယ်ကြောင့် အစ္ဆုတ, အစ္ဆန္ဒ, အသင်္ခတ, အနုတ္တရမည်ပါသနည်း။

အဖြေ။ ။နိဗ္ဗာန်သည် စုတေခြင်း မရှိသောကြောင့် အစ္ဆုတ, ပျက်စီးခြင်း ဟူသော အဆုံးကို လွန်သောကြောင့် အစ္ဆန္ဒ,ကံ စိတ်ဥတု အာဟာရ တည်းဟူသောအကြောင်းတရား ၄-ပါးတို့သည် မပြုပြင် မစီရင်အပ်သောကြောင့် အသင်္ခတ, မိမိထက် လွန်မြတ်သော တရားမရှိသောကြောင့် အနုတ္တရမည်ပါသည်။

● ဒေါသမူ, မောဟမူစိတ်မျိုး ၂-မျိုးစီသာ ဖြစ်ပါလျက် လောဘမူစိတ်သည် အဘယ်ကြောင့် ၈-မျိုး ပြားရပါသနည်း။

အဖြေ။ ။ဝေဒနာ, ဒိဋ္ဌိ, သင်္ခါရပြားသောကြောင့် ၈-မျိုး ပြားရပါသည်။

● စေတသိက် ၅၂-ပါးတို့၏ အမည်ထူးများကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

အဖြေ။ ။သဗ္ဗစိတ္တသာဓာရဏ, ပကိဏ္ဏက, အညသမာန, အကုသလ, သောဘန,သောဘနသာဓာရဏ, ဝိရတိ, အပ္ပမညာ, သဗ္ဗာကုသလ သာဓာရဏ, နိယတယောဂီ, အနိယတယောဂီ, ဝိသေသက။

● ရုပ် ၂၈-ပါးတွင် အကြောင်းဖြစ်သောရုပ်,အကျိုးဖြစ်သောရုပ်များကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဥတု, အာဟာရ ၂-ပါးသည် အကြောင်းရှိ၊ လက္ခဏာရှိ ၄-ပါးကြဉ် ကျန်ရှိ ၂၄-ပါးသည် အကျိုးရှိ။

အမှာ။　။ဥတု, အာဟာရ ၂-ပါးသည် အကြောင်းအကျိုး ၂-မျိုးဖြစ်၏၊ လက္ခဏာရပ် ၄-ခုကား အကြောင်း အကျိုးမှ လွတ်၏။

● အကုသိုလ် စေတသိက်တို့တွင် (က) လောဘမူမှာသာ ယှဉ်သောစေတသိက်, (ခ) ဒေါသမူမှာသာ ယှဉ်သော စေတသိက်,(ဂ) ၂-ပါးစုံမှာ ယှဉ်သော စေတသိက်, (ဃ) ၂-ပါးစုံမှာ မယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။
(ခ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။
(ဂ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ။
(ဃ) ဝိစိကိစ္ဆာ ၁-ပါး။

● အကုသိုလ် စေတသိက်တို့တွင် (က) လောဘမူမှာသာ ယှဉ်သောစေတသိက်, (ခ) မောဟမူမှာသာ ယှဉ်သော စေတသိက်,(ဂ) ၂-ပါးစုံမှာ ယှဉ်သောစေတသိက်, (ဃ) ၂-ပါးစုံမှာ မယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။
(ခ) ဝိစိကိစ္ဆာ ၁-ပါး။
(ဂ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန,မိဒ္ဓ။
(ဃ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

● အကုသိုလ်စေတသိက်တို့တွင် (က) လောဘမူမှာသာယှဉ်၍ ဒေါသမူ, မောဟမူတို့၌ မယှဉ်သော စေတသိက်, (ခ) ဒေါသမူမှာသာယှဉ်၍လောဘမူ, မောဟမူတို့၌ မယှဉ်သော စေတသိက်, (ဂ) မောဟမူမှာသာယှဉ်၍ လောဘမူ, ဒေါသမူတို့၌ မယှဉ်သော စေတသိက်, (ဃ) လောဘမူ, ဒေါသမူမှာသာ ယှဉ်၍ မောဟမူ၌ မယှဉ်သော စေတသိက်, (င) လောဘမူ, မောဟမူမှာသာယှဉ်၍ ဒေါသမူမှာ မယှဉ်သော စေတသိက်, (စ) ဒေါသမူ, မောဟမူမှာသာ ယှဉ်၍ ၊လောဘမူ၌ မယှဉ်သော စေတသိက်, (ဆ) ၃-ပါးလုံး၌ ယှဉ်သော စေတသိက်, (ဇ) ၃-ပါးလုံး၌ မယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။
(ခ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။
(ဂ) ဝိစိကိစ္ဆာ ၁-ပါး။
(ဃ) လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၇-ပါး။
(င) လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ။
(စ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။
(ဆ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥद्ध စ္စ ၄-ပါး။
(ဇ) မရှိ။

● "ရူပါဝစရ စုတိယာ၊ အဟေတုရဟိတာသိယုံ" ဥ္ဍ အဘယ်ကြောင့် ရူပဘုံကစုတိသောသူများ အဟိတ်ပဋိသန္ဓေ မနေရပါသနည်း။

အဖြေ။ ။ဥပစာရစျာန်၏ အာနုဘော်ကြောင့် မနေရပါ။

ဥပစာရစျာနဘာနုဘာဝေနေ၀....ဠီ။

ဥပစာရစျာနဘာနုဘာဝေနေ၀ = ဥပစာရ စျာန်၏ အာနုဘော်ကြောင့်သာလျှင်။

မှတ်ချက်။ ။အဟိတ် ပဋိသန္ဓေသာမဟုတ်၊ ဒွိဟိတ်ဩမက ပဋိသန္ဓေလည်း မနေနိုင်ပေ။

---

(၄) ဣန္ဒြေမည်ပါလျက် ဣန္ဒြိယပစ္စည်း မတပ်သော တရားတို့ကို ထုတ်ပြ၍ အဘယ်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်သည်ကို လိုရင်းအကျဉ်းချုပ်ပြခဲ့ပါ။

အဖြေ။ ။ဣတ္ထိဘာ၀ရုပ်, ပုမ္ဘာ၀ရုပ်တို့ ဖြစ်ပါသည်၊ ၎င်းရုပ်တို့သည် လိင်္ဂစသည်တို့အား ၂၄-ပစ္စည်းတို့တွင် မည်သည့် ပစ္စယသတ္တိနှင့်မျှ ကျေးဇူးမပြုသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ခြင်းဖြစ်ပါသည်။

---

(၅) အောက်ပါစိတ်များကို ဖော်ပြခဲ့ပါ။

(က) သဘာ၀ အ၀ိတက္ကစိတ်။
(ခ) ဘာ၀နာ ဗလ အ၀ိတက္ကစိတ်။

အဖြေ။ ။(က) ဒွေပဉ္စ ဝိညာဏ် ၁၀။
(ခ) ဒုတိယစျာန် ၁၁၊ တတိယစျာန် ၁၁၊ စတုတ္ထစျာန် ၁၁၊ ပဉ္စမစျာန် ၂၃။

---

(၆) တကိစ္စတည်းသာ တပ်၍ တဒ္ဒါရတည်းသာ ဖြစ်နိုင်ပြီး အာရုံတမျိုးကိုသာ အာရုံပြုနိုင်ကသာ စိတ်များကို ဖော်ပြခဲ့ပါ။

။အဖြေ။ ။ဒွေပဋ္ဌ ဝိညာဉ် ၁၀, ပဌမ တတိယ အရူပဇော ၄, လောကုတ္တရာဇော ၈,ပေါင်း ၂၂-ပါး။

● မဂ်စိတ်သည် တကြိမ်မက ၂-ကြိမ် ၃-ကြိမ်စသည်ဖြစ်ခဲ့သော် လောကုတ္တရာကြိယာစိတ်ရှိနိုင်ပုံကိုရှင်းပြခဲ့ပါ။

အဖြေ။ ။မဂ်စိတ်သည်တကြိမ်မက ၂-ကြိမ် ၃-ကြိမ်စသည်ဖြစ်ခဲ့သော် ရဟန္တာသန္တာန်၌လည်း မဂ်စိတ်များ ဖြစ်နိုင်၏။ ရဟန္တာသန္တာန်၌ မဂ်စိတ်ဖြစ်ခဲ့သော် ထိုမဂ်စိတ်သည် ကုသိုလ်မဟုတ်,ကြိယာသာဖြစ်၏။ ထို့ကြောင့် လောကုတ္တရာ ကြိယာစိတ် ရှိနိုင်တော့သည်သာ။

မှတ်ဖွယ်။ ။ရဟန္တာ သန္တာန်၌ဖြစ်သော မဟာကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်နှင့် လောကုတ္တရာ မဂ်ကုသိုလ်များသည် အကျိုးမပေးတော့သည့် အတွက် မဟာကြိယာ, ရူပကြိယာ, အရူပကြိယာ, မဂ်ကြိယာ(၀၊)လောကုတ္တရာကြိယာ ဟူသောအမည်ကို ခံယူကြပေလိမ့်မည်။

● နီးသောရုပ်ဝေးသောရုပ်တို့ကို ဖော်ပြပြီးလျှင် အဘယ်နှင့်နီး၍ အဘယ်နှင့်ဝေးသည်ကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ။ပသာဒရုပ် ၅,ဝိသယရုပ် ၇,ပေါင်းသန္ဓိကေရုပ် ၁၂-ပါး၊ကျန် ၁၆-ပါးသည် ဒူရေရုပ်။

အသိဉာဏ်နှင့်နီး၍ အသိဉာဏ်နှင့်ဝေးပါသည်။

ဆောင်။ ။ဉာဏ်နှင့်နီးလေ,သန္ဓိကေ, ဒူရေအဝေးရုပ်။

● ၁-ဉာဏသမ္ပယုတ်သာဖြစ်၍ အသင်္ခါရိက မဖြစ်သော ကာမာဝစရစိတ်၊ ၂-အသင်္ခါရိကသာဖြစ်၍ ဉာဏသမ္ပယုတ်မဖြစ်

သော ကာမာဝစရစိတ်၊ ၃-နှစ်ပါးစုံ ဖြစ်သော ကာမာဝစရစိတ်၊ ၄-နှစ်ပါးစုံမဖြစ်သော ကာမာဝစရစိတ်များကို ယှဉ်နိုင်သော စေတသိက်နှင့်တကွ အသီးသီးဖော်ပြခဲ့ပါ။

။အဖြေ။ ။၁-ဉာဏသမ္ပယုတ် သသင်္ခါရိက စိတ် ၆-ပါး စေတသိက် ၃၈-ပါးယှဉ်၏၊ ၂-ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၆-ပါး၊ စေတသိက် ၃၇-ပါးယှဉ်၏၊ ၃-ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၆-ပါး၊စေတသိက် ၃၈-ပါး ယှဉ်၏၊ ၄-ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၆-ပါး၊စေတသိက် ၃၇-ပါးယှဉ်၏။

● တဒ္ဓါရဏ္ဍဖြစ်သော စိတ်များကို ထုတ်ပြပြီးလျှင် ယှဉ်သော စေတသိက်များကိုလည်း ရေးခဲ့ပါ။

အဖြေ။ ။ဒ္ဝေပဉ္စဝိညာဉ် ၁၀,အပ္ပနာဇော ၂၆, ပေါင်း ၃၆-ပါး။

အညသမာန်း ၁၃, သောဘန စေတသိက် ၂၆, ပေါင်း ၃၈-ပါး။

● ဝိရိယစေတသိက် ၇၃-ခု၊ ထိနစေတသိက် ၅-ခု၊ သမ္မာဝါစာ စေတသိက် ၁၆-ခုတို့၏ သရုပ်ကို ရေတွက် ပြပြီးလျှင် ၇၃၊၅၊၁၆ ဖြစ်ပုံ အဓိပ္ပါယ်ရှင်းပြပါ။

အဖြေ။ ။ပဉ္စဒ္ဓါရာ ဝဇ္ဇန်း ၁၊ ဒ္ဝေပဉ္စ ဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိန်း ၂၊ သန္တီရဏ ၃၊ပေါင်း၁၆-ပါးကြဉ် စိတ် ၇၃-ပါးခု ယှဉ်သော ဝိရိယ စေတသိက် ၇၃။

အကုသိုလ် သသင်္ခါရိကစိတ် ၅-ခုခု ယှဉ်သော ထိန စေတသိက် ၅။

မဟာကုသိုလ်စိတ် ၈၊လောကုတ္တရာစိတ် ၈-ခုတို့ဌာယျဉ်သော သမ္မာဝါစာ ၁၆။

စေတသိက်တို့သည် မိမိကိုယျဉ်ရာစိတ်နှင့် အရေအတွက်တူညီ ကြသောကြောင့် ၇၃၊၅၂၊၁၆ ဖြစ်ရပါသည်။

● ဘဝသစ်၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အတိတ်ဘဝက မရဏာသန္နဇောနှင့် အာရုံတူသလော၊ စုတိစိတ်နှင့် အာရုံတူသလော ရှင်းပြခဲ့ပါ။

အဖြေ။ ။မရဏာသန္နဇောနှင့် အာရုံတူပါသည်။

(ရှင်းချက်) "ပဋိသန္ဓိဘဝင်္ဂ" စသော ဂါထာကား တဘဝ အတွက်သာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အာရုံအားဖြင့် တူညီပုံကို ပြ၏၊ ပစ္စုပ္ပန်ဘဝက စုတိနှင့် အနာဂတ်ဘဝ သစ်က ပဋိသန္ဓေတို့ကား အာရုံမတူ၊ ပဌမ ဘဝက မရဏာသန္နဇော၏ အာရုံကိုဒုတိယ ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေစိတ်က အာရုံ ပြု၏၊ ထို့ကြောင့် ဘဝသစ်၌ ပဋိသန္ဓေနေ သော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အတိတ် ဘဝက မရဏာသန္ဇ ဇောနှင့်သာ အာရုံတူ၍ အတိတ်ဘဝက စုတိစိတ်နှင့် အာရုံ မတူနိုင် ပေ။

● ရူပဘုံ၌ ဖြစ်သင့်သော ၁-စိတ်ပေါင်း မည်မျှ၊ ၂-စေ တသိက်ပေါင်း မည်မျှ၊ ၃-ရုပ်ပေါင်းမည်မျှ၊ ၄-ကလာပ်စည်း ပေါင်း မည်မျှ ရှိသည်ကို ရေတွက်ဖော်ပြခဲ့ပါ။

အဖြေ။　။၁-ဒေါသမူဒ္ဓေး၊ ဃာနာဒိတ္တယ၆၊ မဟာဝိပါက် ၈၊ အရူပဝိပါက် ၄၊ ပေါင်း ၂၀-ကြိမ်၊ ကျန်စိတ် ၆၉-ပါး။

၂-ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ကြိမ်သော စေတသိက် ၄၈-ပါး။

၃-ဃာန, ဇိဝှာ, ကာယ, ဘာဝရูပ်၂, ပေါင်း ၅-ပါးကြိမ် ၂၃-ပါး။

၄-စက္ခုဒသက, သောတဒသက,ဝတ္ထုဒသက, ဇီဝိတနဝကဟု ကမ္မဇကလာပ် ၄-စည်း၊ စိတ္တဇကလာပ်၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ ပေါင်းကလာပ် ၁၄စည်း။

---

(၂) မဟာကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် ရူပဘုံ၌တစုံတခုသော အကျိုးကို ဖြစ်စေနိုင်သည် မဖြစ်စေနိုင်သည် တို့ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

အဖြေ။　။ရူပဗြဟ္မာတို့သန္တာန်၌ ဈာနဌာရုံမှာ ကုသလဝိပါက်စက္ခုဝိညာဉ်ဖြစ်ခြင်း,အနိဋ္ဌာရုံမှာ အကုသလဝိပါက်စက္ခုဝိညာဉ်ဖြစ်ခြင်းကြောင့်ရင်း၊ ၎င်းဝိပါက်တို့သည် မဟာကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဖြစ်ခြင်းကြောင့်ရင်း၊ မဟာကုသိုလ်ကံနှင့် အကုသိုလ်ကံ တို့ သည် ရူပဘုံ၌ အ ကျိုး ကို ဖြစ်စေနိုင်ကြပါသည်။

---

(၃) အသညသတ်ဘုံသို့ သွားရောက် ဖြစ် ရ သော ပုဂ္ဂိုလ်တို့၏ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပုံကိုလှည့်ပြခဲ့ပါ။

အဖြေ။ ။အသည်သတ် ပုဂ္ဂိုလ်တို့မှာ ထိုဘုံသို့ မရောက်ခင် ရှေးအခြားမဲ့ဘဝက သညာဝိရာဂဘာဝနာဟူသော ပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ်မဖြစ်ပဲ ရုပ်သက်သက်ဖြစ်ရာ ဘုံဖြစ်၍ ဇီဝိတ နဝက ကလာပ်ရုပ် ဖြစ်၏၊ ထိုဇီဝိတ နဝက ကလာပ်ရုပ်ကို အစဲ့ပြု၍ ဇာတိ, ဇရာ, မရဏတို့ ဖြစ်ကုန်၏၊ ထိုနောင် ဥတုဇရုပ်တို့လည်းဖြစ်ကုန်၏၊ ၎င်းတို့ကိုအစဲ့ပြု၍ ဇာတိ, ဇရာ, မရဏတို့ ဖြစ်ကုန်၏၊ ဤနည်းအတိုင်း မဟာကပ် ၅၀၀-ပတ်လုံး ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် လည်နေပါသည်။

● ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား အဘယ်ကံသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်။

အဖြေ။ ။ရူပစျာန်၏အနီး၌ ဖြစ်သော ကာမကုသိုလ်ကံသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်၊ (ရူပကုသိုလ်ကံကဖြစ်စေသည်မဟုတ်။)

● မဟာဝိပါက်စိတ်, မဟာကြိယာစိတ်, လောကုတ္တရာစိတ်တို့၌ သင်ဟနည်းမရသော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။"နဝိဇ္ဇန္တေတ္ထ ဝိရတီ" စသော ဂါထာအရ ဝိရတီ ၃၊ အပပမညာ ၂၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

● ကုသိုလ်စိတ်ချင်းတူပါလျက် အဘယ်ကြောင့် ဝိရတီတို့သည် မဟာကုသိုလ်မှာ ရံခါယှဉ်၍ လောကုတ္တရာ ကုသိုလ်စိတ်မှာ အမြဲယှဉ်ရပါသနည်း။

အဖြေ။ ။မဟာကုသိုလ်စိတ်သည် ကာယဒုစရိုက် စသည်တို့ကို တဒင်္ဂသာ ပယ်နိုင်ပါသည်၊ မဂ်စိတ်ကား ကာယဒုစရိုက် စသည်တို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်နိုင်သောကြောင့် မဟာကုသိုလ်စိတ်မှာ ရံခါယှဉ်၍ မဂ်စိတ်မှာ အမြဲယှဉ်ပါသည်....ဦး။

● ဝိရတိများးမဂ်စိတ်မှာ အမြဲယှဉ်ခြင်းသည် သင့်တန်စေ၊ ဖိုလ်စိတ်မှာ ပဟာနသတ္တိ (ပယ်နိုင်သောအစွမ်း) မရှိရကား ဖိုလ်စိတ်၌ ဝိရတိများ အမြဲယှဉ်ခြင်းမှာ အဘယ်သို့ သင့်တန်ပါမည်နည်း။

အဖြေ။ ။မဂ်သည် ပယ်အပ်သော ကိလေသာတို့ကို ဖိုလ်သည်ငြိမ်းအေးစေခြင်း၏အစွမ်းဖြင့် မဂ်အားလျော်စွာဖြစ်သောကြောင့် သင့်တန်ပါသည်....ဦး။

● တိဟိတ်စိတ်, တိဟိတ်စိတ်နှင့် ယှဉ်သော စေတသိက်များကို ဖော်ပြပြီးလျှင် ထိုစေတသိက်များမှ ဒွိဟိတ်စေတသိက်, တိဟိတ်စေတသိက်များကို ခွဲခြားထုတ်ပြပါ။

အဖြေ။ ။တိဟိတ်စိတ်ကား မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဉာဏသမ္ပယုတ် ၁၂၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာ ၈၊ ပေါင်း ၄၇-ပါး။

ယှဉ်သော စေတသိက်ကား အညသမာန်း ၁၃၊ သောဘနသာဓာရဏ ၂၅၊ ပေါင်း ၃၈-ပါး၊ ထို ၃၈-ပါးတွင်—

ဒ္ဒိဟိတ်စေတသိက်ကား အလောဘ, အဒေါသ, အမောဟ ပေါင်း ၃-ပါး။

တိဟိတ်စေတသိက်ကားကျန်စေတသိက် ၃၅-ပါး။

မှတ်ချက်။ ။အလောဘသည် အဒေါသ အမောဟ ဟူသော ဟိတ် ၂-ပါးနှင့်ယှဉ်၏၊ အဒေါသသည် အလောဘ အမောဟ ၂-ပါးနှင့်၊ အမောဟသည် အလောဘ အဒေါသ ၂-ပါးနှင့်ယှဉ်၏၊ ထို့ကြောင့် ၎င်း ၃-ပါးသည် အသီးသီး ဒ္ဒိဟိတ်စေတသိက်မည်၏။

● ရူပါဝစရ ပဌမစျာန် ပဋ္ဌိသန္ဓေစိတ်, နေဝသညာနာသညာယတန ပဋ္ဌိသန္ဓေစိတ်တို့သည် အဘယ်ကို အာရုံပြုပါသနည်း။

အဖြေ။ ။ရူပါဝစရ ပဌမစျာန် ပဋ္ဌိသန္ဓေစိတ်သည် ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကာယကောဋ္ဌာသ ပညတ် ၁-ပါး၊ အာနာပါနသတိ၏ အာရုံဖြစ်သော ထုက်သက်ဝင်သက် ပညတ် ၁-ပါး၊ မေတ္တာ ကရုဏာ မုဒိတာတို့၏ အာရုံဖြစ်သော သတ္တဝါပညတ် ၁-ပါး၊ ဤ ၂၅-ပါးသော ပညတ် ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြုပါသည်။

နေဝသညာ နာသညာ ယတန ပဋ္ဌိသန္ဓေစိတ်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာ ယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုပါသည်။

● ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းတို့ကို ရေတွက်ပြပြီးလျှင် ၎င်းတို့သည် မည်သည့်စရိုက်အား လျော်၍ မည်သည့်ဈာန်တရားများကို ရစေနိုင်ကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

အဖြေ။　　။မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ။
　　၎င်းတို့သည် ဒေါသစရိုက်အား လျော်ပါသည်။

မေတ္တာ, ကရုဏာ, မုဒိတာတို့သည် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ရစေနိုင်ပါသည်။

ဥပေက္ခာသည် ပဉ္စမဈာန်ကို ရစေနိုင်ပါသည်။

ပကိဏ္ဏကပြီး၏။

ဝိယောဘက္ခ

● ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လျစ်လျူရှုခြင်း လက္ခဏာရှိ၍ တတြမဇ္ဈတ္တတာသည် သမ္မယုတ်တရားတို့၌ လျစ်လျူရှုခြင်း လက္ခဏာရှိပါသည်....ဦး။

ဆောင်။ ။ဣဋ္ဌာနိဋ္ဌာ, ဥပေက္ခာ, မှတ်ပါလျစ်လျူရှု။
တတြမဇ္ဈက်, သမ္မယုတ်, အဟုတ်လျစ်လျူရှု။

● ဒေါမနဿနှင့် ပဋိဃအထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒေါမနဿသည် အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၍ ဝေဒနာကွန္ဒာ၌ အကျုံးဝင်၏၊ ပဋိဃသည် ကြမ်းထမ်းခြင်း လက္ခဏာရှိ၍ သင်္ခါရကွန္ဒာ၌ အကျုံးဝင်၏။

ဆောင်။ ။ဒေါမနဿာ, လက္ခဏာကား, နိဋ္ဌာရုံများ,
ခံစံစား၍, မှတ်သားလေပါ, ဝေ-ခန္ဓာ၌,
သွင်းကာဖွဲ့ရ၊ ပဋိဃတွက်, ကြမ်းထမ်းချက်နှင့်,
သင်္ခါရကွန်, ကျုံးဝင်ပြန်သည်, နှစ်တန် ဤသို့
ထူးသတည်း။

● ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ အထူးကို ဖော်ပြပါ။

အဖြေ။ ။ဥဒ္ဓစ္စသည် တအာရုံတည်း၌ ပျံ့လွင့်၏၊ ဝိစိကိစ္ဆာသည် အာရုံအမျိုးမျိုး၌ ယုံမှား၏။

ဆောင်။ ။တအာရုံမှာ, ဥဒ္ဓစ္စာ, များစွာ ဝိစိကိစ်။

● ဝိတက်နှင့် ဝိစာရ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စိတ်၏ ရှေးဦးစွာ အာရုံ၌ ကျရောက်ခြင်းသည် ဝိတက်၊ အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်းသည် ဝိစာရ....ဌီ။

ဆောင်။ ။စိတ်၏ဦးစွာ, အာရုံမှာ, ကျတာ ဝိတက္ကဲ၊
ဖန်တလဲလဲ, သုံးသပ်မြဲ, မှတ်စွဲဝိစာရ။

● ပီတိနှင့် သုခအထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အာရုံကို တွေ့မြင်ရာ အခါ၌ နှစ်သက်ခြင်းသည် ပီတိ၊ ထိုအာရုံကို ခံစားခြင်းသည် သုခ....ဌီ။

ဆောင်။ ။အာရုံတွေ့ရာ, နှစ်သက်တာ, မှတ်ပါပီတိကွဲ့။
ထိုသည့်အာရုံ, ခံစားတုံ, မှတ်ကုန်သုခတဲ့။

● ပီတိနှင့် သောမနဿ အထူးကိုဖော်ပြခဲ့ပါ။

အဖြေ။ ။ပီတိသည် နှစ်သက်ခြင်း လက္ခဏာရှိ၍ သောမနဿသည် ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

ဆောင်။ ။နှစ်သက်ပီတိ, ဝမ်းမြောက်ဘိ, မှတ်သိသောမနဿ။

● စျာန်နှင့် စျာနင်တို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝိတက် စသော စျာန်အင်္ဂါ ၅-ပါး အစိတ် အစိတ်သည် စျာနင် (=စျာနင်္ဂ)၊ ဝိတက်စသော စျာန်အင်္ဂါ ၅-ပါးအပေါင်းသည်စျာန်....ဌီ။

ဆောင်။ ။အစိတ်စျာနင်, အပေါင်းပင်, ခေါ်တွင်စျာန်
အမည်။

● မဂ်, မဂ္ဂင်, မဂ်စိတ်တို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးအပေါင်းသည် မဂ်၊ မဂ္ဂင်ရှစ်ပါး အစိတ်အစိတ်သည် မဂ္ဂင်၊ မဂ်နှင့် ယှဉ်သော စိတ်သည် မဂ်စိတ်....ဠီ။

ဆောင်။ ။အစိတ်မဂ္ဂင်, အပေါင်းပင်, ခေါ်တွင်မဂ် အမည်၊ မဂ်နှင့် ယှဉ်ရိပ်, ထိုသည့်စိတ်, မဂ်စိတ် ခေါ်ပြန်သည်။

● ဝိတက်, စေတနာ, မနသိကာရတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံသို့ရှေးရှုတင်ပေးတတ်၏၊ စေတနာသည် ဝိတက်တင်ပေးအပ်သော သဟဇာတ်တရားတို့ကို ထိုထိုအာရုံ၌ ယှဉ်စပ်ပေးတတ်၏၊ မနသိကာရသည် သဟဇာတ်တရားတို့ကို အာရုံသို့ဖြောင့်မတ်စွာရောက်စေတတ်၏၊ ဤကားအထူး....ဠီ။

ဆောင်။ ။ရှေးရှုတင်တတ်, ဝိတက်မှတ်, ယှဉ်စပ်စေတနာ၊ မနသိမှ, ဖြောင့်အောင်ပြု, မှတ်ရှုအထူးပါ။

● အဟိရိက, အနောတ္တပ္ပတို့၏ အထူးကိုရေးပါ။

အဖြေ။ ။အဟိရိကသည်ကာယဒုစရိုက်စသည်မှုမစက်ဆုပ်ခြင်းသဘောရှိ၏၊ အနောတ္တပ္ပသည် ကာယဒုစရိုက် စသည်မှုမကြောက်လန့်ခြင်းသဘောရှိ၏။

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
နဘာယတိ အနောတ္တပ္ပီ၊ သလဘောဝိယ ပါဝကာ။

သူကရော=ဝက်သည်၊ဂူထာ=မစင်မှ၊နဇီဂုစ္ဆံတိ ဣဝ=မစက်ဆုပ်သကဲ့သို့၊ အဟိရိကော=သည်၊ ပါပါ=မကောင်းမှုမှ၊နဇီဂုစ္ဆတိ=မစက်ဆုပ်တတ်၊ သလဘော=ပိုးပလံသည်၊ ပါဝကာ=မီးမှ၊ နဘာယတိဝိယ=မကြောက်သကဲ့သို့၊ အနောတ္တပ္ပီ၊ သည်၊ နဘာယတိ=မကြောက်တတ်။

● ဆန္ဒနှင့် လောဘအထူးကို ဖော်ပြပါ။

အဖြေ။ ။အာရုံကို အလိုရှိကာမှ သဘောသည် ဆန္ဒ၊ အာရုံ၌ အလွန်တပ်နှစ်သက်ခြင်းသဘောသည် လောဘ....ဌီ။

ဆောင်။ ။အလိုရှိကာမှ, သဘာဝကို, ဆန္ဒဆို၏၊ ထိုထက်လွန်လျက်, တပ်နှစ်သက်က, မှတ်ချက်လောဘ, အထူးပြု, မိန့်ဟကျမ်းဋီကာ။

● ဉာဏ်, ဒိဋ္ဌိတို့၏ အထူးကိုရေးခဲ့ပါ။

အဖြေ။ ။ဉာဏ်သည် အာရုံကိုဟုတ်မှန်စွာ သိတတ်၏၊ ဒိဋ္ဌိသည် အာရုံကို လွဲမှားစွာ ယူတတ်၏....ဌီ။

ဆောင်။ ။ဟုတ်မှန်တိုင်းသာ, သိသည်မှာ, မှတ်ပါဉာဏ်သဘော၊ လွဲမှားစွာပ, ယူတတ်က, မှတ်ကြ ဒိဋ္ဌနော။

● ဣဿာ, မစ္ဆရိယတို့၏ အထူးကို ဖော်ပြပါ။

အဖြေ။ ။ဣဿာသည် သူတပါးစည်းစိမ်ကိုငြူစူတတ်၏၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို နှမြောဝန်တိုတတ်၏....ဌီ။

ဆောင်။ ။သူမျှားဥစ္စာ, ငြူစူတာ, ဣဿာသဘာဝ၊ မိမိဥစ္စာ, နှမြောတာ, မှတ်ပါ မစ္ဆရ။

● ထိန, မိဒ္ဓတို့၏ အထူးကိုရေးပါ။

အဖြေ။ ။စိတ်၏အမှဉ် မခံ့ခြင်းသည် ထိန၊ စေတသိက်၏ အမှဉ် မခံ့ခြင်းသည် မိဒ္ဓ....ဠီ။

ဆောင်။ ။စိတ်မခံ့ဝာ, ထိနသာ, စေမှာ မိဒ္ဓထား။

● ဟိရီ,ဩတ္တပ္ပတို့၏ အထူးကိုရေးပါ။

အဖြေ။ ။ကိုယ့်ကိုယ်ကို လေးစား၍ မကောင်းမှုမှ စက်ဆုတ်ခြင်းသည် ဟိရီ၊ သူတပါးကို လေးစား၍ မကောင်း မှုမှ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ....ဠီ။

ဆောင်။ ။ကိုယ့်ကိုလေးပြု, မကောင်းမှုမှ, စက်ဆုတ်က, မှတ်ကြ ဟိရီသာ။

သူတပါးကို,လေးစားလို၍,ထိုပါပမှ,ကြောက်လန့်က, မှတ်ကြ ဩတ္တပ္ပါ။

● သညာ,ဝိညာဉ်,ပညာတို့၏ အထူးကိုရေးပါ။

အဖြေ။ ။သညာသည် သိခြင်း မျက်သာ ပြုတတ်၏, လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍မသိ၊ဝိညာဉ်သည် သိခြင်း မျက်လည်းပြုတတ်၏, လက္ခဏာရေးသုံးပါးကိုလည်း ထိုးထွင်း၍ သိနိုင်၏, သို့ရာတွင် မဂ်သို့မရောက်စေနိုင်၊ ပညာကား သုံးပါး လုံးကို ပြုနိုင်၏....ဠီ။

ဆောင်။ ။သညာဆိုက, သိကာမျှတည်း, လက္ခဏာရေး, မသိသေးတဲ့၊ မြေဝ်တွေး ဝိညာ, သဘောမှာ ကား, နှစ်ဖြာအမှ, သိအောင်ပြု၏, တခုမဂ် တိုင်,မပို့နိုင်ခဲ့၊ အပြိုင်သုံးပါး, ပြုနိုင်ငြားက,

မှတ်သား ပညာ,သဘောသာဟု, ခွဲခြားပြိုသည်, မှတ်ရှုသုံးဝ အထူးတည်း။

● သမ္မယောဂနည်းနှင့် သင်ဟာနည်း အထူးကို ရေးပါ။

အဖြေ။ ။စေတသိက်နှင့် ယှဉ်သော စိတ်တို့ကို ပိုင်းခြားသတ်မှတ်ပြသော နည်းသည် သမ္မယောဂနည်း၊

စိတ်၌ယှဉ်သော စေတသိက်တို့ကို ပိုင်းခြားသတ်မှတ်ပြသော နည်းသည် သင်ဟာနည်း....ဌ။

● မနောဓာတ် နှင့် မနောဝိညာဏဓာတ်တို့၏ အထူးကို ဖော်ပြပါ။

အဖြေ။ ။သိုကာမျှသဘောသည် မနောဓာတ်၊အထူး သိုသော သဘောသည် မနောဝိညာဏဓာတ်....ဌ။

● ဝေဒနာ ၃-ပါးလာ သုခဝေဒနာနှင့် ဝေဒနာ ၅-ပါးလာ သုခဝေဒနာတို့၏အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သောမနဿသဟဂုတ်စိတ် ၆၂-ပါးနှင့် သုခသဟဂုတ် ကာယဝိညာဉ် ၁-ပေါင်း စိတ် ၆၃-ပါးဌာနရှိသောဝေဒနာသည် ဝေဒနာ ၃-ပါးလာ သုခဝေဒနာဖြစ်၍ သုခသဟဂုတ် ကာယဝိညာဉ် ၁-ပါးဌာနရှိသော ဝေဒနာသည် ဝေဒနာ ၅-ပါးလာ သုခဝေဒနာဖြစ်ပါသည်။

● ဝေဒနာ ၃-ပါးလာ ဒုက္ခဝေဒနာနှင့် ဝေဒနာ ၅-ပါးလာ ဒုက္ခဝေဒနာအထူးကို ဖော်ပြပါ။

အဖြေ။ ။ဒေါသမူဒ္ဓေနှင့် ဒုက္ခသဟဂုတ် ကာယ ဝိညာဉ် ၁-ပေါင်း ၃-ပါးဌာနရှိသော ဝေဒနာသည် ဝေဒနာ ၃-ပါးလာ

ဒုက္ခဝေဒနာဖြစ်၍ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ၁-၌ ရှိသော ဝေဒနာသည် ဝေဒနာ ၅-ပါးလာ ဒုက္ခဝေဒနာဖြစ်ပါသည်။

● ကိစ္စနှင့် ဌာနအထူးကိုရေးပါ။

အဖြေ။ ။သတ္တိသည်ကိစ္စ၊သတ္တိမန္တစိတ်ဒြဗ်သည်ဌာန....ဋီ။

● ပကိဏ်းပိုင်းလာ ကာယ ဒ္ဒါရနှင့် ဝိထိမုတ်ပိုင်းလာ ကာယဒ္ဒါရတို့၏ အထူးကိုဖော်ပြပါ။

အဖြေ။ ။ပကိဏ်းပိုင်းလာ ကာယဒ္ဒါရကား ကာယပသာဒတည်း၊ဝိထိမုတ်ပိုင်းလာ ကာယဒ္ဒါရကား ကာယဝိညတ်တည်း။

● ပကိဏ်းပိုင်းလာ မနောဒ္ဒါရနှင့် ဝိထိမုတ်ပိုင်းလာ မနောဒ္ဒါရတို့၏ အထူးကို ဖော်ပြပါ။

အဖြေ။ ။ပကိဏ်းပိုင်းလာ မနောဒ္ဒါရကား ဘဝင်္ဂုပဋ္ဌေဒ စိတ် ၁၉-ခုတည်း၊ဝိထိမုတ်ပိုင်းလာ မနော ဒ္ဒါရကား လောကီ ကုသိုလ်အကုသိုလ်ဇော ၂၉-တည်း။

● စိတ်ပိုင်းလာ စက္ခုဝိညာဏနှင့် ဝိထိပိုင်းလာ စက္ခုဝိညာဏတို့၏ အထူးကိုဖော်ပြပါ။

အဖြေ။ ။စိတ်ပိုင်းလာ စက္ခုဝိညာဏကား စက္ခုဝိညာဉ်ဒွေးတည်း၊ ဝိထိပိုင်းလာ စက္ခုဝိညာဏကား စက္ခုဒ္ဒါရိက ဝိထိစိတ် ၄၆-ပါးတည်း။

● "စရိုက်ဝါသနာ"ဟု ဆိုကြသော စရိုက်နှင့် ဝါသနာ အထူးကို ဖော်ပြပါ။

အဖြေ။ ။ပစ္စုပ္ပန်ဘဝ၌ မျှားစ့ာ ဖြစ်ခြင်းသည် စရိုက်, ရှေးရှေးဘဝက အထုံပါခဲ့ခြင်းသည် ဝါသနာ။

● ပရမတ္ထဓမ္မ (=မြတ်သော တရား) နှင့် ဟီန တ်ကလာ ပဏီတဓမ္မ (=မြတ်သောတရား)တို့၏ အမြတ်အား ဖြင့် ထူးခြား ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပရမတ္ထဓမ္မ၌ မိမိဆိုင်ရာ သဘော လက္ခဏာမှ မဖောက်ပြန်ခြင်းကို မြတ်သည်ဟုဆို၏၊

ပဏီတဓမ္မ ၌ ကောင်း ကျိုး ချမ်း သာ ကို ပေးစွမ်းနိုင်သော ကြောင့် မြတ်သည်ဟုဆို၏၊ ဤသို့ ထူးပါသည်။

အမှာ။ ။"ပရမတ္ထ (=မြတ်သောတရား) ဟူသော စကား နှင့်ဟီနာဓမ္မာ(=ယုတ်ညံ့သောတရားတို့)ဟူသော စကားသည် မဆန့်ကျင်ပါလော"ဟု မေးဘူးပြီး၊ အဖြေကား- ပရမတ္ထ၌ မိမိဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ခြင်းကို မြတ်သည်ဟုဆို၏၊ ဟီန ဓမ္မ မျှားလည်း မိမိဆိုင်ရာလက္ခဏာမှ မဖောက်ပြန်ကြ ပေ၊သို့ရာတွင် မကောင်းကျိုးကိုပေးစွမ်းနိုင်သဖြင့် တကယ့်ကို ယုတ်ညံ့သော တရားများ ဖြစ်၍ ဟီနာဓမ္မာဟု ဟောတော်မူသည်။

● ကေပွါဒနှင့် သဟဝုတ္တိအထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ကလာပ်တခုတခု၌ ရှိသော ရုပ်တို့၏ ပြိုင်တူ ဥပါဒ်ခြင်း ပြိုင်တူဖြစ်ခြင်းသည် ဧကုပ္ပါဒ၊ ကလာပ် တခုတခု၌ရှိ သော ရုပ်တရားများ အတူတကွ ဖြစ်ခြင်းသည်သဟဝုတ္တိ။

● သဟဇာတနှင့် အညမည အထူးကိုရေးပါ။

အဖြေ။ ။တက္ခဖြစ်ကာမျှဖြင့် ကျေးဇူးပြုခြင်းသည် သဟာဇာတ၊ တက္ခလည်းဖြစ် အချင်းချင်း အပြန်အလှန်လည်းကျေးဇူးပြုခြင်းသည် အညမည....ဌီ။

● နိဿယနှင့် ဥပနိဿယ အထူးကိုရေးပါ။

အဖြေ။ ။ပစ္စယုပ္ပန်တရားတို့၏ အားနည်းသောမှီရာ ဖြစ်၍ ကျေးဇူးပြုခြင်းသည် နိဿယ၊ အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုခြင်းသည် ဥပနိဿယ....ဌီ။

● ပုရေဇာတနှင့် ပစ္ဆာဇာတ အထူးကိုရေးပါ။

အဖြေ။ ။ပုရေဇာတကား ပစ္စယုပ္ပန်တရား၏ ရှေ့မှဖြစ်၍ ကျေးဇူးပြု၏၊ ပစ္ဆာဇာတကား ပစ္စယုပ္ပန်တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြု၏....ဌီ။

အမှာ။ ။"ပစ္ဆာဇာတ၌ ပစ္စယုပ္ပန်တရားများ ချုပ်သွားပြီဖြစ်ပါလျက် နောက်မှ ဖြစ်သောတရားက အဘယ်သို့ ကျေးဇူးပြုနိုင်ပါသနည်း"ဟု မေးဘူးပြီ၊ ဌင်းတယေ်တို့၏ အာဟာရ တဏှာနှင့်ယှဉ်သော စေတနာသည် ဌင်းတ ယေ်တို့၏ ရူပကာယကို ကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုနိုင်ပါသည်ဟု ဖြေလေ၊ (အကျယ်ကို ပဋ္ဌာန်းအဋ္ဌကထာ၌ရှု)။

● အတ္တိနှင့် အဝိဂတ အထူးကိုရေးပါ။

အဖြေ။ ။ထင်ရှားရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အတ္တိ၊ မချုပ်ပျောက်သည်၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အဝိဂတ....မူလ။

အမှာ။ ။မူလ=မူလဋီကာကျမ်း။

● နတ္ထိနှင့် ဝိဂတအထူးကိုရေးပါ။

အဖြေ။ ။ချုပ်ပြီးနောက် ကင်းဆိတ်သည်၏ အစွမ်းဖြင့် ကြေးဇူးပြုခြင်းသည် နတ္ထိ၊ ချုပ်ခြင်းဖြင့် ကျေးဇူးပြုခြင်းသည် ဝိဂတ....ဒီ။

အမှာ။ ။အနန္တရနှင့် သမနန္တရကားအနက်, အဓိပ္ပာယ် အားဖြင့် အထူးမရှိ၊ သဒ္ဒါမျှသာထူး၏၊ သဒ္ဒါမျှသာထူးသော်လည်း ပုဂ္ဂလဗျာသယ, ဒေသနာဝိလာသ အားဖြင့် ၂-မျိုး ဟောထား တော်မှသည်....မဇ္ဈ။။

● နိရယ(=နိ+အယ) နှင့် အပါယ (အပ+အယ)တို့၌ ပါသော အယသဒ္ဒါနှစ်ခု အထူးကိုရေးပါ။

အဖြေ။ ။နိရယ၌ အယသဒ္ဒါကား ကောင်းမှု ကုသိုလ် ဟောတည်း၊ အပါယ၌ အယသဒ္ဒါကား စည်းစိမ်ချမ်းသာဟော တည်း....ဒီ။

● ဇနကကံနှင့် ဥပဃာတကကံ အထူးကိုရေးပါ။

အဖြေ။ ။ဇနက ကံသည် ကံတပါး၏ အကျိုးကို မဖြတ် တောက်ပဲ အကျိုးပေး၏၊ ဥပဃာတကကံသည် ကံတပါး၏ အကျိုးကို ဖြတ်တောက်၍ အကျိုးပေး၏....ဒီ။

● ဥပစယနှင့် သန္တတိ အထူးကိုရေးပါ။

အဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဇီဝဘဝသက်ဖြစ် သည်တိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယ၊ နောက် နောက် ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ....ဒီ။

● "နိုဗ္ဗာနံ ပန။ပ။ နိုဗ္ဗာနန္တိ ပဝုစ္စတိ"ဌ် နိုဗ္ဗာန သဒ္ဒါ ၂-ခု အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဌမနိုဗ္ဗာနကား ဩဗ်ဟော၊ နောက်နိုဗ္ဗာနကား အမည်ဟောတည်း။

● နိုဗ္ဗာန်နှင့် ပရိနိုဗ္ဗာန် အထူးကို ဖော်ပြပါ။

အဖြေ။ ။နိုဗ္ဗာန်ကား ပရမတ်၊ ပရိနိုဗ္ဗာန်ကား ပညတ်။

● အဓိပတိနှင့် ဣန္ဒြေ အထူးကိုရေးပါ။

အဖြေ။ ။တပါးသော အဓိပတိတို့၏ အစိုးရမှုကို တားမြစ်၍ တဦးတည်းအစိုးရခြင်းသည် အဓိပတိ၊ တပါးမသော ဣန္ဒြေတို့၏ အစိုးရမှုကို မတားမြစ်ပဲ အပြိုင်အဆိုင် အစိုးရခြင်းသည် ဣန္ဒြေ....ဌီ။

● ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူးကို ရေးပါ။

အဖြေ။ ။သာသဝ အနာသဝတရား အာဝေါသည် ခန္ဓာ၊ သာသဝတရားသည် ဥပါဒါနက္ခန္ဓာ....ဌီ။

ဆောင်။ ။အနာသဝ, သာသဝ, မှတ်ကြခန္ဓာသာ။
ဥပါဒါန, သာသဝ, မှတ်ကြတမျိုးသာ။

● ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်း အထူးကို ရေးခဲ့ပါ။

အဖြေ။ ။ပဋိစ္စသမုပ္ပါဒ်နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်မျှကို သာပြ၏၊ ပဋ္ဌာန်းနည်းကား ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စယသတ္တိတို့ကို ပြ၏....ဌီ။

● တဏှာနှင့် ဥပါဒါန်အထူးကိုရေးပါ။

အဖြေ။ ။အားနည်းသော တဏှာသည် တဏှာ၊
အားကြီးသော တဏှာသည် ဥပါဒါန်....ဌီ။

ဆောင်။ ။အားနည်းတဏှာ, အားကြီးမှာ, ဥပါဒါနမှတ်။

● "ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပွစ္စယာ ဇာတိ" ဌ္ဌ ဘဝသဒ္ဒါ ၂-ခု အထူးကိုရေးပါ။

အဖြေ။ ။ပဌမဘဝသဒ္ဒါကဲ့သား ကမ္မဘဝ, ဥပပတ္တိဘဝ ၂-ခုလုံးဟော၏၊ နောက်ဘဝသဒ္ဒါကဲ့သား ကမ္မဘဝတခုကိုသာ ဟော၏....ဌီ။

● ဟေတုပစ္စယောဌ္ဌ ဟေတုနှင့် ပစ္စယအထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အကျိုးတရားတို့၏ တည်ရာ ဖြစ်သောကြောင့် ဟေတု၊ ကျေးဇူးပြုတတ်သောကြောင့် ပစ္စယ....ဌီ။

● အဘိဓမ္မတ္ထနှင့် ပရမတ္ထတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အဘိဓမ္မတ္ထအရကား စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်, ပညတ်တည်း၊ ပရမတ္ထအရကား စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်းတည်း။

● "စေတနာကောင်းသည်၊ သဒ္ဓါကောင်းသည်"ဟု ဆိုကြရာ စေတနာနှင့် သဒ္ဓါတို့၏ အထူးကို စိစစ်ပြပါ။

အဖြေ။ ။မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှု လုပ်ခြင်း, သူတပါးတို့ကို ပြုလုပ်ရန် တိုက်တွန်း နှိုးဆော်ခြင်းသည် စေတနာ၊

ကုသိုလ်ကောင်းမှုပြုရာ၌ ရတနာသုံးပါးကို သက်ဝင် ယုံကြည်ခြင်း, ကံတရားကို ယုံကြည်ခြင်း, ကံ၏ အကျိုးတရားကို ယုံကြည်ခြင်းသည် သဒ္ဓါ။

● စေတသိက်ပိုင်းလာ ကေပွါဒနှင့် ရုပ်ပိုင်းလာ ကေပွါဒတို့၏ အထူးကိုဖော်ပြခဲ့ပါ။

အဖြေ။ ။စေတသိက်ပိုင်းလာ ကေပွါဒကား စိတ်နှင့် ယှဉ်ဘက်စေတသိက်၏ ပြိုင်တူဥပါဒ်ခြင်း ပြိုင်တူဖြစ်ခြင်းတည်း။

ရုပ်ပိုင်းလာ ကေပွါဒကား ကလာပ်တခု တခု၌ ရှိသော ရုပ်တို့၏ ပြိုင်တူဥပါဒ်ခြင်း ပြိုင်တူဖြစ်ခြင်းတည်း။

● စေတသိက်ပိုင်းလာ ကေနိရောဓနှင့် ရုပ်ပိုင်းလာ ကေနိရောဓတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စေတသိက်ပိုင်းလာ ကေနိရောဓကား စိတ်နှင့် ယှဉ်ဘက်စေတသိက်တို့၏ ပြိုင်တူချုပ်ခြင်းတည်း။

ရုပ်ပိုင်းလာကေနိရောဓကား ကလာပ်တခုတခု၌ရှိသောရုပ်တို့၏ ပြိုင်တူချုပ်ခြင်းတည်း။

● စေတသိက်ပိုင်းလာ ကေနိဿယနှင့် ရုပ်ပိုင်းလာ ကေနိဿယတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စေတသိက်ပိုင်းလာ ကေနိဿယကား စိတ်နှင့် ယှဉ်ဘက်စေတသိက်တို့က စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဟူသော ဝတ္ထု ၆-ပါးကို မှီခြင်းတည်း။

ရုပ်ပိုင်းလာ ကေနိဿယကား ရုပ်ကလာပ်တခုတခု၌ ရှိသော

ရုပ်တို့က ပထဝီ, တေဇော, အာပေါ, ဝါယောဟူသော ဓာတ် ကြီးလေးပါးကို မှီခြင်းတည်း။

● ကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့၏ အထူးကိုရေးပါ။

အဖြေ။ ။ကုသိုလ်စိတ်ကား ၂၁-ပါးရှိ၍ ပုထုဇဉ်,သေက္ခတို့၏ သန္တာန်၌ဖြစ်သည်။

ကြိယာစိတ်ကား ၂၀-ရှိ၍ ရဟန္တာသန္တာန်မှာသာ ဖြစ်ပါသည်။

တနည်း ။ကုသိုလ်ကား လောကီ, လောကုတ္တရာ ၂-မျိုး ဖြစ်၍ ကြိယာကား လောကီ ၁-မျိုးသာ ဖြစ်ပါသည်။

အမှာ။ ။အခြားအခြားတရားများ၏ အထူး ကိုလည်း ကြံစည်ကြပါ၊ ဉာဏ်ပညာတိုးပွားရန် အကျိုး များနိုင်ပါသည်။

ဝိသေသကဏ္ဍပြီး၏။

ဥပမာတက္က

● စုံထောက်နှင့် တူသော တရားတို့ကို ဖော်ပြခဲ့ပါ။
အဖြေ။ ။သန္ဓိရဏစိတ် ဖြစ်ပါသည်။

● ဝါဂွမ်းဆိုင်နှင့်တူယော ရုပ်ကို ဖော်ပြခဲ့ပါ။
အဖြေ။ ။ဥပါဒါရုပ် ၂၄-ပါးဖြစ်ပါသည်။

● ပေ-တူတို့နှင့်တူသော ရုပ်ကို ဖော်ပြခဲ့ပါ။
အဖြေ။ ။မဟာဘူတ် ၄-ပါးဖြစ်ပါသည်။

● အကူအညီကင်းမဲ့သော ယောကျ်ားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။သမ္ပဋိစ္ဆိန်းဒေါ်ဖြစ်ပါသည်။

● အကူအညီရှိသော ယောကျ်ားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။ကုသလဝိပါက် သန္ဓိရဏစိတ် ဖြစ်ပါသည်။

● မင်းကျမ်းဝင်သောဆွေမျိုး သို့မဟုတ်မိတ်ဆွေကို အမှီပြု၍ ရှာသားတယောက် နန်းတော်သို့ သွားရာ (က)ရှာသားနှင့်တူသော တရား(ခ)ဆွေမျိုး မိတ်ဆွေနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။(က) သဝိတက္ကစိတ် ၅၅-ပါး။
(ခ) ဝိတက်စေတသိက် ဖြစ်ပါသည်။

● ပဌမ တီးအပ်သော ခေါင်းလောင်း သံနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဝိတက်စေတသိက်ဖြစ်ပါသည်။

● နောက်ထပ် ခေါင်းလောင်း၏ညည်းညူသံနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဝိစာရ စေတသိက်ဖြစ်ပါသည်။

● ကောင်းကင်သို့ ပျံတက်လိုသော ငှက်၏ အတောင်ခပ် ခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဝိတက်စေတသိက်ဖြစ်ပါသည်။

● ကောင်းကင်သို့ပျံတက်ပြီးသော ငှက်၏ အတောင်ဖြန့် တန်းခြင်းနှင့်တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။　။ဝိစာရစေတသိက်ဖြစ်ပါသည်။

● ပျားပိတုန်း၏ ပဒုမာ ကြာပန်းပေါ်သို့ ရှေးရှုကျခြင်း နှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဝိတက်စေတသိက်ဖြစ်ပါသည်။

● ပျားပိတုန်း၏ ပဒုမာကြာပန်းပေါ်ဝယ် လှည့်လည် ခြင်းနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။　။ဝိစာရစေတသိက်ဖြစ်ပါသည်။

● ကောင်းသော ဘောဇဉ်အရသာကို သာယာ ခံစား သော ဘုရင်နှင့်တူသောတရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။သုခဝေဒနာစေတသိက် ဖြစ်ပါသည်။

● စားတော်ဆက်(ပွဲတော်ဆက်)သမားနှင့်တူသောတရား ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝေဒနာမှတပါး ကျန်စိတ်,စေတသိက်များ ဖြစ်ပါသည်။

● ရေအယာဉ်နှင့်တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။အဌင်္ဂိကမဂ်ဖြစ်ပါသည်။

● တပည့်ကြီးနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စေတနာစေတသိက် ဖြစ်ပါသည်။

● လက်သမားကြီးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စေတနာ စေတသိက်ဖြစ်ပါသည်။

● ကြာအစရှိသည်တို့ကို စောင့်ရှောက်တတ်သော ရေနှင့် တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။ဇီဝိတိန္ဒြေဖြစ်ပါသည်။

● ခရီးသည်ကို တဖက်ကမ်းသို့ လိုက် ပို့ ပေး တတ် သော လှေသမား(=ကူးတို့သွား)နှင့်တူသော တရားကို ဖော်ပြ ခဲ့ပါ။

အဖြေ။ ။ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

● ဗိုလ်မှူးချုပ်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။စေတနာစေတသိက်ဖြစ်ပါသည်။

● အာဇာနည်မြင်းတို့ကို ရထားနှင့် ယှဉ်စပ် ပေးတတ်သော ရထားထိန်း (=မြင်းလှည်းသမား)နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။မနသိကာရ စေတသိက်ဖြစ်ပါသည်။

● တံခါးတိုင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။အဓိမောက္ခ စေတသိက် ဖြစ်ပါသည်။

● လက်ကို ဆန့်တန်းခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။ဆန္ဒစေတသိက်ဖြစ်ပါသည်။

● ပစ်ရန်မြှားကို ယူလိုသော လေးသမားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။ဆန္ဒစေတသိက် ဖြစ်ပါသည်။

● မစင်ကို မစက်ဆုတ်သော ရှာဝက်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။အဟိရိက ဖြစ်ပါသည်။

● မီးကို မကြောက်ရွံ့သော ပိုးဖလံနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အနောတ္တပ္ပ ဖြစ်ပါသည်။

● ခဲကျ၍ ထလာသောပြာနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဥဒ္ဓစ္စဖြစ်ပါသည်။

● အင်မတန် စေးကပ်သော မျောက်နှဲ့စေးနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။လောဘစေတသိက်ဖြစ်ပါသည်။

● အလံတံခွန်နှင့်တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။မာနစေတသိက် ဖြစ်ပါသည်။

● ဒုတ်ဖြင့် ရိုက်အပ်သော မြွှေဟောက်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒေါသစေတသိက် ဖြစ်ပါသည်။

● ရေကိုကြည်လင်စေတတ်သော ပတ္တမြားလုံးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သဒ္ဓါစေတသိက် ဖြစ်ပါသည်။

● မိမိကိုယ်ကို လေးစားသဖြင့် မကောင်းမှုကို စက်ဆုတ်သော အမျိုးသမီးနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဟိရိစေတသိက် ဖြစ်ပါသည်။

● သူတပါးကို လေးစားသဖြင့် မကောင်းမှုမှ ထိတ်လန့်

သော ပြည့်တန်ဆာမ(=အပြာမယ်=ကြက်)နှင့်တူသော တရား ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။သြတ္တပ္ပစေတသိက် ဖြစ်ပါသည်။

● လွတ်လပ်သော ရဟန္တာရဟန်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အလောဘ စေတသိက် ဖြစ်ပါသည်။

● သဘောချင်း တိုက်ဆိုင်သော မိတ်ဆွေနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အဒေါသ စေတသိက် ဖြစ်ပါသည်။

● အညီအမျှ ပြေးနေသော မြင်း ၂-ကောင်ကို လျှစ်လျှူ ရှုသော ရထားထိန်းနှင့်တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။တတြမဇ္ဈတ္တတာ ဖြစ်ပါသည်။

● ကလေး၏ ရှေကိုသိခြင်းနှင့်တူသော တရားကို ဖော်ပြ ခဲ့ပါ။

အဖြေ။ ။သညာစေတသိက်ဖြစ်ပါသည်။

● ရှာသား၏ ရှေကိုသိခြင်းနှင့်တူသော တရားကို ဖော်ပြ ခဲ့ပါ။

အဖြေ။ ။ဝိညာဉ်ဖြစ်ပါသည်။

● ပန်းတိမ်ဆရာ၏ ရှေကိုသိခြင်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပညာစေတသိက် ဖြစ်ပါသည်။

● ရေသောက်မြစ်နှင့် တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။ဟိတ် ၆-ပါးဖြစ်ပါသည်။

● စည်ပင်သောရေသောက်မြစ်ရှိသောသစ်ပင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဟိတ် ၆-ပါးနှင့် ယှဉ်သော သဟိတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

● ရေသောက်မြစ်မရှိသော မှော်သေး မှော်ညှင်းနှင့် တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။အဟိတ် စိတ္တုပ္ပါဒ်နှင့် ရုပ် ၂၇-ပါးဖြစ်ပါသည်။

● လူတို့ ဝင်ထွက်ရာ တံခါးပေါက်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒွါရ ၆-ပါးဖြစ်ပါသည်။

● အားနည်းသော လူအိုမျှား စွဲကိုင်ရာ ဒုတ်,ကြိုးတန်း စသည်နှင့်တူသော တရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ။အာရုံ ၆-ပါးဖြစ်ပါသည်။

● လူတို့ သွားရာ လမ်းနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝိထိစိတ် ၇၀-ဖြစ်ပါသည်။

● မျက်လှည့်သမားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။မဟာဘုတ် ၄-ပါးဖြစ်ပါသည်။

● သတ္တဝါတို့ကိုလှည့်ဖျားတတ်သော ဘီလူးမနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။မဟာဘုတ် လေးပါးဖြစ်ပါသည်။

● ရေအလျင်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။သြဃ ၄-ပါးဖြစ်ပါသည်။

● ဖားကိုမြွေငန်းဖမ်းသည်နှင့်တူသော တရားကိုဖော်ပြခဲ့ပါ။
အဖြေ။ ။ဥပါဒါန် ၄-ပါးဖြစ်ပါသည်။

● လုံးသော ပတ္တမြားကဲ့သို့ အာရုံ၌ လိမ့်တတ်သော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ ။ဝိစိကိစ္ဆာ စိတ္တုပ္ပါဒ်ဖြစ်ပါသည်။

● လေးထောင့် ပတ္တမြားကဲ့သို့ အာရုံ၌ လိမ့်တတ်သော တရားကိုဖော်ပြခဲ့ပါ။
အဖြေ။ ။ဥဒ္ဓစ္စစိတ္တုပ္ပါဒ် ဖြစ်ပါသည်။

● ဆင်ပြောင်ကြီး (=မဟာဂဇ)နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မနောဒ္ဓါရဝဇ္ဇန်းဖြစ်ပါသည်။

● သဗ္ဗညုတ ဉာဏ်တော်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မနောဒ္ဓါရာဝဇ္ဇန်း ဖြစ်ပါသည်။

● အိမ်အိုကြီးကို မလဲမပြိုရအောင်ထောက်ကန်ထားသော ကျားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဝီရိယ စေတသိက်ဖြစ်ပါသည်။

● ခြသေ့ ၂ကောင်နှင့်တူသော တရား ၂-ပါးကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒိဋ္ဌိနှင့် မာနဖြစ်ပါသည်။

● မြစ်ရေအလျင် ဆီမီးတောက်တို့နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။စိတ်, စေတသိက်, ရူပ်မျှား ဖြစ်ပါသည်။

● ထမင်းဟင်း ထည့်သော ခွက်, ဘောဇဉ်, ဟင်းလျှာ, ထမင်းချက်သမား, ထမင်းစားသူတို့နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။အစဉ် အတိုင်း ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ဖြစ်ပါသည်။

● ဝိထိစိတ် ဖြစ်ပုံပြ အမှောပမာ (=သရက်ဥပမာ) ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ယောဂျိုးတယောက်သည် သရက်သီး မှည့်နေသော သရက်ပင်အောက်၌ ခေါင်းမြီးခြုံအိပ်နေစဉ် အနီးအနား၌ သရက်သီးမှည့်ကြွေကျသံကြောင့် နိုးရ၍ အဝတ်ခြုံကို လှုပ်ကာ မျက်လုံး ဖွင့်ကြည့်ပြီး သရက်သီးကိုမြင်၍ ကောက်ယူ ပြီးလျှင် နှိပ်ကြည့်, နမ်းကြည့်လျက် မှည့်မှန်း သိ၍ ကိုက်စားပြီးလျှင် တံတွေးနှင့်တကွ မျိုချ၍ ပြန်အိပ်၏။

ဤဥပမာ၌ ယောဂျိုး၏ အိပ်ရာ အခါနှင့် ဘဝင် ကျရာ အခါ, သရက်သီး ကြွေကျရာ အခါနှင့် အာရုံနှင့် ပသာဒတို့ ထိခိုက်ရာ အခါ, သရက်သီး ကြွေသံ ကြောင့် နိုးရာ အခါနှင့် အာဝဇ္ဇန်းဖြစ်ရာအခါ, မျက်စိ ဖွင့်ကြည့်ရာ အခါနှင့် စက္ခုဝိညာဉ် ဖြစ်ရာ အခါ, သရက်သီး ကောက်ယူရာ အခါနှင့် သမ္ပဋိစ္ဆိန်း ဖြစ်ရာ အခါ, သရက်သီးကို နှိပ်ကြည့်ရာ အခါနှင့် သန္တီရဏ ဖြစ်ရာအခါ, နမ်းကြည့်ရာ အခါနှင့် ဝုဋ္ဌော ဖြစ်ရာ အခါ, စားရာအခါနှင့် ဇော ဖြစ်ရာ အခါ, မျိုချရာ အခါနှင့် တဒါရုံကျရာအခါ, ပြန်အိပ်ရာအခါနှင့် ဘဝင်ကျရာအခါတို့ တူ၏။

ဥပမာကဏ္ဍပြီး၏။

ဃနောလက္ခဏာ

စိတ်=အာရုံသိခြင်းသဘော။
ဖဿ=အာရုံကို တွေ့ထိခြင်းသဘော။
ဝေဒနာ=အာရုံ၏ အရသာကို ခံစားခြင်းသဘော။
သညာ=အာရုံကို မှတ်သားခြင်းသဘော။
စေတနာ=စေ့ဆော် တိုက်တွန်းခြင်းသဘော။
ဧကဂ္ဂတာ=အာရုံတခုတည်း၌ တည်ကြည်ခြင်းသဘော။
ဇီဝိတိန္ဒြေ=သဟဇာတ် တရားတို့ကို စောင့်ရှောက်ခြင်းသဘော။
မနသိကာရ=စိတ်၌ထားခြင်း=နှလုံးသွင်းခြင်းသဘော။
ဝိတက်=ဝိတက္က=ကြံစည်ခြင်းသဘော။
ဝိစာရ=အာရုံကို သုံးသပ်ဆင်ခြင်ခြင်းသဘော။
အဓိမောက္ခ=အာရုံကို ဆုံးဖြတ်ခြင်းသဘော။
ဝီရိယ=အားထုတ်ခြင်းသဘော(ဝီရိယလည်းသင့်၏)။
ပီတိ=နှစ်သက်ခြင်းသဘော။
ဆန္ဒ=လိုလားတောင့်တခြင်းသဘော။
မောဟ=အာရုံကို ဖုံးလွှမ်းခြင်းသဘော။
အဟိရိက=ဒုစရိုက်မှ မရှက်ခြင်းသဘော။
အနောတ္တပ္ပ=ဒုစရိုက်မှ မလန့်ခြင်းသဘော
(အနောတ္တာပလည်းသင့်၏)။
ဥဒ္ဓစ္စ=ပျံ့လွင့်ခြင်းသဘော။

လောဘ=လိုချင်ခြင်းသဘော။
ဒိဋ္ဌိ=မှားယွင်းစွာသိခြင်းသဘော။
မာန=ထောင်လွှားခြင်းသဘော။
ဒေါသ=ခက်ထန်ကြမ်းတမ်းခြင်းသဘော။
ဣဿာ=ဘုတပါးစည်းစိမ်ကို ငြူစူခြင်းသဘော။
မစ္ဆရိယ=ကိုယ်စည်းစိမ်ကို နှမြောခြင်းသဘော။
ကုက္ကုစ္စ=နောက် တဖန် ပူပန်ခြင်းသဘော။
ထိန=စိတ်ထိုင်းမှိုင်းခြင်းသဘော (ထိနလည်းသင့်၏။)
မိဒ္ဓ=စေတသိက် ထိုင်းမှိုင်းခြင်းသဘော။
ဝိစိကိစ္ဆာ=ဘုရား စသည်၌ ယုံမှားခြင်းသော၊
(မသိ၍ တွေးတောခြင်းကား ဝိတက်သာ)။
သဒ္ဓါ=ယုံကြည်ခြင်းသဘော။
သတိ=ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့ခြင်းသဘော။
ဟိရိ=ဒုစရိုက်မှ ရှက်ခြင်းသဘော။
ဩတ္တပ္ပ=ဒုစရိုက်မှလန့်ခြင်းသဘော(ဩတ္တာပလည်းသင့်၏)။
အလောဘ=မကောင်းမှုကို မလိုချင်ခြင်းသဘော။
အဒေါသ=မခက်ထန်ခြင်း မကြမ်းတမ်းခြင်းသဘော။
(အဒေါသနှင့် မေတ္တာတူ၏။)
တတြမဇ္ဈတ္တတာ=စိတ်စေတသိက်တို့ကိုလျစ်လျူရှုခြင်းသဘော။
ကာယပ္ပဿဒ္ဓိ=စေတသိက်၏ ငြိမ်းအေးခြင်းသဘော။
စိတ္တပ္ပဿဒ္ဓိ=စိတ်၏ ငြိမ်းအေးခြင်းသဘော။
ကာယလဟုတာ=စေတသိက်၏ ပေါ့ပါးခြင်းသဘော။
စိတ္တလဟုတာ=စိတ်၏ ပေါ့ပါးခြင်းသဘော။
ကာယမုဒုတာ=စေတသိက်၏ နူးညံ့ခြင်းသဘော။
စိတ္တမုဒုတာ=စိတ်၏ နူးညံ့ခြင်းသဘော။

ကာယကမ္မညတာ=စေတသိက်၏ အမှုဌ် ခံ့ညားခြင်းသဘော။
စိတ္တကမ္မညတာ=စိတ်၏ အမှုဌ် ခံ့ညားခြင်းသဘော။
ကာယပါဂုညတာ=စေတသိက်၏ ကျန်းမာခြင်းသဘော။
စိတ္တပါဂုညတာ=စိတ်၏ ကျန်းမာခြင်းသဘော။
ကာယုဇုကတာ=စေတသိက်၏ ဖြောင့်မတ်ခြင်းသဘော။
စိတ္တုဇုကတာ=စိတ်၏ ဖြောင့်မတ်ခြင်းသဘော။
သမ္မာဝါစာ=ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘော။
သမ္မာကမ္မန္တ=ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘော။
သမ္မာအာဇီဝ=ကာယ, ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘော။
ကရုဏာ=သနားခြင်းသဘော။
မုဒိတာ=ဝမ်းမြောက်ခြင်းသဘော။
ပညိန္ဒြေ=သိမှုဌ် အစိုးရခြင်းသဘော။

အမှာ။ ။အစိုးရမေးခွန်းဌ် "စိတ်ကို ကျန်းမာစေနိုင်သော စေတသိက်ကိုဖော်ပြခဲ့ပါ"ဟု မေးဘူးပြီ၊ အထက်ပါ သဘောလက္ခဏာ များကိုကြည့်၍ စိတ္တပါဂုညတာဟု ဖြေလေ၊ အခြားစေတသိက် များကို မေးကလည်း ဖြေတတ်ပါစေ။

သဘောလက္ခဏာပြီး၏။

ဥာဏဝုတ

● မြတ်စွာဘုရား ရုပ်ပွားတော် စေတီတော်ကို ဖူးမျှော်ရာ၌ သပ္ပာယ်မသပ္ပာယ်, ရှေ့ရှိမရှိကို သိသည့်တိုင်အောင်အနည်းဆုံးကျသင့်သော ဝိထိအမျိုးအမည်ကို ဖော်ပြ၍ ဖြစ်သင့်သော ဇောစိတ်နှင့် ယှဉ်ဘက်စေတသိက်တို့ကို ရေးခဲ့ပါ။

အဖြေ။ ။စက္ခုဒ္ဒါရိက ဝိထိ၊ တဒနုဝတ္တိကမနောဒ္ဒါရဝိထိ၊ သုဒ္ဓမနောဒ္ဒါရဝိထိ၊ ဒုတိယသုဒ္ဓ မနောဒ္ဒါရဝိထိ၊ တတိယသုဒ္ဓ မနောဒ္ဒါရဝိထိ ပေါင်း ၅-ဝိထိ။

မဟာကုသိုလ်ဇော ၈-ခု၊ အညသမာန်း ၁၃၊ သောဘနသာဓာရဏ ၁၉၊ ပညိန္ဒြေ ၁၊ ပေါင်း ၃၃-ပါးဖြစ်ပါသည်။

● ကာမဇောတို့ အမျှားဆုံးစောနိုင်သောအကြိမ်, အနည်းဆုံး စောနိုင်သောအကြိမ်တို့ကို ဖော်ပြလျက် စောနိုင်သော အခါကာလတို့ကိုလည်း ညွှန်ပြခဲ့ပါ။

အဖြေ။ ။အမျှားဆုံး ၇-ကြိမ်၊ အနည်းဆုံး ၄-ကြိမ်။

အာရုံတို့ကို ယူရာ ပကတိအခါ၌ ၇-ကြိမ်။

မြတ်စွာဘုရား အစုံအစုံသောတန်ခိုးပြာဋိဟာကို ပြရာအခါ၌ ၄-ကြိမ်။

● နတ်ပြည် ၆-ထပ်လုံး၏ သက်တန်းစုစုပေါင်းကို စတုမဟာရာဇ်နတ်တို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

အဖြေ။ ။၆၀၂၅၅၀၀ (=ခြောက်သိန်း ရှစ်သောင်း နှစ်ထောင့်ငါးရာ)ဖြစ်ပါသည်။

● နတ်ပြည် ၆-ထပ်လုံး၏ သက်တန်း စုစုပေါင်းကို ပရနိမ္မိတဝသဝတ္တီနတ်တို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

အဖြေ။ ။၂၁၃၂၅ (=နှစ်သောင်း တထောင် သုံးရာ နှစ်ဆယ့်ငါး)နှစ် ဖြစ်ပါသည်။

● "အနညာတညဿာမိတိန္ဒြိယံ"၌ အ ဘယ့် ကြောင့် အဘယ်တရားသည် အနညာတညမည်သည်, ဣန္ဒြိယမည်သည်ကို ရှင်းပြခဲ့ပါ။

အဖြေ။ ။သောတာပတ္တိမဂ်ဉာဏ်သည် ရှေးက မမြင်ဘူးသော နိဗ္ဗာန်ကို သိမြင်သောကြောင့် အနညာတညမည်၏။

ဂုဏ်းမဂ်ဉာဏ်သည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်ခွာရာ၌ သဟဇာတ်တရားတို့ကိုအစိုးရသောကြောင့် ဣန္ဒြိယ(ဣန္ဒြေ)မည်၏။

● "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"၌ အဝိဇ္ဇာ အရ, သင်္ခါရအရတို့ကို ကောက်ပြ၍ အဝိဇ္ဇာကသင်္ခါရအား ကျေးဇူးပြုပုံကို ထင်ရှားပေါ်လွင်အောင် ဖော်ပြခဲ့ပါ။

အဖြေ။ ။အဝိဇ္ဇာ အရကား မောဟစေတသိက် ဖြစ်ပါသည်။

သင်္ခါရအရကား အကုသိုလ် ၁၂၊ မဟာကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ အရူပကုသိုလ် ၄၊ ပေါင်း ၂၉-ပါးဌာရှိသော စေတနာစေတသိက် ဖြစ်ပါသည်။

မဂ်ဖြင့်အဝိဇ္ဇာကို အကြွင်းမဲ့ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသင်္ခါရတရားများမဖြစ်ကြတော့ပဲ မဂ်ဖြင့် အဝိဇ္ဇာကို မပယ်ရသေးသော အဝိဇ္ဇာမကင်းသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်မှာသာ ဖြစ်သောကြောင့် အဝိဇ္ဇာက သင်္ခါရအားကျေးဇူးပြုသည်ဟုဆိုပါသည်။

● မြတ်စွာဘုရားကို ရှိခိုးပူဇော်ရာ၌ ဖြစ်သင့်သော ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ။မြတ်စွာ ဘုရားသည် အာရမ္မဏပစ္စည်း၊ ရှိခိုးပူဇော်သော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော မဟာကုသိုလ် ၈၊ စေတသိက် ပဋ္ဌတိ သသည် ပစ္စယုပ္ပန်။

အမှာ။ ။ဘုရားရှိခိုးရာ၌ ဒုစရိုက်မှ ရှောင်ကြဉ်မှု မပါသော ကြောင့် ဝိရတိမယှဉ်နိုင်။

● စိတ်တခုယုတ် ကိုးဆယ်တို့တွင် စိတ် တခုတခု၏ ရှေ့နောက်ဆက်လျက်ဖြစ်သော အကြိမ်အရေအတွက်ကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ ။ဒွေပဋ္ဌဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ မဂ်စိတ် ၄-ခု၊ ပေါင်း စိတ် ၁၇-ခုတို့သည် ၁-ကြိမ်သာဖြစ်၏။

သောမနဿ သန္ဓိရဏသည်(သန္ဓိရဏကိစ္စတပ်ခိုက်)၁-ကြိမ်၊ (ဘဒါရုံကိစ္စတပ်ခိုက်) ၂-ကြိမ်ဖြစ်၏။

စတုတ္ထဈာနရူပကုသိုလ် ကြိယာကြဉ် မဟဂ္ဂုတ်စိတ် ၂၅-ခုတို့သည် ၁-ကြိမ်, အကြိမ်ပေါင်း မျှားစွာဖြစ်၏။

မနောဒ္ဓါရာ ဝဇ္ဇန်းသည် ၁-ကြိမ်, (ဝုဋ္ဌေါကိစ္စတပ်ခိုက်) ၂-ကြိမ်, ၃-ကြိမ်ဖြစ်၏။

ကာမပဋ္ဌိသန္ဓေ ၁၀,စတုတ္ထအရူပကုသိုလ်ကြီယာ ၂၊ ပေါင်းစိတ် ၁၂-ပါးတို့သည် ၁-ကြိမ်, ၂-ကြိမ်, အကြိမ်များစွာဖြစ်၏။

ဖိုလ်စိတ် ၄-ခုသည် ၂-ကြိမ်,၃-ကြိမ်,အကြိမ်များစွာဖြစ်၏။

အကုသိုလ်စိတ် ၁၂၊မဟာကုသိုလ် မဟာကြီယာ ဉာဏ ဝိပ္ပယုတ် ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၂၁-ပါးတို့သည် ၅-ကြိမ်, ၆-ကြိမ်, ၇-ကြိမ် ဖြစ်၏။

မဟာကုသိုလ် မဟာကြီယာ ဉာဏသမ္ပယုတ် ၈-ခုတို့သည် ၃,၄,၅,၆,၇-ကြိမ်ဖြစ်သည်။

အမှာ။ ။"စိတ်တခု ယုတ် ၉၀ တွင် တကြိမ်သာဖြစ်သော စိတ်များကို ထုတ်ပြပါ" စသည်ဖြင့် မေးကလည်း ဖြေတတ်ပါ။

● ကိစ္စအားဖြင့် စိတ်တခု ယုတ် ၉၀-တို့၏ ရှေ့နောက် ဖြစ်ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋ္ဌိသန္ဓေစိတ်နောင် ဘဝင်စိတ်သာဖြစ်၏။

ဘဝင်စိတ် နောင် ဘဝင်စိတ်, အာဝဇ္ဇန်းစိတ်, စုတိစိတ်များ ဖြစ်၏။

ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်နောင် ပဉ္စဝိညာဉ် စိတ်သာဖြစ်၏။

ပဉ္စဝိညာဉ်စိတ်နောင် သမ္ပဋိစ္ဆိန်းစိတ်သာဖြစ်၏။

သမ္ပဋိစ္ဆိန်း စိတ်နောင် သန္တီရဏစိတ်သာဖြစ်၏။

သန္တီရဏစိတ်နောင် ဝုဋ္ဌောစိတ်သာဖြစ်၏။

ဝုဋ္ဌောစိတ်နောင် ဝုဋ္ဌောစိတ်, ကာမဇောစိတ်, ဘဝင်စိတ် များဖြစ်၏။

မနောဒ္ဒါရာဝဇ္ဇန်းနောင် ကာမဇောစိတ်ဖြစ်၏။

ကာမဇောနောင် ကာမဇောစိတ်, မဟဂ္ဂုတ်ဇောစိတ်, လောကုတ္တရာဇော, တဒ္ဒါရုံ, ဘဝင်,စုတိစိတ်များဖြစ်၏။
အပ္ပနာဇောနောင် အပ္ပနာဇောစိတ်, တိဟိတ် ဘဝင်စိတ်များဖြစ်၏။
တဒါရုံစိတ်နောင် တဒါရုံစိတ်, ကာမဘဝင်စိတ်, စုတိစိတ်များဖြစ်၏။
စုတိနောင် ပဋိသန္ဓေစိတ်ဖြစ်၏။
ရဟန္တာ စုတိနောင် တစုံတရာမျှမဖြစ်။

အမှာ။ ။ကာမဇောနောင် ဖြစ်နိုင်သောစိတ်များကို ဖော်ပြပါ စသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ။

● ဘုရား ရဟန္တာအစ အရက်သမား ကျအောင် စုတေကြသော မနုဿလူသားတို့၏ စုတိစိတ်များကို စိတ်တခု ယုတ် ၉၀-မှ တိကျစွာ ထုတ်ပြခဲ့ပါ။

အဖြေ။ ။ဥပေက္ခာ သန္တီရဏ ၂၊ မဟာဝိပါက် ၈၊ပေါင်း ၁၀-ပါး။

အမှာ။ ။နတ်ပြည်ခြောက်ထပ်မှ စုတေကြသောနတ်တို့၏ စုတိစိတ်များလည်း ဤစိတ်များပင်။

● အသညသတ်ဘုံမှတပါး ရူပ ၁၅-ဘုံမှ စုတေကြသော ဗြဟ္မာများ၏ စုတိစိတ်များကို စိတ်တခု ယုတ် ၉၀-မှ ထုတ်ပြခဲ့ပါ။

အဖြေ။ ။ရူပဝိပါက် ၅-ခု ဖြစ်ပါသည်။

အမှာ။ ။အသညသတ် ဘုံ၌ စိတ်စေတသိက် လုံးဝ မရှိ၍ စုတိစိတ်ဟူ၍ မရှိ။

● ဖဲသမားတယောက်သေဆုံးရာ ဇနီးသယ်က ဘုန်းကြီးတပါးကို လျှောက်ထားသည်မှာ "တပည့်တော်မခင်ပွန်း ဘယ်ဘုံမျှားရောက်နေပါသလဲဘုရား"တဲ့၊ ထိုပြဿနာကို သင် ကိုယ်တိုင် ဖြေပြစမ်းပါ။

အဖြေ။ ။ကာမ ၁၁-ဘုံတွင် တဘုံဘုံရောက်နေပါသည်။

အမှာ။ ။"ဖဲသမားသည် ဈာန်ရ ပုဂ္ဂိုလ် မဟုတ်"ဟု သဘောထား၍ အထက်ပါ အဖြေကို ဖြေလိုက်ပါသည်၊ဈာန်မရလျှင် ရူပဘုံအရူပဘုံသို့ ရောက်ခွင့်မရှိ။

● ၈။ မဟာဝိပါက် ပဌမစိတ်ဖြင့် စုတေသွားသော လူသားတို့၏ ရောက်နိုင်သမျှသော ဘုံမျှားကို ဖော်ပြခဲ့ပါ။

အဖြေ။ ။၃၁-ဘုံလုံးဖြစ်ပါသည်။

အမှာ။ ။မဟာဝိပါက် ဒုတိယ, ပဉ္စမ, ဆဋ္ဌမ စိတ်များဖြင့် စုတေလျှင်လည်း ၃၁-ဘုံ လုံးပင် ရောက် နိုင်၍ မဟာဝိပါက် တတိယ,စတုတ္ထ, သတ္တမ,အဋ္ဌမ စိတ်များနှင့် ဥပေက္ခာ သန္တီရဏဒွေးတို့ဖြင့် စုတေလျှင် ကာမ ၁၁-ဘုံသာရောက်နိုင်သည်။

● ၉။ အာကိဉ္စညာယတနဘုံမှ စုတေလျှင် ရောက်နိုင် သမျှသောဘုံမျှားကို ထုတ်ပြခဲ့ပါ။

အဖြေ။ ။အာကိဉ္စညာယတနဘုံ, နေဝသညာ နာသညာယတနဘုံ, ကာမသုဂတိ ၇-ဘုံ,ပေါင်း ၉-ဘုံ။

အမှာ။ ။"ဟေဋ္ဌိမာရူပဝဇ္ဇိတာ"ဟူသော စကားကိုအထူးသတိပြုပါ၊ ရူပဘုံမှ စုတေလျှင် အပါယ် ၄-ဘုံ ကြဉ် ၂၇-ဘုံ ရောက်နိုင်၍ အပါယ် ၄-ဘုံမှ စုတေလျှင် ကာမ ၁၁-ဘုံရောက်နိုင်သည်။

● နိဝရဏတရား၌ ထိန မိဒ္ဓတရား ၂-ပါး ရှိပါလျက် ကိလေသာအရာ၌မူ ထိနသာပါ၍ မိဒ္ဓမပါဟန်ကို ဝေဖန်ဖော်ပြခဲ့ပါ။

အဖြေ။ ။"စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဗာဓတိတိ ကိလေသာ"ဟု ဋီကာကျော်၌ဆိုရကား မိဒ္ဓသည် စိတ်ကိုမပူပန်စေတတ်, မနှိပ်စက်တတ်သောကြောင့် ကိလေသာ၌ မပါပါ။

● ဒေဝတာနုဿတိနှင့် ဥပသမာနုဿတိကမ္မဋ္ဌာန်းစီးပြန်းနည်းကို ဖော်ပြခဲ့ပါ။

အဖြေ။ ။"သဒ္ဓါအစရှိသော သူတော်ကောင်း တရားနှင့် ပြည့်စုံသောသူတို့သည် နတ်အဖြစ်သို့ ရောက်ကြကုန်၏၊ ထိုသို့ နတ်ပြည်သို့ရောက်စေတတ်သော သဒ္ဓါအစရှိသော ဂုဏ်တို့သည် ငါ့မှာလည်းရှိကြကုန်၏"ဟု နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့ နေခြင်းသည် ဒေဝတာနုဿတိကမ္မဋ္ဌာန်း စီးပြန်းသည်မည်၏။

ဒုက္ခခပ်သိမ်းတို့၏ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်းသည် ဥပသမာနုဿတိ ကမ္မဋ္ဌာန်း စီးပြန်းသည်မည်၏။

အမှာ။ ။ဤအလို "ဒေဝေါ၀ေဝဒေဝတာ"ဟု ဝိဂြိုဟ်မပြုရ၊ "ဒေဝါနံ ဘာ၀ေါ ဒေ၀တာ"ဟု ဝိဂြိုဟ် ပြု၍ တာ၀ပစ္စည်းကို သွတ္ထမှာ မသက်ဘဲ ဘာ၀အနက်မှာ သက်စေရမည်။

● ရူပစိတ်မှာ ၁၅-ပါးရှိ၍ အရူပစိတ်မှာ ၁၂-ပါးသာ ရှိရခြင်း၏အကြောင်းကို ရှင်းလင်းဖြေဆိုခဲ့ပါ။

အဖြေ။ ။ရူပစိတ်မှာ ပဌမစျာန်စသော စျာန် ၅-မျိုးနှင့် ယှဉ်၍ ကုသိုလ် ဝိပါက် ကြိယာ ၃-မျိုး ရှိသော ကြောင့် (၃×၅=)၁၅-ပါးဖြစ်ရပါသည်။

အရူပစိတ်မှာ အာရုံ ၄-မျိုးရှိ၍ ကုသိုလ် ဝိပါက် ကြိယာ ၃-မျိုးရှိသောကြောင့်(၃×၄=)၁၂ပါးဖြစ်ရပါသည်။

● လောကီ သဟိတ်စိတ်နှင့် လောကီတိဟိတ်စိတ်များကို ဇာတိဘေဒအားဖြင့် ရေးတွက်ပြပါ။

အဖြေ။ ။လောကီ သဟိတ်စိတ်ကား အကုသိုလ် ၁၂၊ ကုသိုလ် ၁၇၊ဝိပါက် ၁၈၊ ကြိယာ ၁၇၊ ပေါင်း ၄၆- ပါး။

လောကီတိဟိတ်စိတ်ကား ကုသိုလ် ၁၃၊ဝိပါက် ၁၃၊ ကြိယာ ၁၃၊ ပေါင်း ၃၉-ပါး။

● တိဟိတ်မဟာကုသိုလ် သောမနဿ ဇောနှောင် စော နိုင်သော အပွန့ဇောများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ရူပကုသိုလ်သောမနဿဇော ၄-ပါး၊ မဂ်သော မနဿဇော ၁၆-ပါး၊ အောက်ဖိုလ် ၃-ခု သောမနဿ ဇော ၁၂-ပါး၊ပေါင်း ၃၂-ပါး။

● ပဌမစျာန် ၃-ဘုံသည် အဘယ်အရပ်၌တည်ပါသနည်း၊ လူ့ဘုံမှ ယူဇနာပေါင်း မည်မျှ ဝေးပါသနည်း။

အဖြေ။ ။ပဌမစျာန် ၃-ဘုံသည် နတ်ပြည် ၆-ထပ်၏ အ ထက်ကောင်းကင်ပြင်၌ တည်ရှိပါသည်။

လူ့ဘုံမှယူဇနာပေါင်း ၅၇၆၀၀၀(ငါးသန်း ခုနစ်သိန်း ခြောက်သောင်း)ဝေးပါသည်။

● မဟာဂ္ဂုတ်ကံ ၉-ပါးနှင့် ပြည့်စုံသော စျာနလာဘီ ပုဂ္ဂိုလ်တို့သည် မိမိတို့ ဖြစ်လိုရာဘုံများမှာ ဖြစ်နိုင်ပါသလော၊ ဖြစ်နိုင်သော ဘုံများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ဖြစ်နိုင်ပါသည်။

ဖြစ်နိုင်သော ဘုံများကား ကာမသုဂတိ ၇-ဘုံ၊ ဗြဟ္မာဘုံ ၂၀၊ ပေါင်း ၂၇ဘုံ။

● မရဏာသန္န ဝိထိဌ် ပဋ္ဌဝိညာဉ်မှ ကြွင်းသော ဘဝင်စိတ်, စုတိစိတ်, ဝိထိစိတ်တို့၏ မှီရာ ဝတ္ထုရူပ်ကိုဖော်ပြခဲ့ပါ။

အဖြေ။ ။စုတိစိတ်မှပြန်၍ ရေသော် ၁၇-ခုမြောက်သော စိတ်၏ ဥပါဒ်ခဏဌ်ဖြစ်သော ဟဒယဝတ္ထုရူပ်ဖြစ်ပါသည်။

● ကာမဘုံ၌ ပဋိသန္ဓေအခါ ဂဗ္ဘသေယျက, သံသေဒဇ, ဥပပါတ် ပုဂ္ဂိုလ်တို့အား ရနိုင်သော ရူပ်ကလာပ်များကို ခွဲခြား ကောက်ပြခဲ့ပါ။

အဖြေ။ ။ဂဗ္ဘသေယျက ပုဂ္ဂိုလ်အား ကာယဒသက, ဘာဝဒသက, ဝတ္ထုဒ္သက ကလာပ် ၃-စည်း။

သံသေဒဇ ပုဂ္ဂိုလ်အား စက္ခု, သောတ, ঘာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသကနှင့် ဇီဝိတနဝက၊ ပေါင်း ကမ္မဇကလာပ် ၈-စည်း။

ဥပပါတ် ပုဂ္ဂိုလ်လည်း ထိုကလာပ် ၈-စည်းပင်ရ၏။

● သောတာပန် ပုဂ္ဂိုလ်ကို အဘယ်ကြောင့် သေကွဲခေါ်ရကြောင်း ဖော်ပြပြီးလျှင် ထိုသေကွဲ ပုဂ္ဂိုလ်အား ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့နှင့်ယှဉ်သော ဇောများကို ရမရ အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ။သိက္ခာသုံးပါးကိုကျင့်ဆဲဖြစ်သောကြောင့်သော တာပန် ပုဂ္ဂိုလ်ကိုသေက္ခဟုခေါ်ပါသည်။

ထိုသေက္ခပုဂ္ဂိုလ်သည် မဂ်ဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကိုပယ်ပြီးဖြစ်သောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာတို့နှင့် ယှဉ်သော ဇောများကို မရနိုင်ပါ။

● မဂ်ဉာဏ် ဖိုလ်ဉာဏ် ၈-ပါးကို ဣန္ဒြေသုံးပါးဖြင့်ဝေပုံ ချ၍ ပြခဲ့ပါ။

အဖြေ။ ။သောတာပတ္တိမဂ်ဉာဏ်သည် အနညာတညဿာမီတိန္ဒြေ။

အရဟတ္တဖိုလ်ဉာဏ်သည် အညာတာဝိန္ဒြေ။

အလယ်ဉာဏ် ၆-ပါးသည် အညိန္ဒြေ ဖြစ်ပါသည်။

● သတ္တဝါတို့သည် သံသရာစက်၌ ဝိုင်းဝိုင်းလည်လျက် ဖြစ်ပျက်ခံစားနေကြရသော သံသရာ ဝဋ္ဋသုံးပါးကို အကျဉ်းဖော်ပြပြီးလျှင် ထိုဝဋ္ဋသုံးမျိုးဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေထုတ်ဖော်ပြခဲ့ပါ။

အဖြေ။ ။ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါက ဝဋ္ဋ၊ ပေါင်း ဝဋ္ဋ ၃-ပါး။

ထိုဝဋ္ဋ သုံးပါး၏ အကြောင်းရင်းကား အဝိဇ္ဇာ,တဏှာ။

● အကုသိုလ် သောမနဿစိတ်၌ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ယှဉ်နိုင်သော စေတသိက်ကား အညသမာန်း ၁၃၊ သဗ္ဗာကုသလသာဓာရဏ ၄၊ လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ၊ ပေါင်း ၂၂-ပါး။

မယ္ဗဥ်နိုင်သော စေတသိက်ကား ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, သောဘနစေတသိက် ၂၅ပေါင်း ၃၀။

● ကာယဒ္ဒါရဒ္ဒ ဖြစ်သော စိတ်,စေတသိက်မျှားကို ဖော်ပြပြီးလျှင် ကာယဒ္ဒါရိက စိတ်မျှားမှ ဧကဒ္ဒါရိက စိတ်, ပဉ္စဒ္ဒါရိက စိတ်မျှားကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။　။ပဉ္စဒ္ဒါရာဝဇ္ဇန်း ၁၊ကာယဝိညာဉ်ဒွေ၊သမ္ပဋိစ္ဆိန်းဒွေ၊ သန္တီရဏ ၃၊ ဝုံဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈၊ ပေါင်း ၄၆-ပါး။

စေတသိက် ၅၂-ပါး။

ဧကဒ္ဒါရိကစိတ်ကား ကာယဝိညာဉ်ဒွေ။

ပဉ္စဒ္ဒါရိကစိတ်ကား ကျန်စိတ် ၄၆ ပါး။

● မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည်အရဟတ္တဖိုလ်ကို အာရုံပြုနိုင် မပြုနိုင် အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

အဖြေ။　။မပြုနိုင်ပါ။

အကြောင်းကား....မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်သည် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်ဒ္ဒသာဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်ဒ္ဒ မဖြစ်သောကြောင့်တည်း။

● အဘယ်ကြောင့် ပါဒကစျာန်, အဘယ်ကြောင့် အဘယ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောခေါ်ရကြောင်းကိုရှင်းပြခဲ့ပါ။

အဖြေ။ ။ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိုရခြင်း၏ အခြေခံ ဖြစ်သော စျာန်ဖြစ်ဘောကြောင့် ပါဒကစျာန်။

လောကီတရားကိုရင်း, တောဘူမက သခ်ါရ တရားကိုရင်း လက္ခဏာယာဉ်သုံးပါးသို့ဘင်၍ စီးဖြန်းသည်မှ မဂ်၏ရှေ့ဂေါ်တြ ဘူတိုင်အောင် စောသမျှဇောကို လောကသုံးပါးမှ ထွက်မြောက် ကြောင်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောခေါ် ပါသည်။

● မန္ဒပညပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ္ဂဝိထိကို ချပြ၍ စိတ်တို့၏ အာရုံကို ညွှန်ပြလျက် ဖိုလ်ဇော ၂-ကြိမ်ထက် အလွန် မစောနိုင်ခြင်း၏ အကြောင်းကိုလည်းရှင်းပြခဲ့ပါ။

အဖြေ။ ။"ဘ နဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်ဘ"။

ရင်းဝိထိစိတ်တို့တွင် "မ ပ ဥ နု" တို့သည် တောဘူမကသခ်ါရ တရားကို အာရုံပြု၏၊ "ဂေါ မဂ် ဖိုလ် ဖိုလ်" တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။

အာဝဇ္ဇန်း ၁-ခုရှိသော ဝိထိ၏ဇော ၇-ကြိမ်အတိုင်းအရှည် ရှိခြင်းကြောင့် "ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်"ဟု ဇော ၇-ကြိမ် ပြည့်သွားပြီဖြစ်၍ ဖိုလ် ၂-ကြိမ်ထက် အလွန် မစော နိုင် ခြင်း ဖြစ်ပါသည်။

● ဥဂ္ဂဟ နိမိတ် ဖြစ်ပုံကို ဖော်ပြပြီးလျှင် အဘယ်မျှ သော ကမ္မဋ္ဌာန်းတို့၌ ဥဂ္ဂဟနိမိတ် ရနိုင်ကြောင်းကို ဖြေဆို ခဲ့ပါ။

အဖြေ။ ။အကြင်အခါ၌ ပရိကမ္မ နိမိတ်ကို ကောင်းစွာ အာရုံပြု၏၊ မျက်စိဖြင့် မြင်အပ်သကဲ့သို့ မနောဒ္ဒါရအား ထင်၏၊ ထိုအခါ ထိုအာရုံသည် ဥဂ္ဂဟ နိမိတ်မည်၏။

ပထဝီကသိုဏ်းစသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ဥဂ္ဂဟနိမိတ်ကို ရအပ်ပါသည်။

● သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခမင်္ဂ် မည်ပုံကို ရှင်းပြပြီးလျှင် ဖလသမာပတ္တိဝိထိနှင့် နိရောဓသမာပတ္တိ သမာပဇ္ဇနတို့၏ အဓိပ္ပာယ်ကို ရေးပါ။

အဖြေ။ ။ဝုဋ္ဌာန ၈ မိနိ ဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ရှုအံ့, သုညတဝိမောက္ခမင်္ဂ်ဖြစ်၏၊ အနိစ္စ အားဖြင့်ရှုအံ့, အနိမိတ္တ ဝိမောက္ခမင်္ဂ်ဖြစ်၏၊ ဒုက္ခအားဖြင့် ရှုအံ့, အပ္ပဏိဟိတ ဝိမောက္ခမင်္ဂ်ဖြစ်၏။

ဖိုလ်ပုဂ္ဂိုလ်၄-ယောက်တို့သည် ဒိဋ္ဌမမ္မ သုခဝိဟာရအကျိုးငှာ ဖိုလ်ဝင်စားရာအခါ၌ဖြစ်သော စိတ်အစဉ်သည် ဖလသမာပတ္တိ ဝိထိမည်၏။

အနာဂ၈ါမ်ရဟန္တာတို့၏စိတ် စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာရောက်ခြင်းသည် နိရောဓသမာပတ္တိ သမာပဇ္ဇနမည်၏။

● မည်သည့်အရာကို ဟဒယဝတ္ထု ခေါ်ပါသနည်း၊ ၎င်း ဟဒယဝတ္ထု၌မှီသော ဝိညာဏဓာတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ။နှလုံးသားအတွင်း နှလုံးသွေး၌ တည်နေသော ဝတ္ထုကို ဟဒယဝတ္ထုခေါ်ပါသည်။

၎င်းအားမှီသော ဝိညာဏဓာတ်ကား မနောဓာတ်, မနော ဝိညာဏဓာတ် ၂-ပါးတည်း။

● ပဋ္ဌာန်ရှေ့ရှု၌ဖြစ်သော ဝိထိစိတ်များကို ဖော်ပြပြီးလျှင် ၎င်းဝိထိစိတ်များ အဘယ်ကို မှီသည်ကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဋ္ဌာန်ဒုကာဝဇ္ဇနိ်း ၁၊ ဒွေပဋ္ဌာ ဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်းဒွေး၊ သန္တီရဏ ၃၊ဝုဋ္ဌော ၁၊ကာမဇော ၂၉၊တဒါရုံ မဟာဝိပါက် ဂ၊ပေါင်း ၅၄-ပါး။

ထိုဝိထိစိတ်မျှားတွင် စက္ခုဝိညာဏ် ဒွေသည် စက္ခုဝတ္ထုကို၊ သောတဝိညာဏ်ဒွေသည် သောတဝတ္ထုကို၊ ဃာနဝိညာဏ် ဒွေသည် ဃာနဝတ္ထုကို၊ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝတ္ထုကို၊ ကာယဝိညာဏ် ဒွေသည် ကာယဝတ္ထုကို၊ ကြွင်းသော ဝိထိစိတ် ၄၄-ပါးသည် ဟဒယဝတ္ထုကို မှီပါသည်။

● လောကီ အပ္ပနာဝိထိသည် အဘယ်မျှ အပြား ရှိသည်ကို ဖော်ပြပြီးလျှင် နောက်ဆုံး အပ္ပနာဝိထိကျပုံကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ။လောကီ အပ္ပနာဝိထိသည် ရူပါဝစရ အပ္ပနာဝိထိ, အရူပါဝစရအပ္ပနာဝိထိ, အဘိညာအပ္ပနာဝိထိ အားဖြင့် ၃-ပါးရှိပါသည်။

နောက်ဆုံး (ဒိဗ္ဗစက္ခု) အဘိညာ အပ္ပနာဝိထိ ကျပုံကား.... အဝေးကွယ်ရာ၌ရှိသော အဆင်းရူပါရုံကို မြင်လိုသော ဣဒ္ဓိမာ ပုဂ္ဂိုလ်သည် ရှေးဦးစွာ တေဇောကသိုဏ်း၌အဘိညာပါဒကပဋ္ဌမ စျာန်ကို တခဏမျှဝင်စား၍ ထပြီးလျှင် "ဤအဝေး ကွယ်ရာ၌ ရှိသော အဆင်းကို မြင်စေသတည်း" ဟု အဓိဋ္ဌာန်၍ ထိုအဝေး ကွယ်ရာ၌ရှိသော အဆင်းကို အာရုံပြု၏၊ ထိုနောက်—

မနောဒ္ဒါရာဝဇ္ဇနိ်း,(မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥပေက္ခာ ဇောသည်)ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ၄- ကြိမ်ဖြစ်၍

ချုပ်ပြီးလျှင် ထိုအဝေးကွယ်ရာ၌ ရှိသော အဆင်းကို မြင်လျှင် ရူပါဝစရပဉ္စမစျာန် အဘိညာဉ်ဇောတကြိမ်ဖြစ်၍ ဘဝင်ကျပြီး ထ၏။

အဘိညာဉ်ဇောကျသည်နှင့် တပြိုင်နက် ထိုအဝေး ကွယ်ရာ ရူပါရုံကိုမြင်၏။

● လူ့ဘုံ, စတုမဟာရာဇ်ဘုံ, တာဝတိံသာ ဘုံတို့သည် အဘယ်အရပ်၌ တည်ပါသနည်း။

အဖြေ။ ။လူ့ဘုံသည် မြင်မိုရ်တောင်မှ လေးမျက်နှာအရပ်၌ တည်ပါသည်။

စတုမဟာရာဇ်ဘုံသည် လူ့ဘုံမှ အမြင့် ယူဇနာ ၄ သောင်း ၄-ထောင်ဝေးသော ယုဂန္ဓိုရ်တောင်ထိပ်မှစ၍တည်ပါသည်။

တာဝတိံသာဘုံသည် လူ့ဘုံမှ အမြင့်ယူဇနာ ၈-သောင်း ၄-ထောင်ဝေးသော မြင်မိုရ်တောင်ထိပ်မှစ၍တည်ပါသည်။

● "စိတ္တေန သမမုဒ္ဒိသေ" အရ အဟိတ်စိတ် ၁၈-ပါး၌ ယှဉ်သော စေတသိက်များကို သေချာကျနစွာရေတွက်ပြခဲ့ပါ။

အဖြေ။ ။ဒ္ဒေပဉ္စ ဝိညာဉ် ၁၀-၌ သဗ္ဗစိတ္တ သာဓारण စေတသိက် ၇-ပါးယှဉ်၍ ၇၀။

မနောဓာတ် ၃-ခု,ဥပေက္ခာ သန္ဓိရဏ ၂-ခု,ပေါင်း ၅-ပါး၌ ဆန္ဒ,ပီတိ,ဝီရိယကြဉ် အညသမာန်း ၁၀-ယှဉ်၍ ၅၀။

သုခသန္ဓိရဏစိတ်၌ ဆန္ဒ,ဝီရိယကြဉ် အညသမာန်း ၁၁-ယှဉ်၍ ၁၁။

မနောဒ္ဓါရုဝဇ္ဇန်းစိတ်၌ ဆန္ဒ,ပီတိကြောင့် အညသမာန်း ၁၁-ယှဉ်၍ ၁၁။

ဟသိတုပ္ပါဒ်၌ ဆန္ဒကြောင့် အညသမာန်း ၁၂-ယှဉ်၍ ၁၂။
ပေါင်း ၁၅၄-ပါး ဖြစ်ပါသည်။

● အောက်ပါတို့ကိုဖေါ်ပြခဲ့ပါ။

(က) အတိတ်ကိုသာ အာရုံပြုသော စိတ်။

(ခ) ပစ္စုပ္ပန်ကိုသာ အာရုံပြုသောစိတ်။

(ဂ) အတိတ်အနာဂတ် ၂-ပါးစုံကိုအာရုံပြုသောစိတ်။

အဖြေ။ ။အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝိညာဏဋ္ဌာယတနစိတ်၃,နေဝသညာ နာသညာ ယတနစိတ် ၃၊ပေါင်း ၆-ပါး။

(ခ) ဒေဝပဋ္ဌဝိညာဉ် ၁၀၊ပဋ္ဌဒ္ဓါရုဝဇ္ဇန်း၁၊သမ္ပဋိစ္ဆိန်း ၂၊ပေါင်း ၁၃-ပါး။

(ဂ) မနောဒ္ဓါရုဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊အဘိညာဉ် ၂၊ပေါင်း ၄၃-ပါး။

● အောက်ပါတို့ကို ဖော်ပြခဲ့ပါ။

(က) အဇ္ဈတ္တကိုသာ အရုံပြုသောစိတ်။

(ခ) ဗဟိဒ္ဓကိုသာ အာရုံပြုသောစိတ်။

(ဂ) ၂-ပါးစုံကို အာရုံပြုသောစိတ်။

အဖြေ။ ။အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဝိညာ,နေ၀ ၆-ပါး။

(ခ) ရူပစိတ် ၁၅၊ အာကာသနဉ္စာ ယတနစိတ် ၃၊ လောကုတ္တရာစိတ် ၈၊ပေါင်း ၅ ၆-ပါး။

(ဂ) ကာမစိတ် ၅၄၊ အဘိညာဉ် ၂၊ ပေါင်း၅ ၆-ပါး။

● (က)ပဌဒ္ဓါရဖြင့် ယူအပ်သော ပစ္စုပ္ပန် ပဌာဝရုံ, (ခ) ပဌဒ္ဓါရဖြင့် ယူအပ်သော အဘိတ်ပဌာဝရုံ, (ဂ) မနောဒ္ဓါရဖြင့် ယူအပ်သော အတိတ်ပဌာဝရုံတို့၏ အခြေအနေကို စစ်ဆေးပြပါ။

အဖြေ။ ။(က) ကား ပဋိသန္ဓေ၏ အာရုံသာဖြစ်၏။

(ခ) ကား ရုံခါပဋိသန္ဓေ၏အာရုံ,ရုံခါဘဝင်၏ အာရုံဖြစ်၏။

● မဟာကုသိုလ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုပါလျက် အဘယ် ကြောင့် မဟာ၀ိပါက် က ကုသိုလ်အတိုင်း အာရုံ မပြုနိုင်ရပါသနည်း၊ ဥပမာသွင်း၍ ဖြေရှင်းခဲ့ပါ။

အဖြေ။ ။မဟာကုသိုလ်သည် တဏှာ ရှေ့သွား ရှိသော ကြောင့် ၎င်း၏အကျိုး၀ိပါက်သည် မဟာကုသိုလ်အတိုင်း အာရုံ မပြုနိုင်ပါ။

ဥပမာ။ ။ကျွန်မက မေ့ထားသော သပေါက်ကို ကျွန်မ သည် အစိုးရမဘဲ အရှင်သခင်သာလျှင် အစိုးရသကဲ့သို့ ကျွန်မနှင့်

တူသော မဟာကုသိုလ်သည် သပေါက်နှင့်တူသော မဟာဝိပါက်ကို မိမိအလိုအတိုင်း မိမိအာရုံပြုသလို မပြုစေနိုင်ဘဲ အရှင်သခင်နှင့်တူသော တဏှာကသာ မိမိအလိုအတိုင်း အာရုံပြုစေပါသည်။

● အဘယ်ကြောင့် အတိဂ္ဂဒ္ဒာရုံ၌ သောမနဿသန္ဓိရဏ, သောမနဿ တဒါရုံသားကျရပါသနည်း။

အဖြေ။ ။ကံ၏တန်ခိုးအာနုဘော်ကြောင့်ဖြစ်ပေါ်ရသော ဝိပါက်၏ကြေးမုံပြင်၌ မျက်နှာရိပ်ကဲ့သို့ အထူး ကြံ ဆခြင်း မရှိသည်၏ အဖြစ်ကြောင့် ကြံဆ၍ အာရုံယူခြင်း မရှိသောကြောင့် အာရုံအတိုင်းသာ ဝေဒနာယှဉ်၏၊ ထို့ကြောင့် အတိဂ္ဂဒ္ဒာရုံ၌ သောမနဿသန္ဓိရဏ သောမနဿတဒါရုံကျရပါသည်။

● အဘယ်ကြောင့် လဟုတာစသော ရုပ် ၃-ခုအပေါင်းသည် ကံကြောင့် မဖြစ်ပါသနည်း၊ အဘယ်ကြောင့် ကာယဝိညတ္တိနဝက ကလာပ် ဖွဲ့သကဲ့သို့ မဖွဲ့ဘဲ ဝစီဝိညတ္တိ ဒသက ကလာပ်ဖွဲ့ရပါသနည်း။

အဖြေ။ ။ပစ္စုပ္ပန် အကြောင်းကို ငဲ့သော ကြောင့် ကံကြောင့် မဖြစ်ခြင်းဖြစ်ပါသည်။

ဝစီဝိညတ်သည် သဒ္ဒနှင့် ကင်း၍ မဖြစ်သောကြောင့် ဝစီဝိညတ်ဖြင့် သဒ္ဒကိုပါသွင်းယူ၍ ရုပ် ၁၀-ခု ဖြစ်သောကြောင့် ဝစီဝိညတ္တိနဝကကလာပ် မဖွဲ့ပဲ ဝစီဝိညတ္တိဒသက ကလာပ်သာ ဖွဲ့ရပါသည်။

● ဥပစာရ ဘာဝနာ, အပွနာ ဘာဝနာတို့၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် မေတ္တာစသောတရား ၄-ပါးတို့သည်အဘယ်ကြောင့် အပွမညာ မည်ကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

အဖြေ။ ။နိဝရဏတရား ငြိမ်းသည်မှစ၍ ဂေါတြဘု တိုင် အောင်အတွင်း၌ ပဗားများအပ်သောကာမာဝစရဘာဝနာသည် အပွနာ၏အနီး၌ဖြစ်သောကြောင့် ဥပစာရဘာဝနာမည်၏။

အပွနာမည်သော ဝိတက်စေတသိက် အမှူးရှိသည်၏ အဖြစ်ကြောင့် မဟဂ္ဂုတ်လောကုတ္တရာအဖြစ်သို့ရောက်သော ဘာဝနာသည် အပွနာဘာဝနာမည်၏။

အတိုင်း မသိသောသတ္တဝါပညတ်ကို အာရုံပြုသောကြောင့် အပွမညာမည်၏။

● စိတ်သည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တမျိုးတည်းဖြစ်ပါလျက် အာဘယ် ကြောင့်စိတ်တခုယုတ် ၉၀, အကျယ် ၁၂၁-ပါး ပြားရပါသနည်း။

အဖြေ။ ။ဘူမိဘေန, ဇာတိဘေဒ, သမ္ပယောဂ ဘေဒ, အာရမ္မဏဘေဒ စသည်တို့၏ အစွမ်းဖြင့် စိတ်တခု ယုတ် ၉၀, အကျယ် ၁၂၁-ပါး ပြားရပါသည်။

● "နေဝသညာ နာသညာယတန"၌ သညာ ၂- ခုတို့၏ အရန့်ဝ် ထိုအရတရားတို့၏ အဓိပ္ပါယ်ကိုလည်း ထင်ရှား ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

အဖြေ။ ။ရှေ့သညာအရကား ရုန့်ရင်း ကြမ်းတမ်း သော သညာရ၏၊ နောက်သညာအရကား နူးညံ့သိမ်မွေ့သော သညာရ၏။

ဝိပဿနာ၏ အာရုံ၏ အဖြစ်သို့ ရောက်စကောင်းသော ထင်ရှားသောသညာသည် ရုန့်ရှင်းကြမ်းတမ်းသော သညာမည်၏။

ဝိပဿနာ၏ အာရုံ၏ အဖြစ်သို့ မရောက်စကောင်းသော မထင်ရှားသောသည်ာသည် နှုးညံ့သောသည်ာမည်၏။

● စိတ်၏အာရုံယူပုံနှင့် စေတသိက်တို့၏ အာရုံယူပုံ သဘောသွားကို ဝေဖန်ပြပါ။

အဖြေ။ ။စိတ်ကား စေတသိက်တို့နှင့် ကင်းလျက် တဦးတည်းလည်း အာရုံကို ယူနိုင်ပါသည်။

စေတသိက်ကား စိတ်နှင့်ကင်း၍အာရုံကို မယူနိုင်ပဲ စိတ်ပါမှ အာရုံကို ယူနိုင်ပါသည်။

● အာရုံ၌ တွေ့ဝေသော သဘောကို မောဟ ဟု ဆိုရာ "မောဟသည် အာရုံကို မယူပဲဖြစ်၏"ဟု မှတ်ရမည်လော၊ အဘိယသို့ မှတ်ရမည်နည်း။

အဖြေ။ ။"မောဟသည် အာရုံကိုမယူပဲ ဖြစ်၏"ဟု မမှတ်ရပါ၊မောဟသည် အာရုံကိုယူ၍ဖြစ်၏ဟုမှတ်ရပါမည်၊ သို့ရာတွင် မောဟသည် အာရုံ၏ ဟုတ်မှန်သော သဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့် ဖြစ်ပါသည်။

● သုခဝေဒနာနှင့် သောမနဿဝေဒနာတို့သည် ဈာန်ဌာရုံကို ခံစားရာ၌ ဈာန်ဌာရုံချင်းတူမတူကို ဖြေရှင်းပါ။

အဖြေ။ ။မတူ ပါ၊ သုခ ဝေဒနာသည် ဈာန် ဖြစ်သော ဖောဌဗ္ဗာရုံကို ခံစား၏၊သောမနဿဝေဒနာသည် ဈာန်ဖြစ်သော အာရုံ ၆-ပါးကို ခံစား၏။

● (က)ဒိဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း, (ခ) ဖုဋ္ဌအားဖြင့် ယူအပ်သောကမ္မဋ္ဌာန်း, (ဂ) ဒိဋ္ဌဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။　။(က)ဝါယောကသိုဏ်းမှတပါးကသိုဏ်း ၉-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၌ တစပဋ္ဌက။

(ခ) အာနာပါနဿတိ၊

(ဂ) ဝါယောကသိုဏ်း။

● "နေဝသညာ နာသညာ ယတန"၌ "နေဝသညာ=သညာမရှိ"ဟု ဆိုပြီး "နာသညာ=သညာ မရှိသည် မဟုတ်"ဟု ဆိုပြန်ရာ စကား ၂-ရပ် မဆန့်ကျင်ပါလော၊ ဖြေရှင်းပြခဲ့ပါ။

အဖြေ။　။"နေဝသညာ=သညာမရှိ"ကား ရှုန့်ရင်းကြမ်းတမ်းသော သညာမရှိဟုဆိုလို၍ "နာသညာ=သညာ မရှိသည် မဟုတ်(ဝါ) ရှိသည်"ကား နှုးညံ့သော သညာရှိ၏ဟု ဆိုလိုပါသည်၊ ထို့ကြောင့် မဆန့်ကျင်ပါ။

● တည်ကြည်ခြင်း,မပျံ့လွင့်ခြင်းလက္ခဏာရှိသော ဧကဂ္ဂတာသည် မတည်ကြည်ခြင်း, ပျံ့လွင့်ခြင်း လက္ခဏာ ရှိ သော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ အဘယ်သို့ ယှဉ်နိုင်ပါသနည်း၊ ဥပမာသွင်း၍ ဖြေရှင်းခဲ့ပါ။

အဖြေ။　။ဧကဂ္ဂတာသည် အာရုံတခု၌ တဝိထိ နှစ်ဝိထိခန့် ဥဒ္ဓစ္စ၏အလိုသို့လိုက်၍ တဖြည်းဖြည်း တည်ကြည်ခြင်း မပျံ့လွင့်ခြင်းဖြစ်အောင် ဖျားယောင်းသွေးဆောင်လျက် ဥဒ္ဓစ္စ သဟဂုတ်စိတ်မှာ ယှဉ်ပါသည်။

ဥပမာ။　။မြင်းကြမ်းကို စီးနှင်း မောင်းနှင်သော မြင်းစီးသူရဲသည် မြင်းအလိုသို့ အနည်းငယ် လိုက်လျောပြီးလျှင် ကြမ်း

တမ်းသောမြင်းရိုင်းကို နှုးညံ့သိမ်မွေ့အောင် ဖျားယောင်းသွေးဆောင်၍ စီးနင်းသကဲ့သို့တည်း။

● (က)ပရိတ္တသုဘာဘုံ, (ခ) အပ္ပမာဏသုဘာဘုံ, (ဂ) သုဘကိဏ္ဏာဘုံတို့၌ ဖြစ်စေတတ်သော ကံအသီးသီးကို ဖော်ပြခဲ့ပါ။

အဖြေ။ ။(က) အညံ့စားဖြစ်သော ရူပကုသိုလ်စတုတ္ထစျာန်စေတနာ၊

(ခ) အလတ်စားဖြစ်သော ရူပကုသိုလ်စတုတ္ထစျာန်စေတနာ၊

(ဂ) အမြတ်စားဖြစ်သော ရူပကုသိုလ် စတုတ္ထစျာန်စေတနာ။

● ဒ္ဌဇ, တိဇ, စတုဇရူပ်ကို ရကြသော ပုဂ္ဂိုလ်သုံးဦးတို့ သေသောအခါ အဘယ်ရူပ်သည် ရှေးဦးစွာ ချုပ်ပါသနည်း။

အဖြေ။ ။ထိုပုဂ္ဂိုလ် သုံးဦး သေသောအခါ ကမ္မဇရူပ် ရှေးဦးစွာ ချုပ်ပါသည်။

● မေတ္တာ၏တရားကိုယ်, မေတ္တာ၏အာရုံ, မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ရနိုင်သောစျာန်တို့ကို ဖော်ပြပြီးလျှင် မေတ္တာကမ္မဋ္ဌာန်း၌ ပဋိဘာဂနိမိတ် ရသင့်မရသင့်ကို ပြဆိုခဲ့ပါ။

အဖြေ။ ။မေတ္တာ၏တရားကိုယ်ကား အဒေါသတည်း။

မေတ္တာ၏အာရုံကား သုခိတဒုက္ခိတ သတ္တဝါအားလုံးတည်း။

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် ရနိုင်သော စျာန်များ ကား ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များ ဖြစ်ပါသည်။

မေတ္တာကမ္မဋ္ဌာန်း၌ ပဋ္ဌိဘာဂနိမိတ် မရနိုင်ပါ။

● အဘယ်သို့သော ဝိထိသည် တဒနုဝတ္တိက မနောဒ္ဓါရ ဝိထိဖြစ်သည်ကို ဖော်ပြပြီးလျှင် တဒနုဝတ္တိက မနောဒ္ဓါရ ဝိထိ ပေါင်းမည်မျှရှိသည်ကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ။ပဉ္စဒ္ဓါရဝိထိ၏နောက် လိုက်၍ သိလော မနော ဒ္ဓါရဝိထိသည် တဒနုဝတ္တိက မနောဒ္ဓါရ ဝိထိဖြစ်ပါသည်။

အတိတ်ကို အာရုံပြု၍ဖြစ်သော ၅-ဝိထိ။
အပေါင်းကို အာရုံပြု၍ဖြစ်သော ၅-ဝိထိ။
ဝတ္ထုဒြပ်ကို အာရုံပြု၍ဖြစ်သော ၅-ဝိထိ။
အမည်ကို အာရုံပြု၍ဖြစ်သော ၅-ဝိထိ။
ပေါင်း ၂၀-ဝိထိ။

● "စိတ္တသမုဋ္ဌာနရူပံ"၌ စိတ်အရ ပါဝင်သော စိတ်နှင့် မပါဝင်သော စိတ်များကိုဖော်ပြခဲ့ပါ။

အဖြေ။ ။ပါဝင်သော စိတ်ကား ဒွေပဉ္စဝိညာဉ် ၁၀၊အရူပ ဝိပါက် ၄-ခုကြဉ် စိတ် ၇၅-ပါး။

မပါဝင်သောစိတ်ကား ဒွေပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက်၄။

● "ကမ္မသမုဋ္ဌာန ရူပံ"၌ ကံမှအရ ပါဝင်သင့်သောကံနှင့် မပါဝင်သင့်သော ကံများကို ဖော်ပြခဲ့ပါ။

အဖြေ။ ။ပါဝင်သင့်သော ကံကား အကုသိုလ်ကံ ၁၂၊ မဟာကုသိုလ်ကံ ၈၊ ရူပကုသိုလ်ကံ ၅၊ပေါင်း ၂၅-ပါး။

မပါဝင်သော ကံကား အရူပကုသိုလ်ကံ ၄၊ လောကုတ္တရာ ကုသိုလ်ကံ ၄၊ ပေါင်း ၈-ပါး။

● အဘယ်သည် အတိပရိတ္တာရုံမည်၍ အဘယ်သည် ဌီမည်သည်ကို ကျမ်းရိုးကျကျ ဖော်ပြခဲ့ပါ။

အဖြေ။ ။စိတ္တက္ခဏ ၁၀-ချက်မှ စိတ္တက္ခဏ ၁၅-ချက်တိုင် အောင်သော စိတ္တက္ခဏသာလျှင် အသက်ရှိသော အာရုံသည် အတိပရိတ္တာရုံ မည်ပါသည်။

ဥပါဒ်,ဘင် ၂-ပါးတို့၏ အလယ်၌ ဘင်သို့ရှေ့ရှုဖြစ်ခြင်း သဘောသည် ဌီမည်ပါသည်။

● အဘယ်သည် ဘာဝနာ၊ အဘယ်သည် အပစာယနမည်သည်ကို ဋီကာလာတိုင်း ရေးသားဖော်ပြပါ။

အဖြေ။ ။ကမ္မဋ္ဌာန်း၄၀-ကိုစီးဖြန်းခြင်း,တောဘုမကသခ်ါရ ဂရားတို့ကို လက္ခဏာယာဉ် သုံးပါးသို့တင်၍ အဖန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော စတင်စီးဖြန်းသည်မှ (အပ္ပနာသို့ မရောက်သေးသော) ဂေါတြဘူအဆုံးရှိသော စေတနာသည် ဘာဝနာမည်၏။

အရွယ်အားဖြင့် ကြီးသူ,ဂုဏ်အားဖြင့် ကြီးသူတို့အား လာဘ်လာဘကို မမြော်မှန်းဘဲ ဖြူစင်သန့်ရှင်းသောစိတ်အားဖြင့် ခရီးဦးကြိုဆိုခြင်း, နေရာကိုညွှန်ပြခြင်း, သွားလိုရာသို့ ခေါ်ဆောင်ပို့ပေးခြင်းစသည်ဖြင့် ရိုသေမြတ်နိုးကြောင်းဖြစ်သော စေတနာသည် အပစာယန မည်၏။

● မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးတို့၏ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ ပြုပုံတို့ကို တခုစီအဓိပ္ပာယ်ရှင်းပြခဲ့ပါ။

အဖြေ။ ။မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးတို့သည် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ ဉာဏ်နှင့်မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်းလှူဒါန်းရာအခါ, တရားကိုဆင်ခြင်ရာ အခါ စသည်တို့၌ ကာမအာရုံကို–

အလွန်တရာခလ,လာပ္ဒားများအပ်သော စျာန်ကိုဆင်ခြင်ရာ အခါ၌ မဟဂ္ဂုတ်အာရုံကို–

ကသိုဏ်းနိမိတ်စသည်တို့၌ ပရိကံစသည် ပြုရာအခါ၌ ပညတ်အာရုံကို အာရုံပြုပါသည်။

● ပစ္စုပ္ပန် ကာလ, အတီတ်ကာလ,ကာလ ၂-ပါး, ကာလ ၃-ပါးရှိသော ပစ္စည်းများကို ထုတ်ပြခဲ့ပါ။

အဖြေ။ ။ပစ္စုပ္ပန်ကာလ ရှိသော ပစ္စည်းကား ဟောတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ,ဝိပါက, အာဟာရ, ဣန္ဒြိယ, စျာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ပေါင်း ၁၅-ပစ္စည်း။

အတီတကာလရှိသော ပစ္စည်းကား အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ, ပေါင်း ၅-ပစ္စည်း။

ကာလ ၂-ပါးရှိသော ပစ္စည်းကား ကမ္မ။

ကာလ ၃-ပါးရှိသော ပစ္စည်းကား အာရမ္မဏ, အဓိပတိ, ဥပနိဿယ, ပေါင်း ၃-ပစ္စည်း။

ဉာဏဝမ္မကပြီး၏။

ကိရိယာငါးတန်

(ဖဿ)

၁။ ဖဿ၏ ဖုသန လက္ခဏာသည် ဒဿနတ္ထ၊
၂။ အာပါထဂတဝိသယ ပဒဋ္ဌာန်သည် ဒီပကတ္ထ၊
၃။ ဖဿ၏ သမ္ပတ္တိရသသည် **ပကာသန**တ္ထ၊
၄။ ဖဿ၏ သင်္ဂန ကိစ္စရသသည် ဝိဘာဝတ္ထ၊
၅။ သန္နိပါတပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(ဝေဒနာ)

၁။ ဝေဒနာ၏ ဝေဒယိတလက္ခဏာသည် ဒဿနတ္ထ၊
၂။ ပသဒ္ဓိ ပဒဋ္ဌာန်သည် ဒီပကတ္ထ၊
၃။ ဝေဒနာ၏ သမ္ပတ္တိရသသည် **ပကာသန**တ္ထ၊
၄။ ဝေဒနာ၏ အနုဘဝန ကိစ္စရသသည် ဝိဘာဝတ္ထ၊
၅။ ဝေဒယိတအဿာဒပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(စိတ်)

၁။ ဝိဇာနနလက္ခဏာသည် ဒဿနတ္ထ၊
၂။ နာမရူပ ပဒဋ္ဌာန်သည် ဒီပကတ္ထ၊
၃။ စိတ်၏ သမ္ပတ္တိရသသည် ပကာသနတ္ထ၊
၄။ စိတ်၏ ပုဗ္ဗင်္ဂမကိစ္စရသသည် ဝိဘာဝတ္ထ၊
၅။ သန္ဓဟနပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

(စေတသိက်)

၁။ စိတ္တနိဿိတလက္ခဏာသည် **ဒဿနတ္ထ**၊
၂။ စိတ္တပ္ပဓါနပဒဋ္ဌာန်သည် **ဒီပကတ္ထ**၊
၃။ စေတသိက်၏ သမ္ပယုတ္တိရသသည် **ပကာသနတ္ထ**၊
၄။ စေတသိက်၏ စိတ္တေန အဝိယောဂဥပ္ပါဒန
ကိစ္စရသသည် **ဝိဘာဝတ္ထ**၊
၅။ စိတ္တေကာရမ္မဏပစ္စုပဋ္ဌာန်သည် **အနုဘာဝတ္ထ**။

ဆောင်။ ။[1]ဒဿနတ္ထ, လက္ခဏတည်း၊ [2]ဒီပကမှာ, ပဓဋ္ဌာ
နင့်၊ [3]ပကာသမ္ပတ်, [4]ကိစ္စတ်ဝိဘာ,[5]နုဘာဝပစ္စု,
ဤငါးခု, မှတ်ရှုကိရိယာ။

အမှာ။ ။အခြား တရား မျှားကိုလည်း ဤနည်းမှီ၍ ထုတ်
တတ်ပါစေ၊ကိရိယာ ငါးတန်ကို ကတ္တားငါးတန်
ဟုဂုဏ်း,ဒဿနတ္ထာဒိ ပဋ္ဌကဟုဂုဏ်း ခေါ်သေး၏။

ကိရိယာငါးတန်ပြီး၏။

လက္ခဏာဒီပတုဏ္ဏ

စိတ်။ ။စိတ္တံ ဝိဇာနနလက္ခဏံ၊ ပဋ္ဌဂ်မ ရသံ၊ သန္ဓဟန ပစ္စုပဋ္ဌာနံ၊ နာမရူပ ပဒဋ္ဌာနံ။

ကုသိုလ်။ ။ကုသလံ အနဝဇ္ဇသုခဝိပါက လက္ခဏံ၊ အကုသလ ဝိဒ္ဓံသနရသံ၊ ဝေါဒါနပစ္စုပဋ္ဌာနံ၊ ယောနိသောမနသိကာရ ပဒဋ္ဌာနံ။

အကုသိုလ်။ ။အကုသလံ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏံ၊ ကုသလပဋိပက္ခရသံ၊ အနတ္ထဇနနရသံဝါ၊ သာလုဿယပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။

ဝိပါက်။ ။ဝိပါကာ ဝိဇာနနလက္ခဏာ၊ ဝိပဇ္ဇနရသာ၊သန္ဓာနပစ္စုပဋ္ဌာနာ၊ အာပါထဂတဝိသယ ပဒဋ္ဌာနာ။

ကိရိယာ။ ။ကိရိယာ ကရဏမတ္တလက္ခဏာ၊ ဇဝနရသာ၊ သန္ဓာနပစ္စုပဋ္ဌာနာ၊ အရဟတ္တဖလပဒဋ္ဌာနာ။

စေတသိက်။ ။စေတသိကံ စိတ္တနိဿိတ လက္ခဏံ၊ စိတ္တေန အဝိယောဂဥပါဒနရသံ၊ စိတ္တေကာရမ္မဏပစ္စုပဋ္ဌာနံ၊ စိတ္တုပ္ပါဒ ပဒဋ္ဌာနံ။

ဖဿ။ ။ဖဿော ဖုသနလက္ခဏော၊သင်္ဃဋ္ဋနရသော၊ သန္နိပါတ ပစ္စုပဋ္ဌာနော၊ အာပါထဂတဝိသယ ပဒဋ္ဌာနော။

ဝေဒနာ။ ။ဝေဒနာ ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ၊ ဣဋ္ဌာကာရသမ္ဘောဂရသာ ဝါ၊ စေတသိကအဿာဒ ပစ္စုပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ။

သညာ။ ။သညာ သဠာယနလက္ခဏာ၊ ပုနသဠာယနပ္ပစ္စယ နိမိတ္တကရဏရသာ၊ ပစ္စဘိညာဏရသာဝါ၊ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ။

စေတနာ။ ။စေတနာ စေတယိတလက္ခဏာ၊ အာယူဟနရသာ၊ သံဝိဒဟနပစ္စုပဋ္ဌာနာ၊ ဝိညာဏပဒဋ္ဌာနာ။

ဖဿ။ ။ဖဿ အဝိဂ္ဂေါပလက္ခဏာ၊ သဟဇာတာနံ သမ္ဖဿရသာ၊ဥပသမပစ္စုပဋ္ဌာနာ၊သမာဓိသုခပဒဋ္ဌာနာ။

ဇီဝိတိန္ဒြေ။ ။ဇီဝိတိန္ဒြိယံ အနုပါလနလက္ခဏံ၊ တေသံပဝတ္တနရသံ၊တေသံယေဝ ဌပနပစ္စုပဋ္ဌာနံ၊ယာဝယိတဗ္ဗမ္မ ပဒဋ္ဌာနံ။

မနသိကာရ။ ။မနသိကာရော သာရဏလက္ခဏော၊ သမ္ပယောဇနရသော၊ အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနော၊ အာရမ္မဏပဒဋ္ဌာနော။

ဝိတက်။ ။ဝိတက္ကော အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏော၊ အာဟနန ပရိယာဟနနရသော၊ အာရမ္မဏေ စိတ္တဿ အာနယန ပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။

ဝိစာရ။ ။ဝိစာရော အာရမ္မဏာနု မဇ္ဇနလက္ခဏော၊ သဟဇာတာနုယောဇနရသော၊ စိတ္တဿ အနုပ္ပဗန္ဓ ပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။

အဓိမောက္ခ။ ။အဓိမောက္ခော သန္နိဋ္ဌာနလက္ခဏော၊ အသံသပ္ပနရသော၊ နိစ္ဆယပစ္စုပဋ္ဌာနော၊သန္နိဋ္ဌာတဗ္ဗမ္မပဒဋ္ဌာနော။

ဝီရိယ။ ။ဝီရိယံ ဥဿာဟလက္ခဏံ၊ သဟဇာတာနံ ဥပတ္ထမ္ဘနရသံ၊အသံသီဒနဘာဝပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ၊ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံဝါ။

ပီတိ။ ။ပီတိ သမ္ပယာယနလက္ခဏာ၊ ကာယစိတ္တ ပီနနရသာ၊ ဖရဏရသာဝါ၊ သြဒဂျပစ္စုပဋ္ဌာနာ၊ ဝိညာဏပဒဋ္ဌာနာ။

ဆန္ဒ။ ။ဆန္ဒော ကတ္တုကမ္မတာလက္ခဏော၊ အာရမ္မဏပရိယေသနရသော၊ အာရမ္မဏေန အတ္ထိကဘာဝ ပစ္စုပဋ္ဌာနော၊ တတ္ထေဝ အယ ဆန္ဒယ ပဒဋ္ဌာနော။

မောဟ။ ။မောဟော အညာဏလက္ခဏော၊ အာရမ္မဏ သဘာဝစ္ဆာဒနရသော၊ အန္ဓကာရ ပစ္စုပဋ္ဌာနော၊ အယောနိသောမသိကာရပဒဋ္ဌာနော။

အဟိရိက။ ။အဟိရိကံ ကာယ ဒုစ္စရိတာဒီဟိ အဇိဂုစ္ဆနလက္ခဏံ၊ အလज्ज နာကာရေန ပါပါနံ ကရဏရသံ၊ အသင်္ကော စန ပစ္စုပဋ္ဌာနံ၊ အတ္တအဂါရဝ ပဒဋ္ဌာနံ။

အနောတ္တပ္ပ။ ။အနောတ္တပ္ပံ အသာရဇ္ဇနလက္ခဏံ၊ အနုတ္တာသန လက္ခဏံဝါ၊ အနုတ္တာသနာကာရေန ပါပါနံ ကရဏရသံ၊ အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရအဂါရဝပဒဋ္ဌာနံ။

ဥဒ္ဓစ္စ။ ။ဥဒ္ဓစ္စံ စေတသော အဝူပသမလက္ခဏံ၊ အနဝဋ္ဌာနရသံ၊ ဘန္တတ္တပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။

လောဘ။ ။လောဘော အာရမ္မဏ ဥဂ္ဂဟဏလက္ခဏော၊ အဘိသင်္ဂရသော၊ အပရိစ္စာဂပစ္စုပဋ္ဌာနော၊ အဿာဒဒဿန ပဒဋ္ဌာနော။

ဒိဋ္ဌိ။ ။ဒိဋ္ဌိ အယောနိသော အဘိနိဝေသလက္ခဏာ၊ ပရာမာသရသာ၊ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊ အရိယာနံ အဒဿနကာမတာဒီပဒဋ္ဌာနာ။

မာန။ ။မာနော ဥဏ္ဏတိလက္ခဏော၊ သမ္ပဂ္ဂဟရသော၊ ကေတုကမ္မတာပစ္စုပဋ္ဌာနော၊ ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒဋ္ဌာနော။

ဒေါသ။ ။ဒေါသော စဏ္ဍိက္ကလက္ခဏော၊ ဝိသပ္ပနရသော၊ ဒုဿနပစ္စုပဋ္ဌာနော၊ အာဃာတဝတ္ထုပဒဋ္ဌာနော။

ဣဿာ။ ။ဣဿာ ပရသမ္ပတ္တိနံဉသူယနလက္ခဏာ၊ တတ္ထေဝ အနဘိရတိရသာ၊ တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တိ ပဒဋ္ဌာနာ။

မစ္ဆရိယ။ ။မစ္ဆရိယံ အတ္တနော သမ္ပတ္တိနံ နိဂူဟနလက္ခဏံ၊ ပရေဟိ သာဓာရဏဘာဝေ အက္ခမနရသံ၊ သင်္ကောစန ပစ္စုပဋ္ဌာနံ၊ အတ္တသမ္ပတ္တိပဒဋ္ဌာနံ။

ကုက္ကုစ္စ။ ။ကုက္ကုစ္စံ ပစ္ဆာနုတာပလက္ခဏံ၊ ကတာကတာနုသောစနရသံ၊ ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ၊ ကတာကတပဒဋ္ဌာနံ။

ထိန။ ။ထိနံ အနုဿာဟလက္ခဏံ၊ဝီရိယပနောဒနရသံ၊သံသီဒနပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။

မိဒ္ဓ။ ။မိဒ္ဓံ အကမ္မညလက္ခဏံ၊ ဩနဟနရသံ၊ လီနဘာဝပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရပဒဋ္ဌာနံ။

ဝိစိကိစ္ဆာ။ ။ဝိစိကိစ္ဆာ သံသယလက္ခဏာ၊ ကမ္ပနရသာ၊ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ အယောနိသောမနသိကာရပဒဋ္ဌာနာ။

သဒ္ဓါ။ ။သဒ္ဓါ သဒ္ဒဟနလက္ခဏာ၊ ပသာဒနရသာ၊ အကာလုသိယပစ္စုပဋ္ဌာနာ၊ သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ။

သတိ။ ။သတိ အပိလာပနလက္ခဏာ၊ အသမ္မောသနရသာ၊ အာရက္ခပစ္စုပဋ္ဌာနာ၊ ထိရသညာပဒဋ္ဌာနာ။

ဟိရီ။ ။ဟိရီ ပါပတော ဇိဂုစ္ဆနလက္ခဏာ၊ လज्ज နာကာရေန ပါပါနံ အကရဏရသာ၊ ပါပတော သင်္ကောစနပစ္စုပဋ္ဌာနာ၊ အတ္တဂါရဝပဒဋ္ဌာနာ။

ဩတ္တပ္ပ။ ။ဩတ္တပ္ပံ ဥတ္တာသနလက္ခဏံ၊ ဥ တ္တာ သ နာ ကာ ရေန ပါပါနံ အကရဏရသံ၊ ပါပတော သင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရဂါရဝပဒဋ္ဌာနံ။

အလောဘ။ ။အလောဘော အဂေဓ အလဂ္ဂဘာဝ လက္ခဏော၊ အပဝိဂ္ဂဟာဏရသော၊ အနလ္လီနဘာဝ ပစ္စုပဋ္ဌာနော၊ ဝိညာဏ ပဒဋ္ဌာနော။

အဒေါသ။ ။အဒေါသော အစဏ္ဍိက္ကအဝိရောဓ လက္ခဏော၊ အာဃာတဝိနယနရသော၊သောမ္မဘာဝပစ္စုပဋ္ဌာနော၊ဝိညာဏ ပဒဋ္ဌာနော။

တတြမဇ္ဈတ္တတာ။ ။တတြ မဇ္ဈတ္တတာ သမ၀ါဟိတ လက္ခဏာ၊ ဥနာမိကနိ၀ါရဏရသာ၊ မဇ္ဈတ္တဘာ၀ပစ္စုပဋ္ဌာနာ၊ ပိတိ ဝိယောဂပဒဋ္ဌာနာ။

ကာယပဿဒ္ဓိ။ ။ကာယပဿဒ္ဓိ ကာယဒရထဝူပသမလက္ခဏာ၊ ကာယဒရထနိမဒ္ဒနရသာ၊ ကာယဿ အပရိပ္ဖန္ဒသိတိဘာ၀ ပစ္စုပဋ္ဌာနာ၊ ကာယပဒဋ္ဌာနာ။

စိတ္တပဿဒ္ဓိ။ ။စိတ္တပဿဒ္ဓိ စိတ္တဒရထဝူပသမလက္ခဏာ၊ စိတ္တ ဒရတနိမဒ္ဒနရသာ၊ စိတ္တဿ အပရိပ္ဖန္ဒသိတိဘာ၀ ပစ္စုပဋ္ဌာနာ၊ စိတ္တပဒဋ္ဌာနာ။

ပဿဒ္ဓိ။ ။ပဿဒ္ဓိ ကာယစိတ္တဒရထဝူပသမလက္ခဏာ၊ ကာယ စိတ္တ ဒရထနိမဒ္ဒနရသာ၊ ကာယစိတ္တာနံ အပရိပ္ဖန္ဒသိတိဘာ၀ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

လဟုတာ။ ။လဟုတာ ကာယစိတ္တ ဂရုဘာဝူပသမ လက္ခဏာ၊ ကာယစိတ္တ ဂရုဘာ၀ နိမဒ္ဒနရသာ၊ ကာယ စိတ္တာနံ အဒန္ဓတာ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

မုဒုတာ။ ။မုဒုတာ ကာယစိတ္တ ထဒ္ဓဘာဝူပသမ လက္ခဏာ၊ ကာယစိတ္တထဒ္ဓဘာ၀နိမဒ္ဒနရသာ၊အပ္ပဋိဃာတ ပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

ကမ္မညတာ။ ။ကမ္မညတာ ကာယစိတ္တ အကမ္မညဘာဝူပသမ လက္ခဏာ၊ ကာယစိတ္တအကမ္မည ဘာဝနိမဒ္ဒနရသာ၊ ကာယ စိတ္တာနံ အာရမ္မဏ သမ္ပတ္တိပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

ပါဂုညတာ။ ။ပါဂုညတာ ကာယစိတ္တာနံ အဂေလည ဘာဝ လက္ခဏာ၊ ကာယစိတ္တ ဂေလညနိမဒ္ဒနရသာ၊ နိရာဒီနဝ ပစ္စု ပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

ဥဇုကတာ။ ။ဥဇုကတာ ကာယစိတ္တာနံ အဇ္ဇဝ လက္ခဏာ ကာယစိတ္တ ကုဋိလဘာဝနိမဒ္ဒနရသာ၊ အဇိမ္ဘတာပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

ဝိရတိ။ ။ဝိရတိ ကာယ ဒုစ္စရိတာဒိ ဝတ္ထူနံ အဝိတက္ကမ လက္ခဏာ၊ ကာယ ဒုစ္စရိတာဒိဝတ္ထုတော သင်္ကော်စနရသာ၊ အကရဏပစ္စုပဋ္ဌာနာ၊ အပ္ပိစ္ဆတာဒဂုဏပဒဋ္ဌာနာ။

သမ္မာဝါစာ။ ။သမ္မာဝါစာ ပရိဂ္ဂဟလက္ခဏာ၊ ဝိရမဏရသာ၊ မိစ္ဆာဝါစာပဟာန ပစ္စုပဋ္ဌာနာ၊သဒ္ဓါ ဟိရိ(ဩ)တ္တပဒအပ္ပိစ္ဆတာဒိ ဂုဏပဒဋ္ဌာနာ။

သမ္မာကမ္မန္တ။ ။သမ္မာကမ္မန္တော သမုट्ठာနလက္ခဏော၊ ဝိရမဏ ရသော၊ မိစ္ဆာကမ္မန္တပဟာနပစ္စုပဋ္ဌာနော၊ အပ္ပိစ္ဆာဒိဂုဏပဒ ပဋ္ဌာနော။

သမ္မာအာဇီဝ။ ။သမ္မာအာဇီဝေါ ဝေါဒါနလက္ခဏော၊ ဥ ယာဇီဝပ္ပဝတ္တိရသော၊ မိစ္ဆာဇီဝပ္ပဟာနပစ္စုပဋ္ဌာနော၊ အပ္ပိစ္ဆ တာဒိဂုဏပဒဋ္ဌာနော။

မေတ္တာ။ ။မေတ္တာ ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊ ဟိတူပသံ ဟာရရသာ၊အာဃာတဝိနယန ပစ္စုပဋ္ဌာနာ၊သတ္တာနံ အမနာပ ဘာဝဒဿန ပဒဋ္ဌာနာ။

ကရုဏာ။ ။ကရုဏာ ဒုက္ခာ ပန ယနာကာရပ္ပတ္တိ လက္ခဏာ၊ ပရဒုက္ခာသဟနရသာ၊ အဝိဟိံသ ပစ္စုပဋ္ဌာနာ၊ ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿနပဒဋ္ဌာနာ။

မုဒိတာ။ ။မုဒိတာ သတ္တေသု ပမောဒန လက္ခဏာ၊ အနိဿာယနရသာ၊ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊သတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။

ဥပေက္ခာ။ ။ဥပေက္ခာ မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊ သမဘာဝဒဿနရသာ၊ ပဋိဃာနုသယဂူပသမ ပစ္စုပဋ္ဌာနာ၊ပဝတ္တကမ္မဿကတာ ဒဿနပဒဋ္ဌာနာ။

ပညာ။ ။ပညာ ဓမ္မပ္ပဋိေဝဓ လက္ခဏာ၊ သဘာဝပ္ပဋိစ္ဆာဒကမောဟန္ဓကာရဝိဓံသနရသာ၊ အသမ္မောဟပစ္စုပဋ္ဌာနာ၊သမာဓိပဒဋ္ဌာနာ။

သမာဓိ။ ။သမာဓိ အဝိသာရလက္ခဏော၊ သဟဇာတာနံ သမ္ပိဏ္ဍနရသော၊ ဥပသမပစ္စုပဋ္ဌာနော၊ဉာဏပဒဋ္ဌာနော။

သုခ။ ။သုခံ အနုဘဝနသာတလက္ခဏံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ၊ အဿာဒ အနုဂ္ဂဟပစ္စုပဋ္ဌာနံ၊ ကာယိန္ဒြိယ ပဿဒ္ဓိပဒဋ္ဌာနံ။

ဒုက္ခ။ ။ဒုက္ခံ အနိဋ္ဌာနုဘဝနလက္ခဏံ၊ သမ္ပယုတ္တာနံ မိလာပနရသံ၊ ကာယိကာဗာဓ ပစ္စုပဋ္ဌာနံ၊ ကာယိန္ဒြိယပဒဋ္ဌာနံ။

သောမနဿ။ ။သောမနဿံ ဣဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ ယထာတထာ ဣဋ္ဌာကာရသမ္ဘောဂရသံ၊ စေတသိကအနာဗာဓ ပစ္စုပဋ္ဌာနံ၊ ဣဋ္ဌာနံ ပဿဒ္ဓိ ပဒဋ္ဌာနံ။

ဒေါမနဿ။ ။ဒေါမနဿံ အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ ယထာ တထာ အနိဋ္ဌာကရ သမ္ဘောဂရသံ၊ စေတသိကာ ဗာဓ ပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထုပဒဋ္ဌာနံ။

အဒုက္ခမသုခ။ ။အဒုက္ခမသုခါ ဣဋ္ဌာနိဋ္ဌ ဝိပရိတာနုဘဝန လက္ခဏံ၊ မဇ္ဈတ္တရသံ၊ အဝိဘူတပစ္စုပဋ္ဌာနံ၊ သုခနိရောဓ ပဒဋ္ဌာနံ။

ရူပ်။ ။ရူပံ ရူပဇနလက္ခဏံ၊ ဝိကိရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာန၊ ဝညာဏပဒဋ္ဌာန။

ပထဝီ။ ။ပထဝီ ကက္ခဋတ္တ လက္ခဏာ၊ ပတိဋ္ဌာနရသာ၊ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။

တေဇော။ ။တေဇော ဥဏှတ္တ လက္ခဏော၊ ပရိပါစနရသော၊ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာနော၊ သေသ ဘူတတ္တယပဒ္ဌာနော။

အာပေါ။ ။အာပေါ ပဗ္ဗရဏလက္ခဏောပရိပြုဟနရသော၊ သင်ဟ ပစ္စုပဋ္ဌာနော၊ သေသဘူတတ္တယပဒဋ္ဌာနော။

ဝါယော။ ။ဝါယော ဝိတ္ထမ္ဘနလက္ခဏောသမုဒီရဏရသော၊ အဘိနီဟာရ ပစ္စုပဋ္ဌာနော၊ သေသဘူတတ္တယပဒဋ္ဌာနော။

စက္ခု။ ။စက္ခုရူပါဘိဃာတ ဘူတပ္ပသာဒလက္ခဏံ၊ ရူပေသု အာဝိဇ္ဇနရသံ၊ စက္ခု ဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ၊ ဒဋ္ဌုကာမတာ နိဒါန ကမ္မဇ ဘူတပဒဋ္ဌာနံ။

ရူပ။ ။ရူပံ စက္ခုပဋိဟနနလက္ခဏံ၊ စက္ခုဝိညာဏဿ ဝိသယ ဘာဝရသံ၊ တသ္သေဝ ဂေါစရပစ္စုပဋ္ဌာနံ၊ စတုမဟာ ဘူတ ပဒဋ္ဌာနံ။

ဘာဝရူပ်။ ။ဘာဝရူပံ ဣတ္ထိပုရိသဘာဝလက္ခဏံ၊ ဣတ္ထိပုရိ သာတိ ပကာသနရသံ၊လိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ ကရဏဘာဝ ပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတပဒဋ္ဌာနံ။

ဟဒယဝတ္ထု။　။ဟဒယဝတ္ထု ဒ္ဒိန္ဒံ ဓာတုနံ နိဿယလက္ခဏံ၊ တာသံ အာဓာရရသံ၊ တာသံ ဥဗ္ဗာဟနပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတ ဝိသယပဒဋ္ဌာနံ။

လဟုတာ။　။လဟုတာ အဒန္ဓတာ လက္ခဏာ၊ ရူပါနံ ဂရုဘာဝ ဝိနောဒနရသာ၊လဟုပရိဝတ္တိတ ပစ္စုပဋ္ဌာနာ၊ လဟုရူပ ပဒဋ္ဌာနာ။

မုဒုတာ။　။မုဒုတာ အထဒ္ဓတာလက္ခဏာ၊ ရူပါနံ ထဒ္ဓဘာဝ ဝိနောဒနရသာ၊ သဗ္ဗကိရိယာသု အဝိရောဓိပစ္စုပဋ္ဌာနာ၊မုဒုရူပ ပဒဋ္ဌာနာ။

ကမ္မညတာ။　။ကမ္မညတာ သရီရကိရိယာနုကူလ ကမ္မညဘာဝ လက္ခဏာ၊ အကမ္မညတာ ဝိနောဒနရသာ၊ အဒုဗ္ဗလဘာဝ ပစ္စုပဋ္ဌာနာ၊ ကမ္မည ရူပပဒဋ္ဌာနာ။

ဥပစယ။　။ဥပစယော အာစယ လက္ခဏော၊ ဥမ္မုဇ္ဇာပန ရသော၊ နိယျာတန ပစ္စုပဋ္ဌာနော၊ ဥပဓိတရူပပဋ္ဌာနော။

သန္တတိ။　။သန္တတိ ပဝတ္တိလက္ခဏာ၊ အနုပ္ပဗန္ဓရသာ၊ အနုပစ္ဆေဒပစ္စုပဋ္ဌာနာ၊ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ။

ဇရတာ။　။ဇရတာ ရူပပရိပါကလက္ခဏာ၊ ဥပနယနရသာ၊ နဝဘာဝဂါ ဂမန ပစ္စုပဋ္ဌာနာ၊ပရိပစ္စမာန ရူပပဒဋ္ဌာနာ။

အနိစ္စတာ။　။အနိစ္စတာ ပရိဘေဒ လက္ခဏာ၊သံသီဒန ရသာ၊ ခယဝယပစ္စုပဋ္ဌာနာ၊ ပရိဘိဇ္ဇမာန ရူပပဒဋ္ဌာနာ။

အာကာသဓာတ်။　။အာကာသဓာတု ရူပပရိစ္ဆေဒ လက္ခဏာ၊ ရူပပရိယန္တပ္ပကာသနရသာ၊ ရူပမရိယာဒပစ္စုပဋ္ဌာနာ၊ ပရိစ္ဆိန္နရူပပဒဋ္ဌာနာ။

ဝိညတ်။ ။ဝိညတ္တိ ဝိညတ္တိ လက္ခဏာ၊ အဓိပ္ပါယပ္ပကာသန ရသာ၊ စလဃောသဟေတု ပစ္စုပဋ္ဌာနာ၊ စိတ္တဇာဘူတ ပဒဋ္ဌာနာ။

အာဟာရ။ ။ကဗဠီကာရော အာဟာရော ဩဇလက္ခဏော၊ ရူပါဟာရဏရသော၊ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနော၊ အာဟာရိတဗ္ဗဝတ္ထုပဒဋ္ဌာနော။

နိဗ္ဗာန်။ ။နိဗ္ဗာနံ သန္တိလက္ခဏံ၊ အစ္စုတရသံ၊ အနိမိတ္တ ပစ္စုပဋ္ဌာနံ၊ (ပဒဋ္ဌာနံ နတ္ထိ)။

(အဋ္ဌသာလိနီ)

လက္ခဏာဒီစကုက္ကပြီး၏။

ကျမ်းပြီးနိဂုံး

ပဌမပြန်ပဲ့ဝင် အသျှင်မြတ်များ မပင်မပန်း ရှင်လန်းကြည် သာစွာ စာမေးပဲ့ကိုဖြေဆိုအောင်မြင်တော်မူကြစေရန် ရည်သန်မြော်မှန်းလျက် ဤ "**ကူညီရေးအဘိဓမ္မာ**"ကျမ်းကို ၁၃၁၆-ခု သီတင်းကျွတ် လဆုတ် ၁-ရက်နေ့ကစ၍ ရေးသား လာခဲ့ရာ တပေါင်းလဆန်း ၂-ရက်နေ့တွင် ကောင်းစွာ ပြီးစီးခဲ့ပေပြီ၊ သို့ဖြစ်၍—

နာနာ နယေဟိ သံကိဏ္ဏော၊
သောတာရာနံ ဟိတံ ဝဟော။
နိဋ္ဌိတော ဝတ'ယံ ဂန္ထော၊
သုကလ္လေဟိ စ သောဘနော။

စ=ကျမ်းပြီးနိဂုံး,ကမ္ဘာတ်ဖုံးအုံ့၊နာနာနယေဟိ= ဆရာ့ဆရာ, မြောက်များစွာမှ, ကောင်းစွာရပြီး, အမျိုးမျိုးသောနည်းတို့နှင့်၊ သံကိဏ္ဏော = အခန်းတိုင်းပင်, လွှန်စုံလင်ဖို့, ဆင်ပြင်မှုတွေ, ရောပြွမ်းရှိနေသော၊ သောတာရာနံ ဟိတံ=ပဌမပြန်, အောင်ဖို့ရန်ကို, စိတ်သန်ရှိရိုး, စာသင်သားတို့၏ အကျိုးကို၊ ဝဟော= ပုစ္ဆာနက်နဲ့,ခက်အခဲကို, ဖျက်ခဲ့ဖို့ရာ, ရှက်ဆောင်မှာ အမှန်ပင် ဖြစ်သော၊ သုကလ္လေဟိ=တခန်းစီ တခန်းစီ, စီရရှိနှင့်, ထိုဤ ဖြေနည်း,အစုံပြီးသဖြင့်, ကောင်းလည်း ကောင်းသော အခန်း ကလေးတို့ဖြင့်၊ သောဘနော=စံနစ်တကျ, စီစဉ်ပြု၍, ဂန္ထပြည့်ဝယ်, လွှန်တင့်တယ်သော၊ အယံဂန္ထော=ပဌမပြန်နှင့်စပ်, ပုစ္ဆာရပ်ကို, ခဲကပ်မရှိ, အလွယ်သိဖို့, နှိုင်းညှိကြိုးပမ်း, ဤ "ကူညီရေးအဘိ

ဓမ္မာ”ကျမ်းသည်၊ နိဋ္ဌိတောဝတ= အပြစ်လည်းစင်, ခေတ်နည်း ထွင်၍, စီစဉ်ခဲ့ရာ, ခုအခါဝယ်, ကျမ်းစာနိဂုံး, ကမ္ဘတ်ဖုံးဟု, အဆုံး အရောက်,ပြီးမြောက်ခဲ့ပေပြီတကား၊ ဝါ=တထောင့် သုံးရာ, ဆဲ့ခြောက်သာသည့်,ကောဇာတက်စစ်, သက္ကရာဇ်၌, စင်စစ် ကောင်းလှ, တပေါင်းလတွင်, နှစ်ရက်ဝင်၍, စနေနေ့ဝယ်,ချမ်း မြေ့သာယာ, ဘေးရန်ကင်းလျက်,ဤစာရွှေကျမ်း, ဖြေပုံခန်းကို, ကြိုးပမ်းခဲ့ရာ,ခုအခါဝယ်, ကျမ်းစာနိဂုံး, ကမ္ဘတ်ဖုံးဟု, အဆုံး အရောက်,ပြီးမြောက်ခဲ့ပေပြီတကား....။

ဤ“ကူညီရေး အဘိဓမ္မာ” မရိုက်နှိပ်မီ ကူညီရေး ရူပသိဒ္ဓိ, ကူညီရေး ဆန်းနိဿယများကို ရေးသားပြီးပါပြီ၊ ဤကျမ်းစာ များကို ရေးသားသည့်အတွက် “ကျမ်းပြုဆရာတော်” ဟူသော ဂုဏ်ပကာသနကိုမလိုလားခဲ့ပါ၊မအိုရာမနာရာ မသေရာဖြစ်သော မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်ရရေးကိုသာ မြော်တွေး တောင့်တရိုး အမှန်ပင် ဖြစ်ပါသည်၊ ထို့ကြောင့်–

ဣမိနာ ပုညကမ္မေန၊
အညေန ကုသလေနစ။
နိဗ္ဗာနံ ပါပုဏိသာမိ၊
ပဏိတ မစ္စုတံ အဟံ။

ဣမိနာ ပုညကမ္မေနစ= ဤကျမ်းစာအုပ်, ရေးကာထုတ်ရ, မြတ်ပုညကြောင့်ရင်း၊ အညေန ကုသလေန စ= အန မ တဂ္ဂ, သံသရာမှ စ၍,ယနေ့ကျင်း,ပြုလုပ်ထားသည့်, ဝါးပါး-ရှစ်ပါး, ကိုး-ဆယ်ပါးနှင့်, များပြားသိလ, နှစ်ရာ့နှစ်ဆယ်, ခုနှစ်သွယ် စသား, မြတ်တရားကို, ကြိုးစာကျင့်မှု, တခြားသော ကောင်းမှု ကြောင့်ရင်း၊ ပဏိတံ=သုံးဆယ်တခွင်,ဘုံအပြင်၌,ဖြစ်လျှင်ပျက်

မြဲ, ဒုက္ခထဲမှ, လွတ်လွဲရာမှတ်, အလွန်မြတ်သော၊ အစ္စုတံ=ကုသိုလ်ပါရမီ, ပြည့်စုံညီ၍, ရောက်သည်ကာလ, မသေရရာ ဖြစ်သော၊ နိဗ္ဗာနံ=သုံးဆယ်တဘုံ, ကိန်းရာဘုံ၌, မင်းစုံ စိုးအုပ်, တဏှာယုတ်မှ ,အဟုတ် လွတ်ရန်, မြတ်နိဗ္ဗာန်သို့၊ အဟံ=အပုပ်ကောင်ရှ,အရိုးစုကို, ငါဟုသမုတ်, **"အသျှင်ဓမ္မသာမီ ဘိဝံသ"** ခေါ်တဲ့အကျွန်ုပ်သည်၊ ပါပုဏိသာမိ=ဘေးရန်နှောင့်ယှက်,ပယ်ခွာဖျက်၍, ဆက်ဆက်မကွာ, ရောက်ရပါလို၏။

ဤကျမ်းစာရှင်၏ ယခုဘဝ အခြေအနေကို ဆန်းစစ် ကြည့်လိုက်ပါလျှင် ဘဝမခြားပဲ နိဗ္ဗာန်သို့ ရောက်နိုင်လောက်အောင် ပါရမီအခြေခံမရင့်သန်သေးကြောင်းကို တွေ့ရပါသည်၊သို့ဖြစ်၍ ဤကျမ်းစာရှင်ဟာ သုံးဆယ်တဘုံမှာ စုန်ဆန်ပျော်ပါး၍ နေကြတဲ့ သံသရာခရီးသွား ပုဂ္ဂိုလ်အများတွင် တပါးတယောက် အနေနှင့် ပါဝင်လျက် စခန်းသွားနေရဦးမည်မှာ အမှန်ပါပေ၊ ထိုကဲ့သို့ နိဗ္ဗာန်မရောက်ခင် သံသရာပြင်မှာ အစဉ်ပျော်ပါး၍နေခဲ့ရပါသော် ဘဝတိုင်း ဘဝတိုင်း ရတနာသုံးပါး အစစ် အမှန်ကိုသာ ကိုးကွယ်ဆည်းကပ်ရ၍ မြင့်မြတ်သော အမျိုးကောင်းဌာသာ ဖြစ်ရပါလို၏၊ ထို့ကြောင့်—

နယာဝ ပါပုဏိသာမိ၊
သစ္စံ ရတနတ္တယံ။
ဘဝါဘဝေသု သရဏံ၊
ဂစ္ဆာမိ သုကုလေ ဘဝေ။

ယာဝ=ပါရမီ ကုသလ, မပြည့်ဝ၍, အကြင်မျှလောက် ကာလပတ်လုံး၊(နိဗ္ဗာနံ=ဒုက္ခခပ်သိမ်း, ဇာတ်ကုန်သိမ်း၍, အေးငြိမ်းရာမှန်, မြတ်နိဗ္ဗာန်သို့)၊ နပါပုဏိသာမိ= ဘေးရန် နှောင့်

ယှက်,ပယ်ခွာဖျက်ဖို့,လက်နက်အင်္ဂါ, ချို့တဲ့ပါ၍, ရှုံးကာနေရ, မရောက်ရသေး၊ (တာဝ=တဏှာရန်ဖက်, ဝဲဂယက်မှ, လွတ်ထွက်ပိုင်ပိုင်, မစွမ်းနိုင်၍, ကြုံမိုင်နေရ, နိဗ္ဗာနသို့,မရောက်ရသေးသမျှ, ကာလပတ်လုံး၊) ဘဝါဘဝေသု= သုံး ဆယ်, တဘုံ, ထိုက် ရာဘုံ၌, ဆန်စုန်နေရ, ဖြစ်နေရရာ, ဘဝငယ်ကြီး, အသီးသီးတို့၌၊ သစ္စံဝ ရတနတ္တယံ=အလိမ်အညာ, ကင်းလွတ် ကွာ၍, မှန်စွာ သာဖြစ်, ဘုရားစစ်နှင့်, အစစ်တရား, သံဃာမျှားဟု, သုံးပါး ရတနာ, စစ်မှန်တာကို၊သရဏံ=တဆင့်တဆင့်, မြင့်ထက်မြင့်၍, အသင့်မှန်စွာ, ကိုးကွယ်ရာ ဟု၍၊ ဂစ္ဆာမိ=သဒ္ဓါအစစ်, စေတနာသစ်ဖြင့်, စံနစ်ကျစွာ, ဆည်းကပ်ရပါလို၏၊ သုကုလေ=မိ-ဖနှစ်ဖြာ, သားရတနာကို, သေချာကျန, သွန်သင်ပြ၍, အားရဖွယ်တောင်း, အမျိုးကောင်း၌၊ ဘဝေ= စိတ်ထား ကောင်းမြတ်, လွန်ပါးနပ်၍, ဖြတ်လတ်ကြည်လင်, လွန်သန့်စင်လျက်, မြင်မြင်သမျှ, ချစ်ခင်ကြဖို့, ကျနသေချာ, ဖြစ်ရပါလို၏။

ရတနာသုံးပါး အစစ် အမှန်ကို ကိုးကွယ် ဆည်းကပ်ရ၍ မြင့်မြတ်သောအမျိုးကောင်း၌ဖြစ်ရစေကာမူ သတိမရှိက ပစ္စုပ္ပန်တမလွန်အကျိုးတရားများ ပျက်ပြားဆုံးရှုံးတတ်သည်၊ သတိပင်ရှိလင့်ကစား ပညာမရှိက လူမိုက် ဖြစ်တတ်သည်၊ သတိ, ပညာ ပြည့်စုံပါလည်း သဒ္ဓါတရားမရှိက ဘဝ အဆက်ဆက် ဆင်းရဲတတ်သည်၊ သတိ, ပညာ, သဒ္ဓါတရားတို့ ထင်ရှားစွာ ရှိသော်လည်း တည်ကြည်မှုမရှိက လူအများ၏ လေးစားမှုကိုမခံရတတ်၊ သတိ,ပညာ,သဒ္ဓါ,တည်ကြည်မှု လေးခုတရား ပြည့်စုံပြီးလည်း အခြေအရံနည်းပါးက ကိစ္စများစွာ ကြုံ့ကြောတတ်သည်၊သတိ, ပညာ,သဒ္ဓါ,တည်ကြည်မှု၊ ခြေရံစုတို့ တခုမကျန် ပြည့်စုံပြန်လည်း

ဂုဏ်ထူးမရှိက အောက်တန်းကျတတ်သည်၊ သတိ,ပညာ,သဒ္ဓါ, တည်ကြည်မှု ခြေရုံစုနှင့် တခုဂုဏ်ထူးရှိစေဦးတော့ပစ္စည်းဥစ္စာမရှိက ဆင်းရဲပြိုပြင်ရတတ်သည်၊ အထက်ပါတရားများ ထင်ရှားစုဆုံ ပြည့်စုံပါလည်း လုံ့လဝီရိယမရှိက လောကီလောကုတ္တရာ အမှုကိစ္စအဝဝကို ပြီးစီးအောင် မစွမ်းဆောင်နိုင်ပဲ ရှိတတ်သည်၊ သို့ဖြစ်၍—

သတိမာ ပညဝါ သဒ္ဓေါ၊
ဓိတိမာ ယသဝါ တထာ။
ဂုဏဝါ ဓနဝါ ဝီရိ,
ယဝါ ဟောမိ နိရန္တရံ။

သတိမာ=ပြုလုပ်သမျှ, မှုကိစ္စကို, မုချပိုင်ပိုင်, အောက်မေ့နိုင်သည့်,သတိရှိသူသည်ရင်း၊ ပညဝါ=ကိုယ်နှင့်ထိုက်တန်,သိဖွယ်မှန်က, မဲကန်မြင်သိ,ပညာရှိသူသည်ရင်း၊ သဒ္ဓေါ= ကုသိုလ်ဖြစ်ရန်, ကိစ္စမှန်က, ထက်သန်လှဘိ, သဒ္ဓါတရားရှိသူသည်ရင်း၊ ဓိတိမာ=သင့်ရာသင့်ရာ, ခွင့်အခါ၌,လော်မာဝေးဘိ,တည်ကြည်ခြင်းရှိသူသည်ရင်း၊ ယသဝါ=ကိစ္စ အလိလိ, ကောင်းမြတ်သည်၌, ကူညီကြမည့်,အခြံအရံရှိသူသည်ရင်း၊ဂုဏဝါ= ဂုဏ်ပျက် ဖွယ်ရာ, ကင်းလွတ်ကွာ၍, တိုးသာတိုးသည့်, ဂုဏ်ထူးရှိသူသည်ရင်း၊ ဓနဝါ=ယခုအခါ, မီလျှံနှာဟု, ကမ္ဘာကျော်သည့်, ထိုသေဋ္ဌိနှင့်, ဇောတိကပုံ, လွန်ပြည့်စုံ၍, ဖုံဖုံပေါသည့်,ပစ္စည်းဥစ္စာ ရှိသူသည်ရင်း၊ ဝီရိယဝါ=မြားမြောင်ကိစ္စ, ပြီးစီးရေးဖို့, မူလအကြောင်း, လုံ့လဝီရိယကောင်းသူသည်ရင်း၊ နိရန္တရံ=ယနေ့ကစ, နိဗ္ဗာန်ကျအောင်, ဆဆတိုးလတ်, အမြဲမပြတ်သာလျှင်၊ ဟောမိ= မြေကြီးလက်ခတ်, မလွဲလတ်သို့, တပ်အပ်သေချာ,ဖြစ်ရပါလို၏။

သာသနာဝင်ကျေးဇူးရှင်များ။ ။ဤကျမ်းစာရှင် ငယ်ရွယ်စဉ်မှစ၍ ယခုအချိန်ကျအောင် အဖက်ဖက်မှ ချီးမြှောက်တော်မူခဲ့ကြသော အနန္တကျေးဇူးရှင်ဆရာတော်များမှာ ဝါးတောမရှာ သိမ်ကုန်းကျောင်း ပဌမဆရာတော်ကြီး, ဒုတိယဆရာတော် အသျှင်နာယက, အသျှင်ဇနိတ, အသျှင်သုဇာတ၊ မြောင်းမြမြို ပဇ္ဇောတာရုံပါဠိတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ သက္ကသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အသျှင်ဉာနာဘိဝံသ, အစိုးရ ဓမ္မာစရိယ ပဓာန ဂဏဝါစက ဘာသန္တရဆေက အသျှင်ဉာနိက, အစိုးရ ဓမ္မာစရိယ ကထိက အသျှင်ကုမာရ,အစိုးရ ဓမ္မာစရိယ ကထိက အသျှင်ဣန္ဒဝံသ, အသျှင်ပမရ, အသျှင်ဥဂ္ဂဝံသ၊ ပဲခူးမြို သာသနမဏ္ဍိုင် ပါဠိတက္ကသိုလ် အစိုးရ ဓမ္မာစရိယ ဆရာတော် အသျှင်ပညာဇောတ၊ တိုက်ကြီးမြို မစိုးရိမ်ကျောင်းတိုက် အစိုးရ ဓမ္မာစရိယ ဆရာတော် အသျှင်အဂ္ဂိန္ဒတို့ ဖြစ်ပါသည်။

မိမိ၏ အနန္တ ကျေးဇူးရှင် ဆရာတော် ဘုရားများ ကား သာသနာတော်ဝယ် ပရိယတ် အရာ၌ တော သုံး ထောင်ကို အစိုးရသော ကေသရာဇာခြေသော့်မင်းကဲ့သို့ရင်း, သီဟိုဠာမြင်းကို စိုင်းသကဲ့သို့ရင်း အလွန်ရဲတင်းတော်မူကြပေသည်၊ ပဋိပတ်အရာ၌လည်း ဘုရားအလိုတော်ကျ အလွန်ကျနစ္စာသီတင်းသုံးနေထိုင်ကျင့်ကြံတော်မူကြပေသည်၊ ထိုအနန္တ ကျေးဇူးရှင် ဆရာတော် ဘုရားများ၏ အနန္တကျေးဇူးတော်များကို ဤကျမ်းစာကိုရေးသားခြင်းတည်းဟူသောပဋိပတ် အကျင့်မြတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါသည်။

နိဂုံးချုပ်ဧကပိုဒ်

ပဌမပြန်ပွဲဝင်, သောတုဇဉ်တို့, ကြည်လင် ရှင်ပြ, ဖြေနှိုင်ကြဖို့,စိတ်ကမြော်တွေး,မေတ္တာအေးဖြင့်,**ကူညီရေး အဘိဓမ္မာ**,ရေးသားတာကြောင့်, ကျမ်းစာကိုရှု,လှသောတုတို့, ကျမ်းပြုပုဂ္ဂိုလ်,သိဖို့လိုလိမ့်, တိုတိုချုံးကာ, ရေးပြပါအုံ့....မုံရွာခရိုင်, အရာဟော်ပိုင်ဟု, ပြန့်လှိုင် တင့်လှ, **ဝါးတောမဥ္စ**, နေကြာပျော်ရှင်,**ဦးပေါတင်** နှင့်, ထိုပြင်တဆင့်,**ဒေါ်စောသင့်**မှ, ဖြစ်ခွင့် ကြုံလာ, **ကျမ်းဆရာ**သည်,ကော်-ဒွါ-နော-ဆာ(=၁၂၉၆-ခု), နှစ်ကောဇာဥ္စ, သာယာလှဆုံး, တန်ဆောင်မုန်းဝယ်, ပျက်ပြုန်းလဆန်း, လဆုတ်ခန်းဥ္စ, ရက်မှန်းဆယ်ပြေ, စနေနေ့တွင်, ပျော်မေ့.လူ.ဘုံ,ရောက်ခဲ့ကုံ၏၊ပြည့်စုံကုသလ,ပြုခဲ့ရ၍, ဒုလ္လဘအစစ်,လူ.အဖြစ်ကို,စံနစ်ကျစွာ,ရခဲ့ပါပြီ၊ လူ.ရှာလူ.ရှာ, ရခဲတာမို့, ဘဝါဘဝ, နောက်ကာလဥ္စ, သုခချမ်းသာ, ဆင့်ဆင့်သာ၍,မှန်စွာတိုးတက်,နိဗ္ဗာန်ဆက်ဖို့,မပျက်ကြိုးကုတ်,စွမ်းကုန်ထုတ်လျက်, အပုပ်ခန္ဓာ, မထောက်ညှာပဲ, ကုသလာတိုးမှ, နေ့စဉ်ပြု၏၊ ယခုအခါ, သင့်တင့်ရာက, စာသင်သားကျိုး,တိုးတက်တိုးဖို့, သည်ပိုးရန်မှန်း, ဖြေနည်းဆန်းဖြင့်, ဆင့်တန်းမှီစွာ, ရေးသား တာကြောင့်, ပမာလဆန်း, အုံ့ဘနန်းမှ, ဤကျမ်းရှေစာ, ထွက်ပေါ်လာပြီ....မျှားစွာသောတု အကျိုးတည်း။

ကူညီရေးအဘိဓမ္မာပြီးပြီ။

အသျင်မျိုးသာမိဘိဝံသ ၏

ဆန္ဒာသန္နယဉ်ပဏ္ဏိ

မကြာမီ ထုတ်တော့မည် (တအုပ် ၅-ကျပ်)

- ဝုတ္တောဒယဆန်းကျမ်းကလေးသည် သာသနာ့သမိုင်းတွင် သူတကျမ်းတည်းသာ ဆန်းတာဝန်ကို ကြေပွန်စွာ ထမ်းဆောင်ခဲ့သည်၊ အစိုးရပဋမကြိုးနှင့် အခြား ကြိုးကျော်တန်းများ, သကျသီဟ, စေတိယဂိုဏ စသော စာမေးပွဲကြိုးများမှာလဲ သုပါဝင်ခဲ့သည်။

- ဝုတ္တောဒယဆန်းကျမ်းကလေးကိုမြန်မာ့ရှုဒေါင့်မှကြည့်၍ မဖြစ်၊ သက္ကတ ရှုဒေါင့်မှ ကြည့်ရပေမည်၊ သက္ကတကို မကြည့်ပဲ ဖွင့်ပြလျှင် လဲချိမ့်မည်။

- သက္ကတဘာသာသည် ဆန်းအဓိပ္ပာယ် အကြွယ်ဝ အချမ်းသာဆုံးဗဟိုဘဏ်တိုက်ကြီးဖြစ်ရုံမျှမက ဝုတ္တောဒယကျမ်းကလေးကို ပဲ့ကိုင်ချုပ်ထိန်းထားသည့် စွမ်းအားအရှိဆုံးဗဟိုမဏ္ဍိုင်လည်း ဖြစ်သည်။

- အဓိပ္ပာယ်ကို ဖော်ထုတ်၍ သဘာဝကိုစိစစ်ရာ၌ သက္ကတဆန်းကျမ်း, ပါကဋ္ဌဆန်းကျမ်း, ဟိန္ဒီဆန်းကျမ်း တို့သာ အဓိကမဏ္ဍိုင်ဖြစ်၏၊ သက္ကတနှင့်မကိုက်ညီသော အယူအဆများကို မလိုလားအပ်။

- ဤ"ဆန္ဒောသန္နယဋ္ဌိပ္ပဏီ" ကျမ်းဌ် မူလဆန်းစာကိုယ်၏ အာဘော်ကို မပျက်ပြားစေပဲ သက္ကတကို အသားပေး၍ ရေးသားထား၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ"ကျမ်းကို သက္ကတအယူအဆများ ဖြင့် တည်ဆောက်ထား၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ" သည် မူရင်းသက္ကတ အယူအဆ များကို အလင်းရောင်ပြသော မီးရှူးတန်ဆောင်ဖြစ်၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ"ကျမ်းဌ် သက္ကတအယူအဆများကို ပြည့်စုံစွာ တပ်ဆင်ထား၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ" ကျမ်းဌ် မူရင်း သက္ကတဝါဒနှင့် မြန်မာပြည်ဖြစ် အချို့ဆန်းကျမ်းများ၏ကျယ်ပြန့်သော ခြားနားမှု(ကွဲလွဲမှု)တို့ကို တွေ့မြင်ရမည်ဖြစ်၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ" သည် မြန်မာပြည်ဖြစ် အချို့ ဆန်းကျမ်းများ၏ လွဲမှားသော အယူဝါဒဘေးမှ ကာကွယ်ပေးမည်ဖြစ်၏။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ"ကျမ်းဌ် သက္ကတဝါဒကို ပိုမို လေးနက် ပြည့်စုံစွာ တပ်ဆင်ထားသဖြင့် ခုန်တောဲ့မဲ့ သဏ္ဌာန် ပျံတောဲ့မဲ့အလား ထူးခြားသောအသွင်ကိုတွေ့မြင်ရမည်။
- "ဆန္ဒောသန္နယဋ္ဌိပ္ပဏီ"ကျမ်းလာ အဓိပ္ပာယ် အသစ်စက်စက် ကလေးတွေ့သည် သက္ကတဆန်းကျမ်း များစွာတို့မှ အဟုန်ပြင်းစွာဖြင့် ခုန်ကူးလာသော 'သက္ကတ နှစ်ကိုယ်ခဲ့' ကလေးတွေ့သာဖြစ်၏။

တင်တင်အေး

ပိဋကစာပေဌာနမှ ဖြန့်ချိပါမည်။

။ကြိုနှုယ်နှစ်
ဌာဝေးယခု ပဝတ္ထု ၁၆
ဖခင်ကြီးနှင့်ရှေ့ဂခင်ဝေယဝိဂ
(ဂျာလီးဝေဂျယ် ကဗျာ)

ဖေခဒ္ဒယဒ္ဒယ ဇင်ယမ်ကြီးနှင့်ရှေ့

ဝင်—ဂျီးယ လှိုင်ဝံယခင်ယမ်



ဖြန် ဟ္ဘယ်ယ်ဂကမ္ဘဲ့ယ် ယဝ

ဌယခေးဝဂ္ဂ ဖြဲ့ဝင်ကဒ္ဒဝေခဲ့ယယ်ဒီ ဖန်ထယ်ယဝ

။ကြိုနှုတ်ယနှစ်
ဌာနတွင်ထမ်း ပဲထွက်ဖော် ၁၆ ဝ
အခမဲ့ဖြေနှုန်းကြေငြာစာရင်းဇယားဝိုဂ်
(ကျယ်လေးဝန်ကျင်ဖယ် ကိုဒီဆ)

အရာဒွယဒွယ

နဝီယမ်ဖြေနှုန်း

ဂျပ်ယင်-ဂျဲ့ဆယ ကြေကံထခဒယ်ထ

ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါ

၂၁ ဟယ်ကတ်ပြင်ထ ယဆ

ဌထခအားဝင်ဝ ၂ပ်ဝင်ထဂဒခဒယ်မ်နှ် အနှ်ထယ်ထဆ

အထက်တန်း နက္ခတ်ဗေဒင်ပညာရှိ

သမားတော်

ဆရာ သူရိယပဏ္ဍိတ် ၏

ယနေ့ ကမ္ဘာတွင် အထူးကျော်ကြားခေတ်စားနေသော

● သိပ္ပံနည်းကျ ●

အင်္ဂေါက်တိုင်းဂဏန်းဗေဒင်

ထွက်တော့မည် တအုပ်—၂ကျပ် ၅၀ပြား

တင်တင်အေး

(ဆဋ္ဌမ ကိုယ်စားလှယ်)

ပိဋကစာပေဖြန့်ဝေရေးဌာန

၁၄၊ ရွှေတိုဏ်တောင်မုခ်

ရန်ကုန်မြို့။

စာဝေဖူးပ်-အလိုရှိပါသလဲ?

- ပိဋကကျမ်းစာအစုံ
- ဂန္ဓိနဲ့ရကျမ်းစာအစုံ
- ဆေးကျမ်းအမျိုးမျိုး
- ဓာတ်ကျမ်းအမျိုးမျိုး
- အင်္ဂလိပ်ကျမ်းအမျိုးမျိုး
- ပေဒင်ကျမ်းအမျိုးမျိုး
- တရားစာအမျိုးမျိုး
- ကမ္မဝါအမျိုးမျိုး
- ကျမ်းကြီး ကျမ်းခိုင် စာပေစုံ

အလိုရှိသော စာအုပ် ရနိုင်ပါသည်။

တင်တင်အေး

(ဆဌမ ကိုယ်စားလှယ်)

ပိဋကစာပေဖြန့်ချိရေးဌာန

၁၄၊ ရွှေတိုဂုံ တောင်မုခ်

ဒဂုံ စာတိုက်

ရန်ကုန်မြို့။